
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၃၂၀၁၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၅၀၂၀၇

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၇၊ ဇူလိုင်လ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)

ရွှေစာပေတိုက်

တိုက် (၄)၊ အခန်း ၁၀၊

ပြည်တော်သစ်ရိပ်သာ၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)

အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်

အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၈၀၀ ကျပ်

အုပ်ရေ - ၁၀၀၀ အုပ်

စာဖတ်ပရိသတ်ကြီးအား...

ရသစုံ ခံစားစေလိုသောအားဖြင့်...

ဂျပန်ခေတ်အတွင်းမှာ ဖြစ်ပျက်ခဲ့သော...

ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ကို...

ထုတ်နှုတ်တင်ဆက်ပေးလိုက်ပါသည်...။

www.burmeseclassic.com

www.burmeseclassic.com



* မြန်မာလူငယ် တစ်ယောက်
* အင်္ဂလိပ်မလေး တစ်ယောက်
* ဂျပန်မလေး တစ်ယောက်

ဒုတိယကမ္ဘာစစ် မီးတောက်တွေကြားမှာ
ထိပ်တိုက် ဆုံတွေ့လေသောအခါ...
အချစ်နဲ့ အမုန်းရဲ့ နှလုံးရည်တိုက်ပွဲ....။



www.burmeseclassic.com

www.burmeseclassic.com



နေနဂါးဂိုဏ်းရဲ့ အဓိပတိကြီးဖြစ်လာမယ့်. . .

'နေညွန့်စားနဂါး'က 'လူစွန့်စားမိုးမြေ'ရဲ့ဆရာကို သတ်ပြီး ရဘာနာခုနစ်ပါး စီခြယ်ထားတဲ့ ကြာကလပ်ကို ခိုးယူသွားတဲ့အခါ. . .

ဂျပန်သတင်းထောက်မလေးရဲ့ချစ်သူ (ဆာမူရိုင်း) စစ်ဗိုလ် ဇိုမိုယက ဂျပန်သတင်းထောက်မလေးကို ဓားစာခံလုပ်ပြီး ခေါ်သွားတဲ့ လူစွန့်စားမိုးမြေနောက်ကို မနုဿမုဆိုးအသွင်နဲ့ လိုက်သောအခါ. . .

ကျိုတို ဘာလင် စစ်အောင်နိုင်ရေး ဝါဒဖြန့်ချိသည့် သတင်းဌာန မှ စစ်သတင်းထောက် ဂျာမန်လူမျိုး ဗွန်ဘရောင်းအသွင် ဟန်ဆောင်





ကာ မြန်မာပြည်ထဲ ပြန်ဝင်လာသော ( MI-5 ) မှ စုံထောက်အကျော် အမော် 'မိုက်ကယ်ကုတ်နေ'က မြန်မာပြည်စစ်မြေပြင်မှာ ကျန်ရစ်ခဲ့တဲ့ ချစ်သူကို ရှာဖွေကယ်ဆယ်ရင်း ( မြန်မာ့လွတ်လပ်ရေးတပ်မတော်နှင့် လျှို့ဝှက်စွာတွေ့ဆုံ၍ ) မြန်မာပြည်တွင်းကို အင်္ဂလိပ်စစ်တပ်တွေ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကူအညီပေး နေသောအခါ . . .

ပြည်တန်ရတနာသိုက်ကို ပိတ်ဆို့ထားသော ရောမကျောက်ဖျာ ကြီးအား ဂမ္ဘီရနည်းနှင့် စီရင်ထားပြီး ပရလောကသားများနှင့် တင်းပုတ် ကိုင်ဘီလူးတွေ အစောင့်ချထားသည်ကို လေယာဉ်ဖြင့် ဗုံးကြဲဖွင့်ခြင်း၊ စက်သေနတ်ဖြင့် ပစ်ခွဲခြင်း၊ ဒိုင်းနမိုင်းဖြင့် ဖောက်ခွဲဖွင့်ခြင်းတွေ နည်းမျိုးစုံသုံးသည့်တိုင် ဘယ်လိုမှ မရနိုင်သောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



"အာရှတိုက်ဟာ... ဥရောပတိုက်သား တွေအတွက် မဟုတ်ဘူး၊ အာရှတိုက်သား တွေအတွက်ပဲ ဖြစ်ရမယ်။ ဗိုလ်ကျနယ်ချဲ့ တွေရဲ့ စနစ်ဝင် အင်ပါယာကြီး ပျက်စီးစေဖို့... မိုးလ်ဆောကော့ နိုင်ငံပြုတဲ့ ပဓါနဆင်ခြေဆိုတာ ပေါ် လာရတာ...အာရှထွန်းသစ်ပလဲ၊"

ယမိကို





နယ်ချဲ့ ကိုလိုနီဝါဒက
လူတွေအပေါ် မှာ အမြတ်ထုတ်ပြီး...
ကုတ်စေသွေးစုပ်ပေမယ့်
အသက်ကိုတော့ မနုတ်ယူပါဘူး။
ပက်ဆစ်ဘီလူး တွေကတော့...
ကုတ်စေသွေးစုပ်ရုံတင် အားမရတဲ့ တကျေးဥပဒေမဲ့
အကြိုး ဆန်တဲ့ နှိပ်စက်ညှဉ်းပန်း မှုတွေ လုပ်တဲ့အပြင်...
အသက်ကိုပါ နုတ်ယူကြတယ်..."

ကော့ဇာဒနလိပ်



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိုး၊ ဒီမြေ၊ ဒီလူတွေနဲ့...
ငါတို့တည်ထောင်ထားတဲ့ ဟောဒီတိုင်းပြည်မှာ...
ငါတို့သာလျှင် သခင်၊ ငါတို့သာလျှင် ဘုရင်
ဖြစ်နေစေရမယ်။ နယ်ချဲ့ မိစ္ဆာရဲ့ ဖက်ဆစ်ဘီလူး မှန်သမျှ
ငါတို့ စစ်ဖိနောင့်သံအောက်မှာ မီးဟုန်းဟုန်းတောက်စေရမယ်"

လူစွန့်စားမိုးမြေ





# [၁]

## မြန်မာပြည်၊ ဂျပန်ခေတ်အခါကာလ ( ၁၉၄၄ ခုနှစ် )

ရွှေဂုံတိုင်အရပ်တွင်ရှိသော လင့်လမ်းသည် ရန်ကုန်မြို့တော်ရဲ့ ဗဟိုအချက်အချာကျသော နေရာများစွာထဲမှာ တစ်နေရာဖြစ်လေသည်။ ထိုလမ်းအတိုင်း လမ်းလျှောက်လာသော လူငယ်တစ်ယောက်ကို မွန်းလွဲပိုင်းနေရောင်အောက်မှာ တွေ့မြင်ကြရပေလိမ့်မည်။

ထိုလူငယ်မှာ ဖျင်နီအကျီ၊ လည်ကတုံးလက်ရှည်ကို ဝတ်ဆင်ထားပြီး ရှမ်းဘောင်းဘီကို စစ်ခါးပတ်ဟောင်းတစ်ခုနှင့်ပတ်ထား သတ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားဆဲသည်။ ကြေးနီရောင်သမ်းသော အသားအရေနှင့် တည်ငြိမ်ခန့်ငြားသော မျက်နှာထားရှိသည့် လူငယ်၏ကိုယ်လုံးကိုယ်ထည်မှာ ကျစ်လစ်တောင့်တင်း သန်မာပြီး လူငယ်ရဲ့ အရပ်အမောင်းမှာ ၅ ပေ ၈ လက်မခန့်ရှိ၏။

နက်မှောင်သန်စွမ်းသော မျက်ခုံးတန်းနှစ်ခုအောက်က စူးရဲတောက်ပနေသော မျက်လုံးတွေမှာ သိန်းစွန်ငှက်တို့ မျက်လုံးပမာ။ ပေါ်လွင်သောနှာတံ၊ ပိရိစေ့စပ်သေသပ်သော နှုတ်ခမ်း၊ မဝိုင်း မသွယ်မျက်နှာကျနှင့် လုလင်ပျိုတို့ရဲ့ ပျိုမျစ်နုနယ်မှု၊ ယောကျ်ားကောင်းတို့ရဲ့ ရင့်ကျက်တည်ငြိမ်မှု အားအင်နှစ်ခု ပေါင်းစပ်ထားသည့်မျက်နှာ။ ခြသေ့်ပျိုတစ်ကောင်ရဲ့ အောင်ပွဲဆာလောင်သည့် အာသီသတွေ ထင်းထင်းကြွကြွ ပေါ်လွင်လွန်းလှသော လူငယ်တစ်ယောက်အသွင် ဖြစ်နေလေသည်။ ထိုခေတ်အခါက ထားခဲ့လှသည့် ဆံပင်ကုတ်ထောက်၊ နဖူးပေါ် အုပ်ဝဲနေပြီး မျက်ခုံးတစ်ဝိုက် ဘေးမကျတကျလေး ခွဲထားသည့် ဆံပင်ပုံစံမှာလည်း ကြည့်ကောင်းသည့် လူငယ်၏ရုပ်ဟန်ကို ပိုမိုပေါ်လွင်နေစေပြန်၏။

လင့်ဟိုတယ် (လ်) ရှေ့အရောက်မှာ လူငယ်က ရပ်တန့်လိုက်ပြီး ဟိုတယ်(လ်)တံခါးပေါက်ကို မျက်နှာမူလိုက်၏။





ကေရာဇ်ခြေလှမ်းမျိုးနှင့် လင့်ဟိုတယ်(လ်)ထဲသို့ လှမ်းဝင်သွားသောအခါ အစောင့်နှစ်ယောက်က တံခါးဝမှာ လူမိုက်ပုံစံဖြင့် ပိတ်ရပ်လိုက်ပြီး (လူငယ်ရဲ့ခြေထောက်မှာ ဝတ်ဆင်ထားသည့် ကင်းဗတ်ရှူးပေါက်ပြဲနေတာကို ကြည့်ပြီး) နှာခေါင်းရှုံ့ကုန်ကြ၏။ လူငယ်ရဲ့စလွယ်သိုင်းထားသော ရောမ ချည်လွယ်အိတ်အစင်းကြီး (ပခုံးတစ်ဝိုက်မှာစုတ်ပြဲနေတာ)ကို ကြည့်ပြီးတော့လည်း ခနဲ့ပြုံးနဲ့ ကြည့်လာကြကုန်၏။ လူမိုက်တစ်ယောက်က. . .

"ဘာကိစ္စလဲ. . . ဒီနေရာဟာ မင်းတို့လို ဆင်းရဲနွံ့ချာတဲ့ ငမွဲတွေ လာရမယ့်နေရာ မဟုတ်ဘူး. . ."

လူငယ်က တံခါးစောင့် လူမိုက်နှစ်ယောက်ကို ခြေဆုံးခေါင်းဖျားအကဲခတ်ကာ အသာပြန်ကြည့်နေလိုက်သည်။

ဗလတောင့်တောင့်နဲ့ ကျွဲပေါက်ကြီးပမာ လူမိုက်မှာ ခေါင်းတုံးတုံးထားပြီး ဆေးပြင်းလိပ်တိုကြီး ကိုက်ခဲထားကာ ကြောက်စရာမျက်နှာပေါက်ကြီးပေါ်လွင်အောင် ပြုံးမဲ့မဲ့ပြန်ကြည့်ပြနေလေသည်။ ကျန်တစ်ဦးမှာ မန်ချူးကပြားပုံစံပေါက်နေပြီး နှစ်ယောက်စလုံးမှာ အားခွန်ဗလအားကိုးနှင့် မိုက်ရူးရဲသတ္တိရှိကြသည့် ကပြားလူမျိုးများ ဖြစ်ပုံရ၏။ ခေါင်းတုံးနှင့်လူမှာ ဂျပန်နဘမ်းချန်ပီယံ ပုံစံပေါက်အောင် ဝဲပြီးကြီးတွေ အစ်

www.burmeseclassic.com



လွှတ်နေ၏။ မြန်မာစကားကိုလည်း ရေလည်အောင် ပြောတတ်ပုံမရ။ မန်ချူးကပြားနှင့် ဂျပန်ကပြားနှစ်ဦး ပုံစံပေါက်နေသည့် လူနှစ်ယောက်ရဲ့ ချိုးပုံ နှိမ့်ချသည့်စကားကြောင့် လူငယ် ခံပြင်းသွားသော်လည်း ဒေါသကို အသာမျိုသိပ်လိုက်ကာ ဆတ်ရှရှလေသံဖြင့်. . .

"ဗိုက်... ကာမူရာနဲ့ တွေ့ချင်လို့လာခဲ့တာ။ မင်းတို့ပတွေး မာ... ပြောလိုက်. . . လူစွန့်စားမိုးမြေရောက်နေတယ်၊ သူဝယ် ချင်တဲ့... တွေ ပါလာတယ်. . . ကြည့်မြင်တိုင်က ဂျပန်စစ်တပ်မှာ ရိက္ခာဖြည့်တင်ရေး အဝယ်တော်လုပ်နေတဲ့ ဘိရှမာနိပွန် အကျိုးဆောင် အဝယ်တော်ခင်မောင် လွှတ်လိုက်တဲ့လူလို့. . . ပြောလိုက်"

ဂျပန်စစ်တပ်မှ ဗိုလ်မှူးမာကာမူရာဆိုသည့် အမည်နာမ ပါဝင်လာသောကြောင့် လူမိုက်နှစ်ယောက်မှာ အနည်းငယ်တော့ ဖြုံသွားပုံရ၏။ ဂျပန်ဗိုလ်တွေရဲ့ ဓားရှည်ကလည်း ထက်နေသည်ကိုး။ နီးရာဓား ကြောက်နေရသည့် လက်အောက်ငယ်သားတွေမို့ သေချာအောင် စစ်မေး လာကြပြန်သည်။

"ဂျပန်ဗိုလ်မှူးနဲ့ မင်းနဲ့က. . . အရောင်းအဝယ်လုပ်မှာလား"

"ဖဲဒါ မင်းတို့အလုပ် မဟုတ်ဘူး။ မင်းတို့အဆင့်က အကြောင်း ကြားပေးဖို့. . . အကြောင်းမကြားပေးဘူးဆိုလည်း ရတယ်၊ မာကာမူရာ





နဲ့ထိုင်တဲ့ ကင်ပေတိုင်မှာ သွားစောင့်နေလိုက်မယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အလျှင်လိုနေတဲ့ မာကာမူရာက. . . တမင်နောက်ကျအောင် လုပ်လိုက် တဲ့ မင်းတို့နှစ်ယောက်ကို ဆာမူရိုင်းဓားနဲ့ ဆုံးမပေးလိမ့်မယ်"

လူမိုက်တွေဖြစ်ကြသော်လည်း သေဘေးကိုတော့ ကြောက်လန့် တတ်ကြရှာလေသည်။ မြန်မာစကားကို ရေလည်အော... တတ်သော လူမိုက်က အထဲကို သွက်သွက်လှမ်းဝင်သွားလေ၏။ ဂ... ဘ လုံ့မိုက်ကတုံးက မိုးမြေရဲ့စကားကို အကုန်လုံး နားမလည... ဆင် ဟန် ဆက်ဆံချင်ပုံနှင့် မိုးမြေကို ဝင်ပေါက်ဘေးကိုကပ်ကာ ရပ်ခိုင်းနေ လေသည်။ မိုးမြေက တုတ်တုတ်မျှ မလှုပ်။ အထဲဝင်သွားသော လူမိုက် မှာ ပါးတစ်ခြမ်းအုပ်ပြီး ပြန်ရောက်လာ၏။ အဈှော်ကမကောင်း၍ အဆောင်း မသက်မသာ ခံလိုက်ရပုံရလေသည်။ ဂျပန်စစ်ဗိုလ်တွေက အလွန်ကြမ်းကြုတ်ရက်စက်တတ်ကြ၏။ သူတို့လူမျိုးကလွဲလျှင် ကျန်လူမျိုး မှန်သမျှ ကျေးကျွန်တွေလို သဘောထား ဆက်ဆံကြလေသည်။ ဖက်ဆစ် စနစ်အပေါ် သက်ဝင်ယုံကြည်ပြီး ဖက်ဆစ်ဆန်ဆန် အကြမ်းဖက် ဆက် ဆံတတ်ခြင်းမှာ အထူးအဆန်း မဟုတ်တော့။ မြန်မာတစ်မျိုးသားလုံး ကျောကော့အောင် ဒုက္ခခံစားနေကြရတာ မျက်မြင်သက်သေပင်။ မြန်မာ ပြည်ကို ရွှေရည်စိမ် လွတ်လပ်ရေးအတုပေးပြီး ဘီလူး သတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်သလို ထင်ရာလုပ်နေကြသည့်အပြင် ရေခဲန်းနှင့် တူလွန်းသော ကင်ပေတိုင်များကလည်း မသင်္ကာတဲ့လူကိုဆွဲပြီး ကြိုက်ရာပုဒ်မတပ်၍ သတ်ချင်သလို သတ်နေကြသည်မှာ အော့နှလုံးနာစရာကောင်းလွန်းလှပေသည်။

"မြန်မြန်ဝင်တွေ့ပါ မိတ်ဆွေ. . . မာစကာ ဝီစကီကို တမျှင်းမျှင်း မော့သောက်နေတာကို စောင့်ပြီးအစီရင်ခံမိလို့ 'ဘက်ဂေးရိုး' လို့ ထဆဲပြီး ပါးရိုက်လွှတ်လိုက်တယ်. . . သတင်းကောင်းဆို အမြန်ဆုံး အစီရင်ခံတာကြိုက်တဲ့ မာစတာကွ။ မာစတာရဲ့ အကျင့်ကို မသေမချင်း မှတ်ထား. . . နောက်တစ်ခါမှားရင် ဒီထက်နာရုံ မကဘူး။ မသာပေါ်မယ်လို့ စကားပြန် ကိုကျော်ဒင်က ဝင်ပြောပြပါတယ်. . . မြန်မြန်သွားပါဗျာ"

လင့်ဟိုတယ် (လ်)မှာ အရက်မျိုးစုံ၊ အစားအသောက်မျိုးစုံနှင့် တည်းခို၍ရရုံသာမဟုတ်၊ ကလပ်သဘောဆန်ဆန် အတီးအမှုတ်နှင့် ဘီလီယက်ခုံ၊ အပျော်မယ် စသည်တို့ပါ ပါရှိလေသည်။ မိုးမြေက ခြသေ့် ခြေလှမ်းမျိုးနှင့် လှမ်းဝင်သွားသောအခါ လူမိုက်ဗလကြီးက လမ်းပြခွေးတလေးပမာ ရှိသေစွာ လမ်းပြပြီး ရှေ့က သွက်သွက်လျှောက်လေသည်။

အသံတိတ် ဘိုင်စကုတ်(ရုပ်ရှင်)ခေတ်ကာလမှာ လျှမ်းလျှမ်း





တောက်ခဲ့ဖူးသော မင်းသားကြီးဘတင့်က အရက်ဘားမန်းဖြစ်နေတာ တွေ့လိုက်ရ၏။ စစ်အတွင်းကာလမှာ ရုပ်ရှင်လုပ်ငန်းတွေ နားနေသောကြောင့် ဥပဓိရုပ်ကောင်းသော မင်းသားကြီးဘတင့်ကို ဘားမန်းရာထူးခန့်ပေးထားပုံရလေသည်။

ဂျပန်တို့က စစ်ဦးဘီလူးဆိုသကဲ့သို့ ဝင်စီးသိမ်းပိုက်ရာ မြို့တော်တွေမှာ ပြည်သူလူထုကို စိစိညက်ညက်ကြေအောင် ခြေမွဖျက်ဆီးကြကုန်လေသည်။ အကြောက်တရားဖြင့် လူထုကို ဖိစီးစိုးမိုးထားလိုက်ကြ၏။ စစ်အောင်နိုင်သူတို့ရဲ့ ဝင့်ကြွားမောက်မာမှုဖြင့် ထိုင်ခုံပေါ်မှာ ကျကျနနထိုင်နေသော ဗိုလ်မှူးမာကာမူရာကို တွေ့လိုက်ရသည်။ သူ၏ ဘေးမှာ မိန်းမရွှင်နှစ်ဦးက ယပ်ခပ်ပေးသူပေး၊ လက်သီးဆုပ်နုနုလေးတွေနဲ့ ထုထုပြီး နှိပ်နယ်ပေးသူပေးနှင့် ဝီစကီတစ်ကျိုက်၊ ကြက်ကြော် တစ်ကိုက်နှင့် ရေက်မင်းစည်းစိမ်ယစ်နေသော မာကာမူရာမှာ အသက်သုံးဆယ်ဝန်းကျင်ခန့်သာရှိသေးသော ဂျပန်ဘုရင့်စစ်တက္ကသိုလ် စစ်ကျောင်းဆင်း ပညာတတ်တစ်ယောက်ဖြစ်ပုံရ၏။ အာရှနွယ်ဖွားတို့ရဲ့ ပြေပြစ်သော ရုပ်ရည်မျိုး ရှိသော်လည်း ဟစ်တလာနှုတ်ခမ်းမွေးလိုလို၊ ချာလီချက်ပလင်း နှုတ်ခမ်းမွေးလိုလို တိုနန့်နန့်နှုတ်ခမ်းမွေးပုံစံက သူ၏ တည်ကြည်ခန့်ညားမှုကို လူရွှင်တော်က အတည်ပေါက်နှင့် သရော်ပြနေဟန်မျိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



မြစ်နေရှာပြန်လေသည်။

မာကာမူရာရဲ့ဘေးမှာ နေဝန်းနီလက်ပတ်နှင့် မတ်တပ်ရပ်နေသော ဂျပန်စကားပြန်ကျော်ဒင်ရဲ့ပုံစံမှာ သခင်အားရကျွန်ပါးဝဆိုသည့်ပုံစံမျိုး။ ဘနဖူးသိုက်တူးမည့် ရုပ်လက္ခဏာနှင့် ဂျပန်မာစတာတွေ အလိုရှိလျှင် နှမနှင့်မအေကိုပင် ချမ်းသာမပေးဘဲ 'ရောရောရှိ' လုပ်ရဲသည့် လူစားမျိုးပင်။ စကားပြန်ကျော်ဒင်မှာ ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် ဘာမျှမပတ်သက်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စဉ်ကလည်း မပါဝင်။ ဂျပန်တွေပြည်တွင်းဝင်လာမှ ဂျပန်စစ်တပ်ကို ဖားလျားချဉ်းကပ်ပြီး မာစတာတွေ အလိုရှိသမျှ အလိုတော်ရိ လုပ်ပေးရာက ဂျပန်စကားသင်ပြီး ငယ်ငယ်မာစတာရဲ့ စကားပြန်လုပ်ရာက ကြီးကြီးမာစတာတွေရဲ့ စကားပြန်လုပ်ရတဲ့အထိ ရာထူးတက်ပြီး တန်ခိုးထွားလာခဲ့တဲ့သူ။ အင်္ဂလိပ်သူလျှိုဟုဆိုကာ သူနှင့်ရန်ဘက်ဖြစ်ခဲ့သူတွေကို လက်တို့စာရင်းပေးပြီး ဂျပန်စစ်တပ်ရဲ့ ရိုင်ဖယ်ပြောင်းဝရှေ့ကို အရောက်ပို့ကာ အပြတ်ရှင်းပစ်နိုင်ခဲ့သူဖြစ်၏။

"ကြည့်မြင်တိုင်က. . . မာစတာတွေရဲ့ အမြောက်တပ်ဖွဲ့အတွက် အဝယ်တော်လုပ်နေတဲ့. . . ခင်မောင် လွှတ်လိုက်တဲ့လူဆိုတာ မင်းလား"





ကျွားရိုင်းပမာ ထွားကျိုင်းသော ခန္ဓာကိုယ်၊ စူးရဲသော အကြည့်၊ ဟိန်းဟောက်သံနှင့် ပြောလာသော ကျော်ဒင်ရဲ့စကားကို ခြသေ့်လို စေ့စေ့ရင်ဆိုင်ကြည့်နေသော မိုးမြေက. . .

"ဟုတ်တယ်"

ဟု ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်လေသည်။ ကျော်ဒင်က မိုးမြေရဲ့ပုံစံကို မနှစ်မြို့သလို ဖြစ်သွားပြီး. . .

"မာစတာသခင်ရှေ့မှာ. . . အခု ဒူးထောက်ထိုင်စမ်း"

"ငါ ကျွန်မဟုတ်ဘူး။ မင်းထိုင်ခိုင်းတိုင်း ထိုင်ရအောင်လာတာမဟုတ်ဘူး. . .။ အလုပ်သဘောအရလာတာ. . .။ ငါ့ဆီမှာရှိတဲ့ ကျိုးအမြူတေကို ဂျပန်ငွေစက္ကူ (၁၀)သန်းနဲ့ အရောင်းအဝယ်လုပ်ဖို့လာတာ။ ကြိုက်ရင်ယူ. . . မကြိုက်ရင်မယူနဲ့. . .။ ထပ်ပြောစရာ ကျန်သေးတယ်။ ငွေထုတ်စက်နဲ့ လိမ့်ထုတ်နေတဲ့ ဂျပန်ငွေတွေကို ငါလက်မခံဘူး။ ရွှေချောင်းနဲ့ ရှင်းပေးမယ်ဆိုရင်. . . အရောင်းအဝယ်ဖြစ်ပြီလို့ မင်းရဲ့ပထွေး မာကာမူရာကို ပြောလိုက်"

မိုးမြေရဲ့စကားကြောင့် ကျော်ဒင်တစ်ယောက် ဒေါသအမျက်ချောင်းချောင်းထွက်သွားပြီး. . .

"တောက်. . . လူပါးဝလို့. . .။ ပုံမဟုတ် ပတ်မဟုတ်တဲ့ ငါ့ညီ



www.burmeseclassic.com

www.burmeseclassic.com



တောသားက ငါလို့. . . မာစတာတွေ အပ်နှင်းထားတဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရ အကျိုးဆောင်ဆရာတစ်ဆူကို ဒီလိုပြောရဲတယ် . . . ဟုတ်စဘာလဲ မင်းဇက်ယားလာတယ် ထင်တယ်. . .။ မင်းကို ဒီနေရာမှာတင် အချိန်မရွေး ကြက်ကလေး၊ ငှက်ကလေးကို သတ်ပစ်သလို. . . သတ်ပစ်လို့ရတယ်ကွ သဘောပေါက်ရဲ့လား"

ဟု စားပွဲခုံကို လက်နှင့် ဗုန်းခနဲ ပိတ်ထုရင်း ပြောလာ၏။

မိုးမြေက မထီမဲ့မြင်ပြုံးရင်း လွယ်အိတ်အစုတ်ကြီးကို စလွယ်သိုင်းထားသည့် အထဲမှ ယွန်းသေတ္တာဘူးကလေးကို ထုတ်ယူလိုက်ပြီး. . .

"မင်း ဘာကောင်ဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး. . .။ ငါနဲ့ ဆိုင်တဲ့ပစ္စည်းကို ကြည့်ချင်ရင် အမြန်ကြည့်. . .။ စမ်းသပ်ချင်ရင် အမြန်စမ်းသပ်။ မင်းတို့လို ဒုစရိုက်တောမှာ. . . ငါ ကြာကြာမနေနိုင်ဘူး"

ဟု ပြောလိုက်သောအခါ. . .

ဂျပန်ဗိုလ်မှူး မာကာမူရာက ထရပ်လာ၏။ စစ်သုံးဆောင်ဓားရှည်ကို ခါးမှဖြုတ်ပြီး ဓားချထားရာက လက်မှာ ကိုင်ဆွဲထားလိုက်ပြီး . . .

"ကျော်ဒင်စံ. . ."

ဟု အစချီကာ ဂျပန်လို လျှာလေးအာလေးအသံကြီးနှင့် ဆောင့်





ကြီးအောင့်ကြီးပြောလိုက်လေသည်။ ကျော်ဒင်က မာစတာကြီး စကားဆုံးသွားတာနှင့်. . . .

"ဟိုက်. . . မာစတာ. . ."

ဟု အစချီကာ ဂျပန်လို ပြန်ပြောပြန်လေသည်။ ပြီးမှ ဂျပန်ဗိုလ်မှူးမာကာမူရာက မိုးမြေဘက် လှည့်လိုက်ပြီး. . .

"ဘိရုမာ. . ."

ဟု တစ်ခွန်းခေါ်ကာ လက်ဖဝါးဖြန့်ပေး၏။ မိုးမြေက ယွန်းသေတ္တာဘူးကို လက်တစ်ဖက်နှင့် လှမ်းပေးလိုက်သောအခါ ကျော်ဒင်က. . .

"ဟော့ကောင်. . . လက်နှစ်ဖက်နဲ့ ရိုရိုသေသေပေးလေကွာ။ ဒါတို့ နိုင်ငံကို အုပ်ချုပ်နေတဲ့. . . မာစတာတွေကွ၊ တောသား အရိုင်းအစိုင်းရ"

"ငါ့နိုင်ငံကို အတင်းအဓမ္မ သိမ်းပိုက်ထားတဲ့. . . နယ်ချဲ့ဖက်ဆစ်တွေကို မင်းလိုကောင်မျိုးပဲ ဒူးထောက်ခစားနေ. . .။ ငါ့နိုင်ငံကို အရှက်မရှိ သိမ်းပိုက်ထားတဲ့၊ ငါလို မြန်မာလူမျိုးတစ်ယောက်အပေါ် တကယ်တမ်း ရိုရိုသေသေနဲ့ တောင်းပန်သင့်တာ. . . မင်းရဲ့ပထွေး မာကာမူရာပဲ"

"တောက်. . . ဒီလောက်တောင် သေချင်နေတဲ့ကောင်. . .။"



www.burmeseclassic.com

www.burmeseclassic.com



မာစတာ. . . (ဂျပန်လို ရောပြောလိုက်သံ) "

ဂျပန်ဗိုလ်မှူးမာကာမူရာ တစ်ယောက် လွန်စွာဒေါသ ထွက်သွားသော အမူအရာဖြင့် ဓားပေါ်ကို လက်တင်လိုက်၏။ မတုန်မလှုပ်ကြည့်နေသော မိုးမြေပုံစံကြောင့် မာကာမူရာတစ်ယောက် ဓားကို ရွှမ်းခနဲ ဆွဲထုတ်လိုက်ပြီး မိုးမြေရဲ့လည်ပင်းမှာ ဓားသွားတင်ထားလိုက်လေသည်။

မထုံတတ်တေး ပြန်ကြည့်နေသော မိုးမြေရဲ့ပုံစံကို ကြည့်ပြီး မာကာမူရာ အနည်းငယ် အံ့ဩတုန်လှုပ်သွား၏။ ဂျပန်ဗိုလ်မှူးရဲ့ ကိုယ်ရေးအရာရှိက အရာရှိကိုင် ပြောင်းတိုသေနတ် (မော်ဇာပစ္စတိုပုံစံ တုပလုပ်ထားသော ဂျပန်သေနတ်) ကို ထုတ်ကိုင်ပြီး မိုးမြေကို တည့်တည့်ချိန်ထားလေသည်။ ကျော်ဒင်က ခါးနှစ်ဖက်ထောက်ကာ ရင်ကိုပင့်မောက်လိုက်ပြီး အသံတိတ်ရယ်ပြဟန်နှင့် ခေါင်းတခါခါ ရမ်းခါကာ သရော်လှောင်ပြနေလေသည်။

"ခူးရာခါး. . . ဘတ်ကေးရိုး"

ဂျပန်ဗိုလ်မှူးက ဒေါသပိုကြီးလာပြီး ဆဲဆိုသံနှင့်အတူ သွက်လက်လျင်မြန်စွာဖြင့် ဓားကို လွဲလိုက်စဉ် မိုးမြေရဲ့ ညာခြေထောက်က ဂျပန်ဗိုလ်မှူးရဲ့ ရင်ဘတ်ကို ဆောင့်ကန်ပစ်လိုက်လေသည်။ လူကြီးပေါင်





လုံးခန့်တုတ်သော သဘော်ပင်ကို လဲအောင် လေ့ကျင့်ကန်ခဲ့သော ကန်ချက်မို့ ဂျပန်ဗိုလ်မှူးမာကာမူရာခမျာ ဆိုဖာထိုင်ခုံပေါ် အရှိန်နဲ့ ပစ်ကျရာက တစ်ပတ်ဂျွမ်းထပ်လှည့်ပြီး လဲပြိုသွားသောခုံနှင့်အတူ ပက်လက်လန်ကျနေ၏။ အပျော်မယ်လေး (၂) ယောက်၊ အလန့်တကြားနှင့် အသံကုန်ဟစ်အော်ပြီး ထွက်ပြေးကုန်ကြပါလေရော. . .။ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း မာကာမူရာ လဲပြိုကျနေခြင်းပင်။ ကိုယ်ရေးအရာရှိက သေနတ်မောင်းခလုတ်ကို ဆွဲတင်ပြီး လှမ်းပစ်မည်အပြုမှာ မိုးမြေက ကြောင်တောင်ငိုင်ကြည့်နေသော ကျော်ဒင်ရဲ့အရှိက်ကို ဒူးပျံနဲ့ ပစ်တိုက်လိုက်၏။ ပြီးလျှင် အရှိက်ထိပြီး အင့်ခနဲ မလှုပ်နိုင်ဖြစ်နေသော ကျော်ဒင်ရဲ့ခန္ဓာကိုယ်ကို ဆွဲကာလိုက်လေသည်။

"ဒိုင်း. . ."

လိမ္မော်ရောင်မီးပွင့်နှင့် ယမ်းပေါက်ကွဲသံတစ်ချက် ပေါ်လာအပြီးမှာ ကျော်ဒင်ရဲ့ လက်မောင်းတစ်ဖက်မှ သွေးတွေ တစက်စက်ယိုစီးကျလာလေသည်။ မိုးမြေက ကျော်ဒင်ခန္ဓာကိုယ်ကြီးကို အရုပ်လို ရှေ့ကို တွန်းရွှေ့သွားပြီး ကိုယ်ရေးအရာရှိ ဂျပန်ကောင် ပစ်မှတ် ရှာမရဖြစ်နေစဉ်မှာပင် ကျော်ဒင့်ခန္ဓာကိုယ်ကြီးကို အားထည့် ပစ်တွန်းလိုက်လေသည်။

ဂျပန်ကောင်က ကြောင်မနေ။ အသာခုန်ရှောင်ပေးလိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



သတိနှင့် မာန်သွင်းထားသော မိုးမြေက မြေကို ခြေဖျားနှင့်ထောက်ကန်အားယူကာ ဂျပန်ကောင်ထံ ခုန်ပျံဖြတ်ကန်ပစ်လိုက်၏။

"ဖောင်း" ခနဲ မြည်သွားသော ကန်ချက်နှင့်အတူ ဂျပန်ကောင်ရဲ့မေးစေ့ကို မိမိရရ ခတ်မိလိုက်၍ တစ်နာရီလောက်တော့ ကောင်းကောင်း အနားယူသွားပြီမှန်း မိုးမြေသိလိုက်ရပြီ။ သူ့ရဲ့လက်စလက်နမှာ လေ့ကျင့်မှုနှင့် အသားကျထားသည့်အပြင် တိုက်ပွဲအတွေ့အကြုံရထားဖူး၍ ခန့်မှန်းတွက်ဆတတ်နေလေပြီ။ ဖင်ထိုင်ပက်လက်ကြီး လဲကျနေရာက မာကာမူရာ ကုန်းထလာပြန်၏။ အနားမှာ ကျနေသော ယွန်းသေတ္တာကိုပင် မမက်မောအား။ ဂျပန်ဓားကို လက်နှစ်ဖက်နှင့်ကိုင်ပြီး ဘာမူရိုင်းပမာ ကီသွင်းမာန်ဟစ်သံကြီးနဲ့ မိုးမြေထံပြေးဝင်ပြီး ဓားနဲ့ပိုင်းပြန်၏။ မိုးမြေက နောက်ဆုတ်. . . နောက်ဆုတ်နှင့် ခုန်ရှောင်နေလေ၊ ဂျပန်ဗိုလ်မှူးက ကမူးရှူးထိုးနှင့် အပေါ်ပိုင်းကို ကြက်ခြေခတ်လှိုင်းနိပ်ပေါ်အောင် တဝှစ်ဝှစ်နဲ့ လိုက်ပိုင်းလေပင်ဖြစ်နေ၏။ ဓား အနုတ်အသိမ်းမြန်ဆန်ပုံက တိုက်ပွဲဝင် ဓားသမားကောင်းတစ်ဦး ဖြစ်မှန်းသိသာစေ၏။

နောက်ဆုတ်စရာ နံရံသာကျန်တော့သည်။ ဟိုတယ် (လ်) ထဲမှာ နားအေးပါးအေး အနားယူနေကြသော ဂျပန်နှင့် မဟာမိတ်ဖွဲ့ထားသည့်





လူကုံထံအသိုင်းအဝိုင်းက လူတွေလည်း နောက်ဆုတ်ပြီး၊ ကွယ်ရာကချောင်းကြည့်နေကုန်လေပြီ။

မိုးမြေက ညာခြေကို အားစုစည်းပြီး ဂျပန်ဗိုလ်မှူးရဲ့ ကြက်ခြေခတ်ဓားသိုင်းအောက်ဘက် လွတ်ဟာနေသော ဝမ်းဗိုက်နေရာဆီ ရောက်အောင် အရှိန်နှင့်လျှောထိုးပြီး ညာခြေနှင့် ဝမ်းဗိုက်ကို ဆောင့်ကန်ပစ်လိုက်၏။ မာကာမူရာတစ်ယောက် ဒုတိယအကြိမ် (အစ်ခနဲသာ အသံထွက်နိုင်ပြီး) လေထဲမြောက်တက်ကာ ကြမ်းပြင်ပေါ်ကို နောက်ပက်လက်လန်ကျသွား၏။ ကံကောင်းလွန်း၍သာ ခေါင်းနဲ့ကြမ်းပြင် မဆောင့်မိလိုက်။ ဆိုဖာထိုင်ခုံတစ်ခုအပေါ် ထပ်မံကျသွားရခြင်းမို့ မေ့မျှော်နာရီဝက်ခန့်ရသွားမှာ အမှန်ပင်ဖြစ်လေသည်။

ဂျပန်ဗိုလ်မှူးဘက် အာရုံထည့်ထားမိလို့ သတိလစ်သွားတဲ့အချိန်မှာ. . .

"ဖြောင်း" ခနဲ နောက်ကျောကို ဖြတ်ရိုက်ခံလိုက်ရသည်။ ရှေ့ကို ယိမ်းထိုးသွားရာမှ နာကျင်မှုကို အံစေ့ကြိတ်ပြီး အလစ်ဝင်ရိုက်သူကို ခြသေ့်လည်ဆံမွေးခါပြီး လည်ပြန်ကြည့်လိုက်၏။

ကျော်ဒင်. . .။ စကားပြန်ကျော်ဒင်. . .။ သစ္စာဖောက်ကျော်ဒင်. . .။ အမျိုးယုတ်ကျော်ဒင်. . .။ အသားထဲက လေတက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အလိုတော်ရိကျော်ဒင်. . .။

မိုးမြေ အံစေ့စေ့ကြိတ်ပြီး တစ်ကိုယ်လုံးမှာ ရှိသမျှအားကို စုကာ အရှိန်နဲ့ ပြေးဝင်သွားလိုက်၏။ ကျော်ဒင်က ဘီလိယက် ကျုတံနှစ်ချောင်း နဲ့ စုံတိုင်ရိုက်ခဲ့တာမို့ အရင်းသားတွေကျိုးပြီး ထိပ်ပိုင်းဘက်ချွန်ထားသလို ဖြစ်သွားသော ကျုတံနှစ်ချောင်းကို လှံတို(၂)ချောင်းသဖွယ် အသုံးပြု ပြီး လွှားခနဲ ခုန်ပျံဝင်လာသော မိုးမြေရဲ့ရင်ဝနေရာကို ထိုးချိန်ပေးထား လိုက်၏။ အလွန် အန္တရာယ်များမှန်း သိသော်လည်း မြသေ့ခွန်အားနဲ့ ခုန်အုပ်သလို ခုန်ဝင်မိလိုက်ပြီမို့. . .

"ဖြောင်း. . ."

"စွပ်. . ."

မိုးမြေအနေနှင့် တစ်ချောင်းကို ပုတ်ထုတ်နိုင်သော်လည်း ကျန် တစ်ချောင်းက လက်မောင်းကို ရှပ်ထိုးမိသွား၏။ ရင်ဝ မစိုက်အောင် ကိုယ်လုံးကို ဘေးတိုက်လှည့်ပေးလိုက်နိုင်၍ သက်သာရာ ရသွားခြင်းဖြစ် သည်။ ကျော်ဒင်တစ်ယောက်မှာတော့ သွေးစိမ်းရှင်ရှင် ထွက်နေသည့် သူ့လက်က နာကျင်မှုကိုပင် အာရုံမထားနိုင်ဘဲ သူနဲ့ သူ့မာစတာတွေ အတွက် လက်စားချေလိုတဲ့ဒေါသနဲ့ တုံ့ပြန်ခံချရာက နလန်မထနိုင်တော့ တဲ့အထိ ဘဝဇာတ်သိမ်းသွားရရှာလေပြီ။ ကျော်ဒင်ရဲ့ လည်မျိုနေရာကို





မိမိရရ ကန်ထည့်လိုက်ခြင်းပင်။ မိုးမြေအနေနဲ့ ရေတစ်ဝက်၊ သဲတစ်ဝက် ထည့်ထားသော တွဲလွဲဆွဲအိုးကို လေထဲမှာ ခုန်ပျံဝဲပြီး ကန်ခွဲလာခဲ့သော ကန်ချက်ပေပဲ။ ကျော်ဒင့်လည်မျိုလောက်ကတော့ ဆုံထဲ ထည့်ထောင်းခံ ရတဲ့ ဂျင်းတက်ဖြစ်သွားလောက်ပြီပေါ့။ ကျော်ဒင့် မှောက်ခုံကြီး လဲကျ သွားတဲ့အချိန်မှာ မိုးမြေက သူပိုင်တဲ့ ယွန်းသေတ္တာဘူးလေးကို အသာ သွားကောက်ယူလိုက်တယ်။ ဂျပန်အလိုတော်ရိတစ်ယောက်က သတင်း ပြေး ပေးလို့ အနီးအနား အဆောက်အဦးတွေမှာ စတည်းချပြီး လုံခြုံရေး ရယူထားတဲ့ ဂျပန်စစ်သားတွေ မကြာခင်အချိန်အတွင်း ရောက်လာ ကြတော့မှာကို မိုးမြေ နားလည်နေ၏။ သို့တိုင် သွေးအေးအေးနဲ့ စိတ်အေး လက်အေး လိုက်ကြည့်နေနိုင်သေးသည်။ ဘားမန်းနှင့်တကွ ဘိုင်တွေ လည်း တစ်ယောက်မှ မတွေ့ရတော့။ အပျော်မယ်တွေလည်း ဘယ်အချိန် က ဘယ်လိုလစ်ကုန်ကြပြီလဲ မသိ။ ရန်ပွဲစ,ဖြစ်ကတည်းက ရုပ်နားသွား သော တီးဝိုင်းအဖွဲ့သားတွေဆိုလျှင် အရိပ်တောင် မမြင်ရတော့။

မိုးမြေ ပြန်ထွက်ဖို့ အပြင်မှာပင် အခန်းတစ်ခုထဲမှ တဒုံးဒုံးအသံ တွေ ကြားလိုက်ရ၏။ ရန်ပွဲ (သို့မဟုတ်) တိုက်ပွဲအရှိန်ကို ကြောက်လန့်ပြီး ထွက်ပြေးကုန်ကြပြီ။ ဘယ်သူမှ ကိုယ့်ဘက် အာရုံလှည့်လာ[illegible] အသံပြုရဲကြမှာမဟုတ်။ ယခု တံခါးကို ထုရိုက်ဖွင့်သံကြား[illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com



စစ်သားတွေ နောက်ဘက်က ပတ်ဝင်လာပြီး ပိတ်ထားသော ဝင်ပေါက်ရှေ့ရောက်ကာ ထုဖွင့်နေကြခြင်းများလား။ မိုးမြေ အတွေးပွားနေမိရာက တံခါးထုသံကို နားစွင့်လိုက်သောအခါ တစ်ယောက်သောသူက တံခါးကို ဖျက်ဖြိုဖွင့်ဖို့ ထုရိုက်ကြိုးစားနေခြင်းမျိုးသာ ပေါ်လွင်နေ၏။ ထိုတစ်ယောက်မှာ ရန်သူဖြစ်နေလျှင် ဘယ်လိုလုပ်မလဲ။ အော်ဟစ်သံသဲ့သဲ့ကို ကြားလိုက်ရ၏။

"ဟဲ (လ်) မီ. . . ဟဲ (လ်). . .။ အိုး မိုင်ဂေါ့ဒ်. . . ကယ်တော်မူကြပါရှင့်။ အပြင်မှာ တစ်ယောက်မှ မရှိကြတော့ဘူးလား. . .။ ကျွန်မကို ဒီအခန်းထဲမှာ ဆက်ပြီးပိတ်လှောင်မထားနဲ့။ ကျွန်မ မွန်းကျပ်ပြီး သေရပါတော့မယ်. . . ကယ်ကြပါရှင်"

အကြားအာရုံ စူးစိုက်လိုက်မှ သဲ့သဲ့ကြားရသော အသံလာရာဆီကို မိုးမြေ လျှပ်တစ်ပြက် ပြေးဝင်လာလိုက်လေသည်။ လွယ်အိတ်ထဲမှ တိုယ်နှင့်မကွာဆိုသလို သိမ်းထားရမည့် ကျိုးအမြုတေ ထည့်ထားသည့်လွန်းသေတ္တာ ထွက်ကျသွားမှာကိုလည်း စိုးရိမ်ပူပန်စိတ်ဖြင့် စမ်းကြည့်ရသေး၏။

အသံလာရာ အခန်းရှေ့သို့ ရောက်သောအခါ မိုးမြေက. . .

"အထဲက. . . ဘယ်သူလဲ"





ဟု မေးမြန်းလိုက်၏။ အထဲမှ အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် ပြန်ဖြေသံကြားလိုက်ရလေသည်။

"ကျွန်မ. . . ကော့တနေလပ်ဖပ်ပါ. . .။ ဗြိတိသျှဘုရင်မကြီးရဲ့သူကောင်းပြုခံ 'ဆာ' ဘွဲ့ရထားတဲ့ ဟိုက်ကုတ်တရားသူကြီး ရောဘ်လိုဝီလပ်ဖ်ရဲ့သမီးပါ. . .။ မနေ့ညနေက ဂျပန်စစ်သားတွေက ကျွန်မအဖေကို ပစ်သတ်ပြီး ကျွန်မကို အိမ်ထဲကနေ. . . အတင်း ဆွဲထုတ်ခေါ်လာပြီး အခုလို အခန်းထဲမှာ အကျဉ်းချထားကြတာပါပဲရှင်။ သူတို့ထဲက မေဂျာတစ်ဦးက ကျွန်မကို အမွှေကျင့်ဖို့ သုံးလေးကြိမ် ကြိုးစားကြတယ်။ ကျွန်မက ကျားတစ်ကောင်လို. . . ဒေါသနဲ့ တုံ့ပြန်တိုက်ခိုက်လိုက်လို့ အထိနာပြီး နောက်ဆုတ်သွားတယ်။ အပြင်မှာ သေနတ်သံနဲ့ ပြဿနာဖြစ်လို့ ထိုးကြိတ်သံတွေကြားတယ်. . .။ ကျွန်မတို့ မဟာမိတ်တပ်တွေ ပြန်လည်အောင်ပွဲခံပြီး မြန်မာပြည်ထဲ ပြန်ဝင်လာပြီ မဟုတ်လားဟင်။ ကျေးဇူးပြုပြီး ဟုတ်တယ်လို့ ပြောလိုက်စမ်းပါ။ ဒီလိုမှ မဟုတ်ခဲ့ရင်. . . ကျွန်မ စိတ်ဓာတ်ကျပြီး လဲသေသွားနိုင်တယ်"

မိုးမြေက တံခါးလက်ကိုင်နေရာကို ခြေထောက်နှင့် မှန်းဆပြီး နောက်ကို လေးငါးလှမ်းဆုတ်လိုက်၏။

"တံခါးပေါက်အကွယ်မှာ ရပ်နေပါ။ ကျွန်ုပ် ဒိုင်းနမိုက်နဲ့ ဖောက်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



သလို. . . ထိုးဖောက်ဝင်လာခဲ့မယ်"

ဟု လွန်စွာပီသကြည်မြလှသော အင်္ဂလိပ်စကားဖြင့် ပြန်လည်ဖြေပြောလိုက်လေသည်။ ထို့နောက် အားနှင့်အရှိန်ယူ ပြေးသွားပြီး တံခါးကို ဆောင့်ကန်လိုက်ရာ တံခါးမှာ အချပ်လိုက် လွင့်စင် ပွင့်ထွက်သွားလေသည်။ မိုးမြေရဲ့ ခန္ဓာကိုယ်ပါ အထဲကို ကျွမ်းပစ်ဝင်သွားရာမှ ကိုယ်ခန္ဓာကို လိမ့်ချပြီး ကြောင်တစ်ကောင်လို အရှိန်သတ်လိုက်နိုင်လေသည်။

ဆော့လိုက်တင်ခေါ် အလင်းဖျော့မီးရောင်အောက်မှာ နံရံကိုမြားနေအောင် ကပ်ထားသည့် ဗြိတိသျှလူမျိုး ဆယ်ကျော်သက်အရွယ်ရွှေရောင်ဆံပင်ပိုင်ရှင် ကော့တနေလပ်ဖ်ကို တွေ့လိုက်ရလေသည်။ ကော့တနေလပ်ဖ်ကလည်း မိုးမြေကို ကြည့်ပြီး ဗြိတိသျှစပိုင် (သို့မဟုတ်) မျောတစ်ဦးဟု အသံကြားရုံနှင့် ထင်မြင်တွေးဆထားပုံရ၏။ မြင်လိုက်ရသည် မှာ ညိုမောင်းကျစ်လစ်ပြီး လွယ်အိတ်ကြီးတစ်ခုလုံးနှင့် ဖြစ်သလိုပွားလာနေထိုင်ပုံရသော ဗမာတစ်ဦးဖြစ်နေ၍ လွန်မင်းစွာ အံ့သြနေရှာလေသည်။ မိုးမြေက. . .

"ဘာမှမကြောက်ပါနဲ့၊ မင်း လွတ်မြောက်ပါပြီ. . .။ ငါ့နာမည်မိုးမြေ။ နာမည်အပြည့်အစုံကတော့ တစ်ကောင်ဘွားမိုးမြေ. . .။





တစ်ကောင်ဘွားမိုးမြေလို့ ခေါ်တယ်။ မင်းကို ငါကယ်လိုက်ပြီ. . .။ သွားပြီ့ိ"

ဟု လွန်စွာ အထက်တန်းကျလှသော အင်္ဂလိပ်စကားမျိုးနှင့် တိုင်းရင်းသားအသံ၊ မြန်မာသံ မပါအောင် ပီသစွာပြောလိုက်နိုင်၍ ကော့တနေလပ်ဖ်မှာ ပိုမို၍ အံ့သြပြီး မှင်သက်စွာ ရပ်ကြည့်နေရှာပြန်လေသည်။ မိုးမြေက အင်္ဂလိပ်စကားဖြင့်. . .

"ဟော့. . . ငါပြောတာ မင်းကြားရဲ့လား"

ဟု ထပ်မံ မေးလိုက်သောအခါမှ သူမ သတိဝင်လာပြီး ခေါင်းတဆတ်ဆတ် ညိတ်ပြလေသည်။ မိုးမြေက. . .

"မင်း မြန်မာစကားတတ်သလား၊ မင်း အော်တုန်းက မြန်မာလိုအော်သံကို နားစွန်နားဖျား ကြားလိုက်ရလို့ပါ"

"ကျွန်. . . ကျွန်မ. . . မြန်မာလို ရေလည်အောင် ပြောတတ်ပါတယ်. . .။ ကျွန်မရဲ့ဖခင်ဆီမှာ သုံးနှစ်လောက်လာနေပြီး မြန်မာစကားကို ဂရုတစိုက် သင်ကြားခဲ့တာမို့ တတ်နေတာပါ. . .။ ရှင်က အင်္ဂလိပ်စကားကို ကျွန်မ မြန်မာစကားပြောတတ်သလိုမျိုးကို ပြောတတ်တယ်နော်"

"ဒါ ဘာမှ မထူးဆန်းပါဘူး။ မင်းလိုပဲ သုံးနှစ်လောက် အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



စကားကို ဖိဖိစီးစီး သင်လိုက်ရင် . . . တတ်တာပါပဲ"

"အို . . . ရှင်က တကယ့် 'ဆာ' ဘွဲ့ရ ဗြိတိသျှတစ်ယောက်လို တို့ပြောတတ်နေတာ . . .။ ဘယ်လောက်ထူးဆန်းနေသလဲ။ ကျွန်မထက် ပိုပြီး ပြောတာကောင်းတယ်"

"ဒါကတော့ မင်းက သုံးနှစ်သင်တယ်။ ငါက . . . ငါးနှစ် လောက် သင်ခဲ့ရလို့ပေါ့"

"ရှင်ရဲ့ ဝတ်ပုံစားပုံနဲ့ ဒီလို ပြောတတ်မယ်လို့ . . . ထင်စရာ တစ်ခုမှ မရှိဘူးနော်။ ရှင် ဘယ်ကနေ သင်ယူလာခဲ့တာလဲ . . .။ ယုံရခက် လိုက်တာ"

"ယုံရလွယ်ပါတယ် . . .။ မင်းကိုယ်တိုင်လည်း အင်္ဂလန်ကနေ မြန်မာပြည်ရောက်လာပြီး မြန်မာစာ သင်ဖြစ်သွားသေးတာပဲ။ ငါလည်း ငါနည်း ငါ့ဟန်နဲ့ မင်းတို့ရဲ့ ဘိုစာတွေ . . . သင်ဖြစ်ခဲ့တာပေါ့။ မင်းတို့ လူမျိုးကို အထင်ကြီးလို့ မင်းတို့စာကိုသင်တယ်လို့တော့ . . . အထင်မမှား လိုက်နဲ့ ။ မင်းတို့တစ်တွေ ငါတို့ကို နောက်ထပ်လိမ်ညာလို့ မရအောင် လုပ်ကြံလို့မရအောင် သိထားတတ်ထား နားလည်ထားရင် . . . ပို ကောင်းတယ်ဆိုပြီး ငါသင်ကြားခဲ့တာပဲ။ ဘယ်ကနေ ဘယ်လိုတွေဆို တာကိုတော့ ငါ့ရဲ့ လျှို့ဝှက်ချက်မို့ ငါမပြောနိုင်ဘူး . . .။ ဟော . . .





အသံတွေကြားလား . . . စစ်ဖိနပ်သံတွေ။ ဂျပန်စစ်သားတွေ ရောက်လာ ကြပြီ။ ဒီဟိုတယ် (လ်) ကို ပိုက်စိပ်တိုက် မွှေနှောက် ရှာဖွေကြတော့မယ်။ မင်းရော၊ ငါရောက မိသွားရင် သက်သာမယ် မဟုတ်ဘူး . . .။ လာ ငါတို့ . . . အမြန်ထွက်ပြေးကြရအောင်"

"ကျွန်မကို ခဏစောင့်ပါ။ ဒေါက်ဖိနပ်စီးမလို့ . . .။ ပြီးရင် ဟိုတယ်(လ်)နောက်ပေါက်က ထွက်ပြေးမယ်လေ။ ဘာလို့ ခေါင်မိုးပေါ် တက်ပြေးရမှာလဲ"

"ဒေါက်ဖိနပ်ကို မစီးနဲ့။ ငါခေါ်တဲ့နောက်ကိုပဲ . . . လိုက်ခဲ့စမ်း ပါ . . .။ အခုလောက်ဆို ဟိုတယ်(လ်) နောက်ရော၊ ရှေ့ရော၊ ဘေးဘက် တွေရောပါ မကျန် ဂျပန်တွေ ဝိုင်းထားပြီးလောက်ပြီ . . .။ ဒေါက်ဖိနပ် ကြီးနဲ့ပြေးလို့မလွယ်ဘူး . . .။ ဖိနပ်သံက ရန်သူ နောက်ယောင်ခံလိုက်နိုင် အောင် အသံပေးလိမ့်မယ်။ လွှင့်ပစ်လိုက် . . . ခဏတော့ ခြေဗလာနဲ့ ပြေးရမှာပေါ့"

ကော့တနေလပ်ဖ် ဟုခေါ်သော ရွှေရောင်ဆံပင်နှင့် ဘိုမလေး ရဲ့ အသားအရေမှာ နို့နှစ်ရောင်ပြေးနေ၏။ အရေပြားပါးသော အသား နုသည့် ဘိုမလေးမျိုးဖြစ်၏။ အရေပြား ကြမ်းတမ်းသော ဘိုမျိုးဘိုနွယ် က ဆင်းသက်လာသူ ဟုတ်ဟန်မတူ။ မျက်နှာအချိုးအစားနှင့် ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



အဆစ်အပေါက်မှာလည်း 'ဗီးနပ်(စ်)'အချစ်နတ်သမီးကဲ့သို့ ပြေပြစ်နေ၏။ ချောမောလှပသော ဘိုမလေးရဲ့ မျက်နှာပေါ်မှာ ကြောက်ရွံ့ခြင်းနှင့် ရဲရင့်ခြင်းဆိုသည့် ဆန့်ကျင်ဘက်အားအင်တွေ ထင်ဟပ်ပေါ်လွင်နေသည်မှာ အံ့အားသင့်စရာ ကောင်းလှပေသည်။ သူမ မျက်ခုံးတွေက လင်ယော်တောင်လေးတွေဖြစ်ကြပြီး မျက်လုံးပြာလဲ့လဲ့ကြီးတွေ ပိုင်ဆိုင်ထားလေသည်။ သူမရဲ့အင်္ကျီနှင့်စကတ်မှာ နေရာအတော်များများ စုတ်ပြဲကာ အဖတ်လန်ကျနေလေသည်။ မိုးမြေက လွယ်အိတ်ထဲက ဖျင်အင်္ကျီကို လှမ်းပစ်ပေးလိုက်ပြီး. . .

"ဒါ. . . ငါတို့အမျိုးသားတွေ ဝတ်တဲ့အင်္ကျီပဲ။ မင်းနဲ့ မလိုက်ဖက်ပေမယ့် အရှက်တော့ လုံခြုံပါတယ်။ အပေါ်က ထပ်ဝတ်ပြီး ငါနောက်က လိုက်ခဲ့. . . စကား လုံးဝမပြောနဲ့။ ကြွက်ချောင်းမယ့် ကြောင်မလေးတစ်ကောင်လို လိုက်ခဲ့"

သူမက ပြုံးကြည့်နေရာမှ ခေါင်းဆတ်ပြ၏။ အင်္ကျီကို ပြန်ကြည့်ပြီး နှာခေါင်းတစ်ချက်ရှုံ့လိုက်လေသည်။ ဟိုတယ်(လ်)ထဲကို ပြေးဝင်လာသော စစ်ဖိနပ်ခွာသံတွေကိုကြားမှ အလန့်တကြားနှင့် ပြေးလိုက်လာရင်း အင်္ကျီကို ပြေးရင်းလွှားရင်း ဝတ်လာလိုက်လေသည်။

မိုးမြေက အပေါ်ထပ်မှ တစ်ဆင့် ခေါင်မိုးမျက်နှာကျက်ပေါ်ကို





အသာတက်ပုန်းဖို့ သူမကို မနည်းဆွဲတင်လိုက်ရလေသည်။ သူမ မျက်နှာကျက်ပေါ်ကို ရောက်လာချိန်မှာ ဂျပန်လို ကျိန်ဆဲသံတွေ၊ အသုံးမကျတဲ့ ဂျပန်စစ်သားကို ဂျပန်စစ်ဗိုလ်က ပါးရိုက်သံတွေ၊ အော်ဟစ်အမိန့်ပေးသံတွေ ဆူညံသွားပြီး ဂျပန်တွေ အပေါ်ထပ်အခန်းတွေထဲ ရောက်လာကြပြီး နီးရာအခန်းတွေ ဝုန်းဒိုင်းနဲ့ ကန်ဖွင့်ကာ အခန်းရှိသမျှ ပိုက်စိတ်တိုက် မွှေနှောက်ရှာကြလေသည်။

မိုးမြေနှင့် ကောတနေလပ်ဖ်တို့နှစ်ယောက်မှာ မျက်နှာကျက်ပေါ် ငြိမ်ဝပ်ပြီး အသံလုံအောင်ထိန်းကာ ရင်တစ်ထိတ်ထိတ်နှင့် စောင့်ကြည့်နေကြလေသည်။ ဂျပန်စစ်သားတွေက သူတို့ရိုင်ဖယ်ပြောင်းဝမှာ တပ်ထားသော လှံစွပ်တွေဖြင့် ဗီရိုတွေ၊ ခုတင်အောက်တွေကို လိုက်ထိုးကြည့်ကုန်ကြလေသည်။ အခန်းတွေမွှေပြီးလျှင် စေ့စပ်သေချာသောဂျပန်တွေရဲ့ ထုံးစံအတိုင်း မျက်နှာကျက်ပေါ် တက်ရှာကြမှာ ကျိန်းသေ၏။

အုတ်ကြွပ်အမိုးကို မော့ကြည့်ပြီး ထိုင်ရာကနေ တစ်ချပ်ချင်း ခပ်ဆတ်ဆတ် ထိုးခွဲခွာလိုက်သည်။ လူတစ်ကိုယ်စာ ထွက်ပေါက်ရသောအခါ သူမကို အမိုးပေါ် အရင်တက်စေလိုက်သည်။ အုတ်ကြွပ်ထိုးခွဲသံကြားကတည်းက အသံလာရာအခန်းကို ဂျပန်စစ်သားတွေ ပြန်လှည့်လာကြသည့် စစ်ဖိနပ်သံတွေ ကြားနေရလေပြီ။ မိုးမြေကိုယ်တိုင် အမိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို တက်လိုက်နိုင်ချိန်မှာတော့ ဂျပန်စစ်ဗိုလ်တစ်ယောက်ရဲ့ ဆဲရေးသံ အမိန့်ပေးသံနှင့်အတူ. . .

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ပစ်ခတ်သံတွေ ကြားလိုက်ရပြီး မိုးမြေနှင့် သူမတို့နှစ်ယောက်ကြားက ကျည်ဆံတွေ တရှိုးရှိုး ဖြတ်သွားသံကို ထိတ်လန့်ဖွယ်ရာ ကြားလိုက်ရလေသည်။ နေပူရှိန် ရှိသော်လည်း အမိုးပေါ်မှာ လေတိုက်အားရှိနေခြင်းက မိုးမြေတို့ကို ကံမျက်နှာသာ ပေးလိုက်သည့်နှယ်။ သူမက ထိတ်လန့်စိုးရိမ်မှု ကဲလာသည့်မျက်နှာနှင့် လှည့်ကြည့်ရင်း. . .

"အခုမှ ပိတ်မိပြီ။ အောက်ကိုလည်း ခုန်ချလို့မရဘူး၊ အောက်မှာ. . . ဂျပန်ငပုတွေ ဝိုင်းထားတယ်။ ပြေးစရာမြေလည်း မရှိ တော့ဘူး"

ဟုပြောလာသောအခါ မိုးမြေက. . .

"မပူပါနဲ့ မြေမရှိပေမယ့်. . . လေတော့ ရှိပါသေးတယ်"

ဟုပြောကာ သူ့လွယ်အိတ်ထဲမှ သုံးဆစ်ချိုး ခေါက်ထားသောအရာကို ဆွဲထုတ်လိုက်လေသည်။ အဆစ်တွေကို ဆွဲထုတ်ပြီး ထီးပိတ်စလိုလိုအရာကို ဆွဲဖွင့်လိုက်သောအခါ လူနှစ်ယောက်စာ လုံခြုံနိုင်သည့် ထီးကြီးတစ်လက်ဖြစ်၍ သွားလေသည်။ ဘိုမလေး ကောတနေ့လပ်ဖ်က. . .





"ရှင် ဘာအရူးထနေတာလဲ။ မိုးလည်း မရွာဘူး။ နေပူ မခံချင်လို့ ဒီထီးကြီး ဖွင့်ဆောင်းတော့. . . ကျွန်မတို့ ဘယ်မှာရှိတယ်ဆိုတာ ရန်သူတို့ လက်ဗွေ့ယမ်းပြသလို ဖြစ်နေပြီပေါ့"

ဟု ဒေါသကြီးသည့်လေသံနှင့် ပြောလိုက်သောအခါ မိုးမြေက ထီးကိုင်းတွေကို လက်ညှိုးထိုးပြရင်း. . .

"ဒါ ထီးလေထီးလို့ ခေါ်တယ်။ သံမဏိကိုင်းတွေနဲ့ လုပ်ထားတာ လေထီးပိတ်နဲ့ ချုပ်ထားတာ။ ဒီလောက်အမြင့်လောက်ကနေ အောက်ကို ဒီထီးနဲ့ ခုန်ချလို့ရတယ်။ လူသုံးယောက်လောက် လက်မြဲမြဲနဲ့ တွဲလွဲခိုစီးနိုင်တယ်. . .။ ဂလိုက်ဒါဆိုတဲ့ စွန်ပျံတွေကို လူတွေ ခိုစီးခဲ့ကြဖူးတာ မင်းမေ့နေပြီလား။ လေယာဉ်ပျံကို တီထွင်ခဲ့တဲ့ ရိုက်ညီနောင်လည်း စီးပြခဲ့ဖူးတယ်လေ. . .။ မင်းတို့ဘိုတွေမှ စက္ကောမ ယန္တရားအတတ်ကို တတ်တာ မဟုတ်ဘူး။ ငါတို့မြန်မာတွေလည်း တတ်တဲ့လူ တတ်ကြပါတယ်၊ ဒီထီးက ငါ့ဆရာ အမွေပေးထားတဲ့ထီး. . .။ ငါ့ခါးကို ဖက်မလား၊ ထီးလက်ကိုင်ကို ဆုပ်ကိုင်မလား။ လက်မြဲမြဲ ကိုင်နိုင်တဲ့နေရာကိုသာ ကိုင်ထားပေတော့"

ဟုပြောသောအခါ ဘိုမလေးက. . .

"အိုး. . . ပြုတ်ကျသေအောင် ရှင်လုပ်နေတာပဲ၊ ရှင့်ထီးလေးက



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်ဝိတ်ကို တောင့်ခံနိုင်တာ သေချာလို့လား. . .။ ကျွန်မ မစီးရဲပါဘူး။ ဂျပန်ဖမ်းတာပဲ ခံလိုက်တော့မယ်"

ဟု ပြန်၍ပြောလေသည်။ မိုးမြေက. . .

"မင်းကို မိသွားရင်. . . အရှင်ထားမယ် ထင်နေသလား။ ငါနဲ့ ဖူးပေါင်းပြီး ထွက်ပြေးသွားလို့. . . မင်းကို မိတာနဲ့ ပစ်သတ်ပစ်ကြလိမ့်မယ်။ ဒီဂျပန်တွေ ရက်စက်ကြမ်းကြုတ်တာ. . . မင်း မကြားဖူးဘူးလား၊ သူတို့ဗိုလ်ချုပ် ခံခဲ့ရပြီ၊ စကားပြန် သေပြီ"

"အိုးမိုင်ဂေါ့ဒ်. . . ရှင်လုပ်ရဲတယ်. . .။ စစ်ဘီလူးဂျပန်တွေ ခံရတာ ဒီတစ်ကြိမ်ပဲ ကျွန်မ ကြားဖူးသေးတယ်။ ဂျပန်ဖက်ဆစ်တွေ ရမ်းကားရက်စက်တာတွေတော့ ဒက်ဒီနဲ့ ကျွန်မ စစ်ကြိုခေတ်က သတင်းတွေ နားထောင်လို့ မကြာခဏ ကြားဖူးတယ်. . .။ ကိုယ်တွေ့လည်း ကြုံခဲ့ရပြီးပြီ. . .။ သူတို့လက်ထဲမှာ အမဲဖျက်ခံရမှာထက်စာရင် လိမ့်ကျသေသွားလည်း သူတို့လက်ကလွတ်မြောက်ပြီး. . . နောက်ဘဝကို ကူးသွားနိုင်တာပေါ့။ လက်ကိုင်ကိုပဲ မိမိရရ ဆုပ်ကိုင်ထားမယ်။ ရှင်လည်း ကျွန်မကို ထိန်းကိုင်ပေးထားနော်"

"မြမြသာ ကိုင်ထား။ လူသုံးယောက်ကိုတောင် နိုင်တဲ့ဟာပါ. . .။ သံမဏိကိုင်းတွေ ကွေးညွတ်သွားတာကလွဲရင် ကျိုးမသွားပါဘူး။ ထိုးရွက်





လည်း စုတ်ပြတ်မသွားပါဘူး။ ကဲ. . . ပြောနေတာကြာတယ်။ ကိုင်ထားပေတော့"

"ဒိုင်း. . . ဒိုင်း. . . ဒက် ဒက် ဒက်"

အောက်ဖက်မှာရှိသော ဂျပန်တွေက သေနတ်ဖြင့် လှမ်းပစ်လိုက်သောကြောင့် အုတ်ကြွပ်အမိုးတွေ ပဲ့စင်ထွက်ကုန်၏။ ကံကြီးပေလို့သာ လူတွေကို မထိမှန်သလို၊ ထီးပိတ်ကိုလည်း ထိမှန်မသွားခြင်းပင် ဖြစ်လေသည်။ မိုးမြေတို့နှစ်ယောက်သား ခုန်ချလိုက်ကြသည်။ ကော့တနေလိပ်က ဘုရားတွင်,တွင်တပြီး လက်တစ်ဖက်က မိုးမြေရဲ့ လည်ပင်းကို သိုင်းဖက်ထားလေသည်။ မိုးမြေတို့ရင်ထဲ၊ အသည်းထဲ၊ အေးခနဲ ဖြစ်သွားပြီး ထီးပျံက လေကြောင်းသယ်ဆောင်ရာ ရွှေဂုံတိုင်နယ်မြေအတွင်းရှိ လျှိုချောက်ကြီးဘက်ထဲ ပျံဝဲနိမ့်ဆင်းသွားလေသည်။ ဂျပန်တွေက ရိုင်ဖယ်သေနတ်တွေနှင့် တဒိုင်းဒိုင်း ပစ်ခတ်သောကြောင့် လေထီးပိတ်မှာ အပေါက် သုံးလေးပေါက်ဖြစ်သွားပြီး ခါယမ်းသွားသဖြင့် ကော့တနေလိပ်ရဲ့ ငယ်သံပါအောင် အော်ဟစ်သံက ဆူညံသွားလေ၏၊ မိုးမြေက သူမရဲ့ ခါးကျဉ်ကျဉ်လေးကို လက်နှစ်ဖက်နှင့် သိုင်းပွေ့ထိန်းပေးထားရင်း. . .

"မကြောက်နဲ့. . . အောက်ကို ရောက်တော့မယ်၊ ဒါတို့ဆိပ်တံ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတယ်။ သူတို့တပ်စိတ်ထဲမှာ လက်ဖြောင့်တပ်သား ပါမလာဘူးနဲ့ တူတယ်။ ပါလာရင်တော့. . . မင်းရော ငါရော ကံဆိုးသွားနိုင်တယ်”

လျှိုချောက်ကြီးထဲရှိ သစ်ပင်တန်းတွေထဲ အရှိန်နှင့် ထိုးကျပြီး သစ်ပင်ဘစ်ပင်နှင့် ရိုက်မိမလိုဖြစ်သွားရာ မိုးမြေက ထီးလက်ကိုင်ကို ဆောင့်ဆွဲယိမ်းခါပြီး လမ်းကြောင်း ပြောင်းလိုက်နိုင်သဖြင့် သစ်ပင်ကိုင်း ခက်တွေကြားထဲ ‘ဖရော’ ခနဲ တိုးဝင်ငြိတွယ်ကုန်ကြလေတော့သည်။

“ဟဲလ်မီ. . . ဟဲလ်. . .”

သစ်ကိုင်းနှင့် တွယ်ငြိကုန်၍ သက်သာရာ ရသွားခြင်းဖြစ်သော်လည်း ဘိုမလေး ကော့တနေဖ်လ်မှာ အသံပြာအောင် အော်ကောင်းနေတုန်းပင်။ မိုးမြေက သစ်ကိုင်းကြားမှာ စုတ်ပြဲသွားသော ထီးလေထီးကို ကြည့်ပြီး နှမြောတသစွာ စုပ်သပ်လိုက်မိသည်။ ဘိုမလေးက ထီးကို မလွှတ်တမ်း ဆုပ်ကိုင်ထား၍ မိုးမြေက အထာင်းပြန်မြေခိုင်းပြီး သစ်ပင်ပေါ်မှ နှစ်ယောက်သား ခဲရာခဲဆစ် ဆင်းလိုက်ကြရ၏။ သစ်ပင်မှာ ခရေပင်ကြီးဖြစ်နေ၍ အောက်ခြေဆင်းလုံးပတ်မှာ လူတစ်ဖက်ခန့်ရှိနေလေရာ မိုးမြေက အရင်လျှောဆင်းရလေသည်။ ဘိုမလေးကို မိုးမြေ ဆင်းလာသည့်အတိုင်း လျှောဆင်းခိုင်းရာ မြေပြင် ခြုံတောထဲကို ဆောင့်ကြောင့်ထိုင်လျက်သား ပြုတ်ကျသွားလေသည်။ သူမ အော်နေကျ





ဘုရားသခင်ကို တမ်းတသံ ‘အိုးမိုင်ဂေါ့ဒ်’ လေးပင် မအော်လိုက်နိုင်တော့။

ခြုံတောကို ဖြဲကြည့်လိုက်တော့ ကားယားကြီး ပက်လက်လန်ကျနေသည့် သူမကို ရယ်ချင်ဖွယ်ရာ တွေ့လိုက်ရ၏။ မျက်လုံးကြီးပြူးပြီး အသက်ရှင်လျက် လွတ်မြောက်လာရပုံကို ယုံကြည်လို့ မရသေးဟန်နှင့် ဖွတ်မေ့၊ ပဒတ်မေ့ မေ့သလို မေ့နေဟန်တူလေသည်။ ထိုစဉ်မှာပင် လွှန်စွာထိတ်လန့် အသည်းယားဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို လှမ်းတွေ့လိုက်ရ၏။ သူမရဲ့ခြေထောက်အောက်က မြွေပွေးကွက်ကြီး တစ်ကောင် လျှောထွက်လာခြင်းပင်ဖြစ်သည်။ မြွေပွေးကြီးမှာ လူကြီးလက်ကောက်ဝတ်ခန့်တုတ်ပြီး လေးငါးပေခန့် အရှည်ရှိ၏။ မိုးမြေ ရင်ထဲထိတ်ခနဲ ဖြစ်သွားမိပြီး ဘိုမလေးကို မလှုပ်ဖို့ သတိပေးလိုက်သည်။ ဘိုမလေးက သူမပေါ် မြွေပွေး ဖြတ်သွားနေသည်ကို သိပါက ထိတ်လန့်တကြား လှုပ်ရှားလိုက်မှာ အမှန်ပင်။ သို့ဆိုလျှင် မြွေပွေးက သူ့ကို ရန်မူသည်ထင်ကာ အစွယ်နှင့် လှမ်းပေါက်တွက်လိုက်ပါက သူမခမျာ ခေတ်ပျက်ကြီးထဲမှာ မြွေဆေး ရှာရခက်သဖြင့် ရေတိမ်နစ်သွားနိုင်လေသည်။

“ကျွန်မ အရိုးတွေ. . . အားလုံးကျိုးကုန်ပြီနဲ့တူတယ်။ လှုပ်သို့မရတော့ဘူး။ရှင်က အခွင့်ကောင်းယူပြီး. . . ကျွန်မကို ကြံစည်နေသလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာသောအခါ မိုးမြေက မလှုပ်ရန် ထပ်သတိပေးပြီး လှင်မြန်သော ညာလက်ဖြင့် မြွေပွေးရဲ့လည်ကုတ်ကို ဖမ်းထောက် ဆုပ်ကိုင်ထားလိုက်၏။ မြွေပွေးကို မိမိရရ မိသွားပြီမို့ မတ်တပ်ရပ်ပြီး အသာဆွဲထုတ်ပြလိုက်သောအခါ ဘိုမလေးခမျာ အလန့်လွန်ပြီး မျက်ဖြူလန်သလိုဖြစ်ကာ မေ့မျောသွားလေသည်။ မိုးမြေက မြွေပွေးကို ခပ်ဝေးဝေးမှာတွေဘက် လွှင့်ပစ်လိုက်၏။ အဆိပ်ရှိသော သတ္တဝါပင် ဖြစ်သော်ငြားသူ့ကို ရန်မမူပါက အန္တရာယ် မပြုတတ်သည့်မြွေမို့ မသတ်ရက်တာနှင့်ဥည်အတိုင်း လွှင့်ပစ်လိုက်ခြင်းဖြစ်လေသည်။

မြွေကို လွှင့်ပစ်ပြီးသောအခါမှ ဘိုမလေးရဲ့ ပါးနုနုလေးကို လက်နှင့် အသာပုတ်ပေးရင်း သတိရအောင် လုပ်လိုက်၏။ ဘိုမလေးက သတိရသော်လည်း ဝေဝေဝါးဝါးအသိဖြင့် အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားကို ပြောကြားလိုက်လေသည်။

"အင်း. . . အင်း. . . ကျွန်မ အင်္ဂလန် ပြန်ရောက်နေပြီလား ဟင်. . .။ ကျွန်မဒယ်ဒီရော. . . ဒါဘယ်နေရာလဲ"

"မကြာခင်. . . မင်း ရောက်ချင်တဲ့နေရာကို ရောက်တော့မှာပါ။ ဒီအတွက် အားတင်းထားပါ။ ငါတို့ ဒီနေရာက. . . အမြန်သွားကြရအောင်။ ငပုတွေက ပြောက်ကျားတိုက်စစ် သိပ်ကောင်းတယ်။ တော





ကျွမ်းတယ်။ ငါတို့ ဒီဘက်ထဲကို ကျသွားတာ. . . သူတို့မြင်တယ်။ မကြာခင် ဒီနေရာကို သူတို့ ရောက်လာကြလိမ့်မယ်"

ဟု မိုးမြေက ပြန်ပြောလိုက်သောအခါမှ ပစ္စုပ္ပန်ကာလ အဖြစ်မှန်ကို သတိရပြီး လန့်ဖျပ်ကာ သူမဘာသာ ဆတ်ခနဲ ငုတ်တုတ်ထထိုင်လာလေသည်။

"မြွေ. . . မြွေ. . . ကျွန်မကို ကိုက်မိသွားသေးလား. . .။ ဘုရားရေ. . . ကျွန်မ သေရတော့မယ်နဲ့တူတယ်"

"မကိုက်မိပါဘူး။ မြွေကို အဝေးကြီးရောက်အောင် လွှင့်ပစ်လိုက်ပြီ။ မြန်မြန်ထ. . . ငါတို့ ဒီဘက်ခြုံတွေထဲကနေ ပတ်ပြေးပြီး ဟိုး. . . မတ်စောက်တဲ့ ကမ်းပါးအတိုင်း လမ်းပေါ် ပြန်တက်ကြမယ်. . . ဟိုဘက်ခြုံတွေထဲက ဖြုန်းသွားရင်. . . ကားလမ်းနဲ့ နီးနိုင်တာမှန်ပေမယ့် စစ်လော်ရီကားနဲ့ ငပုတွေရောက်လာနိုင်တဲ့နေရာဟာ အဲ့ဒီလမ်းမဘက်ကဖြစ်ဖို့. . . ပိုများတယ်။ အချိန်ဆွဲလို့ မရဘူး။ နာတာ ကျင်တာတွေ မှန်သမျှ အသက်ထွက်တာလောက်တော့. . . အရေးမကြီးဘူး"

မိုးမြေက သူမကို လက်ကမ်းပေးလိုက်သောအခါ သူမက မယုံမရဲ ပြန်ကြည့်ပြီး. . .

"ကျွန်မကို. . . ဘယ်ခေါ် သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုံခြုံတဲ့... တစ်နေရာရာကိုပေါ့"

"ကျွန်မတို့ရဲ့စစ်တပ်တွေ... အိန္ဒိယဘက် ဆုတ်သွားကုန်ကြပြီ။ ကျေးဇူးပြုပြီး ကျွန်မကို... အိန္ဒိယနယ်စပ်အထိ ရောက်အောင် လိုက်မပို့ပေးနိုင်ဘူးလား...။ ကျွန်မ ကောင်းကောင်း ကျေးဇူးဆပ်နိုင်ပါတယ်"

မိုးမြေက ပြီးစလွယ်ပင် ခေါင်းညိတ်ပြလိုက်မိသည်။ သူမက မိုးမြေလက်ကို လှမ်းကိုင်လိုက်တော့မှ မိုးမြေ ဆွဲထူရာ အလိုက်သင့် ထလာလေသည်။ သို့ဖြား သစ်ကိုင်းခြစ်မိထားသည့် ခြေလက်ဒဏ်ရာတွေနှင့် သစ်ပင် ပင်စည်နှင့် ပွတ်တိုက်ခံထားရသဖြင့် ပွန်းပဲ့စုတ်ပြတ်နေသည့် ဝမ်းဗိုက်နေရာတွေကြောင့် သူမ ညည်းတွားစုပ်သပ်သံက မသက် မသာ။ ဖျင်အင်္ကျီ အထက်လှန်ပြီး အောက်ခံအင်္ကျီနှင့် သစ်ပင် ပင်စည်တို့ ပွတ်တိုက်မိထား၍ အောက်ခံအင်္ကျီ စုတ်ပြဲနေသည်မှာ ဗိုက်သားတွေပင် ပေါ်လွင်နေလေသည်။ ဗိုက်သားမှာ ပွန်းပဲ့စုတ်ပြဲရာတွေက သွေးတွေ စိမ့်ထွက်နေ၏။

"ကျွန်မ ဗိုက်ပေါက်သွားပြီလား... မသိဘူး"

"အပေါ်ယံ အရေပြားလောက်ပဲ ခြစ်မိတာပါ။ သွေးစိမ့်ထွက်ပြီးရင် သူ့ဘာသာသူ ခြောက်သွေ့သွားလိမ့်မယ်... အားမလျှော့နဲ့..."





မိုးမြေ လက်ဆွဲခေါ်ရာကို ဒယီးဒယိုင်ဖြင့် သူမ လိုက်ပါလာလေသည်။ ခြေထောက်တွေက ဆူးညှောင့်နှင့် ကြမ်းတမ်းသော မြေသားတွေနှင့် ထိတွေ့နေရသဖြင့် သူမခမျာ ကွတ ကုန်းတုန်းနှင့် လမ်းလျှောက်ရသလို ဖြစ်နေလေသည်။ သူမက...

"ဒီမှာ... မြန်မာလူငယ်။ ကျွန်မရဲ့ခြေထောက်တွေ မထောက်နိုင်တော့ဘူး။ ရှင့်ရဲ့လွယ်အိတ်စုတ်ကြီး စွန့်ပစ်ထားခဲ့ပြီး... ကျွန်မကို ချီပိုးသယ်ဆောင်သွားပေးပါလား။ ကျွန်မ တကယ့်ကို မတတ်နိုင်တော့လို့ပါ"

မျက်နှာဖြူတွေရဲ့ သခင် ခံယူလိုသောအသံနှင့် ပြောလာသဖြင့် မိုးမြေစိတ်ထဲ တင်းခနဲ ကျဉ်ခနဲဖြစ်သွားပြီး...

"မင်း မလိုက်နိုင်ရင်တော့ တွဲခေါ်မယ်။ မချီပိုးနိုင်ဘူး။ ဖက်ဆစ်ဂျပန်တွေလက်ထဲ အမိခံလိုက်ရရင်... ဒီ့ထက်ကို မချိမဆန့် နာကျင်ပြီး မသေမရှင် နှိပ်စက်ခံရလိမ့်မယ်"

မိုးမြေက ကော့တနေလပ်ဖ် နားလည်လွယ်မည့် မြန်မာစကားကို ရွေးချယ်သုံးနှုန်းပြောလိုက်ရသည်။ ကော့တနေလပ်ဖ်မှာ ဖက်ဆစ်ဂျပန်တွေရဲ့ စစ်ဦးဘီလူးဆိုတဲ့ ဆိုးသွမ်းရက်စက်မှုဒဏ်တို့ ကြုံတွေ့ခံလာရသူမို့ စိုးရွံ့ထိတ်လန့်စိတ် ဝင်လာကာ သူမဘာသာ အားငင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်လာ၏။ မိုးမြေက တွဲခေါ်သောအခါ မိုးမြေလက်မောင်းကို အသာခိုတွဲပြီး အားခဲလျှောက်ရှာသည်။

"ကျွန်မတို့ . . . ဖက်ဆစ်ဘီလူးတွေ သိမ်းပိုက်ထားတဲ့ အာရှတိုက်ထဲက လွတ်အောင် ရှန်းပြေးနိုင်ပါ့မလား။ အင်္ဂလိပ်စစ်တပ်တွေ အိန္ဒိယမှာ ရှိနေသေးတယ်။ ပင်လယ်ကူးသင်္ဘောတွေလည်း . . . ဒီမှာ မဆိုက်ကပ်ကြတော့ဘူး။ ကျွန်မတို့ရဲ့ မဟာမိတ် အမေရိကန်တွေ စစ်ထဲပါလာရင်တော့ . . . ဂျပန်တွေကို တိုက်နိုင်မှာပါ။ မကြာခင် ကျွန်မတို့ရဲ့ လေတပ်မတော်က ရန်ကုန်မြို့ပေါ်ကို . . . ဗုံးလာကြဲကြလိမ့်ဦးမယ်"

မိုးမြေက ကောင်းကင်ကို မျှော်ကြည့်လိုက်လေသည်။ ဒုတိယကမ္ဘာစစ်၏ စစ်ငွေ့စစ်ရိပ်တွေ သမ်းနေသော ကောင်းကင်အရောင်အသွေးကိုက စစ်စိမ်းရောင်နဲ့ မီးခိုးမြူရောင်တွေ လွှင့်ပါးညိုမှောင်နေသကဲ့သို့ ရှိလေသည်။

လောလောဆယ် အခြေအနေအရ မြို့ပြင်ကို ထွက်ခွာခြင်းမှာ ကိုယ့်သေတွင်းကို ကိုယ်တူးတာနဲ့ တူသွားမှာကို မိုးမြေ ကြိုတွေးမိလေသည်။ မြို့ပြင်မှာ ဂျပန် ကင်ပေတိုင်စစ်ပုလိပ်တွေ ခြေချင်းလိမ်နေကြပြီ။ တွေ့မြင်ရာ မသင်္ကာသူမှန်သမျှ အင်္ဂလိပ်စပိုင်၊ သူလျှို ဟုစွပ်စွဲကာ နံရံကပ်ပြီး သေနတ်နဲ့ ပစ်သတ်လိုသတ်။ လှံစွပ်နဲ့ ထိုးသတ်လိုသတ်၊





ဆေသာလီပြည် ဘီလူးဝင်မွှေသလို သောင်းကျန်းနေကြလေပြီ။ ထို့ကြောင့် မြို့ထဲရှိ ကိုလိုနီခေတ်လက်ရာ တိုက်တာအဆောက်အဦးကြီးတွေထဲက ထုံးဖြူရာ တစ်နေရာမှာ သင့်တော်သလို ပုန်းခိုဖို့သာ စဉ်းစားရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂။

မှုန်းလို့ကွယ်လျှို့နှင့် ညအမှောင်ကို အားကိုးကာ မြို့ထဲရောက်အောင် လမ်းလျှောက်လာခဲ့ရ၏။ ဂျပန်စစ်သားတွေ တစ်စုလိုက်၊ တစ်စိပ်လိုက်၊ ကင်းလှည့်နေတာနှင့် ဆုံတိုးတိုင်း နီးရာအကွယ်မှာ ပြားနေအောင်ဝပ်ပြီး ပုန်းနေရလေသည်။ ဂျပန်စစ်သားတွေ အဝေးရောက်သွားတော့မှ အသံတစ်စ မထွက်အောင် ဂရုစိုက်ရင်း ခရီးဆက်ထွက်ရလေသည်။

ရန်ကုန်မြို့ရဲ့လူဦးရေ အတော်များများမှာ အင်္ဂလိပ်တွေ ဆုတ်အပြီးမှာ တျွေလက် တောတောင်တွေရှိရာ စစ်ရှောင်သည့်အနေနှင့် နိုးအောင်းကုန်ကြပြီး ဂျပန်ခေတ် မြို့ပြ ပြန်လည်ထူထောင်ရေးအတွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တခွဲခွဲ ပြန်ရောက်လာကြလေသည်။ စစ်ဘေးစစ်ဒဏ်သင့်ပြီး မီးလောင် ပျက်စီးနေသည့် အိုးအိမ်တွေကို နေရာတကာမှာ တွေ့မြင်နေရလေ သည်၊ သံချောင်းတွေ ထိုးထိုးထောင်ထောင်နဲ့ ဗုံးဒဏ်သင့်ထားတဲ့ အဆောက်အဦး အပြိုအပျက် အပုံတွေက မြင်မကောင်း ရှုမကောင်း။

ရွှေတိဂုံကုန်းတော်တစ်ဝိုက်မှာ နေထိုင်ကြသူတွေက ပိုများကုန် ကြလေသည်။ ဂျပန်ခေတ်မှာ အင်္ဂလိပ်လေယာဉ်ပျံတွေက ဗုံးတွေ မကြာ ခဏ လာလာကြဲတတ်သော်လည်း တစ်ခါတစ်ရံ အကြပ်းတတ်သည်။ ဗုံးအကြဲပါးသော ကာလများမှာ မြို့ပြင်ရှိ မြိုင်ပြဇာတ်ရုံ၊ နေသူရိန် ပြဇာတ်ရုံ၊ လွင်လွင်ပြဇာတ်ရုံ၊ ကန်တော်မိတ် ပြဇာတ်ရုံတွေမှာ ရုပ်ရှင် သမားတွေ ကပြသော စင်တင်ပြဇာတ်တွေ ကပြတတ်ကြသည်။ ထို တစ်ဝိုက်မှာလည်း လူစည်းကားတတ်၏။

မြို့တွင်းရှိ ဂုမားရုံ၊ ရန်နိုင်ရုံ (ခေါ်) ဂျိုတိရုံတို့မှာလည်း ရုပ်ရှင် သမားတွေ ပြဇာတ် ကပြတတ်သည်။ ဤလိုပွဲလမ်းသဘင်နှင့် နီးစပ်ရာ အရပ်တွေမှာ လူသွားလူလာ ရှိသော်လည်း ကျန်နေရာများမှာ ဂျပန် ခေတ် အမှောင်ကာလသဖွယ် လူသူခြောက်သွေ့ပြီး ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်နေရလေသည်။

မြို့တွင်းနေရာတချို့မှာ ရပ်ကွက်လုံခြုံရေး ကင်းစောင့်ချထား





သော ကေဘိုထိုင်များရှိကြ၏။ ကေဘိုထိုင်များက သူခိုး၊ သူဝှက်၊ ဓားပြ များရန်ကို စောင့်ရှောက် ကာကွယ်ပေးနေကြရ၏။ ဂျပန်ခေတ်၌ သူခိုး သူဝှက် ဖမ်းမိပါက တန်းပြီး ပစ်သတ်ခံရတတ်သည်။

မိုးမြေနှင့် ကော့တနေလပ်ဖ်တို့ ရောက်လာသောနေရာမှာ မြို့ တွင်းရှိ လူနေထူထပ်ခဲ့ဖူးသော ရုံးအဆောက်အဦးကြီးတစ်ခုအနားမှာ ဖြစ်နေ၏။ မိုးမြေက နောက်ဖေးလမ်းကြားထဲက ပတ်ဝင်ပြီးနောက် ရုံး အဆောက်အဦးကြီးရဲ့ ပြတင်းပေါက်မှန်ကို ခွဲကာ ချက်ကိုဖြုတ်ပြီး အထဲ ဝင်လိုက်သည်။ ဘိုမလေးက မိုးမြေလုပ်သမျှကို မျက်လုံးအပြူးသားလေး နှင့် လိုက်ကြည့်ရင်းမှ. . .

"ရှင်. . . ဘာတွေလုပ်နေတာလဲ"

ဟု လှမ်းမေးလေသည်။ မိုးမြေက လက်တမ်းပေးပြီး သူမကို အထဲရောက်အောင် ဆွဲတင်ခေါ်ယူလိုက်သည်၊ ရုံးထဲရောက်သောအခါ . . .

"ဒီနေရာဟာ. . . တို့ ခိုအောင်းဖို့ အသင့်တော်ဆုံးပဲ။ ဂျပန်တွေ က ဒီအဆောက်အဦးကြီးကို အသုံးမပြုကြဘူး။ အပေါ်ဆုံးထပ်တ ခေါင်မိုးတွေ. . . ပွင့်ထွက်နေတယ်။ တစ်ခြမ်းပဲ့သလို ပြိုကျနေတာ ကြောင့်ပဲ. . .။ နံရံတွေမှာ စက်သေနတ်ကျည်ဆံတွေ ထိမှန်ထား



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ့လား။ ဟော့ဒီဘက်မှာ ဂျပန်စစ်ဖိနပ်အဟောင်းနဲ့ စစ်ဝတ်
ဂစ်စား အပိုင်းအစတွေ. . . ကျည်ဆန်ခွံနဲ့ စည်သွပ်ဘူးခွံတွေ။ အစက
ဒီနေရာမှာ ဂျပန်စက်သေနတ်သမားတွေ စတည်းချပုံရတယ်။ မင်းတို့
လေတပ်မတော်ရဲ့ လက်စာမိပြီး. . . နောက်ထပ် ဒီနေရာကို ဂျပန်
စစ်သားတွေ ထပ်မချထားတော့တာပဲ ဖြစ်လိမ့်မယ်။ ဒီအလယ်ထပ်
တွေက မိုးလုံလေလုံနဲ့. . . နေလို့ကောင်းပါတယ်။ ပုန်းကွယ်ပတ်ပြေ
စရာ နေရာတွေလည်း ရှိတယ်။ ဒီမှာ နားခိုကြမယ်"

ကော့တနေလ်ဖ်က ပွဲရွှဲပျက်စီးနေသည့် အဆောက်အဦးကြီးကို
လက်ကလေးနှစ်ဖက် ရင်ဘတ်ယှက်ကာ လိုက်လံမော့ကြည့်ရင်း
သက်ပြင်းပြင်း ရှိုက်ချလိုက်လေ၏။ လေထဲမှာ လူသေအလောင်းတွေ
မီးရှို့သည့် ရနံ့ဆိုးကြီးကိုရနေ၏။ ဂျပန်ခေတ်မှာ လေယာဉ်ပေါ်က စက်
သေနတ်နဲ့ မွှေသွားတာ ထိလို့ပဲဖြစ်ဖြစ်၊ သူခိုးဓားပြက ရိုက်လုသတ်ထား
လို့ပဲဖြစ်ဖြစ် အကြောင်းအမျိုးမျိုးနဲ့ လမ်းပေါ်မှာ တုံးလုံးပက်ခေါက်
သေနေကြသူတွေ မကြာခဏ တွေ့ရတတ်သည်။ ရပ်ကွက် ကေဘိုထို
များက သူတို့နေထိုင်ရာရပ်ကွက်နှင့် နီးသောနေရာမှာ အလောင်းတွေ့
က မီးသင်္ဂြိုဟ်ပြီး ရှင်းလင်းပစ်တတ်ကြလေ၏။

"မင်းကြည့်ရတာ. . . ဗိုက်အရမ်းဆာနေပုံရတယ်"





"ရေ. . . ရေကို သိပ်သောက်ချင်တယ်။ ရေ ဘယ်မှာရှိသလဲ"

"ရှာပေးမယ်။ မင်း. . . ဒီမှာ သက်သာသလို လှဲနေပါ"

မိုးခြေက မချွတ်တမ်း လွယ်ထားသော လွယ်အိတ်ကြီးကို ကျော
နောက်ပို့ကာ လွယ်သိုင်းရင်း ပေါ့ပါးသော ခြေလှမ်းများနှင့် တတိယထပ်
စတိုခန်းထဲမှ တောကြောင်တစ်ကောင်ပမာ ထွက်ခွာသွားလေသည်။

ကော့တနေလပ်မ်တစ်ယောက် ဘေးကင်းလုံခြုံရာနေရာကို
ရောက်မှ သူမရဲ့ဖခင်ဖြစ်သူ ဟိုက်ကုတ်တရားသူကြီး ရောဘ်လိုဝီလပ်မ်
အသတ်ခံခဲ့ရတာကို ပြန်တွေးမိပြီး ဝမ်းနည်းကြေကွဲစိတ်ဖြင့် တ,သ
ငိုရှိုက်မိလိုက်လေသည်။ ဂျပန်စစ်သားတွေရဲ့ လူမဆန်သော ရိုင်းစိုင်း
ယုတ်မာသည့် လုပ်ရပ်တွေကို ပြန်တွေးမြင်မိတော့ 'ဒိုင်း ဒိုင်း' ဆိုသည့်
သေနတ်သံနှစ်ချက်။ ဖခင်ဖြစ်သူရဲ့ ရင်ဘတ်ကို ထိမှန်လဲကျသွားပုံ၊
ဂျပန်စစ်သားတွေက သူမကို ပစ်သတ်ခါနီးမှာ မပစ်သတ်ရသေးဘဲ သိုး
ငယ်ကို ခွေးအအုပ်က ဝိုင်းအမဲဖျက်သလို သူမကို အဓမ္မကျင့်ကြဖို့
ကြိုးစားကြပုံ၊ ဂျပန်စစ်ဗိုလ် ရောက်လာပြီး ဂျပန်စစ်သားတွေကို အော်
ငေါက်လိုက်ရာမှ ချက်ချင်း အဓမ္မပြုကျင့်တာ ရပ်ပြီး မတ်တပ်သတိအဲ့
အလေးပြုကုန်ကြပုံ။ ဂျပန်စစ်ဗိုလ်က ပါးတွေ စီတန်းပြီး တဖြန်းဖြန်း
ရိုက်သွားပုံ။ နောက်ဆုံး သူမကို ကားပေါ် တင်ခေါ်သွားပုံတွေ ထရေး



www.burmeseclassic.com

www.burmeseclassic.com



နေ့ ပြန်ခြင်ယောင်ပြီး သူမ ရင်အစုံ ဘဝင်တုန်အောင် လှိုက်ခုံ မောလုပ်နေရလေ၏။

အမှန်တော့ သူမအနေနှင့် ဖခင်ဖြစ်သူရဲ့စကားကို နားထောင်ပြီး အင်္ဂလန်ကို ပြန်သွားနေဖို့သင့်၏။ သူမက ဖခင်ဖြစ်သူလိုပင် ခေါင်းမာချင်သူမို့ ဂျပန်ဝင်လာမှာကိုလည်း အန္တရာယ်ဆိုးလို့ မရှုမြင်နိုင်ခဲ့။ ရေဒီယိုသတင်းတွေက ချဲ့ကားထုတ်လွှင့်နေကြတာလို့ သူမနှင့် ဖခင်ဖြစ်သူက ထင်မြင်နေခဲ့ကြလေသည်။ အန္တရာယ်နဲ့ ဆုံတိုးသည့်အခါမှာတော့ ဖခင်ဖြစ်သူခမျာ အသက်ပေးဆပ်သွားရလေပြီ။ သူမမှာလည်း ဘဝပျက်ခမန်း ယခုကဲ့သို့သော ကြမ်းတမ်းပြီး မျှော်မှန်းချက် အမှောင်ပိန်းနေသည့် ဒုက္ခလမ်းပေါ် ရောက်ခဲ့ရခြင်းသာ အဖတ်တင်တော့၏။

ကော့တနေလပ်ဖ် (၁၀)နှစ်သမီးအရွယ်ထဲက မိခင်ဖြစ်သူ ကွယ်လွန်သွားခဲ့လေသည်။ သူမရဲ့ဖခင်ဖြစ်သူ တာဝန်ထမ်းဆောင်ရာ မြန်မာနိုင်ငံမှာ သူမ (၁၀)နှစ်သမီးအရွယ်ကတည်းက လာရောက်နေထိုင်ပြီး သုံးနှစ်တစ်ခေါက်လောက် အင်္ဂလန်ရှိ ဖခင်ဖြစ်သူရဲ့မိဘများထံ သွားရောက် လည်ပတ်ဖြစ်ခဲ့သည်။ မိခင်ဖြစ်သူဘက်မှ အဘိုးအဘွားနှင့် ဆွေမျိုးသားချင်းတွေလည်း ရှိကြသေးသည်။ သူမကို ဆွေမျိုးတစ်ဦးအနေနှင့် နွေးထွေးရင်းနှီးစွာ ကြိုဆိုတတ်ကြသည်။ အကူအညီကောင်း





တွေလည်း ပေးတတ်ကြသည်။ ကိုယ့်ဘဝကို ကိုယ်ထူကိုယ်ထ တည်ထောင်ဖို့ အားပေးသော အနောက်ယဉ်ကျေးမှုစနစ်အရ ခရီးသွားလာတာကအစ သူမ တစ်ဦးတည်းသာ။ ပင်လယ်ကူးသင်္ဘောဖြင့် သွားလာခဲ့ရခြင်းမို့ ခရီးတစ်ခါထွက်လျှင် လမ်းခရီးတာမျှပင် သုံးလေးလ ကြာတတ်လေသည်။

မြန်မာပြည်မှာ အနေများသူဖြစ်သည်မို့ မြန်မာပြည် အုပ်ချုပ်ရေးယန္တရားပိုင်းမှ အရာရှိသားတစ်ဦးဖြစ်သော မိုက်ကယ်ကုတ်နေနှင့် သူမတို့ မြင်းပွဲမှာ တွေ့ဆုံဖြစ်ကြရင်း ခင်မင်သိကျွမ်းခဲ့ရာက ချစ်သူငယ်ချင်းအဆင့်တိုင် ရောက်လုနီးခဲ့ရလေသည်။ မိုက်ကယ်လ်ကုတ်နေမှာ ဗြိတိသျှဘုရင်မလေတပ်မတော်မှ စစ်မှုထမ်းခဲ့သူ လေသူရဲတစ်ဦးဖြစ်ပြီး စစ်မှုထမ်းသက် (၂)နှစ်ခန့်အရမှာ အမြင့်တက်လျှင် ခေါင်းမူးပြီး အသက်ရှုကျပ်သည့် ရောဂါဝေဒနာကြောင့် လေတပ်မှ နုတ်ထွက်ခဲ့ပြီး စကော့တလန်ယာဒ်ဌာနရဲ့ လက်အောက်ခံ၊ မြန်မာပြည်ပုလိပ်မင်းကြီး ကိုင်တွယ်ထားသည့် စုံထောက်မင်းကြီးရုံး အင်းစိန် ( C.I.D ) မှာ သင်တန်းတက်ပြီး စုံထောက်တာဝန်ကို လွှဲပြောင်းထမ်းဆောင်ခဲ့လေသည်။

မိုက်ကယ်လ်ကုတ်နေမှာ ဂိုဏ်းဂဏ ဖြိုခွင်းရာ၌လည်းကောင်း၊ ဓားပြအဖွဲ့ကို ဖြိုခွဲရာ၌လည်းကောင်း၊ ပုလိပ်အဖွဲ့ကို အုပ်ချုပ်ညွှန်



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်၍ နာမည်ကောင်း လက်မှတ်များ မကြာခဏရရှိထားသည့် အရာရှိငယ်တစ်ဦးလည်း ဖြစ်နေ၏။

ဂျပန်တွေ မြန်မာပြည်သိမ်းတိုက်ပွဲကို ဆင်နွှဲသောအခါ ဗြိတိသျှ စစ်တပ်နှင့်အတူ မိုက်ကယ်လိုက်ပါသွားခဲ့ရလေသည်။ ထို ကတည်းက နှုတ်ဆက်ချိန်လေးပင် မရအောင် ရုတ်တရက် ခွဲခွာသွား သော မိုက်ကယ့်ကို သတိရပြီး သူမ ခမျာ မိုက်ကယ် ပြန်လာခေါ် လျှင် လွဲမှာစိုးသောကြောင့် အင်္ဂလန်ထိအောင် စစ်ပြေးရှောင်ခြင်းအမှုကို မပြု နိုင်ခဲ့ရခြင်းဖြစ်လေသည်။

ကော့တနေလပ်ဖ်အနေနှင့် ယခုကဲ့သို့သော ကြီးမားကျယ်ဝန်း ပြီး တစ်ယောက်တည်း နေပါက ဘာသံလုပ်လုပ် ပဲ့တင်သံ ပြန်ကြားနေရ သည့် ရုံးအဆောက်အဦးကြီးထဲမှာ နေရင်းထိုင်ရင်း အလိုလိုအားငယ် ချင်လာမိသည်။ သို့သော်လည်း သူမတို့ ဗြိတိသျှလူမျိုးများမှာ ထိုသို့ အားငယ်ခြင်းမျိုးကို မလိုလားကြချေ။

သူမအနေနှင့် အိန္ဒိယအထိရောက်အောင် သွားနိုင်ခဲ့လျှင် အင်္ဂလန်ကို ပြန်ရောက်နိုင်လိမ့်မည်။ မြေမြှုပ်သင်္ဂြိုဟ် မပေးခဲ့ရသော ဖခင်ကြီးရဲ့အလောင်းအတွက် စိတ်မကောင်း ဖြစ်မိရလေသည်။ စစ်ကြီး ပြီးဆုံးသွားသောအခါမှ မြန်မာပြည်ကိုပြန်လာပြီး ဖခင်ကြီးရဲ့ရုပ်





အလောင်းကို ရှာဖွေကာ အကောင်းဆုံးဖြစ်အောင် မြှုပ်နှံပေးဖို့ စိတ် ပိုင်းဖြတ်လိုက်ပြီး ကတုန်ကယင် ဖြစ်နေသော သူမရဲ့စိတ်နှင့် ခန္ဓာကိုယ် ကို အနားပေးရန် အားမွေးသောအနေဖြင့် အိပ်လို့ သင့်တော်ရာတစ် နေရာမှာ လှဲအိပ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



[၃]

မိုးမြေတစ်ယောက် အစာရေစာရဖို့ လူစည်ကားရာ နေရာတွေကို ရောက်လာရ၏။ ဂျပန်ခေတ် မှောင်ခိုဈေးမှာ အလွန်တရာ စည်ကားလှလေသည်။ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများ၊ ဗမာ့ကာကွယ်ရေး တပ်မတော်မှ တပ်သားများနှင့် ဂျပန်အလိုတော်ရိလုပ်ကာ စီးပွားရှာ ကြီးပွားနေသူများ၊ ဈေးဆိုင်ကန္နားများနှင့် ဥဒဟို ဝင်ထွက်သွားလာ စည်ကားရာမှာ မိုးမြေ တစ်ယောက် လွယ်အိတ်ထဲ ခေါက်ထည့်ထားသော နီးဦးထုပ် အနားပြားကြီးကို အုပ်ဆောင်းကာ လူအုပ်ထဲရောပါ ရောကျောက် ဝင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မလဲ သဲကော် ဂျပန်ငွေစက္ကူတွေ အတော်လေးဖြုန်းတီး ဝယ်ယူမှ လိုချင်တာရသောခေတ်မှာ ဂျပန်ငွေစက္ကူ တစ်ပြားတစ်ချပ်မှ မရှိသော မိုးမြေအတွက် ဝယ်ခြမ်းဖို့ အခက်တွေ့နေရလေသည်။

အော်စတင်ကား၊ ဖို့ဒ်ကား၊ ဂျစ်ကားတွေကို ဂျပန်အရာရှိအဆင့် လိုက် အလံအရောင်တွေ သတ်မှတ်မောင်းနှင်သော ကားတွေကို သတိ ထားပြီး ရှောင်ကွင်းနေရလေသည်။ လံချားဆွဲသူတွေကလည်း အတင်း တိုးတိုက်သွားလာနေ၏။ ဂျပန်စစ်သားတွေ စီးလာသော လံချားဆိုလျှင် လွတ်အောင်ရှောင်ပေတော့။ မလွတ်လို့ လမ်းပိတ်ညှပ်နေပါက ဂျပန် စစ်သားက ဆင်းပြီး ပါးနားတွေ ပိတ်ရိုက်သွားတာ ခံရပေလိမ့်မည်။

ထောင်ကဲဆိုသော တရုတ်စားသောက်ဆိုင်တစ်ဆိုင်ထဲကို မိုးမြေ ဝင်လိုက်သောအခါ စားပွဲထိုးက မော့ကြည့်ပြီး. . .

"ပိုက်ဆံပြမှ. . . မှာစားလို့ရမယ်။ ဒီခေတ်ကြီးမှာ ဝေ်ပြတ်နေ တဲ့သူတွေ ဘုံပေါလအောပေါ်နေတော့. . . စားပြီးရင် ထပြေးကုန်ကြ တာ ခဏခဏပဲ"

"မင်းတို့ပိုင်ရှင် ထောင်ကဲနဲ့. . . တွေ့ချင်တယ်။ ငါ့မှာ သူ့ကို ရောင်းစရာပါတယ်။ ကျိုးအမြှုတေ ဥပါတယ်။ မီးကွင်းတယ်. . . သေနတ် ပြီးတယ်. . . လက်တွေ့စမ်းလို့ရတယ်။ သူကြိုက်ရင် ဂျပန်ယန်းငွေ





၁၀သိန်းနဲ့ရောင်းမယ်လို့. . . ပြောလိုက်"

စားပွဲထိုးက မြန်မာ-တရုတ် ကပြားတစ်ယောက် ဖြစ်နေပြီး မိုးမြေကို ထူးဆန်းသလို ကြည့်ကာ သူ့ဆိုင်ရှင်ကို သွားအကြောင်းကြား လေသည်။ ဆိုင်ထဲမှာ ဂျပန်တွေနှင့်ပူးပေါင်းပြီး စီးပွားဖြစ်ကာ ကောင်း စားနေသူတွေ သောက်စားမြူးတူး ပျော်ပါးနေကြလေသည်။

ဆိုင်ရှင်ထောင်ကဲ ရောက်လာပြီး ကျိုးအမြှုတေဥ ဟုတ် မဟုတ် ဆို စမ်းသပ်စစ်ဆေးချင်ကြောင်း၊ အမြှုတေဥတွေရဲ့ ဂုဏ်သတ္တိတွေကို ကြားသိလေ့လာထားဖူးကြောင်းပြောရာ မိုးမြေက ငွေဖလားတစ်စုံနှင့် ရေအပြည့် ခပ်ခိုင်းလိုက်လေသည်။

ငွေဖလားနှင့် ရေအပြည့် ရောက်လာသောအခါ မိုးမြေက ယွန်း သေတ္တာထဲမှ အမြှုတေဥကို တယုတယ ထုတ်ပြီး ရေထဲ ထည့်ပြလိုက် လေ၏။ အမြှုတေဥမှာ မြုပ်မသွား၊ ပေါ်ပြီး တန့်လည်းမနေ။ ဟိုမှသည်၊ သည်မှာဟို အလုံးလေး လှုပ်တုတ်,လှုပ်တုတ်လုပ်ကာ ရေကူးနေပေ သည်။ ထောင်ကဲနှင့် သူတပည့်တပန်း လူမိုက်တွေ တအံ့တသြ ဖြစ်ကုန် ကြလေသည်။

"အားကီး ထူးဆန်းလယ်။ ဝ ထပ်စမ်းချည့်မယ်။ အီတွင်းခန်းထဲ ကြွပါ. . . ဆာကီး"



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကဲက အတွင်းခန်းထဲ ဖိတ်ခေါ်၍ လိုက်သွားရာ လှို့ဝှက်မြေတိုက်ခန်းကိုဆင်းသော တံခါးပေါက်သို့ ရောက်လေသည်။ ထို တံခါးပေါက်မှ မြေတိုက်သို့ ဆင်းလိုက်သောအခါ သေနတ်ပစ် လေ့ကျင့်ကွင်းသဖွယ် ပြုလုပ်ထားသော အသံလုံသည့်နေရာမှာ ရပ်ရင်း. . .

"တေနတ်နဲ့ ပစ်ခတ်စမ်းမယ်။ မောင်ကီး. . . မော်ဇာပစ္စတိုနဲ့ ရိုင်ဖယ်ယူလာခဲ့။ မင်းက လက်ဖြောင့်လယ်။ မင်း ပစ်စမ်းပေးပေလော့"

မိုးမြေက စားပွဲခုံပေါ်မှာ အမြုတေဥ တင်ပေးလိုက်တော့ ထောင်ကဲက. . .

"နီး. . . နီး. . . နီး ဝကြားဖူးလယ်။ ကြက်လည်ပင်းမှာ ပဝါနဲ့ ချည်ပြီး စမ်းရလယ်လဲ့။ ဟော့ မောင်ငယ်. . . ကြက်အရှင် တီကောင် သွားယူလိုက်စမ်း"

ထောင်ကဲ ပြောသည့်အတိုင်း ကြက်လည်ပင်းမှာ ပဝါနှင့် ချည်ပြီး ကြက်ကို ပစ္စတိုသေနတ်နှင့် ဆယ်ပေအကွာကနေ ပစ်ခတ်ကြည့်၏။

ပထမအချက်မှာ ကျည် မထွက်။ ဒုတိယအချက်မှာလည်း မီး မကူး၊ တတိယအချက်မှာ ကျည်ထွက်သော်လည်း ကြက်ကို မထိမှန်။

"ဟိုက်ရား. . . အားကြီးစွမ်းတယ်။ ကြိုက်လယ် သိပ်ကြိုက်လယ်"





နောက်တစ်ချီ မောင်ကြီးက ဂျပန်စစ်သုံးရိုင်ဖယ်နှင့် ပစ်ခတ်စမ်းပြန်လေသည်။ ဂျပန်ခေတ်မှာ လက်နက်ပုန်းတွေ အများအပြားမြှုပ်ထားသူတွေ ကြားထဲ စိမ့်ပြန့်နေလေသည်။ ထောင်ကဲမှာလည်း သူ့မိသားစုလုံခြုံရေးအရ သေနတ်ဝယ်ဆောင်ထားခြင်း ဖြစ်ပါလိမ့်မည်။

မောင်ကြီးက ဆယ့်ငါးပေအကွာကနေ သေနတ်ဖြင့် အမြုတေဥဆွဲထားသောကြက်ကို ပစ်၏။ ကျည်လမ်းကြောင်းက အပေါ်ကို ထောင်သွား၏။ ဒုတိယအကြိမ်မှာ ကျည်မထွက်တော့။ တတိယအကြိမ်မှာလည်း ကျည်ဆန်ထွက်မလာ။ အလွန်စွမ်းသော အမြုတေဥဖြစ်မှန်း သိရသောအခါ ထောင်ကဲက ခေါ်ကြေး (၁၀)သိန်းကို ဈေးလျှော့ခိုင်းလာလေသည်။

"ကိုးသိန်းရမယ်. . . ထောင်ကဲ"

"စီလိုလုပ်ပါ. . . ရှစ်တိန်းပဲ ထားလိုက်။ နီဖက်စလုံး မနစ်နာရအောင်လို့ပါ. . .။ ဈေးတည့်ရင် ဝ. . . ဝယ်လိုက်မယ် ဆာကီး"

နောက်ဆုံးမှာ အပေးအယူ ဈေးတည့်သွားပြီး ဂိုးအမြုတေဥကို ထောင်ကဲထံ ငွေရှစ်သိန်းနှင့် ရောင်းချလိုက်လေသည်။ ထောင်မလဲသည် ငွေအိတ်ကြီး လက်ခံရယူလိုက်ရသည်နှင့် ထောင်ကဲထံမှ ကျောက်အချိုင့်ကြီးကို ဝယ်ပြီး တရုတ်ခေါက်ဆွဲကြော်၊ ကုန်းဘောင်ကြီးကြော်၊ အောက်တောက်ကြော်၊ ချိုချဉ်ကြော်ပွဲများကို မှာကြားလိုက်လေသည်၊



www.burmeseclassic.com

www.burmeseclassic.com



တော့ာက်တာချိုင်ကြီး (၂)ချိုင့်မှာ တရုတ်ထမင်းနှင့် ဟင်းလျာများကို ဖြည့်တင်းပြီးသည်နှင့် ငွေအိတ်ကြီးကို ဆွဲပြီးထွက်သွားသော မိုးမြေနောက်ကို လမ်းမှာ အချောင်သုတ်လိုသည့် အလစ်သမားများက ခြေရာခံလိုက်ကြလေသည်။ မိုးမြေက ထောင်ကဲထံမှ သေနတ်တစ်လက် (မော်ဇာပစ္စတို) ကို လျှို့ဝှက်စွာ ဝယ်ယူလာခဲ့ပြီး လမ်း၌တွေ့ရသော မြင်းကောင်းတစ်ကောင်ကို ကြိုက်ဈေးပေးကာ ဝယ်ယူလိုက်လေသည်။ သွားရေးလာရေးအတွက် အလွန်အားကိုးရမည့် အုန်းခွံရောင်မြင်းကြီး၊ လုံးပတ်ရော ဒေါက်ပါ ဝင့်ကြွားထည်ဝါလှသည်ဖြစ်ရာ မြင်းကြီးပေါ်သို့ လွှားခနဲ တက်လိုက်သော မိုးမြေရဲ့ ခန့်ညားသေသပ်ပုံနှင့် ပန်ရကာ လိုက်ဖက်လှသဖြင့် ဈေးအတွင်း ရောင်းဝယ်သွားလာသူတွေ ဝိုင်းကြည့်ကုန်ကြလေသည်။

မြင်းကုန်းနှီးတစ်ဖက်မှာ ငွေအိတ် ချည်နှောင်ပြီး လွယ်အိတ်ကြီး စလွယ်သိုင်းကာ မြင်းကို အသာခြေတို့ပြီး အလှပြစီးလိုက်ပုံကိုက စစ်သူကြီး မဟာဗန္ဓုလအသွင်ကို ဆောင်နေဘိသကဲ့သို့ပင်။ ကျော့ာက်ကာချိုင့်ကြီးနှစ်လုံးကို လက်နှစ်ဖက်က ဆွဲကိုင်ထားရသော်လည်း ဟန်မပျက်။ မိုးမြေက လူအုပ်ကြားထဲကို အမှတ်မထင် ကြည့်လိုက်ရာမှ လူတစ်ယောက်ကို ရိပ်ခနဲ တွေ့လိုက်ရ၍ သေချာသွားအောင် ပြန်ကြည့်လိုက်ရာ





ထိုလူမှာ နေဝန်းနီဂိုဏ်းသား ဘိန်းစားဘတင်ဆိုသော ငနဲဖြစ်နေလေသည်။ ထိုငနဲနှင့် မိုးမြေတို့ ဟရုတ်သချိုင်းထဲမှာ တစ်ခါ ဆုံတွေ့ဖူး၏။ မိုးမြေက ဘတင်ရဲ့ နံရိုးနှစ်ချောင်းကို ချိုးလွှတ်လိုက်လေသည်။ ထိုစဉ်က နံရိုးမချိုးခင် ဘတင်ကို ချုပ်ကိုင်ထားပြီး. . .

"မင်းတို့ဆရာ. . . နေနဂါးဂိုဏ်း အဓိပတိကြီး တစ်ကောင်ဘယ်မှာလဲ။ ငါ့ကို မှန်မှန်ပြောစမ်း။ မပြောရင်. . . မင်းနံရိုးကို တစ်ချောင်းချင်း ချိုးမယ်"

"အား. . . အစ်. . . အစ်. . . ကျုပ်. . . ကျုပ် တကယ်. . . သိပါဘူးဗျာ"

"ကဲကွာ. . ."

နံရိုးနုတစ်ချောင်း ချိုးပစ်လိုက်သောအခါ မချိမဆန့် အော်သံထွက်ပေါ်လာလေတော့သည်။ ကိုယ်လုံးပညာ လေကျင့်စဉ်က လက်ချောင်းလေးချောင်း ကွေးညွှတ်ထားသော သံလက်သီးစွပ်ပုံသဏ္ဌာန်လက်သီးဖြင့် လက်ကိုအားစိုက်ပြီး အတွင်းအားထည့်ကာ တုတ်ချောင်းတွေကျိုးအောင် ချိုးခဲ့ရသည်။ နံရိုးကို နှစ်ခါ မချိုးရ။ အလေ့အကျင့်ကြောင့် တစ်ချောင်းဆိုတစ်ချောင်း ရွေးပြီး ချိုးပစ်လိုက်နိုင်လေသည်။ ဘိန်းစားဘတင် တစ်ယောက် မိုးမြေ တကယ်လုပ်မှန်းသိသောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



"အား. . . အ. . . ကျုပ်. . . သိသလောက်. . . ပြော. . . ပြောပါမယ်ဗျာ. . .။ ဂိုဏ်းချုပ်ကြီး. . . ဂျပန်မာစတာတွေနဲ့ ပူးပေါင်းနေတယ်. . .။ သစ်လုပ်ငန်းတွေ ကန်ထရိုက်ယူပြီး ပဲခူးရိုးမပေါ်က တောင်ကျောက်ဖျာကြီးကိုဖော်ဖို့. . . မာစတာတွေရဲ့ အကူအညီကိုရယူနေတယ်. . .။အဲဒီကျောက်ဖျာကြီးအောက်မှာ ပြည်တန်တဲ့ ရတနာသိုက်တွင်းကြီးရှိတယ်လို့ မြေပုံအညွှန်းတွေနဲ့တကွ. . . အတိအကျရထားတာကို ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဖော်နေတာ အခုထက်ထိ မအောင်မြင်သေးဘူး. . .။ ဟိုတစ်လောက လက်လျှော့ပြီး ဒီမှာပြန်နားနေကြတယ်။ နောက်တော့ မေမြို့က ဂိုဏ်းခွဲတွေဆီ လျှို့ဝှက်စည်းဝေးဖို့. . . မေမြို့ကို တက်သွားတယ်ဆိုတာပဲ ကျုပ် ကြားသိရတော့တယ်။ ကျုပ်အနေနဲ့ ဒီ့ထက်လည်း ပိုပြီး. . . ဘာမှ သိခွင့်မရှိလို့ မသိတော့ဘူး"

"မင်းက ငါ့ကို. . . ထပ်ညာသေးတယ်ပေါ့။ ဖုံးကွယ်ထားသေးတယ်။ ဆက်ပြောပြစမ်း။ ရတနာခုနစ်ပါး စီခြယ်ထားတဲ့ ကြာကလပ်ကို မင်းတို့ ဂိုဏ်းချုပ်ကြီး လက်ထဲမှာရှိသေးလား။ မရှိတော့ရင် ဘာလုပ်ပစ်သလဲ. . .။ အဲ့ဒါ ပြောစမ်း"

"အား. . . အ. . . မ. . . မသိပါဘူး"

"ကဲကွာ"





"အား"

နောက်တစ်ချောင်း ချိုးခံလိုက်ရ၍ ဘိန်းစားဘတင် အသံနက်ကြီးနှင့်အော်ရင်း တွန့်လိမ်သွားလေသည်။ မနိပ်စက်ချင်ပဲနှင့် နှိပ်စက်၍မေးနေရသည့်အဖြစ်။ ဒုစရိုက်သမားတွေက ထိုသို့မှ မနှိပ်စက်လျှင် စကားအမှန်ကို ဘယ်တော့မှမပြော။ နှိပ်စက်ပေးမှသာ မှန်ရာဖွင့်ပြောတတ်ကြလေကုန်သည်။

"ရတနာခုနစ်ပါး စီခြယ်ထားတဲ့. . . ကြာကလပ် ဘယ်မှာလဲ"

"အား. . . အား. . . ရှိ. . . ရှိပါတယ်. . . ဂိုဏ်းချုပ်. . . ကြီး လက်ထဲမှာပါ. . . ကျုပ်ဒါပဲသိတော့တယ်။ ကျုပ်ကို မသေမရှင်ဖြစ်အောင် မနှိပ်စက်ပါနဲ့တော့။ တစ်ခါတည်းသာ သတ်ပစ်လိုက်ပါဗျာ. . .။ ရှေ့ဆက်ပြီး ထပ်မေးရင် ကျုပ် ဘာမှမသိတော့လို့. . . ခင်ဗျား ရက်စက်သမျှ မရှုမလှ ခံရတော့မှာပါ"

ဘိန်းစားဘတင်က ငိုသံပါကြီးနှင့် ပြောလိုက်သောကြောင့် မိုးမြေလည်း သနားပြီး လွှတ်ပေးလိုက်လေသည်။ လွှတ်ပေးသည်ဆိုရာ၌. . .

"နောက်တစ်ခါ ငါ့ကိုတွေ့တိုင်း. . . မင်းတို့ ဂိုဏ်းချုပ်ကြီးနဲ့ ပတ်သက်သမျှတွေ မင်းသိသလောက် ပြောပြရမယ်။ မှတ်ထား. . .



www.burmeseclassic.com

www.burmeseclassic.com



မြင်ရင် ရှောင်မသွားရဘူးနော်. . . လိုလိုလားလားနဲ့ကို လာပြောရမယ်။ ဒါမှ မင်းကို ငါထပ် မနှိပ်စက်ဘဲနဲ့ ပြန်လွှတ်ပေးလိုက်မှာ. . .။ ဒီလိုမှ မဟုတ်ဘဲ မင်းက မလိုက်နာနိုင်ဘူးဆိုရင်. . . အခုပဲ မင်းကို မသေမရှင် ထပ်နှိပ်စက်ရလိမ့်မယ်"

"မ. . . မလုပ်ပါနဲ့. . . လူစွန့်စားကြီးရယ်. . .။ နောက်. . . နောက်ဆို. . . ကိုမိုးမြေ သဘောအတိုင်း ဖြစ်ရပါစေမယ်. . . ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးကတော့ ဂိုဏ်းသားတွေကို တစ်လှမ်းထားတယ်။ လူစွန့်စားမိုးမြေကို တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ သတ်စေတဲ့. . .။ ကိုမိုးမြေ သူ့နောက်လိုက်နေတာ သူသိတယ်. . .။ တစ်ဆရာထဲမှာ ပညာသင်ခဲ့ကြ တဲ့ တပည့်ဟောင်းတွေဆိုတော့ မြွေမြွေချင်း ခြေမြင်နေတာပေါ့. . .။ ကိုမိုးမြေကို သတ်ဖို့ ဘယ်လွယ်ပါမလဲ။ အခုပဲ ကြည့်ပါဦး။ ကျုပ်မှာ မခံမရပ်နိုင်အောင်. . . နှိပ်စက်ခံနေရပြီ"

ထိုစဉ်က မိုးမြေ အသက်ချမ်းသာပေးလိုက်၍ ဘိန်းစားဘတင် တစ်ယောက် အသက်ဆက်ရှင်သွားခြင်းဖြစ်သည်။ သူနှင့်ရိုးကျိုးတာကို ဘယ်လိုကုပြီး ဘယ်လိုသက်သာလာလေခဲ့သည်ရယ်ဖြင့် မသိ။ ဘတင်ကို ကြည့်ရသည်မှာ အရင်ထက်ပိုပြီး တောက်ပြောင်နေလေသည်။ ဘိန်းပြောင်းကိုင်ပြီး မိန်းမချောတစ်ယောက်နဲ့ လိပ်ခုံးစစ်သုံးကား ဖွတ်ချက်ကို





စီးလာပြီး အထည်တိုက် တစ်တိုက်ရှေ့မှာ ကားရပ်ကာ မိန်းမချောကို အထည်စတွေ ဝယ်ပေးနေချိန်။ ထိုအချိန်မှာပင် မိုးမြေက လှမ်းတွေ့ လိုက်ရခြင်းဖြစ်သည်။ မိုးမြေက မြင်းကို အသာတို့ပြီး ဘိန်းစားဘတင် အနားကို စီးသွားလိုက်လေ၏။ လက်တစ်ဖက်က ကိုင်ဆွဲလာသော ကျောက် ကာချိုင့်ကြီးနှစ်လုံးကို ဈေးဆိုင်တစ်ခုမှာ ဝင်အပ်လိုက်လေသည်။

လူတွေက လမ်းရှဲပေးကုန်ကြလေသည်။ ဘိန်းစားဘတင်က မြင်းခွာသံကြောင့် ဘေးတိုက်အနေအထားမှ ဆတ်ခနဲ လှည့်ကြည့်လာလေ၏။

မိုးမြေကို မြင်လိုက်သောအခါ သွေးဆုတ်ဖြူလျော်သွားသော မျက်နှာဖြင့် အံ့ဩထိတ်လန့်စွာ ပြန်ကြည့်ရင်း ကားပေါ်တက်ကာ မောင်းထွက်ပြေးဖို့ ကြိုးစားလေတော့၏။ မိုးမြေက မြင်းနှင့်ပိတ်ရပ်သော အခါ ဘတင်က ကားကို နောက်ပြန်ဆုတ်ပြီး သူတစ်ယောက်တည်း အတင်းမောင်းပြေးလေ၏။ ဈေးလမ်းတစ်လျှောက် အရှိန်ပြင်းပြင်းနှင့် မောင်းထွက်သွားသောကားကြောင့် လူတွေရုတ်ရုတ်သဲသဲနှင့် ဟိုဘက် ဒီဘက် အမြန်ခုန်လွှား ရှောင်တိမ်းကုန်ရလေသည်။

မိုးမြေက ဖြတ်လမ်းမှ မြင်းနှင့်လိုက်ရာ လမ်းမှာရှေ့သော



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးဆိုင်တန်းခုံတွေကို မြင်းနှင့်လွှားခနဲ ဖြတ်ကျော်လိုက်လေ၏။ ဈေးပန်းစံသားတွေက ဆဲဆိုရေးပြီး ရိုင်ဖယ်သေနတ်တွေနှင့် လှမ်းပစ်ကြသော်လည်း မိုးမြေရဲ့ခန္ဓာကိုယ်အပါးမှ သေနတ်ကျည်ဆံတွေ ရှူးခနဲ ရှူးခနဲ ဖြတ်ထွက်သွားခြင်းသာလျှင် အရာထင်တော့၏။

ဘိန်းစားဘတင်ရဲ့ကား ရောက်လာမည့်လမ်းမှာ မြင်းကို ကဆုန်ပေါက်ရပ်တန့်လိုက်ပြီး အသင့်ပြင်ထားလိုက်လေသည်။ ဘိန်းစားဘတင်ကလည်း သူ့ရှေ့မှာ လာပိတ်ရပ်လိုက်သည့် မြင်းနှင့်မိုးမြေကိုပါ ရောတိုက်ချပစ်ဖို့ ဆုံးဖြတ်လိုက်ပြီး ကားကို အရှိန်တင်ကာ မောင်းချလာလေသည်။ မိုးမြေကလည်း သူ့မြင်းကို ဒုန်းစီးပြီး ကားကို ဦးတိုက်ဖို့ ရင်ဆိုင်ပြေးလာလိုက်၏။ ကားနှင့်မြင်း တိုက်မိမလို မြင်းတစ်ခုန်စာလောက်အလိုမှာ မြင်းကြီးက ( မြင်းပိုင်ရှင်ရောင်းချစဉ်က ပြောခဲ့သလို တကယ့်မြင်းလိမ္မာကြီးပီပီ ) လိပ်ခုံးကားပေါ်က လွှားခနဲ ခုန်ကျော်ပြီး ကားနောက်ပိုင်းကို ခြေစုံပြန်ကျကာ လူရောမြင်းပါ အကျမနာဘဲ သက်တောင့်သက်သာ တံ့ဆွဲရပ်လိုက်နိုင်လေသည်။

ဘိန်းစားဘတင်ရဲ့ကားမှာမူ အရှိန်နှင့် တွန်းမောင်းလိုက်ပြီး ကွေ့လမ်းကို အရှိန်နှင့် ဆွဲကွေ့ရာ သံထည်ပစ္စည်း အရောင်းဆိုင်တစ်ခုရဲ့နံရံကို 'အုန်း'ခနဲ ဝင်ကျုံးထည့်လိုက်လေတော့သည်။ ဘယ်သောအခါမှ





မမှောက်အောင် တီထွင်ထားသော ဘောက်(စ်)ဝွန်ကားလည်း လိပ်ပက်လက်လှန်ထားသကဲ့သို့ ဖြစ်နေလေပြီ။ ဒရိုင်ဘာနေရာမှ စတီယာရင်နဲ့ ညှပ်နေတဲ့ ဘိန်းစားဘတင်တစ်ယောက် အသက်ကလေးယဲ့ယဲ့သာ ကျန်ရှိလေတော့သည်။

မိုးမြေက မြင်းနဲ့ရောက်လာပြီး မြင်းပေါ်က ခုန်ဆင်းကာ ဘတင်ကို သွားကယ်ထုတ်ဖို့ ကြိုးစားလေသည်။

"အား. . . အ. . . အ. . . မ. . . မရ. . . ကျုပ်. . . "

"ဘတင် အားတင်းထား. . . မင်းကို ငါကယ်နေပြီ"

"မ. . . မ. . . လုပ်. . . နဲ့. . . တော့"

"မင်းက. . . ငါ့ကို သတ်ချင်နေတာကိုး။ မင်းအကုသိုလ်က မင်းကို တန်ပြန်ဒဏ်ခတ်လိုက်တာပဲ။ မင်းမသေခင်ကလေးမှာ မင်းအပြစ်ကြွေးတွေကျေအောင်လို့. . . ကောင်းမှုကုသိုလ်လေးတစ်ခုလောက် လုပ်ပေးခဲ့ပါလားကွာ။ ငါ့ဆရာရဲ့ ရတနာကြာကလပ်ကို ခိုးယူပြီး ငါ့ဆရာကို သတ်သွားတဲ့. . . မင်းတို့ရဲ့ နေနဂါးဂိုဏ်းဆရာကြီး အခုနေဘယ်မှာရှိမယ်ဆိုတာ ငါ့ကို ပြောပြသွားပါလား. . .။ အဲ့ဒီ အန္တရာယ်ကောင်ကြီးကို ငါ မရှင်းနိုင်သ၍. . . လူတွေ ဒုက္ခရောက်နေကြဦးမှာပဲ. . . အဲ့ဒီကြာကလပ်ဟာ သိပ်ပြီးအရေးပါ အဖိုးတန်တယ်။ ငါ ပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်ယူမှ ဖြစ်မှာကွ. . . ဘတင်ရ"

"အစ်. . . အစ်. . . အစ်"

ဘတင်ကို ကားထဲက ဆွဲထုတ်လျှင် ချက်ချင်း အသက်ပါသွားနိုင်သည်မို့ သူ့ဘာသာ အလိုက်သင့်လေးသာ ထားလိုက်ရလေ၏။ ဘတင်က မိုးမြေကို မျက်လုံးလှန်ကြည့်ရင်း တစ်စုံတစ်ရာ ပြောချင်ပုံမျိုးနှင့် တအစ်အစ် ဖြစ်နေပေရာ. . .

"မင်း ဘာပြောချင်လို့လဲ. . . ဘတင်။ တစ်ကောင်ဘွားရဲ့အကြောင်းလား"

"အစ်. . . အစ်"

မိုးမြေက မုဆိုးဒူးထောက်ထိုင်နေရာမှ ခန္ဓာကိုယ်ကို ညွှတ်ကိုင်းပြီး နားထောင်လိုက်သောအခါ. . .

"ကု. . . ကုတ်. . . ကုတ်ကိုင်း. . . လန်ဒန်အတ်. . . ရုပ်ရှင်ခြံ. . . အနားက . . . အိ. . . အိမ်ကြီးမှာ. . . ဂျပန်ဗိုလ်မှူးကြီး အီဆိုရိုကူယာမာတို. . . နဲ့. . . ဂိုဏ်းချုပ်ကြီးတွေ့ တွေ့လိမ့်မယ်. . .။ ဒီ. . . ဒီညခြောက်နာရီ. . ."

ဘိန်းစားဘတင် ဖက်ကျိုးသွားသောအခါ မိုးမြေ စိတ်မကောင်းဖြစ်မိသွားလေသည်။ သို့သော်ငြားလည်း လူမိုက်လူရှုပ်တစ်ယောက် ဇာတ်





သိမ်းခြင်းသည် လူ့လောကအတွက် အမှိုက်တစ်စ ရှင်းသွားခြင်းနှင့်တူနေ၍ ထရပ်ပြီး မြင်းပေါ် အမြန် ခုန်တက်လိုက်သည်။ ဂျပန်စစ်ဖိနပ်သံတွေ နင်းပြေးလာကြသံ ကြားနေရပြီ။ ဈေးထဲမှာ မွေ့သွားသော မြင်းနှင့်ကားကို အလွတ်ပေးကြလိမ့်မည် မဟုတ်။ တပ်ချင်ရာပုဒ်မ တပ်ပြီး ကင်ပေတိုင်ရုံးမှာ နှိပ်စက်ဖို့ အတင်းခေါ် ချင်ခေါ်၊ မခေါ် ချင်လျှင်လမ်းမှာ ပစ်သတ်တာမျိုးတွေ လုပ်လာနိုင်၏။ ဈေးဘက် အသာလှည့်ပတ်ရှောင်ပြီး တစ်အောင့်ကြာမှ ဈေး၏အခြားတစ်ဖက်မှာ လှည့်ပတ်ကာ အပ်ထားသောဆိုင်မှ ချိုင့်နှစ်လုံးကို တောင်းယူပြီး မြင်းကို အသော့နှင်ရတော့၏။

ဂျပန်စစ်သားတွေ ဈေးထဲမှာ လှည့်ပတ်သောင်းကျန်း ဗိုလ်ကျသမျှ ဘာပြစ်မှုမှ တပ်လို့မရ။ မြန်မာ့ကာကွယ်ရေး တပ်သားတွေနဲ့ တွေ့ဆုံပါက မကြာခဏ ပြဿနာတက်ကြရသည်။ အချိန်မကျသေး၍ ဂျပန်ကို မတော်လှန်နိုင်သေးသဖြင့် မြန်မာ့ကာကွယ်ရေး တပ်သားတွေကသာ အံကြိတ်ပြီး အလျှော့ပေးနေရသည့်ကာလ။

အမေရိကန်တွေက (Zero) သုညဟုခေါ်သော နေဝန်းနီတပ်သားဂျပန်တွေမှာ သူတို့လူမျိုးသာလျှင် သခင်၊ ကျန်သော အာရှတိုက်သားမှန်သမျှ ကျေးကျွန်တွေသဖွယ် သဘောထားကာ သူတို့သင်



www.burmeseclassic.com

www.burmeseclassic.com



သမျှ ငြိမ်ခံကြရမည်။ တော်လှန်သူ သေဒဏ်။

ဂျပန်ထိပ်တန်းအရာရှိကြီးနှင့် ယနေ့ညတွေ့ဆုံမည့် နေနဂါး ဂိုဏ်းချုပ်ကြီး တစ်ကောင်ဘွားနောက်ကို မိုးမြေ နောက်ယောင်ခံလိုက် နေသည်မှာ ကြာလေပြီ။

တစ်ကောင်ဘွားက မိုးမြေ လိုက်ပြီး လက်စားချေလိုနေမှန်း သိသဖြင့် ဘယ်သောအခါမှ ထင်ထင်ပေါ်ပေါ် မနေ။ နေနဂါးဂိုဏ်းကို ဂျပန်မှ ယာကူဇာဂိုဏ်းတွေလို ဖွဲ့စည်းပြီး လက်မရွံ့ လူဆိုးလူမိုက်တွေကို ဂိုဏ်းသားအဖြစ် သွတ်သွင်းထားလေသည်။

နေနဂါးဂိုဏ်းရဲ့လုပ်ရပ်တွေက ဂျပန်တွေ အလိုကျ ရှေးဟောင်း အမွေအနှစ်တွေ ရှာဖွေထုတ်ယူပြီး အကျိုးတူ ပူးပေါင်းခွဲဝေယူရေးနှင့် ဂျပန်စစ်တပ်က လုပ်ပိုင်ခွင့် လုပ်ငန်းစုတွေ ပေးသမျှ ဂိုဏ်းဝင်တွေကို နေရာချထားပေးကြလေသည်။ ဇိမ်ခန်း၊ ကလပ်ခန်း၊ ကဇော်ခန်း၊ ပြည့် တန်ဆာအခန်းနှင့် လောင်းကစားအခန်းတွေက ရသမျှ အခွန်အခတွေ ကို နေနဂါးဂိုဏ်းက ရယူကြပြီး မာစတာကြီးတွေအတွက် လိုအပ်တာ မှန်သမျှ ပြန်လည်ဖြည့်ဆည်းပေးကြလေသည်။

အင်္ဂလိပ်သူလျှိုတွေ ဖမ်းဆီးပေးခြင်း၊ ဂျပန်စစ်တပ်အတွက် လိုအပ်သောရိက္ခာများကို ရှာဖွေစုဆောင်းပေးခြင်း၊ ဂျပန်စစ်တပ်အတွက်





သတင်းပေးခြင်း၊ ပျော်တော်ဆက် မိန်းကလေးများကို ပေးပို့ဆက်သ ခြင်းတွေကို နေနဂါးဂိုဏ်းက တာဝန်ယူ လုပ်ကိုင်ပေးပြီး ဂျပန်ခေတ် ကာလမှာ အခြားသော ဓုစရိုက်ဂိုဏ်းတွေရဲ့ ဆရာကြီးဂိုဏ်းအဖြစ် ဩဇာ ထက်ရှခဲ့လေသည်။

ဘိန်းစားဘတင် အမှန်သတင်းပေးသွားတာ ဟုတ်နေပါက ယနေ့ည တစ်ကောင်ဘွားနှင့် မိုးမြေတို့ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ ကြသလို ရင်ဆိုင်တိုက်ခိုက်ဖြစ်ကြပေတော့မည်။

ဆရာဖြစ်သူ သီလသိဒ္ဓိကို လုပ်ကြံသွားသော တစ်ကောင်ဘွား ဆို ဆရာ့ဆန္ဒနှင့်အညီ တရားစီရင်ရပေတော့မည်။

ညီအစ်ကိုလို ခင်မင်မှုနှင့် တစ်မိုးအောက်မှာ အတူနေပြီး ဆရာ ဆီ ပညာသင်ယူ ကြီးပြင်းခဲ့ရာမှ ဆရာပိုင်ဆိုင်သော ရတနာ့ခုနစ်ပါး ကြာကလပ်ကို တစ်ကောင်ဘွားက လောဘဇောတိုက်ပြီး အတင်းရယူ လိုက်သည့်အခါ ဆရာနှင့် တိုက်ခိုက်ရလေတော့သည်။

အသက်အရွယ်လည်းထောက်၊ အားလျော့စေသည့် ဆေးဇွေ ကြည်း လစ်သည့်အခါမှာ လုပ်ကြံတိုက်ကျွေးထားသည့် တစ်ကောင်ဘွား ရဲ့ ကြိတ်လုပ်ကြံမှုမှာ ဆရာက အသက် ပေးဆပ်သွားရလေသည်။ မိုးမြေ တို့ယောက်မှာ အားလျော့ဆေးခတ်ထားသော အစာတွေ စားမိ၍



www.burmeseclassic.com

www.burmeseclassic.com



အတွင်းအင်အား ပြန်လည် ဖြည့်တင်းရန် ခြောက်လနီးပါး ပြန်လည်ကျင့်ကြံခဲ့ရလေသည်။

ဆရာက မိုးမြေကို ပုပ္ပားတောင်ကလပ်ဆီ ဘာသာရေးလုပ်ငန်းတိစ္စတစ်ခုဖြင့် ခရီးဝေးလွှတ်လိုက်စဉ်အခါမှ တစ်ကောင်ဘွားက ဆရာ့ကို လုပ်ကြံသွားခြင်းပဲဖြစ်သည်။ ဆရာရဲ့သင်တန်းကျောင်း ကျောက်ဝှယောင်းသို့ ပြန်ရောက်လာသောအခါ အသက်ယှဲယှဲသာ ကျန်တော့သောဆရာ့ကို ယူကျုံးမရဖြစ်စွာဖြင့် တွေ့လိုက်ရလေသည်။ ဆရာအသက် မသေခင်မှာ. . .

တစ်ကောင်ဘွား. . . သစ္စာဖောက်. . . ရတနာကလပ်ယူပြီး ငါ့အသက်ကို လုပ်ကြံတယ်. . .။ လူစွန့်စားမိုးမြေ. . . လူတွေကို ကယ်တင်ရင်းနဲ့ တစ်ကောင်ဘွားကို လိုက်ရှင်းပါ. . .။ ရတနာကလပ်ကို အရပြန်ယူပြီး အောင်အမိဌာန် လုပ်ငန်းစဉ်အတိုင်း အောင်မြင်အောင် ဆက်လုပ်ပါ ဆိုတာနှင့် အခြားအမှာစကားတွေ ပြောကြားပြီး ဘဝနိဂုံးချုပ်သွားခဲ့ရရှာလေသည်။

မိုးမြေရဲ့ အရွယ္တွမှာ အတိတ်ကာလက အဖြစ်အပျက်တွေ တစ်ကွက်ပြီးတစ်ကွက် ပြန်လည်မြင်ယောင်လာလေသည်။ တစ်ကောင်ဘွားအကြောင်းကို တွေးလိုက်မိတာနှင့် ယူကျုံးမရ ဝမ်းနည်းကြေကွဲစရာ၊





ခံပြင်း ခံခက်စရာ၊ ဒေါသမျက်မာန် တင်းစရာတွေ မိုးမြေရင်ထဲ စုပြုံတိုးဝှေ့ ဝင်ခိုလာစမြဲပင်။ ဆရာ့အတွက် လက်စားချေပေးဖို့။ မြန်မာနိုင်ငံတော်လူထုတစ်ရပ်လုံးရဲ့ မျှော်လင့်ချက်ရောင်ခြည်လေးကို အတိတ်၊ နိမိတ်၊ တဘောင်နှင့် ထွန်းညှိအလင်းရောင်ပြဖို့ ရတနာခုနစ်ပါး စီခြယ်ထားသည့် ကြာကလပ်ကို ပြန်ရအောင်ယူမှ ဖြစ်လိမ့်မည်။

သူသေကိုယ်သေ တိုက်ပွဲမျိုးဖြစ်သော်လည်း လူစွန့်စား မိုးမြေအတွက်ကတော့ တရားသောတိုက်ပွဲ။

'ဓမ္မောဟဝေ ရက္ခတိ၊ ဓမ္မစာရီ' တရားစောင့်သူကို တရားကပြန်စောင့်ရှောက်၏ ဆိုသည့်စကားကို မိုးမြေ လေးနက်စွာ ယုံကြည်ထားလေသည်။

နေညွန့်စားနိုင်သည့် နဂါးသိုင်းကျင့်စဉ်ကို အောင်မြင်သွားသည့် တစ်ကောင်ဘွားကို သူတို့ဂိုဏ်းသားတွေက လျှို့ဝှက်ခေါ်ဆိုကြသည်မှာ 'နေညွန့်စားနဂါး'။

ဆရာသီလသိဒ္ဓိ တတ်မြောက်သော ပညာကုန် (ဆရာစား မချန်) အဆင့်ကို တစ်ကောင်ဘွား တတ်မြောက် အောင်မြင်သွားခြင်းမှာ လွန်စွာ အန္တရာယ်ကြီးမားလွန်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## [၄]

နေမွန်းတည့်ချိန်လွန်မှ မြင်းကြီးကို ဘေးမဲ့လွှတ်ကာ မိုးမြေ ဘာသာ အဘိုးအိုကြီးပမာ ရှပ်ဖျက်ပြီး လွှစ္စလမ်း (ယခု ကမ်းနားလမ်းရှိ) ရုံးဟောင်းအဆောက်အဦးကြီးဆီ ရောက်အောင် လံချားငှားစီးပြီး ပြန် လာခဲ့ရလေသည်။ ငွေအိတ်ထဲမှ ပါသမျှငွေကြေးတွေ မြို့ထဲရှိ အတိဒုက္ခ ရောက်နေသော မိသားစုတွေထံ ခွဲဝေပေးသင့်သလောက် ခွဲဝေပေးနိုင်ခဲ့ လေသည်။

လွန်စွာကြီးမားသော ရုံးဟောင်း အဆောက်အဦးကြီးနား ရောက်မှပင် လံချားကို ရပ်ခိုင်းပြီး တိုက်ကြိုတိုက်ကြားမှ ပတ်သာ

www.burmeseclassic.com

www.burmeseclassic.com



ရုံးအနောက်ဘက်ထဲ ရောက်အောင် လာခဲ့ရလေသည်။ ကျောက်ကာချိုင့်ကြီးနှစ်လုံး လက်က ကိုင်ဆွဲလျက်၊ ငွေအိတ်ကြီးကို ပခုံးပေါ်တင်ကာ လွယ်အိတ်စလွယ်သိုင်းကြိုးနှင့် လျှောက်လာနေသော မိုးမြေကို ဘေးလူတွေ အမြင်မခံတာ အကောင်းဆုံးပင်။ ဘေးလူတွေ မြင်သွားပါက ထိုအထဲမှာ ဂျပန်အလိုတော်ရိတွေ ပါနေလျှင် မိုးမြေ ပုန်းခိုရာကို ဂျပန်တွေ အနံ့ခံမိသွားနိုင်လေသည်။ ဝန်စည်စလွယ်တွေနှင့် မိုးမြေကို ဂျပန်မတွေ့သွားပါကလည်း သက်ာမကင်းဖြစ်ပြီး တန်းဆွဲခေါ်သွားကြနိုင်၏။ ကေဘိုထိုင်တွေကအစ မမြင်ရအောင် လှည့်ပတ်သွားလာလိုက်ခြင်းမှာ တမင်ခြေရာဖျောက်ခဲ့ခြင်းပဲဖြစ်သည်။

ရုံးအဆောက်အဦးကြီးရဲ့ နောက်ပေါက်တံခါးမှာ လူတကာဝင်လို့ လွယ်သော်လည်း သူခိုးဟု စွတ်စွဲခံရမှာ ကြောက်သဖြင့် (ပစ်သတ်ခံရမှာ စိုးသဖြင့်) တော်တန်ရုံလူပင် ဝင်ပြီး မစပ်စုရဲကြ။ ဤရုံးကြီးထဲမှာ မိသူမှန်သမျှကိုလည်း ဂျပန်စစ်တပ်က အလွတ်ပေးမှာ မဟုတ်။ သက်ညှာဖို့လည်း အကြောင်းမမြင်။

ဂျပန်တွေရဲ့ မျက်ခုံးမွေးပေါ် စကြီလျှောက်သလိုမျိုး ဝင်ခိုနေရခြင်းလည်းဖြစ်သည်။ ရန်သူအနေနှင့် ဘယ်မှာမှ ရှာမရသောနေရာဆိုသည်မှာ ဤလိုနေရာမျိုးသာ ဖြစ်နေနိုင်လေသည်။





ရုံးခန်းပျက်အဆောက်အဦးကြီးရဲ့ တတိယထပ်အထိ တက်လာပြီး ကော့တနေလပ်ဖ်ကို အိပ်မြှောင်စုပ်ထိုးသံပေးကာ ဆက်သွယ်လိုက်လေသည်။ ထိုကဲ့သို့ စုပ်ထိုးသံဖြင့် အချက်ပြဆက်သွယ်မည်ဆိုတာကို ကော့တနေလပ်ဖ်သိအောင် ကြိုမပြောထားသော်ငြား အကင်းပါးသော ကော့တနေလပ်ဖ်က လှဲအိပ်နေရာမှ အသာထကာ နားစွင့်ထားလေသည်။

မိုးမြေကို ဘွားခနဲ မြင်လိုက်ရမှ သူမ ခမျာ ရင်ထိတ်ပြေသွားဟန်ဖြင့် ပြန်ထိုင်ချလိုက်လေသည်။

"ကဲ. . . ဒီမှာ စားစရာတွေပါတယ်။ အမြန်သာ ဖွင့်စားပေတော့. . . မျက်နှာဖြူမလေးရေ"

"ဝိုက်ဖေ့ဝူးမန်း. . . မျက်နှာဖြူမ. . . ဟုတ်လား. . .။ ရှင်တို့မြန်မာတွေ နာမည်ပေးကောင်းပုံရတယ်။ ဂျပန်တွေကို အရပ်ပုတော့ ပု. . . ကျွန်မတို့ အင်္ဂလိပ်တွေ မျက်နှာဖြူတော့ မျက်နှာဖြူ. . .။ အာဖရိက လူမည်းတွေက ကျွန်မတို့ကို လူဖြူတဲ့. . .။ ဒါဆို ရှင်တို့မြန်မာမှာတ ကြေးနီရောင်လူညိုတွေဆိုတော့ လူညို. . . မျက်နှာညိုတွေလို့ ခေါ်သင့်တာပေါ့"

မိုးမြေက ဘာမှမပြောဘဲ စားစရာတွေကို ဖွင့်ခင်းပေးလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အနည်းငယ် အေးနေပြီဖြစ်သော တရုတ်ဟင်းလျာတွေကို ကြည့်တာ သူမ တံတွေးတစ်ချက် မျိုချရင်း. . .

"ဇွန်းနဲ့ ခက်ရင်းကော. . ."

"လက်နဲ့စား. . .။ ဒီခေတ်ပျက်ကာလကြီးမှာ ဒီလောက်စားရတာကိုပဲ ကျေးဇူးတင်ဦး"

"ကျွန်မ လက်နဲ့ မစားတတ်ဘူး။ အကျင့် မရှိဘူး"

"အဲဒါဆိုရင်တော့. . . မင်းသဘောပဲ"

မိုးမြေက ပြောပြီး ရုံးခန်းအောက်ထပ်ဘက်ကို ရေရှာဖို့ ဆင်းချသွား၏။ တအောင့်ကြာသောအခါ ဂါလံပုံးကြီးထမ်းပြီး အပေါ်ကို ပြန်တက်လာလေသည်။

"ဒီရေတွေ. . . ရှင် ဘယ်ကရသလဲ"

အောက်ဆုံးထပ်မှာ ရေကန်ရှိတယ်။ ကံအားလျော်စွာပဲ ရေတွေရှိနေတော့. . . တွေ့ရာပုံးတစ်ခုနဲ့ နှစ်ခပ်ပြီး သယ်လာတာပဲ။ လူဆိုတာ ရေနဲ့ မီးရှိမှ အသက်ရှင်တဲ့သတ္တဝါဆိုရင်. . . ကျောက်ခေတ်က လူသားတွေ ဘာလို့ အသက်ရှင်ခဲ့သေးလဲ"

"သူတို့. . . ရေ ရှာသောက်ကြတယ်လေ"

"မီးကို နှောက်မှတွေ့ကြတယ် မဟုတ်လား။ ညဘက်ရောက်ရင်





ဓီးမထွန်းနဲ့. . . မီးရောင်က ငါတို့ ဒီမှာရှိတယ်ဆိုတာကို ပြနေသလိုဖြစ်သိမ့်မယ်။ ဒီမြို့ထဲတစ်ဝိုက်မှာ. . . ကင်ပေတိုင်က စစ်ပုလိပ်တွေ ခြေချင်းသိမ်နေတယ်။ သူတို့က အမဲလိုက်ခွေးတွေလို. . . အနံ့ခံကောင်းကြတယ်။ ဂျာမာန်က ဂတ်စတာပိုလောက် မတော်ကြပေမယ့်. . . ညံ့တော့ ညံ့ကြဘူး။ ရန်သူကို ဘယ်တော့မှ. . . အထင်မသေးနဲ့" တဲ့

"ရှင်ကသာ. . . စိုးရိမ်နေတာပါ။ မီးနဲ့တူတာ ဘယ်မှာရှာရျှန်မမှန်းတောင် မသိဘူး။ မီးခြစ်နဲ့ ဖယောင်းတိုင်လည်း. . . မရှိဘူး။ငှါးသားတို့ ဒီမှာ ရေရှည်ပုန်းခိုနေရင်. . . အစာရေစာ ငတ်ပြတ်ပြီး ေ သိမ့်မယ်" ခွက်

"ဒီခေတ်ပျက်ကြီးထဲမှာ. . . တစ်ရက်ရှင်ရလည်း ကိုယ့်အင်္ဂြင်အမြတ်လို့ပဲ သဘောထားလိုက်။ မင်း. . . သိပ်စကားများတာပဲ။ စာရောရှိတာသာ စားစမ်းပါ. . . မျက်နှာဖြူမလေးရယ်"

သူမက လက်ကို စင်ကြယ်အောင် ဆေးကြောရင်း ဆပ်ပြာကိုတောင့်တနေသေး၏။ ထမင်းစားသောအခါမှာလည်း ပါးစပ်ထဲထည့်သည့် ထမင်းလုပ်ကို လက်မနှင့် အသာထိုးမသွင်းတတ်။

ဟင်းတွေကို ချိုင့်ထဲက ကဲ့ထည့်ပြီး အားရပါးရ စားနေသောမိုးမြေကို ကြည့်ကာ. . .



www.burmeseclassic.com

"ရှင် တော်တော်. . . ဆာနေတာပါလား"

"ဟုတ်တယ်။ ကျုပ် ထမင်းစားရတာ (၃)ရက်ရှိသွားပြီ။ အဆင်ပြေရင်စား. . . မပြေရင် မစားဘူးပေါ့"

"အံ့ဩပါရဲ့. . . ရှင်ဟာ ဂျစ်ပစီလို လူစားမျိုးလားဟင်"

"မဟုတ်ဘူး။ ဂျစ်ပစီတွေက သူတို့ဘဝနဲ့ အသက်ရှင်ရပ်တည်မှုအလေးပေးပြီး. . . ရေကြည်ရာ မြက်နုရာကို ပြောင်းရွှေ့နေထိုင်ကြ'အိမ်ရာ အတည်တကျ မရှိကြဘူး။ ငါက. . . ငါ့ဘဝနဲ့ ငါ့အသက်ဗျားပြည်သူတွေအတွက် ပေးလှူထားတယ်. . .။ အဲ့ဒီလူတွေ ဒုက္ခနေတာတွေတိုင်း ဝင်ကူညီတယ်. . .။ လူတွေကို ကူညီဖို့အရေးနှံ့စားရမယ့် အလုပ်မှန်သမျှ ဘယ်အလုပ်မဆို. . . ငါလုပ်ရဲတယ်။ ့ လူစားမျိုးဖြစ်အောင်လို့. . . ငါ့ဆရာက ငါ့ကို သွန်သင်ဆုံးမခဲ့တာပဲ။ ငါရဲ့နာမည်ကိုလည်း. . . လူ့စွန့်စားမိုးမြေလို့ ပေးခဲ့တာပဲ"

"ရှင့်လို လူထူးလူဆန်းမျိုးလည်း. . . မြန်မာပြည်မှာ ရှိနေတာကျွန်မအတွက်တော့ အံ့ဩစရာပဲ. . .။ ရှင်က ဘယ်သူတွေကို ဘယ်လိုကူညီခဲ့ပြီးပြီလဲ"

"မင်းကို ကူညီနေတယ်လေ။ ပြီးတော့. . . စစ်ပြေးဒုက္ခသည်တွေကို လိုက်ပြီး စောင့်ရှောက်ကူညီတယ်။ ဒီမြို့ထဲမှာ စစ်ပြေးဒုက္ခသည်





လုပ်နိုင်လို့ ကြွင်းကျန်ရစ်တဲ့ မိသားစုတွေကိုလည်း. . . စားနပ်ရိက္ခာနဲ့ဆေးဝါးတွေရအောင် လိုက်လံ ဖြန့်ဝေ ကူညီနေတယ်"

"သိပ်ကောင်းတဲ့အလုပ်၊ သိပ်မှန်မြတ်တဲ့ အကြံအစည်ပါပဲ. . .။ ဒါပေမဲ့ ရှင့်ကို ကြည့်ရတာ. . . နိုးလင်းစတုန်းလိုပဲ ဂျပန်တွေနဲ့ သတ်ပုတ်ရဲတယ်. . .။ မျက်နှာက အရယ်အပြုံး သိပ်နည်းတယ်။ ကြီးမားတဲ့ ခံစားချက်ကို လျှို့ဝှက်မျိုသိပ်ထားသလိုပဲ. . .။ ရှင်တို့တိုင်းပြည်ကို ကျွန်မတို့အုပ်စိုးတာ မကြိုက်လို့ တော်လှန်တိုက်ထုတ်ခဲ့တဲ့ မြန်မာကျောင်းသားတွေထဲမှာ. . . ရှင်လည်း ပါဝင်ပုံရတယ်"

မိုးမြေက စားသောက် ပြီးစီးသွားသည်နှင့် လက်ဆေးပြီး ထထွက်သွားလေ၏။ ကော့တနေလပ်စ်က လက်တွေ၊ နှုတ်ခမ်းတွေ ပေကျံအောင်စားထားရာမှ လက်ဆေး သန့်စင်ပြီး လက်သုတ်ဝတ်ကို လိုက်ရှာနေလေသည်၊ လိုက်ရှာနေရင်းက. . .

"ကျွန်မ မေးတာ. . . ရှင် ဘာလို့မဖြေတာလဲ"

မိုးမြေက အမှိုက်တွေ ရှုပ်ပွနေသည့်ကြားမှ ဂေဇက်စာစောင်ဟောင်းတစ်ခုကိုယူပြီး သူမထံ ကမ်းပေးလိုက်လေသည်။

"မြန်မာ့တပ်မတော် ဖွဲ့စည်းထားတဲ့. . . ကျောင်းသားတွေတို့ အင်္ဂလိပ်အစိုးရရဲ့မှ မဟုတ်ဘူး။ လွတ်လပ်ရေး တိုက်ပွဲ

www.burmeseclassic.com



မယ်လို့ လိမ်ညာပြီး. . . ရွှေရည်စိမ် လွတ်လပ်ရေး အတုပေးခဲ့တဲ့ ဂျပန်ကိုလည်း တို့မြေပေါ်က မောင်းထုတ်ရမှာပဲ. . . ငါတို့နိုင်ငံမှာ ငါတို့လူမျိုးသာလျှင်သခင်ဖြစ်ရမယ်၊ ဘုရင်ဖြစ်ရမယ်။ ဘယ်တိုင်းတစ်ပါးသားကိုမှ. . . သခင် မခေါ်နိုင်ဘူး၊ ဘုရင် မခေါ်နိုင်ဘူး။ ငါက အတွင်းစည်းမှာ တစ်ကိုယ်တော် တိုက်ပွဲဝင်တဲ့ကောင်၊ ဖော်လံတီယာ တိုက်ခိုက်ရေးသမား။ အရင်းရှင်နယ်ချဲ့စနစ်ကို တိုက်ထုတ်သလို. . . ဖက်ဆစ်စနစ်ကိုလည်း တိုက်ထုတ်နေတဲ့ကောင်။ တိုင်းပြည် တစ်ပြည်မှာ စစ်တပ်က ပြည်ပကာကွယ်ရေးတာဝန်ကို ယူရတယ်။ ပုလိပ်တွေက ပြည်တွင်းငြိမ်းချမ်းရေးအတွက် တရားဥပဒေ စိုးမိုးအောင်. . . လုပ်ပေးကြရ တယ်။ ငါ့လို. . . စေတနာဝန်ထမ်း ကယ်ဆယ်ရေးသမားကတော့ နီးစပ်တွေ့ကြုံရာ မှန်သမျှ ဘာမှခွဲခြားမနေဘူး။ အကုန် ကယ်ဆယ် ကူညီသွား မှာပဲ. . . ။ ဒါကြောင့် ငါ့ကို ဘယ်လိုမှ. . . သတ်မှတ်မနေနဲ့။ အခုဆိုရင် ငါတို့ပြည်သူတစ်ရပ်လုံး ဂျပန်ငပုတွေ. . . နှိပ်စက်လွန်းတဲ့ဒဏ်ကြောင့် ဖွတ်ဖွတ်ကြေပြီး ဂျပန်ကို အော့နှလုံးနာနေကြပြီ။ လူတိုင်း တပ်ထဲဝင်ပြီ ဂျပန်ကို တိုက်ကြလိမ့်မယ်. . . ငါက လူတိုင်း ဝင်တိုက်နေတဲ့အလုပ်ကို မလုပ်ဘူး. . . ။ ဂျပန်လက်အောက် ရောက်နေတဲ့ ဒုက္ခသည်တွေကို လိုက်လံစောင့်ရှောက်ကယ်ဆယ်ဖို့. . . တစ်ခုထဲကို ရွေးလုပ်နေတယ်





တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ အမေရိကန်လို့ ခွဲခြားမနေဘူး. . . ။ ဟိုတစ်လောက ဂျပန်စစ်သားတွေ ပစ်သတ်မယ့် မိသားစုသုံးစုကို ငါ ကယ်လိုက်နိုင်တယ်။ သူတို့ကို အခုလိုပဲ မြို့ထဲက တိုက်ခန်းတွေမှာ ဖွက်ပေးထားတယ်. . . ။ သူတို့ရဲ့ ပုန်းခိုနေရတဲ့ဘဝတွေ ဆက်လက် အသက်ရှင်နေနိုင်အောင် ငါပဲ လိုအပ်တာ မှန်သမျှ လှည့်ပတ်ရှာဖွေပြီး လျှို့ဝှက်ပို့ပေးနေရတာ. . . အခုအချိန်ထိပဲပေါ့"

"အိုး. . . အဲ့ဒီလူတွေရဲ့ဒုက္ခက ရှင့်အပေါ် ပုံကျနေတာကိုး။ နောက်ထပ်ရှိသေးလား"

"ဂျပန်တွေ ရှေ့မှောက်မှာ. . . ပေါ်ပေါ်ထင်ထင် နေလို့ရပေမယ့် အတိဒုက္ခရောက်နေတဲ့ မိသားစု အတော်များများ ကျန်ရှိနေသေးတယ်။ သူတို့အတွက်လည်း. . . ငါပဲ ရှာဖွေ ပေးပို့နေရတာပေါ့. . . . "

"အိုး. . . မိုင်ဂေါ့ဒ်. . . ရှင်က ပုံပြင်ထဲက လူစွမ်းကောင်းကြီးပါလား. . . ။ ကျွန်မဒယ်ဒီ ပြောပြတာ နားထောင်ခဲ့ရဖူးတဲ့ အိပ်ရာဝင်ပုံပြင်ထဲက လူစွမ်းကောင်းကြီးပါလား. . . "

မိုးမြေက သူမကို ဘာမပြော ညာမပြောနှင့် အသာဆွဲလှဲလိုက်လေသည်။

"ရှင်. . . ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှာ . . . တိုးတိုး"

အောက်ထပ်မှ အပေါ်သို့တက်လာသော ခြေသံတွေကို ကြားလိုက်ရလေသည်။ သူမ အသက် မရှူရဲအောင် ထိတ်လန့်သွားပြီး မိုးမြေကို လှည့်ကြည့်လိုက်သောအခါ မိုးမြေက စားသောက်ထားသမျှကို အနီးအပါးမှ တာလပတ်ကြီးနှင့် ဆွဲဖုံးပစ်လိုက်လေသည်။ ပြီးလျှင် အနီးအပါးမှ ပစ္စည်းပစ္စည်းတွေ တာလပတ်အပေါ် အသံမထွက်အောင် ဖြန့်ကျဲတင်လိုက်ပြီး ခြေရာလက်ရာ ဖျက်ဖျောက်လိုက်လေသည်။ အခန်းထဲမှာရှိသောပစ္စည်းတွေ ဖြန့်ကျဲနေသည့်ပုံစံနှင့် မခြားအောင် ပြုပြင်ယူလိုက်ပြီး ခြေရာ မထင်အောင် သူ့လွယ်အိတ်ကြီးကို ဆွဲချုတ်ပြီး ကြမ်းပြင်ပေါ်မှာ ဖုန်တွေ ပြန်သိပ်သွားအောင် လိုက်လုပ်နေ၏။

ရေစိုထားသော ကြမ်းပြင်နှင့်ရေပုံးကိုပါ အနားရှိ တာလပတ်နှင့် ဆွဲဖုံးပြီး ကြိမ်ကုလားထိုင်အစုတ် သုံးလေးလုံးဖြင့် ထပ်မံ ဖုံးကွယ်လိုက်လေသည်။ ရေတွေက ကြမ်းပြင်နိမ့်လျှောရာ ပစ္စည်းပုံထဲစီးဆင်းသွားပြီး တစ်ဖက်ရှိ အုတ်တိုင်နံရံကြီးအတိုင်း စီးကျသွားပုံရ၏။ ရေသုံးစွဲသည့်အခါ သတိထားရမည်ဆိုတာကို မိုးမြေ သတိလက်လွတ်သွားမိ၏။ အပေါ်ထပ် ထပ်ခိုးပေါ် ကော့တနေလပ်ဖ်ကို အသာလက်ဆွဲ ခေါ်လာလိုက်၏။

အပေါ်ထပ်ခိုးရှိ ပစ္စည်းပစ္စယတွေကြားထဲ ဝင်ပုန်းရင်း ကြမ်း





ပေါက်မှနေ၍ အောက်ထပ်ကို အသာ ချောင်းကြည့်လိုက်သောအခါ အနက်ရောင် ကုတ်အကျီ၊ ဘောင်းဘီနှင့် သက္ကလပ်ဦးထုပ်တွေ ဆောင်းထားသော ဂျပန်မျက်နှာပေါက်နှင့် လူသုံးယောက်အပြင်၊ လူမိုက်ရုပ်ပေါက်နေသည့် မြန်မာလူကြမ်းကြီး ခြောက်ယောက်ခန့်ကို လှမ်းတွေ့လိုက်ရလေသည်။ သူတို့လက်ထဲမှ ဌက်ကြီးတောင်တွေ ဓားလွတ်ကိုင်ကိုင် ဆောင်လာကြ၏။ လှံစွပ်တပ် ဂျပန်စစ်သားခြောက်ယောက်ခန့်ပါ ရောက်လာပြီး စတိုခန်းထဲက လဲမှိုအိတ်တွေ ထပ်ထင်ထားရာနေရာကို လှံစွပ်တွေနှင့် လိုက်ထိုးမွှေကာ လိုက်ရှာနေကြလေသည်။

ဂျပန်လို အော်ငေါက်ဆဲဆိုသံနှင့်အတူ အပေါ်ထပ်ကို မော့ကြည့်လာသူမှာ ဂျပန်ကင်ပေတိုင်မှ စုံထောက်တစ်ယောက်မှန်း သိသာလွန်းလှ၏။ နေဝန်းနီကို ရစ်ပတ်ထားသော နဂါးပုံပါသည့် ကာရာတေးဝတ်စုံဆန်ဆန် ချုပ်ဝတ်ထားသည့် မြန်မာလူမိုက်ကြီးမှာ နေနဂါးဂိုဏ်းရဲ့ ညာလက်ရုံး သံလက်ဝါးထွန်းမောင်ဖြစ်နေတာ မိုးမြေ လှမ်းတွေ့လိုက်ရလေသည်။

တစ်ကောင်ဘွားနောက်ကို ခြေရာခံလိုက်စဉ်က နေနဂါးဂိုဏ်းရဲ့ ဘယ်လက်ရုံး ကျားငမိုး၊ ညာလက်ရုံး သံလက်ဝါးထွန်းမောင်တို့နှစ်ယောက်နှင့် မိုးမြေတို့ သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြဖူး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

တစ်ကောင်ဘွားကို စိန်ခေါ်ချိန်းဆိုပြီး ဟားဂရာချောက်ကွေ့မှာ မိုးမြေ တစ်ယောက်တည်း ရင်ဆိုင်ခဲ့စဉ်က တစ်ကောင်ဘွား ရောက်မလာ။ သူရဲ့ လက်ရုံးကြီး (၂)ယောက်ကို တပည့်လက်သား ဆယ်ယောက်ဖြင့် ထည့်လွှတ်လိုက်ပြီး မိုးမြေနှင့် ရင်ဆိုင်ခိုင်းခဲ့လေသည်။

နေနဂါးဂိုဏ်းသား ဆယ်ယောက်က မိုးမြေကို လက်နက်မျိုးစုံနှင့် ဝိုင်းဝန်းထိုးခုတ်ကြ၏။ မိုးမြေက လူမိုက်သုံးယောက်ရဲ့ မျက်လုံးတွေကို သိန်းစွန်ရဲလို လက်သည်းသုံးပြီး လျှင်မြန်သောအဟုန်ဖြင့် ဖောက်ထုတ်ပစ်ခဲ့၏။ လူမိုက်လေးယောက်ကို လက်တွေခြေတွေ ချိုးပစ်လိုက်နိုင်သည်။ ကျန်လူမိုက်သုံးယောက်မှာ ရင်မဆိုင်ဝံ့တော့၍ ထွက်ပြေးကုန်ကြလေသည်။

ကျားငမိုးက ကိုယ်လုံ့ပညာရှင်ပီပီ မိုးမြေနှင့် တစ်ယောက်ချင်းယှဉ်ပြိုင်သတ်ပုတ်သေး၏။ မိုးမြေရဲ့ သုံးဆင့်ကန်ချက်က ပြင်းထန်လွန်းပြီး ကျားငမိုးရဲ့ ဘဝဇာတ်သိမ်းကို မီးငြိမ်းပေးလိုက်နိုင်လေသည်။ သံလက်ဝါးထွန်းမောင်က ဒေါသဘီလူး စီးသလို လက်ဖျံတစ်ချောင်းတည်းပါသော သူ့လက်ဝါးကြီးဖြင့် မိုးမြေကို လိုက်လံရိုက်သတ်လေသည်။ သံလက်ဝါး တစ်ချက်စာ မိလိုက်လျှင် တော်တန်ရုံ သိုင်းသမားပင် သွေး





ပွက်ပွက်အန်ပြီး သေနိုင်၏။

သံလက်ဝါးရဲ့ လက်ဖျံရိုးမှာ တစ်ချောင်းထဲမို့ အားသုံးထိုးလျှင် တစ်ဖက်လူ သေစေသဖြင့် လက်ဝှေ့ပွဲများက တက်ရောက် အထိုးမခံကြ။ နတ်ဘီလူးစီးသလို မိုးမြေကို ဒလမန်းကြမ်း တိုက်ခိုက်ခဲ့သဖြင့် မိုးမြေ လက်ဝါးနှစ်ချက် အဖျားခတ်တာ ခံခဲ့ရပြီး အေးသောအချိန်မျိုးမှာ ကျောနှင့် ရင်အောင့်သောဒဏ်ကို မိုးမြေ ယခုတိုင် ခံစားနေရဆဲ။

ထိုတိုက်ပွဲဖြစ်စဉ်က သံလက်ဝါးရဲ့ နံရိုးသုံးချောင်းကိုသာ မိုးမြေ ချိုးနိုင်ခဲ့၏။ သံလက်ဝါးက နှစ်ဖက်စလုံး အထိနာထားတာမို့ နောက်တစ်ကြိမ် ရင်ဆိုင်ဖို့ ချိန်းဆိုပြီး ပျောက်ကွယ်သွားခဲ့လေသည်။ နောက်တစ်ကြိမ်ချိန်းပွဲမှာ နေနဂါးဂိုဏ်းသား အယောက်သုံးဆယ်ကျော်ခန့်နှင့် ဝိုင်းဝန်း ပိတ်ဆို့ချေမှုန်းဖို့ ကြံစည်ထားတာ မိုးမြေ ကြိုသိနေ၍ ချိန်းဆိုရာကို မသွားခဲ့။ တစ်ကောင်ဘွားရဲ့ နည်းပရိယာယ်အတိုင်း ကိုယ်ယောင်ဖျောက်ကာ နောက်က လိုက်ချောင်းရင်း အခွင့်အရေးကို ကျားနာချောင်းချောင်းနေလိုက်မိသည်မှာ ယနေ့ထိတိုင်။

ယခုအခါ ဘယ်လိုကနေ ဘယ်လို သတင်းရနဲ့ ရသွားသည်လည်း သေး။ ဖြစ်နိုင်ခြေတွေ စဉ်းစားကြည့်မိသောအခါ နေနဂါးဂိုဏ်းသား အောင်ကို သုတ်သင်မိတဲ့ကိစ္စ။ ထိုကိစ္စကို အကြောင်းပြုပြီး မြင်တွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



သူတွေထဲမှာ အခြားဂိုဏ်းသား လူမိုက်တွေရှိနေရာမှ မိုးမြေသွားရာကို နောက်ယောင်ခံလိုက်လာပြီး သူ့ဂိုဏ်းကို ပြန်အကြောင်းကြားလိုက်ခြင်း ပဲဖြစ်ပေလိမ့်မည်။

တစ်ကောင်ဘွားက သူ့ဂိုဏ်းသားတွေချည်း မလွှတ်တော့ဘဲ ဂျပန်စစ်သားနှင့် ကင်ပေတိုင် စစ်ပုလိပ်များကိုပါ အကူအညီတောင်းကာ ဤရုံးဟောင်းကြီးကို အုပ်စီးခိုင်းပြီး ပိုက်စိပ်တိုက် လိုက်ရှာခိုင်းတာ ဖြစ်ပေလိမ့်မည်။ အခြားအခန်းတွေ အထပ်တွေမှာလည်း အော်ဟစ်ဆဲဆိုသံတွေ ဆူညံနေ၏။ ပစ္စည်းအပုံတွေ ဖြိုချပြီး အလုံပိတ်တံခါးတွေကို သေနတ်ဖြင့် ပစ်ဖွင့်သံတွေပါ နားကွဲလုမတတ် ကြားနေရလေသည်။

ကော့တနေလပ်ဖ်ရဲ့ ခန္ဓာကိုယ်လေးမှာ ကြောက်လွန်း၍ တဆတ်ဆတ် တုန်နေရှာလေသည်။ ဖြစ်ချင်တော့ ကော့တနေလပ်ဖ် အကြောက်လွန်ပြီး ကြောက်သေး ဖြန်းဖြန်း ပါကုန်လေ၏။ ထပ်ခိုးပေါ်မှ အရည်တွေ အောက်ကို တစ်စက်စက်ကျရာမှ စီးကျကုန်သည်ကို မျက်စိနား လျှင်သော ကင်ပေတိုင် စစ်ပုလိပ်က လှမ်းတွေ့သွား၏။

သူ့ခေါင်းပေါ် အရည်တွေ စက်လက်ကျကုန်မှတော့ သိသွားပြီးပေါ့။ ကင်ပေတိုင် စစ်ပုလိပ်က နှာခေါင်း တရှုံ့ရှုံ့လုပ်ရင်း အရည်တွေကို ဘာမှန်းသိရအောင် နမ်းကြည့်လိုက်။ လက်နဲ့တို့ပြီး လျှာနှင့် လျက်ကြည့်





လိုက် လုပ်နေရာမှ ဆတ်ခနဲ တွန့်သွားပြီး. . .

"ဘီရူမာ. . . ဘတ်ကေးရိုး"

ဂျပန်လို အော်ဆဲပြီး ထပ်ခိုးအပေါ်ကို လက်ညှိုးထိုးပြလေ၏။ ဂျပန်စစ်သားတွေ လုံ့ဇွပ်ကိုင်သေနတ်တွေ တရမ်းရမ်းနှင့် ထပ်ခိုးလှေကားအတိုင်း ပြေးတက်လာကြစဉ် မိုးမြေက နီးရာ စာရင်းဇယားစာအုပ်အိတ်ကြီးကို မ,ပြီး ဂျပန်တွေအပေါ်ကို လှမ်းပစ်ချလိုက်လေသည်။

ဂျပန်စစ်သားတွေ ဝရုန်းသုန်းကား ပြန်လဲပြိုကုန်လေ၏။

"မင်း. . . ငါ့နောက်ကလိုက်ခဲ့. . .။ မကြောက်နဲ့. . . မိရင် ကြွေသေ. . . ထိရင် ချသာချ. . .။ မင်းတို့ အင်္ဂလိပ်သွေး ဘယ်လောက်ရှိန်ရှိလဲဆိုတာ ပီပွဲကို စောင့်ကြည့်မယ်. . .။ သေနတ်ပစ်တတ်သလား"

"ကျွန်မ ဝါသနာအပါဆုံး. . . အလုပ်ပါ။ ကျွမ်းကျွမ်းကျင်ကျင်ပစ်တတ်တယ်"

မိုးမြေက ပစ္စတိုကို ထုတ်ပေးလိုက်သောအခါ သူမက သေနတ်ကို ကျွင်လည်စွာ စစ်ဆေးပြီး မောင်းတင်လိုက်လေသည်။ ဂျပန်စစ်သားတွေ အောက်ကနေ ရိုင်ဖယ်(လ်)နှင့် လှမ်းပစ်သံ ညံဝေသွား၏။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်းဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဖူးတွေ နားရွက်နားက ရှီးခနဲ ရှီးခနဲ ဖြတ်သွားသံ။ လိမ္မော်ရောင်မီးတန်းတွေ ဖြတ်ပြေးသွားတာ ခေတ္တခဏ ပြန်ငြိမ်သွားစဉ်မှာ မြိုင်တူ ဝပ်နေရာက ပြိုင်တူထလိုက်ချိန်မှာတော့. . .။

ကျည်အားသုံး ပစ်ခတ်ပေးပြီး တွားတက်လာသည့် ဂျပန်ငပုရဲ့ မျက်နှာကို မိုးမြေက ဆောင့်ကန်ချလိုက်၏။ မချိမဆန့် အော်သံနှင့် နောက်ပက်လက်လန် လဲကျသွားသော ငပုရဲ့ခန္ဓာကိုယ်က နောက်လူတွေကို တိုက်ချသွားသဖြင့် ထပ်မံပြိုလဲကျသံတွေ ဆူညံသွားပြန်သည်။

မိုးမြေက လှေကားအတိုင်း ဆင်းပြေးလာရင်း လုံ့စွပ်နှင့် ထိုးလာတာကို အသာဖယ်ပုတ်ကာ ဂျပန်စစ်သားရဲ့ နံနှစ်ဖက်ကို လက်ဖနောင့်နှင့် စုံဆောင့်တွန်းပြီး နံရိုးတွေ ချိုးခြေပစ်လိုက်၏။ အသံတစ်စပင် မထွက်နိုင်ဘဲ ဂျပန်စစ်သား အရိုးကြိုးပြတ် ပုံလဲကျသွားစဉ် နောက်ထပ် ပြေးတက်ဖို့ပြင်နေသော ဂျပန်စစ်သား သုံးယောက်ကို လှေကားလက်ရမ်းတိုင်ကို အားပြုထောက်ပြီး လေထဲမှာပင် ပတ်လည်လှည့် ကန်ပစ်လိုက်၏။ ကန်ချက် တိကျမြန်ဆန်မှုကြောင့် ဂျပန်စစ်သားတွေ မှောက်လဲကျန်စဉ် ဂျပန်စစ်ပုလိပ်က ပစ္စတိုနှင့် လှမ်းပစ်ဖို့ ထိုးချိန်လိုက်စဉ်. . .

"ဒိုင်း. . ."

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"





ဂျပန်စစ်ပုလိပ် သုံးယောက်ကို ဆက်တိုက် ပစ်ချလိုက်သူက ကော့တနေလပ်ဖ်။ ကောင်းလိုက်သည့် ပစ်ချက်။ တစ်ချက် တစ်ယောက် [illegible] ချက်ကောင်းတွေချည်း ရွေးချယ် ပစ်ခတ်သွားလေ၏။ တစ်ယောက် [illegible] ရင်အုံ၊ နှစ်ယောက်က နဖူးကို ထိမှန် လဲကျသွားလေ၏။ ဆက်တိုက် [illegible]ပ်ပစ်လိုက်သည်က နေနဂါးဂိုဏ်းရဲ့ ညာလက်ရုံး သံလက်ဝါးကိုဖြစ် [illegible]သော်လည်း အလွန်ပါးသော သံလက်ဝါးက ကော့တနေလပ်ဖ် စပစ်ခတ် [illegible]ည်းက တပည့်တစ်ယောက်ကို သူ့ရှေ့မှာ ဓားစာခံ ကွယ်ခိုင်းထား [illegible]လေပြီ။ နေနဂါးဂိုဏ်းသား တစ်ဦးသာ လဲကျသေဆုံးသွားပြီး သံလက် [illegible]နှင့် ကျန်တပည့်တွေ လာရာအပေါက်မှ အော်ဟစ် ဆုတ်ပြေးကုန်ကြ [illegible]သသည်။ လူမိုက်တွေတဲ့။ သေမှာကျတော့ လူကောင်းထက် ဆယ်ဆ [illegible]သာက်တောင် ကြောက်တတ်ကြသေးလေရဲ့။

ကော့တနေလပ်ဖ်က ဂျပန်ပုလိပ် စုံထောက်နှစ်ယောက်ရဲ့ ပစ္စတို [illegible]လက်ကို ကောက်ယူပြီး တစ်လက်ကို မိုးမြေထံ ပစ်ပေးလိုက်လေသည်။ [illegible]မြေလည်း သေနတ်ကို စစ်ဆေးပြီး မောင်းတင်ကာ ထွက်ပေါက်နံရံ [illegible]း ကျောကပ်ပြီး အပြင်ကို ခေါင်းငုံ့ ချောင်းလိုက်၏။ ဂျပန်စစ်သား [illegible]ယ်ယောက်ကျော်ခန့် အပေါ် လှေကားဘက်ရော အောက်လှေကား [illegible]တွေမှာ အသင့်နေရာယူနေကြတာ လှမ်းတွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေက ဂျပန်စစ်ပုလိပ်ရဲ့ အလောင်းကြီးကို ဆွဲယူ၊ ဆွဲထူပြီး အပေါက်ရှေ့ကို တွန်းထုတ်လိုက်သည်နှင့် . . .

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

ပစ်ခတ်သံတွေ ဆူညံသွားပြီး စစ်ပုလိပ် ခန္ဓာကိုယ်ကို ကျည်ဆန်တွေ ထိမှန်ကုန်ကြလေသည်။ အရိုးကြိုးပြတ် လဲကျချိန်လေးမှာပင် ဆယ်ချက်ခန့် ထိမှန်ခံလိုက်ရလေသည်။ အလောင်းကြီး လဲကျပြီးသည်နှင့် မိုးမြေလည်း နံရံမှ ဆတ်ခနဲခွာကာ အပေါ်ထပ်မှ ဂျပန်စစ်သားနှစ်ယောက်ကို ထိုးချိန်ပြီး ဆက်တိုက်ပစ်ချလိုက်၏။

"ဒိုင်း . . . ဒိုင်း"

အော်သံမျိုးစုံနှင့် လဲပြိုကျသွားသံ ကြားလိုက်ရလေသည်။ ကော့တနေလပ်ဖ်က ယခုလို နေရာမှာ အကင်းပါးလှပ်သူပီပီ အောက်ထပ်မှ ဂျပန်တွေကို လှမ်းပစ်ခတ်၏။ အပေါ်စီးမှ ပစ်ခတ်ရ၍ တစ်တောင့်တစ်ယောက်နှုန်းနှင့် ဂျပန်လေးယောက်ခန့်ရဲ့အသက်ကို ငရဲပြည် ပို့လိုက်နိုင်လေသည်။

မိုးမြေက အောက်ထပ် ဆင်းပြေးရင်း အပေါ်ထပ်ကို ဆတ်ခနဲလှည့်ပစ်ခဲ့ရာ ဂျပန်စစ်သားတစ်ယောက် လေ့ကားအတိုင်း အသံနက်ကြီးနှင့် အော်ဟစ်ရင်း အောက်ကို ပြုတ်ကျသွားလေသည်။





အောက်ထပ်မှာ လက်ကျန် ဂျပန်တစ်ယောက်ကို ကော့တနေလပ်ဖ်က အပြီးသတ် ရှင်းလင်းပြီးသောအခါ နှစ်ယောက်သား အောက်ထပ်ကို ချုန်းသုန်းကား ပြေးဆင်းလာကြရလေတော့သည်။ လွယ်အိတ် တစ်ဖက်၊ ငွေအိတ် တစ်ဖက် ဖြစ်နေသောကြောင့် သူမက ငွေအိတ်ကို ကူဆွဲပေး၏။

နှစ်ယောက်သား ရုံးဟောင်းကြီး၏ဘေးပေါက်မှ တွယ်ဆင်းလိုက်သောအခါ မြို့ထဲမှာ ဥဩသံ ညံဝေသွားတော့၏။ ဗုံးကြဲလေယာဉ်တွေ လာပြီ။ ကျွဲညီနောင်ဟုခေါ်သော လေယာဉ်မဲကြီးနှစ်စီးနှင့် အဖွဲ့က နေ့ရောညပါ ဗုံးကြဲတတ်၏။ ညဘက်မှာ ပိုကြဲတတ်သော်လည်း နေ့ဆတ်တွေလည်း အလွတ်မပေးတတ်ကြ။

"အုံး . . . ဝုန်း . . . . အုံး"ခနဲ ဗုံးသီးကျသံတွေ မြို့လယ်တစ်ဝိုက်မှ ထွက်ပေါ်လာလေသည်။ လွစ္စလမ်း၊ ဗိုလ်တထောင်ဆိပ်ကမ်းနား တစ်ခိုင်မှ စိန်ပေဒါ အမည်ပြောင်ပေးထားသော လေယာဉ်ပစ် အမြောက်ကြီးနဲ့ ပစ်ခတ်သံတွေကလည်း မြိုင်မြိုင်တုန်ဟီးနေ၏။

"ဒိန်း . . . ဒိန်း . . . ဒိန်း . . . ဒိန်း"

"အုံး . . . ဝုန်း . . . အုံး . . . ဝုန်း"

"ဒက် . . . ဒက် . . . ဒက် . . . ဒက်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေတို့အပေါ်မှ လေယာဉ်တွေ ဖြတ်ပျံစဉ် မြင်မြင်ရာကို စက်သေနတ်နှင့် ဆွဲမွှေသွားလေသည်။

"အုံး"ခနဲ ဗုံးသီးတစ်လုံးက အနီးကပ် တိုက်ပေါ်ကျ၍ တိုက်ခေါင်မိုး ပွင့်ထွက်ပြီး အပိုင်းအစတွေ လွင့်စင်ကုန်လေသည်။ မိုးမြေတို့နှစ်ယောက်သား လမ်းကြားမှာ ဝပ်မှောက်နေရတော့၏။ ခေါင်းပင်မဖော်ရဲ။ လေယာဉ်ပျံတွေ ရောက်လာခြင်းမှာ မိုးမြေတို့အတွက် ကံကောင်းခြင်းလည်း ဖြစ်သလို၊ ကံဆိုးခြင်းလည်း ဖြစ်နေလေသည်။

ကံကောင်းခြင်းဆိုသည်မှာ အစောပိုင်းက တိုက်ပွဲဖြစ်ပွားသောပစ်ခတ်သံကြောင့် ဂျပန်စစ်ကားတွေ နောက်ထပ် ရောက်လာနိုင်သော်လည်း ဗုံးကြဲခြင်းကြောင့် ရောက်လာချင်မှ ရောက်လာနိုင်တော့ပေမည်။

ကံမကောင်းခြင်းဆိုသည်မှာ မိုးမြေတို့နှစ်ယောက်ကို ရန်သူထင်ပြီး အင်္ဂလိပ်လေယာဉ်ပျံက စက်သေနတ်နှင့် ဆွဲမွှေ့သွားခြင်းဖြစ်၏။ စက်သေနတ်ကျည်ဆန်လမ်းကြောင်းရဲ့ အလယ်မှာရောက်နေ၍ လွတ်သွားခြင်းဖြစ်၏။ ဘေးနှစ်ဖက်က လမ်းသားတွေ ပဲ့ရွဲ့စုတ်ပြတ်ပြီး အစင်းလိုက်ကြီး ဖြစ်သွားသိသကဲ့သို့ပင် ရှိခြေ၏။ ကံဆိုးလွန်းပါက စက်သေနတ်များမှာ အသက် ပါသွားနိုင်လေသည်။

မီးခိုးလုံးကြီးတွေ ဖုံးလွှမ်းသွားသောကြောင့် အနီးပတ်ဝန်းကျင်





ကိုပင် ကောင်းစွာ မမြင်ရတော့ချေ။ ခပ်လှမ်းလှမ်းမှာ လံချားသမားတွေထဲကျ သေဆုံးနေကြလေသည်။ မီးညှန့်မီးတောက်ကြီးကလည်း ဟုန်းဟုန်းထနေလေပြီ။ ဥဩသံကလည်း ဆူညံမစဲနိုင်သေး။ သေမင်းငင်သံဆွဲနေသကဲ့သို့ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါပေ၏။

လေယာဉ်တွေက တစ်ပတ်လှည့် ဝဲပျံကျဲပြီး ခပ်မြန်မြန်ပဲ ပြန်ထွက်သွား၍သာ တော်တော့၏။ ဗုံးဒဏ်ခံလိုက်ရသော အဆောက်အဦးတွေ မီးဟုန်းဟုန်းတောက်ပြီး မီးခိုးလုံးတွေ အလိပ်လိုက် ဖုံးနေကြသည်မှာ လှုံ့ဝပ်နေရာမှ မိုးမြေတို့ ထရပ်လိုက်ကြသည်။ ရုံးဟောင်းကြီးလည်းထိပြီး မီးစွဲလောင်နေလေပြီ။ အထဲမှာ ကျန်ရှိနေသော ဂျပန်စစ်သားတွေကို အရှင်လတ်လတ် မီးသင်္ဂြိုဟ်ပြီးသား ဖြစ်သွားလေပြီ။

"ငါတို့. . .ကံကောင်းသေးတယ်"

"ဘုရားသခင် ကယ်မတော်မူလိုက်တာလေ"

"ငါ့ကိုတော့ ငါတို့ ဗုဒ္ဓဘုရားရှင်က ကယ်တော်မူလိုက်တာပဲ. . .။ မင်းတို့လည်း မင်းတို့ဘုရားသခင်က ကယ်တော်မူတာဖြစ်လိမ့်မယ်. . .။ . . .လာ. . . ကေဘိုထိုင်တွေနဲ့ မီးသတ်သမားတွေ ဒီနေရာကို မကြာခင် ရောက်လာပြီး ဝိတ်ဆို့တာတွေလုပ်ရင်း မီးငြိမ်းသတ်လိမ့်မယ်၊ အဲဒီအခါကျရင် တို့ထွက်ပေါက် ထပ်ပိတ်နေတော့မှာပဲ. . .၊ အင်းညနေ



www.burmeseclassic.com

www.burmeseclassic.com



လည်း စောင်းနေပါပြီ။ တို့နေရာ. . . အမြန်ပြောင်းမယ်"

"ဘယ်လောက်ဝေးတဲ့ နေရာကိုလဲ"

ဟိုဘက် တစ်လမ်းကျော်လောက်ကိုပေါ့။ အဲဒီမှာ. . . ပုံနှိပ်စက် အဟောင်းကြီးတွေ ထားတဲ့ ရုံဟောင်းကြီးတွေရှိတယ်။ ပြီးတော့ ဆိပ်ကမ်း ကုန်ပစ္စည်းအပိုအလျှံတွေ. . . အောင်းထားတဲ့ ကုန်လှောင် ဂိုဒေါင်တွေရှိတယ်"

"ဒီထက်ဝေးအောင်. . . ရှင် မပြေးနိုင်တော့ဘူးလား"

ကော့တနေလပ်ဖ်က စုတ်ပြဲပြီး လူရုပ်မပီအောင် မဲညစ်နေသော သူမရဲ့ပုံစံကို သူမပြန်ကြည့်ရင်း စိတ်ညစ်ညူးဟန်ဖြင့် ရေရွတ်ပြောကြား လိုက်ခြင်း ဖြစ်လေသည်။ မိုးမြေက စုတ်ပြတ်နေသော သူ့ပုံစံကို သူပြန် ကြည့်ကာ ပြုံးလိုက်ပြီး. . .

"ဒီထက်ကောင်းတဲ့နေရာ ခုနေ. . . ဘယ်မှာမှ မရှိဖူးသေးဘူး မျက်နှာဖြူမလေးရဲ့"

ဟု ပြောလိုက်လေသည်။ ကော့တနေလပ်ဖ်က သေနတ်နှစ်လက် ကို ခါးထိုးပြီး ခပ်မဲ့မဲ့ ပြုံးထေ့ကာ ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်ပြလိုက် လေတော့သည်။





၅

ဂျပန်ဘုရင့်စစ်တက္ကသိုလ် ကျောင်းဆင်း ဗိုလ်မှူးကြီး ဟီဆိုရိုကူ ...ဘာတိုမှာ နယ်နယ်ရရပုဂ္ဂိုလ် မဟုတ်။ ဂျပန်ကြည်းတပ်မတော် စစ် ...ချုပ်ရာထူးရှိသူ ထိပ်တန်းအရာရှိကြီးများနှင့် ဆွေမျိုးတော်စပ်သူ ...ဦးဖြစ်ပြီး အမေရိကန်ရှိ ဟားဗတ်တက္ကသိုလ်မှာ ဘွဲ့ယူလာသူဖြစ် ...စစ်ပွဲကြီးစတင်သည်နှင့် မြန်မာပြည်စစ်မျက်နှာသို့ ရွှေ့ချယ် စေလွှတ် ...ခံရသော ထိပ်တန်းအရာရှိကြီးတစ်ဦး ဖြစ်လေသည်။

ထိုခေတ်က ဗိုလ်အဆင့်၊ ဗိုလ်ကြီးအဆင့်ကို အလံပြာရောင်တွေ ...တပ်ပြီး စီးနင်းကြလေသည်။ ဗိုလ်မှူး၊ ဗိုလ်မှူးကြီးအဆင့်ရှိသူ



www.burmeseclassic.com

www.burmeseclassic.com



များတို့ အလံ အနီရောင်၊ ဗိုလ်ချုပ်ကြီးအဆင့်ရှိသူကို အလံ အဝါရောင်တူ၍ ခွဲခြားသတ်မှတ်ကာ ဂုဏ်ပုဒ်ဖော်၍ အသရေဆောင်ကာ စီးနင်းကြလေသည်။

ဂျပန်ဗိုလ်ချုပ်ကြီး အီဆိုရိုကူယာမာတို့၏ နေအိမ်မှာ ထိုးဆိုက်ထားသောကားကြီးမှာ အလွန်တရာ လှပခန့်ညားပြီး အလံအပြာရောင်မှာ လေထဲမှာ တဖျတ်ဖျတ် လွင့်နေလေသည်။ ကားရပ်ထားသည့်တိုင်လေကောင်းလေသန့် သုတ်ဖြူးတိုက်ခတ်သော စည်းစိမ်ရှင်ရပ်ကွက်နေရာများမို့ လေအလူးမှာ အလံအပြာရောင်လည်း မြူးလွင့်နေခြင်းဖြစ်လေသည်။

မိုးမြေက စစ်အတွင်းမို့ လူသူကင်းမဲ့နေသော်လည်း လန်ဒန်အတ်ရုပ်ရှင်ရုံကြီး အနီးအနားမှ သစ်ပင်ကြီး တစ်ပင်ထက်ကို တိတ်တဆိတ်တက်ရောက်ကာ ခြံဝင်းထဲကို လေ့လာ အကဲခတ်နေမိ၏။ ည ၆ နာရီမထိုးခင်ကတည်းက ရောက်နေပြီး ကော့တနေလပ်ဖ်ကို စိတ်ချ လုံခြုံရာ ကုန်လှောင်ဂိုဒေါင်ကြီးရဲ့ ဖွဲနုအိတ်တွေကြားမှာ ထားရစ်ခဲ့လေသည်။ မိုးမြေကိုယ်၌က လမ်းပေါ်မှာ လဲကျသေဆုံးနေသော ဘိုကပြားရဲ့အလောင်းဆီမှ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ နပ်နှင့် သားရေထည် ဖေ့စကုတ်အင်္ကျီတို့ကို ချွတ်ယူခဲ့ပြီး နီးရာတိုက်ခန်းတစ်ခုကို တက်ဖွင့်ကာ





အထဲဝင် ရေချိုး မုတ်ဆိတ်ရိတ်ပြီး ခန္ဓာကိုယ်ကို သန့်စင်ပစ်လိုက်လေသည်။ ( မြို့ထဲရှိအခန်းများကို ပိုင်ရှင်များက စွန့်ပြီး ဗုံးဒဏ်လွတ်ကင်းရာနေရာဆီသို့ မိသားစုလိုက် ပြောင်းရွှေ့နေကုန်သဖြင့် အခန်းများမှာ လူမရှိချေ။) ကေဘိုထိုင်တွေ လှည့်ပတ်နေသော နေရာဒေသမို့ သူခိုးသူဝှက်တွေလည်း တက်ရောက်မွှေနှောက် မယူရဲသဖြင့် အဖိုးမတန်သော်လည်း အသုံးဝင်သောပစ္စည်းများမှာ နဂိုပကတိအတိုင်း ရှိနေကြသေး၏။ ကော့တနေလပ်ဖ်ကို ဤတိုက်ခန်းဆီ အမြန် ပြောင်းပို့ပေးလိုက်လေသည်။ ယခုမှ သူမလည်း ဤလို နေထိုင်ရသက်တောင့်သက်သာရှိသောနေရာမှာ နေရလျှင်ပြီးပြီ၊ ခေါင်းပေါ်တည့်တည့် ဗုံးသီးပြုတ်ကျလျှင်တောင် သေပျော်ပြီဆိုပြီး ရေတွေ အားရပါးရ ခပ်ချိုးနေလေတော့သည်။

မိုးမြေလည်း စိတ်ကြိုက် သန့်စင်ပြီးသွားသည်နှင့် ဘိုကပြားရဲ့ဝတ်စုံကို ဝတ်လိုက်သောအခါ ရေချိုးခန်းထဲမှ ထွက်လာသော ကော့တနေလပ်ဖ်ပင်. . .

"အိုး. . . ဘဲရီးဖြူးတီးဖူးလ်. . . ဂျန်းတဲလ်မန်း. . . ရှင်နဲ့သိပ်လိုက်ဖက်တာပဲ. . . ခဏနေပါဦး။ ကြည့်ကောင်းအောင် ကျွန်မပြင်ပေးမယ်. . .။ ရှင်ဟာ ကြေးနီရောင်သမ်းနေတဲ့ အင်္ဂလိပ်ကလေးလို



www.burmeseclassic.com

www.burmeseclassic.com



ပါပဲလား. . . ဟာဝိုင်အီကျွန်းမှာ နေရောင် ကောင်းကောင်းလှုံပြီး ပြန်ရောက်လာတဲ့၊ ကျန်းမာသန်စွမ်းတဲ့ နေလောင်အသားအရေနဲ့၊ အလွန်ကြည့်ကောင်းတဲ့. . . ယောကျ်ားတစ်ယောက်ပါပဲလား"

မိုးမြေက ဆရာသီလသီဗွိထံ တပည့်ခံစဉ်ကတည်းက အနောက်တိုင်းစာပေ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်ပုံ၊ စားသောက်တွေးခေါ်ပုံတွေကအစ အသေးစိတ် သင်ကြားဖူးခဲ့တာတွေကိုသာ သူမ သိအောင် ပြောပြလိုက်လျှင် မိုးမြေရဲ့ဆရာအပေါ် သူမ အံ့ဩမကုန်အောင် ချီးမွမ်းခန်း ဖွင့်ပါလေတော့မည်။ ဘိုတွေက လူတစ်ဖက်သားကို မြှောက်ပြောလိုလျှင် လွယ်လွယ် ချီးမွမ်းခန်းတွေ အထပ်ထပ် ဖွင့်ဆိုတတ်၏။ ဤသဘောကိုလည်း မိုးမြေ နားလည်နေသည်မို့ ညနေ ငါးနာရီခွဲ အရောက်သွားရမည့်ခရီးစဉ်အတွက် လိုအပ်တာတွေသာ အမြန်စီစဉ်နေလိုက်တော့၏။

ဆရာ့အကြောင်းနှင့်ပတ်သက်ပြီး မလိုအပ်၍ ဘာမှ ထုတ်မပြောပဲ နှုတ်ငုံနေလိုက်လေသည်။ ဆရာ့အကြောင်းကို ပြောမိပါက ရတနာခုနစ်ပါး စီခြယ်ထားသော ကြာကလပ်အကြောင်းကိုပါ ပြောရတော့မည်။ ထိုကြာကလပ်၏အံ့ဖွယ်ထဲမှာ ပြည်တန်ရတနာသိုက် မြေပုံအညွှန်းနှင့် တဘောင်စကားတွေရှိနေ၏။ ပြည်တန်ရတနာသိုက်အကြောင်းကို





သူမကတစ်ဆင့် မျက်နှာဖြူအစိုးရကသာသိလျှင် အခြေအနေပေးသည်နှင့် ရအောင်လိုက်ဖော်ယူပြီး အင်္ဂလန်ကို ဘင်သံနဲ့ ပို့ပေးကြတော့မည်။ ပတ္တမြားငမောက်ကို မလိမ့်တပတ်နဲ့ ယူငင်ပြီး ဗြိတိသျှ နေမဝင် အင်ပါယာ ပဒေရာဇ်တွေရဲ့ နန်းစဉ်ရတနာတော်ကြီးအဖြစ် အမည်ပြောင်းလဲ စာရင်းသွင်းခဲ့သည့် မျက်နှာဖြူတွေရဲ့ စဉ်းလဲမှုကို သဘောပေါက်နေ၍ ရေငုံနှုတ်ပိတ် နေလိုက်ခြင်းလည်းဖြစ်သည်။

ပြည်တန်ရတနာမြေပုံသိုက်ညွှန်းက နေနဂါးကိုဏ်းချုပ်ကြီး တစ်ကောင်ဘွားက ရရှိသွားလောက်ပေပြီ။ တစ်ကြိမ်သွားဖော်စဉ်က ကျောက်ဖျာအောက်က ပြည်တန်သိုက်ကြီးမှာ ဂမ္ဘီရအစီအမံ များစွာကြောင့်လည်းကောင်း၊ ဂါထာမန္တရား၊ ကျိန်စာများကြောင့်လည်းကောင်း၊ စက္ကာမယန္တရား ထောက်ချောက်များကြောင့်လည်းကောင်း အကြောင်းအမျိုးမျိုးနှင့် ဖွင့်မရခဲ့ဘဲ လက်အောက်ငယ်သား အတော်များများ၏ အသက်ကို စတေးလိုက်ရသည်ဟု သတင်းသဲ့သဲ့ ကြားသိခဲ့ရသည်။

ဂျပန်လေတပ်မတော်၏ အကူအညီကို ရယူပြီး ကျောက်ဖျာကြီးကို လေယာဉ်ပျံဖြင့် ဗုံးကျဲခြင်း၊ စက်သေနတ်ကြီးဖြင့် ပစ်ခွဲခြင်း၊ ဒိုင်းနမိုက်များတပ်ဆင်၍ ဖောက်ခွဲခြင်းတွေ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း ကျောက်ဖျာကြီးမှာ ဘယ်လိုဖွင့်ဖွင့် မပွင့်ခဲ့ပေ။ တဘောင်စကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်လမ်းညွှန်ကို ဖော်နိုင်မှသာလျှင် ကျောက်ဖျာကြီး အလိုလို ပွင့်သွားပေလိမ့်မည်။ မျက်စိဖြင့် မမြင်နိုင်သော၊ လူသားတွေ မစွမ်းမြောက်နိုင်သော၊ ပရလောကသား တန်ခိုးသိဒ္ဓိ ကြီးမားသူတို့ စောင့်ရှောက်ကာကွယ်နေသည့် ရတနာသိုက်ကြီးဖြစ်နေ၍ တစ်ကောင်ဘွားမှာ ဂျပန်တွေနှင့် ပူးပေါင်းလုပ်ကိုင်သည့်တိုင် မအောင်မြင်နိုင်ခဲ့သေးပေ။

ယခုအခါမှလည်း ဂျပန်ဗိုလ်မှူးကြီးနှင့်တွေ့ပြီး ရတနာသိုက်ကို ဖွင့်ဖို့ ဘာတွေ ကြံစည်ကြလိမ့်ဦးမည် မသိ။ မိုးမြေ၏ အဓိကတာဝန်မှာ တစ်ကောင်ဘွားကို သတ်ဖို့နှင့် ရတနာကလပ်ကို ပြန်လည်ရယူဖို့ပဲဖြစ်သည်။ ထိုရတနာကြာကလပ်၏ အသုံးဝင်ပုံမှာ အဘဘိုးမင်းခေါင်အရှင်သည် ၁၂၉၀ပြည့်နှစ်မှ ၁၃၀၀ပြည့်နှစ်အထိ ပါရမီဖြည့်ရန် ကျင့်စဉ်များကို ဆယ်နှစ်တိတိ နမ္မဒါချောင်း၌ နေထိုင်ခဲ့လေသည်။ ထိုစဉ်မှာ သိုက်တဘောင်စကား ပေါ်ထွက်လာလေသည်။

၁။ သက္ကရာဇ် တွက်စစ်ကာ၊ အကုန်မပြချင်ဘု

၂။ သုညငယ် နှစ်လီကျော်တော့. . .

၃။ ပြည်တော်ကို ကလော်မယ့်ကိန်းဟာက. . . ဆိုသော တဘောင်အရ ဘိုးတော်အောင်မင်းခေါင်သည် ပြည်သူလူထုအတွက် ယတြာ ခါတ်ပန္နက် ရိုက်နှက်ရန် နမ္မဒါချောင်းမှ ကြွမြန်းတော်မူခဲ့





လေသည်။

ထိုသိုက်တဘောင်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ သုညနှစ်လုံးပေါ်သည့်နှစ်၏ နောက်ဆက်တွဲနှစ်များတွင် သတ္တဝါလူထုအပေါင်းအပေါ် ဘေးဒုက္ခ ကျရောက်တတ်ခြင်း၊ ပြည်တွင်းရေး ဆူပူသောင်းကျန်းတတ်ခြင်း စသည့်ဒုက္ခမျာ ကျရောက်တတ်သည့်အဓိပ္ပာယ်ဖြစ်သည်။

၁၃၀၀ ပြည့်နှစ်မှာ သုညနှစ်လုံး အဆုံးရှိသောနှစ်ဖြစ်ပြီး ၁၃၀၁ မှ ၁၃၁၃ အထိ သုညနှစ်လုံးလွန်သော နှစ်များဖြစ်လေသည်။ ထိုနှစ်များတွင် တိုင်းပြည်ကို ကလော်မည့်ကိန်းတွေ ဆိုက်နေခဲ့ရာ. . .

၁၃၀၁ ခုကစ၍ နောင်ဆယ့်လေးနှစ်အတွင်း မြန်မာပြည် စစ်ကြီးဖြစ်၍ ဝဋ်နေယျလူထုများ သေကြေပျက်စီးခဲ့ကြရလေသည်။ ဆရာသီလသိဒ္ဓိမှာ အဘရဲ့တပည့် လက်သားများစွာထဲမှ အဘကို ကြည်ညိုလေးစားသော တပည့်တစ်ဦး ဖြစ်လေသည်။ အဘက မေတ္တာဖြင့် ကူညီခြင်းကို လုပ်ဆောင်နိုင်သော်လည်း ဆရာသီလသိဒ္ဓိက တပည့်လက်ရုံးနှစ်ယောက်အားကိုယူပြီး မကောင်းသူတွေအပေါ် နေလိုမီးလိုကျင့်၍ ကောင်းသူတွေအပေါ် ရေလိုလလို ကျင့်ကြံ ကယ်ဆယ်ခိုင်းခဲ့လေသည်။

မုန့်လုံးစက္ကူကပ်၊ ကြာကလပ်မှာ ဆွမ်းတော်တင်၊ ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့ပြေး၊ ဂျာအေး ဆိုသောတဘောင်စကား



www.burmeseclassic.com

www.burmeseclassic.com



အရ အဘဘိုးမင်းခေါင်က ပုပ္ပါးတောင်ကလပ်ပေါ်မှာ (ကမ္ဘာလုံး) စေတီတော်ကလေးကို တည်ထားတော်မူခဲ့လေသည်။

ထိုတဘောင်စကားအရ အနက်အဓိပ္ပာယ် ဖော်ရမည်ဆိုလျှင် (ကြာကလပ်)ဆိုသည်မှာ ပုပ္ပါးတောင်မြတ် တောင်ကလပ်ကို ဆိုလိုပါသည်။

(ဆွမ်းတော်တင်)ဆိုသည်မှာ ယတြာ ဓာတ်ပန္နက်အရ ကပ်ဆိုးကြီးကို ကျော်နိုင်ရန် တောင်ကလပ်တွင် ကမ္ဘာစေတီ၊ ကမ္ဘာလုံးစေတီများ တည်ထားပြီး လူအများက ကိုးကွယ်ဆည်းကပ်ရန် ဖြစ်ပါသည်။ မုန့်လုံးစက္ကူကပ်ဆိုသည်မှာ ပကတိမုန့်လုံးဟု ယူဆလိုက ယူဆနိုင်ပါသည်။

ပုပ္ပါးတောင်မြတ်၊ တောင်ကလပ်ပေါ်မှ ကမ္ဘာ၊ ကမ္ဘာလုံးစေတီတော်လေးများမှာ မုန့်လုံးစက္ကူကပ်ပြီး ကြာကလပ်နှင့် ဆွမ်းတော်တင်ပါက (ပလ္လင်ပေါ်က မျောက်ကလေး၊ ဆင်းတယ်လို့ပြေး) ဟူသောတဘောင်အရ မျောက်ကလေးဟု တင်စားထားသော အင်္ဂလိပ်အစိုးရမှာ ပလ္လင်ဟူသော မြန်မာ့ရေမြေ့သနင်းပေါ်မှ ဆုတ်ခွာထွက်ပြေးရတိန်း ဆိုက်မည်ဖြစ်ပါသည်။

မြန်မာတို့ ထီးကျိုး စည်ပေါက်၊ မြန်မာ့ပလ္လင် ကွယ်ပျောက်ခဲ့ပြီး





နောက် ပလ္လင်ပေါ်မှာ အင်္ဂလိပ်မျောက်ဖြူတွေ တက်ထိုင် စိုးစံခဲ့လေသည်။ ထို မျောက်ဖြူတွေ သက္ကရာဇ် ၁၃၀၄ ခုနှစ်တွင် ကမ္ဘာစစ်ဖြစ်ပွားသောအခါ မြန်မာ့ပလ္လင်ပေါ်မှ ပထမအကြိမ် ခုန်ဆင်းထွက်ပြေးခဲ့ထိန်း ဆိုက်လေတော့မည်။

ထိုတဘောင်စကားအရ မြန်မာပြည်လွတ်လပ်ရေး ရရှိအောင်ကြိုးပမ်းမည့် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်း လူထုအပေါင်းတို့ သောင်းသောင်းဖျဖျ ပေါ်ထွန်းလာကြစေရန်အတွက် ယတြာ ဓာတ်ပန္နက်ရိုက်နှက်ရန်အလို့ငှာ ရတနာခုနစ်ပါး စီခြယ်ထားသော ကြာကလပ်နှင့် မုန့်လုံးဆွမ်းကို တင်ကာ ကမ္ဘာလုံးစေတီတော်တစ်ဆူမှာ ပူဇော်ရပေလိမ့်မည်။ ထိုသို့ပူဇော်ခြင်းရဲ့ အနက်အဓိပ္ပာယ်မှာလည်း. . .

မုန့်လုံးစက္ကူကပ် ဆိုသောစကားမှာ မုန့်လုံးထဲ လျှို့ဝှက်ထားသော ပြည်တန်ရတနာသိုက်ညွှန်းကို စက္ကူဟုခေါ်ဆိုပြီး မုန့်လုံးမှာ ကပ်နေသောအညွှန်းကို ဖော်၊ ရရှိလာသော စည်းစိမ်ရတနာများကို ထုခွဲရောင်းချပြီး ဘာသာရေးနှင့် လွတ်လပ်ရေးတိုက်ပွဲများမှာ အကျိုးရှိစွာ အသုံးချနိုင်စေရန်အတွက် ဤတဘောင်စကားနှင့်အတူ ရတနာခုနစ်ပါး စီခြယ်ထားသည့် ကြာကလပ်အတွင်းမှ ပြည်တန်ရတနာသိုက်ညွှန်း



www.burmeseclassic.com

www.burmeseclassic.com



(ထိုအညွှန်းထဲမှာမှ သိုက်ကျောက်ဖျာကြီးဖွင့်သည့် လျှို့ဝှက်အညွှန်းငယ်ကို မုန့်လုံးထဲ ထည့်မြှုပ်သလို လျှို့ဝှက်ထားသေး၏။) ကိုလျှို့ဝှက် မြှုပ်နှံထားရှိပေးခဲ့လေသည်။ ဂမ္ဘီရနည်းဆန်ဆန် ဆန်းဆန်းကြယ်ကြယ် ထားရစ်ခဲ့သည်မှာ ယင်းအမွေအနှစ်တွေကို နေနဂါးဂိုဏ်းက နေညွန့်စားကျင့်စဉ်အောင်မြင်ထားသည့် တစ်ကောင်ဘွားလို အမှောင်ဒုစရိုက်ဂိုဏ်းသားတွေ လက်ထဲကို ရောက်ရှိသွားလျှင် ကြမ္မာရိုင်းနှင့် မုန်တိုင်းနှင့်ဆိုသလို ဖြစ်သွားနိုင်လေသည်။ ပြည်တန်ရတနာသိုက်တွေကို ဖက်ဆစ်ဂျပန်တွေနှင့် ခွဲဝေယူဖို့ ကြံစည်ရသည့် တစ်ကောင်ဘွားအကြံမှာ ငါဖို့မှန်လျှင် ဘနဖူးလည်း ဆယ်ခါပြန် သိုက်တူးရသည့် လူမိုက်၊ လူ့မိစ္ဆာဆန်လွန်းသည့် ရိုင်းမိုက်သည့်အကြံဆိုးသာ ဖြစ်လေသည်။

ရတနာခုနစ်ပါး စီခြယ်ထားသော ကြာကလပ်ကို ရအောင်ယူပြီးလျှင် ပုပ္ပါးတောင်ကလပ်သို့ ရောက်အောင်သွားပြီး ဆရာသီလသိဒ္ဓိမှာကြားသလို ယတြာ ဓာတ်ပန္နက်ရိုက်သည့်သဘောဖြင့် ကြာကလပ်နှင့်မုန့်လုံးဆွမ်းကို သွားရောက်တင်လှူ ပူဇော်ရပေမည်။ ပြီးလျှင် ရတနာကြာကလပ်အတွင်းမှ သိုက်ညွှန်းနှင့် ကျောက်ဖျာဖွင့်သည့် လျှို့ဝှက်တဘောင်အညွှန်းကိုယူပြီး မြန်မာ့ကာကွယ်ရေးတပ်မတော်သို့ တိတ်တဆိတ် ဆက်သွယ် တွေ့ဆုံ၍ အခါအခွင့်သင့်က ရတနာသိုက်ဖော်ကာ





တစ်ဝက်ကို ဘာသာ၊ သာသနာအတွက် ထားရှိသိမ်းဆည်းပြီး ကျန်တစ်ဝက်ကို လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရာတွင် လိုအပ်သောယမ်းမီးကျောက်၊ ရိက္ခာတွေ ဖြည့်တင်းဝယ်ယူရာမှာ သုံးစွဲရပေမည်။ တိုင်းတစ်ပါးသား အကူအညီကို မယူ။ ကိုယ့်နိုင်ငံအတွင်း ရှိသမျှအင်အားနှင့် တွန်းလှန်ကာကွယ်နိုင်ရမည်ဟု ဆရာသီလသိဒ္ဓိက ယုံကြည်ခဲ့လေသည်။ မိုးမြေကိုယ်၌လည်း ယုံကြည်နေလေသည်။

အင်္ဂလိပ်ကိုတိုက်ဖို့ ဂျပန်ကို ခေါ်လာတော့ ဂျပန်က ပြန်မသွား။ ဂျပန်ကို ပြန်တိုက်ဖို့ အင်္ဂလိပ်ကို ခေါ်ပြန်တော့ အင်္ဂလိပ်က ပြန်မသွားဘွ ဖြစ်လာဦးမည်။ အင်္ဂလိပ်ကို တိုက်ဖို့ ပြင်သစ်ကိုပဲ အကူအညီ...ာင်းတောင်း၊ မျော်တူဂီကိုပဲ ခေါ်ခေါ်၊ စပိန်ကိုပဲ ကူခိုင်းကူခိုင်း။ ဒီလို ပလ္လင် ဖင်ကပ်တာနှင့် အမြင်ကပ်အောင် ရမ်းကားတာမျိုးတွေ ထိုးရမှာ လန့်နေ၏။ တိုင်းတစ်ပါးသားတွေက သူတို့အတွက် အကျိုးရှိ အကူအညီပေးကြမှာပင်။ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးက ...ထက်ဆိုးတာတွေ ထပ်အဖြစ်မခံလိုတော့။ သို့ဖြစ်၍ အခြေအနေအရ ...င်ကြည့် ကတတ်ခြင်းသည်သာ လောကနိယာမတွေနှင့် လိုက်လျော ညီလှပေသည်မှာလည်း အမှန်။

ခေတ်ကာလ အခြေအနေအရ မြေစမ်းခရမ်းပျိုးနေဖို့ မလိုအပ်



www.burmeseclassic.com

www.burmeseclassic.com



တော့။ အမေရိကန်သမ္မတ ရှစ်ဝဲ၏ကြေငြာချက်မှာ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးရေး ဟူသောစကားရပ် ပါဝင်နေလေပြီ။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး ဖို့ မုဆိုးစိုင်သင်နည်းနှင့် တိုက်ရမည်ဆိုလျှင်တောင် တိုက်တိုင်းနိုင်ချ သည်က မိုးမြေရဲ့ အပြင်းထန်ဆုံးဆန္ဒ။

လောလောဆယ် ရတနာခုနစ်ပါး စီခြယ်ထားသော ကြာကလ ကို လူယုတ်မာတွေ လက်ထဲမှ ပြန်လည်ရယူဖို့ကိုသာ အာရုံစူးစိုက် တော့မည်။

သူတို့ လာကြလေပြီ။ တောက်ပြောင်ထည်ဝါသော အနက်ရော ကားသုံးစင်းက ဂျပန်ဗိုလ်ချုပ်ကြီးရဲ့အိမ်တော်ဝင်းထဲသို့ ချိုးကွေ့ ရောက်သွားကုန်ကြလေပြီ။ သေချာအောင် လက်နှစ်ဖက်ကို ကွင် မှန်ပြောင်းပုံစံနှင့် လှမ်းကြည့်လိုက်သောအခါ မြင်ကွင်းကျဉ်းကျဉ်းထဲ ကားပေါ်က ဆင်းလာသော တစ်ကောင်ဘွားရဲ့ရုပ်ပုံ ပေါ်လာလေသည် တပ်ဗိုလ်ဝတ်စုံနှင့် ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးရေးရေး ထားရှိသော ရဲ့ပုံစံက ယခင်ကထက် အဆပေါင်းများစွာ သားနားသပ်ရပ် ခန့် နေလေသည်။

ယခင်က တောတောင်ထဲမှာ လေ့ကျင့်နေရ၍ လူလုံးပြ၍ နိုင်ခဲ့။ တောတောင်ထဲမှာ အတူနေခဲ့ရစဉ်ကတည်းက တစ်ကောင်ဘွား





ပြောဆိုနေသည့်စကားထဲမှာ ရည်ရွယ်ချက်ကြီးမားပြီး လူအများရဲ့အပေါ် ထိုင်ကာ အများမော်ကြည့်တာ ခံချင်တယ်ဆိုတာမျိုးတွေ ပါဝင်ခဲ့တာ မိုးမြေ သတိထားမိခဲ့ဖို့ ကောင်း၏။ ထိုစဉ်က စကားဆိုတာ လေထဲ ရောက်လျှင် ပျောက်သွားတာပဲဟု မိုးမြေ ထင်မှတ်မှားခဲ့၏။ တစ်ကောင် သို လူမျိုးကျတော့ လေထဲရောက်သည့် စကားနောက်ကို လက်တွေ့ ဆောင်မှုများဖြင့် လိုက်လံ ဆောက်တည်လိုက်သောအခါ သူဖြစ်ချင် အတွက် အခြားသော မဖြစ်သင့်ရာတွေကို တွန်းတိုက်လဲပြိုစေခဲ့ပြီး၊ သူ့အလဲ တလူလူ လွှင့်ထူနိုင်သူကြီး ဖြစ်လို့သွားတာ ယခုလို ထင်ထင် တွေ့မြင်နေရလေပြီ။

မိုးမြေအနေနှင့် အတွေးတွေ ကြာရှည်လွင့်နေလို့ မသင့်။ ပြက်အတွင်းမှာပင် စွန့်စားမှုလုပ်ရပ်တွေကို စတင်လိုက်ရလေ သည်။



www.burmeseclassic.com

## [၆]

ဘုတ်စည်းမိုး ဝင်းထရံ အမြင့်ကြီး ခတ်ထားသော အိမ်ကြီးထဲသို့ ကျော်ဝင်ရသည်မှာ မလွယ်ကူလှ။ အိမ်ရှေ့မှာ ဂျပန်တပ်သားတွေ ကြပ်နေကြပြီး အိမ်ပတ်လည်ကို ဂျပန်စစ်သား ခြောက်ယောက် ကင်းပတ်တတ်၏။

အမှောင်ထုကို အားပြုပြီး ခိုကပ်နေရသော်လည်း လက်နှိပ်ဓာတ်မီးရောင်မှာ ဘွား ခနဲတွေ့မြင်သွားတာမျိုး မဖြစ်ဖို့ မီးရောင် မလာနိုင်သည့် နံရံအပေါ်ဘက်မှာ တောက်တဲ့တစ်ကောင်လို ခိုကပ်နေလိုက်ရသည်။ လွယ်အိတ် မယူခဲ့သည်မှာ သွားလာလှုပ်ရှားရ အဆင်ပြေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညဘက် လေကြောင်းရန်အန္တရာယ်ရှိသည်မို့ အိမ်ကြီးအဖြ
ဘက်ကို အလင်းဖျောမီးအချို့သာ ထွန်းထားပြီး အတွင်းမီးရောင်မျာ
တို့ လိုက်ကာ၊ ခန်းဆီးကြီးများဖြင့် ဖုံးကွယ်ထားလေသည်။ အိမ်ပိုင်
မီးစက်ကို မြေအောက်ခန်းထဲမှ မောင်းပေးပြီး အိမ်အတွင်းခန်းထဲမှ
ပန်ကာတွေနှင့် လေမှုတ်လွှတ်ပေးထားလေသည်။

မိုးမြေတစ်ယောက် ခြံစည်းရိုး အုတ်ခဲတွေကို လက်နှင့် ကုတ်တွ
ပြီး အပေါ်ရောက်အောင် တက်လာနိုင်ခဲ့လေသည်။ လက်ချောင်းကလေ
များကို အားရှိအောင် မလေ့ကျင့်ထားနိုင်လျှင်ဖြစ်စေ၊ အုတ်နံရံ
အင်္ဂတေကိုင်ထား၍ ပြောင်ချောနေလျှင်ဖြစ်စေ၊ တစ်ခုခု ဖြစ်နေပါ
မိုးမြေ ခြံစည်းရိုးကို ကျော်နိုင်မည်မဟုတ်။ အခြားနည်းတစ်နည်းကိုသ
စဉ်းစား အသုံးပြုရပေလိမ့်မည်။

အုတ်စည်းရိုးအပေါ်မှ အသာခုန်ချလိုက်စဉ် ခြေဖဝါးကို အ
ထည့်ပြီး ကြောင်ကျ,ကျစေလိုက်နိုင်၏။ အိမ်ကြီးဆီ အသာချဉ်းကပ်
ကိုယ်ခန္ဓာကို ဖော့၍ ရေပိုက်အတိုင်း တွယ်ကပ် တက်လိုက်လေသည်
ကိုယ်ဖော့စွမ်းရည်သာ မရှိဘဲ ခိုတက်မိပါက ပိုက်ပြုတ်ကျပြီး ဒုက္ခလှ
တွေ့သွားနိုင်လေသည်။

နှစ်ထပ်သစ်သားအိမ်ကြီးမို့ အပေါ်ထပ်ပြတင်းက ဝင်လို့မ





ထိတိုင်တွေ တပ်ဆင်ထားသောကြောင့် မျက်နှာကြက်ရောက်အောင်
တက်တက်ခဲ့ပြီး အုတ်ကြွပ်အမိုးပြားတွေပေါ် အသာတက်ကာ ကြောင်
လျှောက် လျှောက်လာလိုက်သည်။ အောက်ထပ်မှ ရယ်မော စကားပြော
သံ၊ ဖျပ်စောင်း တီးခတ်သံ၊ ဂျပန်မလေးတစ်ယောက်ရဲ့ ဂျပန်သီချင်း
သီဆိုသံတွေ ကြားလိုက်ရလေသည်။ အုတ်ကြွပ်အပြားတွေကို လူတစ်
ကိုယ်ဝင်သာရုံ အသာလှပ်ပြီး အောက်ဖက် မျက်နှာကြက်အမိုးအတွင်း
ဝင်းနေလိုက်သည်။

အိမ်အပေါ်ထပ်မှာ ဂျပန်းရိုးရာ ကပွဲခင်းပြီး ပျော်ပါးစားသောက်
နေကြဟန်တူ၏။ အောက်ထပ်မှာ ကင်းပတ်နေသော ဂျပန်စစ်ဗိုနပ်သံ
တွေကိုလည်း စည်းချက်မှန်မှန် ကြားနေရသေး၏။

မျက်နှာကျက်မှာ ဗိုးယိုပေါက် ဖြစ်နေသောကြောင့် မိုးမြေ
တွက် သွားလာရတာ ကံကောင်း လွယ်ကူသွား၏။ အမာထည်သစ်
န်းတွေအတိုင်း မြွေတစ်ကောင်လို လျှောထိုး သွားလာနေရသည်။
ယ်ဖော့စွမ်းရည်ကို မကြာခဏ အသုံးပြုရသည့်အပြင် ပူအိုက် လှောင်
ပ်နေ၍ ချွေးစက်ပေါက်တွေ မိုးရေချိုးထားသလို ရွှဲနစ် စိုကုန်လေသည်။
ပ်မှုန့်တွေက အသက်ရှူလမ်းကြောင်း ပိတ်မတတ် မွန်းကျပ်လွန်းလှ
ခိုင့ှက်တွေ တကူကူနှင့် ညည်းသံတွေကိုလည်း ကြားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကပွဲ အသံလာရာဆီ လျှောထိုးသွားလာစဉ်ကပင် မိုးမြေရော
နေရာ အောက်တည့်တည့်အခန်းမှ...

"ဘိရုမာ... နီပွန်... ဘန်ဇိုင်း"

"ကမ်းပေ့... နီပွန်... ဘိရုမာ... ဘန်ဇိုင်း"

ဆိုသော ချစ်ကြည်ရေး မိတ်ဖွဲ့ကြွေးကြော်သံ နှစ်သံကြားရ
မျက်နှာကြက် အင်္ဂတေသားကို လက်ညှိုးလေးနှင့် အသာဖောက်ကြည့်
ခဲ့လေသည်။

ဖောက်ချလိုက်သော အင်္ဂတေသား အနည်းငယ်ကွာကျသွား
ကို အောက်မှာရှိသော အခန်းထဲကလူတွေ သတိမပြုလိုက်မိကြ။ အတွ
ခန်း ဆိုဖာဆက်တီပေါ်မှာ ကီမိုနိုဝတ်စုံ ဝတ်ထားသော ဂျပန်မတ
ယောက်နှင့် ဖက်ပွေ့ထိုင်နေသည့် တစ်ကောင်ဘွားရဲ့ ခေါင်းကို အပေါ်
မှ လှမ်းမြင်နေရလေသည်။

ဂျပန်စစ်ဗိုလ်ချုပ်ကြီးအီဆိုရိုကူယာမာတို့မှာ အသက်လေးဆ
ဝန်းကျင်ခန့်ရှိ၏။ ဆံပင်ပေါက်စပြုနေသော ကတုံးတိုနှင့် ဂျပန်ဆာမူရိုင်း
ဓားသမားဝတ်စုံကို ဝတ်ဆင်ထားပြီး သစ်သားခုံဖိနပ်ကို စီးထား
သည်။ မျက်နှာမှာ ကြက်ဥပုံလို သွယ်ပြီး၊ ထူထဲသောမျက်ခုံး၊ စင်းသော
နှာတံ၊ ပိရိသောနှုတ်ခမ်းတွေနှင့် ပြက်သားရဲရင့်မည့်အသွင် ပေါ်လွ





နေလေသည်။ အထူးသဖြင့် အလင်းရောင်ထဲမှာပင် တစ်လက်လက် တောက်ပနေသော သူ၏မျက်လုံးများက ဆာမူရိုင်းဓားသမားတို့ရဲ့ ဖျတ်လတ်ပါးနပ်မှုအသွင်ကို ဖော်ညွှန်း ပြသနေသလိုပင်။

မိုးမြေအနေနှင့် အကြိမ်ကြိမ် ကံမကောင်းနိုင်။ အင်္ဂတေစ ပဲ့ကျသွားတာကို ကိုယ်လုံးပညာရှင်ကြီးနှစ်ယောက် စကားပြောနေ၍ မသိလိုက်ကြသော်လည်း သူတို့ စူးစိုက်လိုက်လျှင် မိုးမြေ အနည်းငယ် လှုပ်ရှားလိုက်တာနှင့် သူတို့ရိပ်မိသွားမှာ ကြိမ်းသေ၏။ ထို့ကြောင့် မိုးမြေက အသက်ရှူကြပ်နေတာကအစ ဆင်ခြင်လိုက်ပြီး အောက်ကို စူးစိုက်ကြည့်နေလိုက်သည်။

သူတို့ ဂျပန်လို ပြောဆိုနေကြခြင်းဖြစ်သည်။ တစ်ကောင်ဘွားက ရတနာခုနစ်ပါး စီခြယ်ထားသည့် ကြာကလပ်ကို ဂျပန်အစိုးရသို့ ငွေကြေးအမြောက်အများဖြင့် ရောင်းချလိုကြောင်း ပြောနေခြင်းဖြစ်သည်။ ဂျပန်ဗိုလ်မှူးကြီးက ဂျပန်အစိုးရအနေနှင့် အိန္ဒိယစစ်မျက်နှာအတွက် အာရုံစူးစိုက်နေရကြောင်း၊ စစ်ထောက်ပို့ရေးလမ်းကြောင်းအတွက် ယိုးဒယားနဲ့ မြန်မာပြည် ဆက်သွယ်မည့် ရထားလမ်း ယခုအခါ (သေမင်းတမန် ရထားလမ်း) ဖောက်လုပ်စရိတ်တွေ သုံးစွဲဖို့ ပြင်ဆင်နေရကြောင်း သို့တိုင်... ဂျပန်ဘုရင့်ထံ အကြောင်းကြားပြီး တစ်ကောင်ဘွားရဲ့ သ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လုပ်ဆောင်ပေးလိုကြောင်းတွေ ပြန်ပြောနေ၏။

ပြည်တန်ရတနာသိုက်ကြီးကို ဆက်ဖော်ဖို့အရေးတွေ ဆွေးနွေးနေကြရာမှ တစ်ကောင်ဘွားက လက်လျှော့ချင်နေပုံရသည်။ အမျိုးမျိုး ဖော်ထုတ်ခဲ့ပြီးပြီမို့ မရနိုင်တော့သောအရာအဖြစ် သတ်မှတ်ချင်နေပုံရသည်။ ထို့ကြောင့် ရတနာခုနစ်ပါး စီခြယ်ထားသည့် ကြာကလပ်ကိုသာ အကဲခတ်ပြီး တန်ဖိုးဖြတ်ကြည့်ဖို့ပြောရင်း. . .

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

အနောက်ဘက်အနားမှ ယွန်းကွန်အစ်ထက်ကြီးသော ယွန်းအစ်ဘူးကြီးကို ကိုင်ထားသည့် တပည့်တစ်ယောက်ကို အနားခေါ်ပြီး ယွန်းဘူးကြီးကို ဖွင့်ပြစေ၏။ ယွန်းအစ်ကြီးကို ဖွင့်ပြလိုက်သောအခါ မိုးမြေ ပညာသင်စဉ်က ဆရာထုတ်ပြဖူး၍ တွေ့ဖူးထားသော ရတနာခုနစ်ပါး ဖတ်လည်စီခြယ်ထားသော လက်ရာမွန် ကြာတလပ်ကို လှပမြတ်နိုးဖွယ်ရာ လှမ်းတွေ့လိုက်ရလေသည်။ ဤပစ္စည်းနောက်ကို နှစ်တွေ၊ လတွေ ကြာရှည်အောင် လိုက်ခဲ့ရသူဖြစ်၍ တွေ့တာနှင့် အတင်းဝင်တိုက်ခိုက်ပြီး ယူပစ်လိုက်ချင်၏။

အများနှင့်တစ်ယောက် ဖြစ်နေသောကြောင့် စိတ်ကို အသာလျှော့ချရင်း ပြန်ထွက်သည့်အခါ အသုံးပြုနိုင်မည့် ပြေးလမ်း အကွက်အကွင်း





တွေကို ချိတ်ဆက် စဉ်းစားကြည့်နေမိသည်။

ရတနာခုနစ်ပါး စီခြယ်ထားသော ကြာကလပ်ကို ဂျပန်ဗိုလ်မှူးကြီးက မမှိတ်မသုန် စိုက်ကြည့်ပြီး ပွတ်သပ်ကိုင်တွယ် ကြည့်နေလေသည်။ စားပွဲပေါ်မှ မှန်ဘီလူးဖြင့် အနီးကပ်ကြည့်ကာ စစ်ဆေးလေ့လာနေ၏။

"သိပ်ကို လက်ရာမြောက်ပြီး. . . သိပ်ကို တန်ဖိုးရှိတဲ့ပစ္စည်းပဲ။ ရောရောရှိ အရိဂတ်တော၊ တစ်သက်မှာတစ်ခါ မြင်ရခဲတဲ့ ဒီလိုပစ္စည်းအဆန်းကို ကျုပ်ရဲ့တူမက သိပ်ကို စိတ်ဝင်စားပါလိမ့်မယ်။ သူက ကျို့တိုသတင်းဌာနအတွက် စစ်သတင်းတွေ လာယူနေတဲ့ ယုမီကိုပေါ့။ လွန်ခဲ့တဲ့ သုံးရက်လောက်က ဒီကိုရောက်လာတာလေ. . .။ သူ့ကို ကျုပ်ရဲ့လက်ထောက်ဗိုလ်ကြီးတိုမိုယက စောင့်ရှောက် ကူညီပေးနေတယ်. . .။ သူတို့ကို ခေါ်ပြရလိမ့်မယ်"

တစ်ကောင်ဘွားက ဂျပန်မလေးနှင့် ကျီစယ်ဆော့မြူးရင်း ခေါင်းညိတ် သဘောတူလိုက်သောအခါ ဗိုလ်မှူးကြီးက သူ၏အနီးမှ ကီမိုနိုဝတ်ဂျပန်မလေးကို. . .

"ခရောကို. . . တိုမိုယနဲ့ ယုမီကို့,ကို အလွန်ထူးဆန်းလှပတဲ့ ပစ္စည်းတစ်ခုကို ပြချင်လို့ သွားခေါ်လိုက်။ သူတို့ ကပွဲခန်းမမှာ ရှိတယ်"

ဂျပန်မလေးက 'ဟိုက်'ဟုဆိုကာ ခါးကိုင်းဦးညွှတ် နှုတ်ဆက်ကာ



www.burmeseclassic.com

www.burmeseclassic.com



စတ္တူလျှော့ထိုးတံခါးကို ဆွဲဖွင့်ပြီး အပြင်ကို ထွက်သွားလေသည်။ ဤအိမ်ကြီး၏ အတွင်းပိုင်းကို ဂျပန်အိမ်များသဖွယ် ပြန်လည် မွမ်းမံ ပြင်ဆင်ထားလေသည်။

မိုးမြေအနေနှင့် စဉ်းစားရကျပ်နေစဉ်မှာပင် ကီမိုနိုဝတ်စုံဝတ်ထားသည့် ဝင်းဖန့်ဝါရွှေသော အသားအရေနှင့် လှပချောမောသော ဂျပန်မလေးတစ်ယောက် အခန်းထဲကိုဝင်လာ၏။ နောက်ထပ်လျှော့ထိုးတံခါးပေါက်ကို ဆွဲဖွင့်ဝင်လာပြီး ပြန်ပိတ်လိုက်သူမှာ ခုမှနပ်စီးထားပြီး လက်အိုးကျယ်သော ဂျပန်အမျိုးသားဝတ်စုံကို ဝတ်ထားသည့်လူငယ်တစ်ယောက်ဖြစ်နေ၏။ ဘိုကေဆံတောက်သာသာဆံပင်နှင့် ဖြေဖြစ်ခန့်တည်သော ရုပ်ရည်ရှိသူဖြစ်ပြီး ခါးညွတ်ဦးနှိမ့် အရိုအသေပေးနေလေသည်။ ဂျပန်မလေးကလည်း အရိုအသေပေးနေ၏။ ဗိုလ်မှူးကြီးက ဝင်လာသူနှစ်ယောက်ကို လက်ဆန့်တန်းကာ တစ်ကောင်ဘွားနှင့် မိတ်ဆက်ပေးနေစဉ် မိုးမြခေါင်းထဲ အကြံလက်ခနဲပေါ်လာပြီး ထိုအကြံအစည်ကို မှုဆိုင်းမတွ အကောင်အထည်ဖော်ချလိုက်၏။

"ခွမ်း"

"ဝုန်း"

"ဒုတ်"





"အင့်"

"ခွပ်"

"အား"

မျက်နှာကြက်ကို ခုန်ဖောက်ပြီး အောက်ရောက်သည်နှင့် ကြောင်လို ကျောဆန့်ကာ အနီးရှိ နေနဂါးဂိုဏ်းသားရဲ့ရင်ညွန့်ကို ကန်ချက်ပြင်းပြင်းနှင့် ဆောင့်ကန်လိုက်၏။ ကျောပေးထိုင်နေရာမှ လျှင်မြန်ဖြတ်လတ်စွာ ခုန်ထလာသော တစ်ကောင်ဘွားရဲ့ပါးချိတ်ကို မိမိရရ ထိုးပစ်လိုက်၏။ တစ်ကောင်ဘွား လည်ထွက်ပြီး ဆိုဖာပေါ် ပက်လက်လဲကျသွားစဉ် ကြောင်ကြည့်နေမိသော ဂျပန်ဗိုလ်မှူးကြီးက. . .

"ခူးရခါး. . . ဘီရှမ. . . ဂါတ်ကေးရိုး"

အနီးရှိ အံဆွဲထဲမှ လက်နက်ငယ်ကို ဆွဲထုတ်နေစဉ်၊ ဂျပန်လူငယ်က. . .

"ဟိုက်ယား"

မာန်သွင်းထားသော အော်သံနှင့် ပြေးဝင်ထိုးကြိတ်၏။ ကာရာတေးတိုက်ကွက်ရဲ့ ပြင်းထန်သော လက်သီးချက်တွေကို မိုးမြေ ပွတ်တသိကာ ရှောင်တိမ်းရင်း ဂျပန်လူငယ်ရဲ့ ဝမ်းဗိုက်ကို နောက်ပြန်ကန်ချက်ဖြင့် ကန်ထုတ်ပစ်လိုက်ရာ ဂျပန်လူငယ်မှာ နောက်ကိုလန်ပြီး လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကြောင်ပြီး လန့်ဖျတ်တုန်လှုပ်စွာ ကြည့်နေသော ဂျပန်မလေးကို မိုးမြေက နောက်ကနေ သိုင်းဖက်လိုက်ပြီး ဂျပန်မလေးရဲ့ လည်မျိုကို ပေါက်ဓားချွန်နှင့် တေ့ထောက်ထားလိုက်လေသည်။

တစ်ကောင်ဘွားက ပြန်ထလာပြီး အိတ်ထဲက သေနတ်ကို ဆွဲထုတ်ကာ လှမ်းချိန်လိုက်လေသည်။

"မိုးမြေ. . . မိုးမြေ. . . ငါက မင်းကို မသတ်ချင်လို့ အလျှော့ပေးနေတာကို မင်းက. . . အကောင်း အောက်မေ့နေတယ်။ ဒီအထိ ရောက်အောင် ငါ့ကို လိုက်ဒုက္ခပေးနေတဲ့အကောင်. . . မင်းကို ဒီတစ်ခါ သတ်ကိုသတ်ပြမယ်"

"မင်း ပစ်ရဲရင် ပစ်လိုက် တစ်ကောင်ဘွား. . .။ ဒီဂျပန်မလေး အရင်သေပြီးမှ ငါ အသေခံမယ်။ မင်းတို့မာစတာကြီးက. . . သူ့တူမကို အသေခံနိုင်းမလားဆိုတာ မေးလိုက်ပါဦး. . ."

ဗိုလ်မှူးကြီးက မြန်မာစကားကို သင်ယူထား၍ နားလည်နေသည်မို့. . .

"တစ်ကောင်ဘွားစံ. . . ကျုပ်တူမ ဓားစာခံဖြစ်နေပြီ. . .။ ဒီလူ တ မင်းရဲ့ရန်သူလား. . . မင်းတို့ချင်း စာရင်းရှင်းချင်ရင် အပြင်မှာ





ထွက်ရှင်း။ ကျုပ်တူမကို. . . လွှတ်လိုက်စမ်း"

ဂျပန်ဗိုလ်လေးကလည်း လဲနေရာမှ ကုန်းထလာပြီး အလှပြစင်ပေါ်မှ ဂျပန်ဓားကို ပြေးဆွဲထုတ်ကိုင်ပြီး မာန်တဖီဖီနှင့် ပြေးဝင်ပိုင်းမည့်ဟန် ရွယ်နေလေသည်။

ဂျပန်ဗိုလ်မှူးကြီးက လက်ကာတားထားပြီး သေနတ်နှင့် မိုးမြေရဲ့နဖူးကို လိုက်ချိန်ရွယ်နေလေသည်။ မိုးမြေက ဂျပန်မလေးရဲ့အသားထဲ ဓားသွားကို စပါးလုံး တစ်ထောက်ခန့် နှဲ့သွင်းလိုက်သောအခါ. . .

"အား. . ."

ဂျပန်မလေး မချိမဆန့်အော်သံကြောင့် ဂျပန်ဗိုလ်မှူးကြီး ခမျာ စိတ်လှုပ်ရှားပြီး ဂဏှာမငြိမ်ဖြစ်သွားကာ. . .

"မင်း သူကို နာကျင်အောင် ထပ်မလုပ်နဲ့. . . မင်း ဘာလိုချင်သလဲ။ ဘာလုပ်ချင်သလဲ"

"မင်းတို့လက်နက်တွေ အောက်ကိုချလိုက်. . .။ ပြီးရင် ကြာ တလယ်ကို ငါ့ကိုပေး. . .။ နောက်ဆုတ်. . .။ ငါ အန္တရာယ်ကင်းတဲ့ နေရာအထိ ကောင်မလေးကို. . . ဓားစာခံလုပ်ပြီး ခေါ်သွားမယ်။ ငါ ထွက်တာနဲ့ သူ့ကို မှဲ့တစ်ပေါက် မစွန်းစေရဘူး။ ပြန်လွှတ်ပေးလိုက်မယ်"

တစ်ကောင်ဘွားက ဆတ်ခနဲ ရတနာကြာကလပ်ကို ပြေးတိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏၊ တစ်ကောင်ဘွားရဲ့နားထင်ကို သေနတ်ပြောင်းဝတစ်ခုက တေ့ထောက်လာ၏။ တစ်ကောင်ဘွား မော့ကြည့်လိုက်တော့ ဂျပန်ဗိုလ်မှူးကြီး ဖြစ်နေလေသည်။

"ကျုပ်တူမရဲ့အသက်ထက် မင်းဟာက အရေးမကြီးနိုင်ဘူး။ သူတောင်းနေတာ ပေးလိုက်။ တိုမိုယ. . . လာယူပေးလိုက် ဓားကိုချထား"

ဂျပန်ဗိုလ်လေးက ဓားကိုကြမ်းပြင်မှာ ထိုးဆိုက်လိုက်ပြီး ဒေါသဖြင့် နီမြန်းနေသောမျက်နှာနှင့် တစ်ကောင်ဘွားအနားကို ရောက်လာ၏၊ တစ်ကောင်ဘွား ပွေ့ပိုက်ထားသော ရတနာကြာကလပ်ကို ဆွဲယူပြီး မိုးမြေထံ ရှုံ့သိုးသိုးနှင့် လျှောက်လာပြီး. . .

"ဘိရှမာ ဒါမစ်"

အလကား မြန်မာကောင်ဟု ပြောရင်း ထိုးပေးလာ၏။ မိုးမြေက ဂျပန်မလေးကို လှမ်းယူခိုင်းပြီး ရင်ခွင်ထဲ သေသေချာချာ ပွေ့ခိုင်းထားလိုက်၏။ ကျားရိုင်းလို အနီးကပ် စူးရှစွာ စိုက်ကြည့်နေသော ဂျပန်ဗိုလ် တိုမိုယကို မိုးမြေက ပြန်စိုက်စူးကြည့်လိုက်ရင်း. . .

"နိပ္ပွန် ဒါမစ်"

အလကား ဂျပန်ကောင်လို့ ပြန်နှက်လိုက်လေသည်။





[၇]

ဂျပန်ဗိုလ်မှူးကြီး အီဆိုရိုကူယားဂါတိုကို မိုးမြေက ဆက်လက်ချိန်ပေးလိုက်သည်မှာ. . .

"မင်းရှေ့က တစ်ကောင်ဘွားကို ပစ်သတ်. . . သတ်လေ"

ဂျပန်ဗိုလ်မှူးကြီး ဇုံအားသင့်သွားလေသည်။ တစ်ကောင်ဘွား လျှင်မြန်ပါးနပ်၏၊ ဂျပန်တွေက သူတို့အချင်းချင်းအတွက်ဆိုလျှင် အောင်လုပ်ပေးတတ်တာ သိနေ၍ မိုးမြေကို တစ်ကောင်ဘွားက စိုက်ကြည့်ပြီး အခန်းထဲက လှစ်ခနဲ ပြေးထွက်သွားလေသည်။

"လိုက်. . . ပစ်သတ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို လိုက်ပစ်ပေးလေသည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

မိုးမြေက ဂျပန်မလေးရဲ့ လည်မျိုကို ဓားနှင့် တေ့ထောက်ပြီး အောက်ထပ်ကိုရောက်အောင် ဆင်းလာလိုက်လေသည်။ မိုးမြေအနားမှာ ဂျပန်စစ်ဗိုလ် တိုမိုယနှင့် ဂျပန်စစ်သားတွေ ဝိုင်းဝိုင်းလည်ကုန်ကြလေ၏။ ဂျပန်စစ်သားတွေက ရိုင်ဖယ်တွေနှင့် ထိုးချိန်ထားတာကို ကိုမိုယက အော်ငေါက်လိုက်၍ သေနတ်တွေ ပစ်ချပြီး ဂျပန်နဘမ်းသမားတွေ နဘမ်းသတ်ဖို့ အသင့်စောင့်နေဟန်မျိုးတွေနှင့် မိုးမြေရဲ့ပတ်လည်မှာ ကုန်းကုန်းကွကွနှင့် လိုက်ချောင်းနေကြလေသည်။

ရိုင်ဖယ်သေနတ်နှင့် ချိန်ထားရင်း မတော်တဆ ကျည်ထွက်သွား ပါက ဂျပန်မလေးကို သွားထိမှန်မှာစိုးသောကြောင့် တိုမိုယက အော် ငေါက်တားခြင်းပဲ ဖြစ်လိမ့်မည်။

အောက်ထပ်မှ ကားသုံးစီး အပြင်မောင်းထွက်သွားသံနှင့်. . .

"ဒိုင်း ဒိုင်း ဒိုင်း. . . ဖောက်ဒိုင်းရှိုး. . . ဒိုင်းရှမ်း"

ကားနောက်ပိုင်းကို ကျည်ဆန်ထိမှန်ပြီး ပြန်ကန်ထွက်လာသံ ကျည်ချော်သွားသံတွေပါ အတိုင်းသား ကြားနေရလေသည်။

"တိုမိုယ မင်းကောင်တွေ ငါ့အနားကို သိပ်ကပ်နေပြီ. . .။ မကပ်





နဲ့ ခွာနေခိုင်း။ ပြောလို့မရရင်. . . သူ့ကို နာကျင်အောင် ထပ်လုပ်ရ လိမ့်မယ်"

"အား. . ."

ဂျပန်မလေးရဲ့ တုန်တုန်ဆတ်ဆတ် အော်သံကြောင့် ဂျပန်ဗိုလ် တိုမိုယက သူ့စစ်သားတွေကို အော်ငေါက်ပြီး ပါးတွေကို လိုက်ရိုက်ပစ် လိုက်လေသည်။ ဖောက်ခွဲချင်နေသော သူ့ဒေါသကို သူ့စစ်သားတွေ အပေါ်မှာ ပုံချပစ်လိုက်ဟန်တူ၏။

ဂျပန်ဗိုလ်မှူးကြီးအိဆိုရှိကူယာမာတိုမှာ ဆာကေးသောက်ထား သော အရှိန်ကြောင့်လည်းကောင်း၊ သူ့အိမ်ဝင်းထဲထိ ဝင်ရောက်ကျူး ကျော် စော်ကားခံရ၍လည်းကောင်း၊ ဒေါသအမျက် ချောင်းချောင်းထွက် ကာ သူ၏လက်အောက်ငယ်သားတွေကို အော်ငေါက် ဆဲဆိုရင်း အိမ် တွင်းကို ပြန်ဝင်လာလေသည်။

မိုးမြေက ဂျပန်မလေးကို ဓားစာခံလုပ်ကာ သူတို့အုပ်စုတွေကို စောင့်နေရာတည်းမှာ စုရပ်ခိုင်းလိုက်၏။ ဆရာသိလသိဒ္ဓိ သင်ကြားပေး သော ဂျပန်စကားဖြင့် ဟိန်းဟောက် အမိန့်ပေးလိုက်မှ ဗိုလ်မှူးကြီးအပါ အဝင် လက်အောက်ငယ်သားတွေ ဘေးကို ရှဲကုန်ပြီး တစ်နေရာတည်းသွား စုလေသည်။ ဗိုလ်မှူးကြီးကပင် သူ့စစ်သားတွေ ချတ်ချင်းဟန်အဓိ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတာ သတိဆွဲပြီး ကျောက်ရုပ်ကြီးတွေလို ရပ်နေစေလိုက်၏။ ဗိုလ်ကြီး တိုမိုယနှင့် ဗိုလ်မှူးကြီးသာ လှုပ်ရှားသက်ဝင် ကျန်ရှိနေလေသည်။ တစ်ကောင်ဘွားတို့အဖွဲ့တွေလည်း ကားနှင့်လစ်ပြေးကုန်ကြလေပြီ။ ဂျပန်မလေး ပွေ့ပိုက်ထားသော ရတနာကြာကလပ်ကို မိုးမြေ လက် ပြောင်းယူ၍ မရသေး။

"ဘိရုမာ မင်းလိုချင်တာ ငါပေးမယ်. . .။ ယူမီကို ကိုယားခဲ့ပါ"

"ငါလိုချင်တာ. . . ကားတစ်စင်းပဲ။ တိုမိုယက ကားနဲ့ မောင်းပို့ ပေးရမယ်။ ငါတို့နောက်ကို လုံးဝ မလိုက်နဲ့။ သူ့ကို တိုမိုယနဲ့ ပြန်ထည့်ပေး လိုက်မယ်။ ငါလိုချင်တာ. . . ရတနာကြာကလပ်နဲ့ ငါရဲ့လွတ်မြောက်မှု ကိုပဲ"

"လုပ်ပေးလိုက်. . . တိုမိုယ"

တိုမိုယက ကားတစ်စင်း သွားထုတ်လာ၏။ မိုးမြေက တိုမိုယဆီ က သေနတ်တောင်းပြီး ဗိုလ်မှူးကြီးရဲ့ကားဘီးတွေကို ပစ်ဖောက်ပစ် လိုက်၏။ မိုးမြေ လုပ်တိုင်သမျှကို အိမ်ပေါက်ဝမှာ ခြေခွဲ၊ ခါးထောက်က မေးကြောတွေ ထောင်နေအောင် အံကြိတ်ပြီး မမှတ်မသုန်ကြည့်နေသော ဗိုလ်မှူးကြီးက. . .

"ဘိရုမာ. . . ကတိတည်ပါစေ"





"ရွှေရည်စိမ် လွတ်လပ်ရေးအတုပေးခဲ့တဲ့. . . မင်းတို့ ဂျပန်တွေ ကော. . . ဘာကတိတည်ခဲ့ဖူးလို့လဲ"

"အဲ့ဒါ. . . ဂျပန်ဘုရင်မင်းမြတ်နဲ့ စစ်ခေါင်းဆောင်တွေနဲ့ပဲ ဆိုင် ယ်"

"အတူတူပဲ. . . မင်းတို့ နိပွန်မကို မုဒိမ်းမကျင့်ဘူးဆိုတာတော့ ဒါ အာမခံနိုင်တယ်။ မင်းတို့ဂျပန်တွေ အာရှတိုက်မှာ သိမ်းပိုက်တဲ့ နိုင်ငံ ိုင်းက အမျိုးကောင်းသမီးတွေကို. . . ခြေတော်တင်ပြီး မုဒိမ်းကျင့်ခဲ့ ယ်. . . ယုတ်မာပက်စက်ခဲ့တယ်။ ဘာလူမျိုးကြီးဝါဒလဲ။ အလကား ာက်တန်းစား မုဒိမ်းကောင်တွေ"

ဒေါသသွေးရောင် ရဲတက်သွားတဲ့ ဂျပန်ဗိုလ်မှူးကြီးက. . .

"ငါ့စစ်သားတွေ. . . ကိုယ့်အိမ် ကိုယ့်ရာနဲ့ ဝေးတဲ့နေရာ ရောက် ရတာပဲ။ လူသားပီပီ သူတို့ရဲ့သွေးသားတောင့်တမှုကို အာသာဖြေကြ ခဲ့တိုစွ. . .။ ငါ ဘာမှ မတတ်နိုင်ဘူး"

မိုးမြေက မဲ့ပြုံးပြုံးလိုက်ပြီး. . .

"ငါလည်း မတတ်နိုင်တဲ့ကိစ္စတွေ ရှိတယ်။ အဲ့ဒါတွေ လုပ်မိရင် ိုးမဆိုနဲ့. . . သွား. . . ကားထဲဝင်"

မိုးမြေက ဂျပန်မလေးကို ကားနောက်ခန်းထဲ ဆောင့်တွန်းသွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဆတ်ခနဲ ဝင်ထိုက်ကာ ဒရိုင်ဘာနေရာမှ ဗိုလ်ကြီးတိုမိုယကို ကားမောင်းထွက်ခိုင်းလိုက်လေသည်။

ကားမောင်းထွက်လာသောအခါ ဂျပန်ဗိုလ်မှူးကြီးရဲ့ ဂျပန်လို တျိန်ဆဲ အော်ဟစ် မာန်ဖီသံကြီးသာ ကျောစိမ့်ဖွယ်ရာ ပွက်လောညံပြီး ကျန်ရစ်ခဲ့လေတော့သည်။

ညဘက်မို့ ကားမီးမှိတ်ပြီး ကြယ်ရောင်အားကိုးနှင့် မောင်းနှင်နေရလေသည်။ လေကြောင်းအချက်ပေး၊ ဥဩသံ မကြားရသေးခင် ကားမီးဖွင့်မောင်းဖို့ မိုးမြေ တောင်းဆိုလိုက်မှ မီးဖွင့်မောင်းတော့၏။ မြို့ထဲ တိုက်ခန်းတွေ လှည့်ပတ်မောင်းနှင်ခိုင်းစဉ် အရေးပေါ်ဥဩသံ ပေါ်လာ၏၊ ဗုံးကြဲလေယာဉ်ပျံတွေ လာနေလေပြီ။

တိုက်တန်းဘေးမှာ ကားကို ရပ်ခိုင်းပြီး တိုမိုယရဲ့ ဖက်ပိုးကို သေနတ်ဒင်နှင့် ဝိတ်ထုချလိုက်ရာ တိုမိုယ 'အင့်'ခနဲ သာအော်နိုင်ပြီး စတီယာရင်ပေါ် ခေါင်းစိုက်ကျသွားလေသည်။ ဆယ့်ငါးမိနစ်ခန့် သတိမေ့နေလိမ့်မည်။ ဗုံးကြဲလေယာဉ်တွေလက်က လွတ်လျှင်တော့ တိုမိုယ အသက်ရှင်နိုင်ခွင့်ရှိမည်။ မလွတ်လျှင်တော့ ဖက်ဆစ်မိစ္ဆာတစ်ကောင်ကို ငရဲပို့ပေးသည့် ကောင်းမှုတစ်ခုကို လုပ်ခွင့်ရလိုက်လေပြီ။

"ကဲ. . . နိပွန်မလေး. . . ငါနဲ့လိုက်ခဲ့"





ဂျပန်မလေးက သွေးစို့နေသော လည်ပင်းကို လက်နှင့်အုပ်ကိုင်
ရင်း. . .

"ဘိရှမာအစ်ကို ပြန်လွှတ်ပေးပါ။ ကျွန်မက. . . နိပွန်လူမျိုး ဆို
ပေမဲ့ သတင်းထောက်မယ်တစ်ဦးပါ၊ ကျိုတိုသတင်းဌာနကပါ။ အပြည်
ပြည်ဆိုင်ရာ စစ်ဥပဒေအရ. . . သတင်းထောက်တွေ ကြက်ခြေနီတွေကို
ဘယ်သူမှ ဖမ်းဆီးလို့မရပါဘူး"

"အဲဒါတွေ ငါ နားမလည်ဘူး. . . လာခဲ့"

သူမက ဂျပန်လို ပြောနေတာကို မိုးမြေက ဂျပန်လို ပြန်ရောပြီး
ပြောကာ ကားထဲကနေ ဆွဲခေါ်ထုတ်လာလိုက်လေသည်။ လေယာဉ်ပစ်
အမြောက်သံ၊ တဒိန်း ဒိန်း ဒိန်းကို စတင်ကြားရလေပြီ။ ဥဩသံရှည်
ကြီးတလည်း အဆက်မပြတ် ဆွဲအော်နေဆဲ။

"အုံး. . . ဝုန်း. . . ဝုန်း"

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"

မိုးမြေက ဂျပန်မလေးရဲ့ လက်ကိုဆွဲပြီး တိုက်ကြိုတိုက်ကြားက
ထွက်ပြေးရလေသည်။ ကီမိုနိုဝတ်စုံဝက်ထား၍ မိုးမြေဆွဲခေါ်ရာ မလဲပြို
အောင် လိုက်နေရသော သူမ ခမျာ ဝတ်စုံကြောင့် စိတ်ထင်တိုင်းသွားလာ၍
မရဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိမ်မှိုနီအောက်ပိုင်းကို ဆွဲမ ကိုင်ခိုင်းပြီး ခြေဖျားရှပ်ထိုးလေး ပြေးနေသော သူမကို ရှေ့က သွက်သွက်လျှောက်ခိုင်းလိုက်စဉ် ညအမှောင်ထဲမှီ နောက်ဖေးလမ်းကြားထဲမှာ ပြန့်ကျဲနေသော သစ်သားနှင့် အုတ်ကျိုးအုတ်ပဲ့ အတိုအစတွေကြားထဲမှာ သူမ မှောက်ထိုးလဲကျသွားလေသည်။ နာနာကျင်ကျင် အော်သံအဆုံးမှာ မိုးမြေတို့ ခေါင်းပေါ်မှာ ဖြတ်ပျံသွားသော လေယာဉ်ပျံသံကို ကြားလိုက်ရ၏။ အတွဲလိုက် ဖြုတ်ချခဲ့သောဗုံးတွေက ပိုးဟပ်ဥကလေးတွေသဖွယ် ကျရောက်လာပြီး မိုးမြေတို့ ဘေးပတ်လည် ကိုက်ငါးဆယ်အကွာမှာ. . .

ဗုံးခနဲ ဂုန်းခနဲ ကျရောက်ပေါက်ကွဲလေသည်။

နှစ်ယောက်သား မြေပြင်မှာ ပြားကပ်နေအောင် ဝပ်လိုက်ကြရလေသည်။ အုတ်ကျိုးအုတ်စတွေ လွင့်စင်မှန်၍ ကျောကုန်းနှင့် ခြေလက်တွေ နာကျင်ကုန်၏။ မီးခိုးတွေ ထတောက်ချိန်မှာ သူမကို လက်ဆွဲပြီး ရှေ့ဘက်လမ်းကြားထဲ ရောက်အောင် ပြေးရတော့၏။ လေယာဉ်တွေ နောက်တစ်ချီ ပြန်လှည့်မလာခင် ကျည်ကွယ်မျက်ကွယ်ကို လွတ်အောင် ပြေးရခြင်းပဲဖြစ်လေသည်။

ကော့တနေလပ်ဖ်ကို ပုန်းဝှက်ပေးထားသော ဂိုဒေါင်ဟောင်းကြီးအနားကို ရောက်သောအခါ ဂျပန်မလေးရဲ့ တင်ပါးနှစ်ဖက်ကို တွန်းတင်





ပြီး ပြတင်းပေါက်မှတစ်ဆင့် အထဲရောက်အောင် ဝင်ခိုင်းရလေသည်။ ဗုံးဒဏ်ကြောင့် လောင်သောမီးတွေ ဤဘက်အခြမ်းကို ကူးမလာစေဖို့သာ ဆုတောင်းရတော့၏။ လေယာဉ်တွေ နောက်တစ်ကျော့ ပြန်လာပြီး ဗုံးကျဲပြန်၏။ တိုက်အနီးအနား အဆောက်အဦးတွေပေါ် ကျရောက်ပေါက်ကွဲသောကြောင့် မြေပြင်တွေ သိမ့်သိမ့်တုန်ဟီးသွား၏။

ကံကောင်းထောက်မစွာဖြင့် မိုးမြေတို့ ပုန်းခိုနေကြသော အဆောက်အဦးကြီးမှာ တိုက်ရိုက် ကျရောက် ထိမှန်ပေါက်ကွဲသည့်ဒဏ်ကိုမခံရသေးချေ။ ခံရပါက အသက်နှင့်ခန္ဓာ ဗိုးစားကွဲကုန်ကြမည်သား အဖျားအနားခတ်တာ၊ စက်သေနတ်မှန်တာလောက်သာ ရှိသော်သည်း ထုထည်နိုင်ခံ့ ကြီးမားသောကြောင့် အန္တရာယ်ဖြစ်လောက်စရာမရှိချေ။ ဖွဲ့နုဗိတ်တွေကြားထဲမှာ ဝပ်ပုန်းပြီး ဘုရားသခင်ထံ အသက်ချမ်းသာရာရဖို့ ဆုတောင်းနေဟန်တူသော မျက်နှာဖြူမလေးကို မိုးမြေအော်ခေါ်ကြည့်လိုက်လေ့သည်။

တစ်ဖက်မှ အိမ်မြှောင်စုပ်ထိုးသံလို လျှို့ဝှက်သင်္ကေတသံနှင့်ပြန်လည်ထူးလာ၏။ သည်တော့မှ စိတ်အေးသွားပြီး ဂျပန်မလေးကိုဆွဲထူမကာ ခေါ်လာလိုက်လေသည်။ မိုးမြေက လက်ထဲရောက်လာသောနာနာကြာကလပ်ကို မြတ်နိုးနှစ်လိုစွာ ကိုင်တွယ်ပွတ်သပ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ ဖွဲ့အိတ်ပုံပေါ် တက်နေတော့. . . နီပွန်မလေး"

"ဗုံးတွေ ဒီလောက်ကျနေတာ. . . မနေရဲဘူး။ ပြန်ပို့ပေးမယ်လို့ ရှင် ကတိပေးခဲ့ပြီး ဘာလို့ ပြန်မပို့တာလဲ"

ဟု ဂျပန်လို ရောမေးလာသောအခါ မိုးမြေက. . .

"မင်းကို ပြန်လွှတ်လိုက်ရင်. . . ငါတို့ ပုန်းတဲ့နေရာကို မင်းတို့ ဂျပန်စစ်တပ်က သိသွားမှာပေါ့. . .။ ဒါကြောင့် ပြန်မပို့နိုင်သေးဘူး။ ငါတို့ ဒီကနေ. . . ဘေးကင်းရာကို ထွက်သွားတော့မှ မင်းကို ဒီမှာထားခဲ့မယ်၊ မင်းဘာသာ. . . မင်းပြန်ပေတော့"

မိုးမြေနှင့် ဂျပန်သတင်းထောက်မလေးယုမီကိုတို့ စကားအချီအချ ပြောနေစဉ်မှာပင် ဖွဲ့နအိတ်ပေါ်မှ ဝုန်းခနဲ ခုန်ချလိုက်သော ကော့တနေ လပ်ဖ်ကြောင့် မိုးမြေ ထိတ်လန့် မျက်လုံးပြူးသွားရလေတော့သည်။ မပြူး ၍လည်း မဖြစ်။ မျက်နှာဖြူမလေး ခုန်အုပ်သလို ခုန်ချလိုက်သည်က ကီမိုနိုဝတ်စုံဝတ်ထားသည့် ယုမီကိုရဲ့အပေါ်ကို ဖြစ်နေလေသည်။

မျက်နှာဖြူမလေးနှင့် နီပွန်မလေးတို့ ကြမ်းပြင်ပေါ် လုံးထွေး ပြိုကျသွားပြီး မျက်နှာဖြူမလေးက နီပွန်မလေးယုမီကိုရဲ့ ခန္ဓာကိုယ်ပေါ် အတင်း တက်ခွကာ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး အတင်းထိုးနှက် နေလေတော့သည်။ မိုးမြေ အတင်းဝင်ဆွဲပြီး လူချင်းတွန်းခွာလိုက်ရ၏။





နီပွန်မလေးယုမီကိုက ကီမိုနိုဝတ်စုံကို ဒဏ်ရာအနာတရတွေကြားမှာ မြေချချွတ်ပစ်လိုက်လေသည်။ ဤဝတ်စုံက သူမကို တုတ်နှောင်ထားသလို ဖြစ်နေတာတွေသာ ကျန်တော့၍ မိုးမြေလည်း တစ်ဖက်ကို မျက်နှာအမြန် လွှဲလိုက်ရတော့၏။ မျက်နှာဖြူမလေးက အခဲမကျေသလို မာန်ဖီသံနှင့် နီပွန်မလေးထံပြေးဝင်သွားသောအခါ နီပွန်မလေးယုမီကိုက ခန္ဓာကိုယ်ကို အသာလှည့်ပြီး မျက်နှာဖြူမလေးကို မိမိရရဆုပ်ကိုင်က ကြမ်းပြင်ပေါ်ကို ကိုင်ပေါက်ပစ်လိုက်လေသည်။ ဂျပန်လူမျိုးတွေရဲ့ ရိုးရာဂျူဒို အတတ်ပညာဖြစ်နေ၏။ ယုမီကိုမှာ ခွန်အားချင်းတူသော မျက်နှာဖြူကို အနိုင်မခံ၊ အရှုံးမပေးလိုသော ဂျပန်စိတ်ဓာတ်ဖြင့် တုံ့ပြန်တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။

ကြမ်းပေါ်မှာ ဆန့်နေသောမျက်နှာဖြူမလေး ကော့တနေလပ်ဖ် တစ်ယောက် ကြမ်းပေါ် ကျောနှင့်အရှိန်ပြင်းစွာ ရိုက်မိ၍ ချောင်းတဟွတ် ဟွတ်ဆိုးကာ ရှုံ့မဲ့အော်ဟစ်နေလေတော့သည်။ နီပွန်မလေးရဲ့ အရှက်လုံ ရုံ အဝတ်အစားပုံစံကြောင့် မိုးမြေလည်း ဂိုဒေါင်ကြီးထဲမှ တစ်ဟုန်ထိုး ပြေးထွက်လာလိုက်ရလေသည်။

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"

ကေဘိုထိုင်တွေ မီးငြိမ်းသတ်ဖို့ ရောက်လာတာကို လေယာဉ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှ စက်သေနတ်နှင့် အတွဲလိုက် ပစ်ဆွဲသွားသဖြင့် ကောဘိုထိုင် သုံးလေးယောက်ခမျှာ ပွဲချင်းပြီး သေဆုံးကုန်ကြလေသည်။ မိုးမြေက တစ်ဖက်လမ်းမကို ကူးပြေးပြီး တိုက်ခန်းပေါ်ကို အမြန်ပြေးတက်လိုက်၏။ လူမနေသောတိုက်ခန်းမှာ အမျိုးသမီးဝတ်စုံတစ်စုံကို အမြန်ရှာဖွေဖို့အတွက်ဖြစ်၏။ဝတ်စုံကို လောကြီးပြီး ရှာဖွေဖို့ ပြေးထွက်လာပြီးကာမှ နောက်ပိုင်း အခြေအနေကို ကောင်းစွာ ထိန်းမပေးနိုင်ခဲ့တာတွေ တွေးမိပြီး ရင်ထဲ ထိတ်လန့်ပြာဝေသွားမိလေ၏။

ဂိုဒေါင်ထဲမှာ အင်္ဂလိပ်မလေးနှင့် ဂျပန်မလေးတို့ ဆက်လက်ပြီးသူသေကိုယ်သေ သတ်ပုတ်နေကြလျှင်ဖြင့် ခက်ရချည်ရဲ့ဟု တွေးမိပြီးရရာအဝတ်အစားကို ရှာဖွေလိုက်သောအခါ တရုတ်လူမျိုးတွေ နေသောတိုက်ခန်းမို့လားမသိ။ အမ်းမကြီးတွေဝတ်သော အင်္ကျီနှင့် ခြေစကဘောင်းဘီပွကိုသာ ရှာဖွေလို့ရလေ၏။

အဓိကမှာ လုံလုံခြုံခြုံဝတ်ရဖို့ အရေးသာဖြစ်သည့်မို့ ထိုအဝတ်အစားတွေကို ယူပြီး ဂိုဒေါင်ဘက် ပြန်ပြေးလာစဉ် တကျောပြန်ဝဲလာသောလေယာဉ်က အနိမ့်ပျံ ထိုးဆင်းပြီး မိုးမြေကို ရန်သူထင်၍ စက်သေနတ်နှင့် ဒလမန်းကြမ်း လိုက်လံပစ်ခတ်လေတော့သည်။

❦ ❦ ❦





## [၈]

ဂိုဒေါင်ဟောင်းကြီးထဲကို မိုးမြေပြန်ရောက်အောင် ဘုရားတပြီးသက်စွန့်ဆံဖြား ပြန်လာခဲ့ရလေသည်။ လမ်းသွယ်တစ်ခုထိပ်မှာ လန်ချားနှင့် ပစ္စည်းအပြည့်တင်လာသော အိန္ဒိယလင်မယားနှစ်ယောက် ဗုံးဆံအစအနထိမှန်ပြီး လဲကျသေဆုံးနေသဖြင့် အိန္ဒိယသူရဲ့လက်ထဲမှ အထုပ်ထို ဆွဲယူဖွင့်ကြည့်လိုက်သောအခါ ဆာရီခြုံထည်နှင့် အိန္ဒိယသူတွေ အလှတော်စားဆင်ယင်သော ပစ္စည်းတွေဖြစ်နေသဖြင့် ထိုအထုပ်ကိုပါ ထပ်မံယူလာခဲ့လိုက်လေသည်။ ဂိုဒေါင်ထဲရောက်လာသည့်တိုင် ဗုံးချသံက မစဲနိုင်သေး။ ဘေးတိုက်ပေါ် ဗုံးကျသဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝှိန်း. . . ဝုန်း. . ."

မြေပြင်တစ်ခုလုံး သိမ့်သိမ့်သွက်သွက် ခါထွက်သွား၏။ ဂိုဒေါင်တောင်ကြီးပါ ပြိုကျသွားပြီလို့ မိုးမြေစိတ်က မှတ်ထင်ပြီး ခေါင်းကိုလက်နှစ်ဖက်ကြားထဲ ယှက်ပြီး ဖွက်ထားလိုက်မိလေသည်။ အပေါ်ထပ်မှ အင်္ဂတေမှုန်တွေက တဖွားဖွား ကျလာပြီး အုတ်ခဲအပိုင်းအစတွေ မိုးသီးပမာ ကြွေကျလာကုန်၏။

ဝပ်နေရာမှ ဖုန်ခိုးတွေကို လက်နဲ့ရမ်းထုတ်ရင်း မော့ကြည့်လိုက်တော့ သံယက်မကြီးတွေ ပေါ်လွင်ကုန်ပြီး အင်္ဂတေတွေ အချပ်လိုက်ကွာကျကုန်တာကို တွေ့ရသဖြင့် ထိတ်လန့်သွားမိသည်။ ကံကောင်းလို့ ပြိုကျမလာခြင်းပင်။ မိုးမြေ အချိန်မဆွဲတော့ဘဲ ဘိုဖြူမလေးနှင့် ဂျပန်မလေးတို့ ရှိတဲ့နေရာကို ရောက်အောင်သွားလိုက်တော့လေသည်။

အိတ်တွေကြားမှာ ပြားပြားဝပ်နေကြသည့် သူမတို့နှစ်ယောက်ကို အသက်ရှင်လျှက် ရှိနေသေးမှန်း တွေ့လိုက်ရတော့မှ စိတ်အပူကြီးပူရတာ အတန်အသင့် လျော့ပါးသက်သာသွားရလေတော့သည်။

ပါလာတဲ့ အဝတ်ထုပ်တွေကို ချပေးပြီး ဂျပန်မလေးကို အဝတ်အစားတွေ အမြန်လဲလှယ်ခိုင်းရ၏။ ဂျပန်မလေးက သံ့ပန်းတစ်ယောက်လို အဖမ်းခံနေရတာ မကျေနပ်။ ပြန်လွှတ်ပေးဖို့အတွက် တောင်းဆိုနေ





၏။ မိုးမြေ အပြင်ခဏထွက်သွားတုန်းမှာ ဂျပန်မလေး ထွက်ပြေးသေး၏။ ဘိုမလေးက အတင်းဝင်လုံးပြီး တိုက်ခိုက်နေစဉ် ဗုံးကျဲသံတွေကြောင့် သတ်ပုတ်တာရပ်ပြီး ဝပ်နေကြရခြင်းဖြစ်ကြောင်းကို ဘိုမလေးက ပြန်ပြောပြလေသည်။ မိုးမြေက. . .

"ငါ. . . မင်းကို ပြန်ပို့ပေးမှာပါ။ ငါတို့ အန္တရာယ်ကင်းတဲ့နေရာရောက်တဲ့အထိ မင်းကို အကာအကွယ်ယူသွားမှ ဖြစ်လိမ့်မယ်. . .။ အခုလောက်ဆို မင်းရဲ့ဦးလေးနဲ့ သူ့စစ်သားတွေ. . . ငါတို့ကို တစ်မြို့လုံးပိုက်စိပ်တိုက်ပြီး မြေလှန်ရှာနေလောက်ပြီ။ ငါတို့ ဒီမှာ ဆက်မခိုတော့ဘူး။ ဒီညတွင်းချင်း ခရီးဆက်ကြမယ်"

ဂျပန်မလေးရဲ့မျက်နှာ ညှိုးသွား၏။ သူ့ရင်ထဲက ခံစားမှုအစစ်အမှန်ကို မျက်နှာပေါ်မှာ မဖော်ပြတော့။ မျက်နှာကို တည်တည်ကြီးလုပ်ထား၏။ မိုးမြေခိုင်းတဲ့အတိုင်း အဝတ်အစားတွေ လဲဝတ်လေသည်။ ဘိုဖြူမလေးက မိုးမြေအနားကပ်ပြီး အင်္ဂလိပ်လို တီးတိုးပြောလာ၏။

"ရန်သူနဲ့မိတ်ဆွေကို တစ်ပြိုင်နက်တည်း လက်တွဲဖို့ မကောင်းဘူး. . .။ အသားဝါတဲ့ သူ့လိုမိန်းမမျိုးကို သူတို့စစ်သားတွေက ချက်ချင်းသတိပြုမိသွားရင်. . . တို့ရဲ့ပြေးပေါက်တွေ ပိတ်ဆို့သွားနိုင်တယ်. . .။ သူ့ကို တစ်ခုခု လုပ်ထားခဲ့ပါလား. . . မြန်မာလူငယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေတ. . .

"မပူပါနဲ့. . . ရုပ်ဖျက်ပေးရမှာပေါ့။ ရုပ်ပြောင်းရုပ်လွှဲ လုပ်တဲ့နေရာမှာ ငါ ကျွမ်းကျင်ပါတယ်"

ဘိုဖြူမလေးက မိုးမြေကို တအံ့တသြကြည့်ရင်း. . .

"အိုးမိုင်ဂေါဒ့်. . . ရှင်ဟာ ဘာမဆို တတ်မြောက်နေတဲ့ လူတစ်ယောက်ပါလား။ ဂျပန်စကားလည်း တတ်နေတယ်။ အင်္ဂလိပ်စကားလည်း တတ်နေတယ်၊ ရုပ်ပြောင်းရုပ်လွှဲလည်း တတ်နေတယ်။ တိုက်ခိုက်တဲ့အတတ်၊ စွန့်စားတဲ့အတတ်၊ နောက်ဆုံး. . . ထီးနဲ့လေဟုန်စီးတဲ့ ဂလိုက်ဒါအတတ်ကအစ တတ်နေတယ်။ ဒီတစ်သက်မှာ. . . ဒီလိုလူမျိုး ဒီတစ်ယောက်ပဲ တွေ့ဖူးတယ်"

မိုးမြေက ဘိုဖြူမလေးရဲ့ ပါးအို့နီမြန်းပြီး ဖြူရောင်လွှမ်းတဲ့ ပါးပြင်ကို ( ဂိုဒေါင်အပေါ်ထပ် အလင်းဝင်ပေါက်ရဲ့ အလင်းရောင်အောက်မှာ ရောက်ရှိ မြင်သာနေတာကို ) တစ်ချက်ကြည့်လိုက်ပြီး. . .

"ငါ့ဆရာ သီလသိဒ္ဓိဆိုတာ ရှိတယ်. . .။ သူက မင်းတို့အင်္ဂလန်မှာရှိတဲ့ တက္ကသိုလ်တွေက ပါမောက္ခတွေထက်. . . ဆယ်ဆလောက် တော်တယ်။ ငါ့ဆရာက ဂျပန်၊ အင်္ဂလန်၊ အမေရိကန်၊ ဂျာမဏီ၊ တရုတ် အစရှိတဲ့ တိုင်းပြည်တွေ လှည့်လည်ခဲ့ဖူးတယ်။ အဓိကအလုပ်ကတော့





သာသနာ့ပြုဖို့ပေါ့. . . ခေတ်ပန္နက်တွေ ရိုက်နှက်ပေးနိုင်ခဲ့တယ်. . .။ အဲဒီနေရာတွေမှာ နောင်တစ်ချိန် ဗုဒ္ဓသာသနာပြုကျောင်းတွေ ဖြစ်ပေါ်လာကုန်ကြတော့မှာလေ. . .။ဘာလဲ. . . သိပ်အံ့သြသွားပြန်ပြီလား။ ငါ့ဆရာက မှတ်ဉာဏ်သိပ်ကောင်းတယ်. . .။ စာတစ်ခေါက် ရွတ်ပြတာနဲ့ အဲဒီစာကို သာသာခြားစာပဲဖြစ်ဖြစ်. . . တစ်ရံသက်လုံးမှတ်မိတယ်။ မင်းတို့ဘာသာစကားတွေက ငါတို့ဘာသာစကားလောက် ကျယ်ပြန့် [illegible] မရှိပါဘူး. . .။ ငါ့ဆရာက ကမ္ဘာပေါ်မှာ အလေးနက် ကျယ်ပြန့် နက်ရှိုင်းမှု အရှိဆုံး ဘာသာစကားဟာ. . . ပါဠိဘာသာစကားတဲ့။ မင်းတို့ဘာသာစကားတွေ တစ်လနှစ်လနဲ့တင်. . . တတ်အောင် သင်ယူခဲ့တယ်။ မင်းတို့ ဆာမူရိုင်းဓားသိုင်းပညာ. . . အင်္ဂလန်မှာဆို သေနတ်ချင်းယှဉ်ပစ်တဲ့ ပစ်ခတ်နည်းစနစ်မှန်ကန်မှုပညာ. . . တရုတ်တွေရဲ့လက်နက်ပုန်းပစ်ခတ်နည်း. . . အစရှိသဖြင့် လေ့လာသင်ယူခဲ့သမျှကို ငါတို့ကို ဆရာစားမချန် ပြန်သင်ပေးခဲ့တယ်. . ."

"မင်းဆရာရဲ့ ရည်ရွယ်ချက်က. . . ဘာလုပ်ဖို့လဲ"

"ငါတို့တိုင်းပြည်ကို လွတ်လပ်ရေးရအောင်. . . ပြန်လုပ်ပေးဖို့ပေါ့။ [illegible]တပ်မတော်က ပြည်ပရန်စွယ်တွေကို တိုက်ခိုက်ချေမှုန်းတော့မယ်။ [illegible]တို့က ပြည်တွင်းရန်စွယ်တွေကို. . . တစ်ကိုယ်တော် လိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းမယ်၊ လူတွေကို လက်လှမ်းမီသလောက် ကူညီသွားမယ်. . ."

ဘိုမလေးက မိုးမြေကို ပြန်ကြည့်နေတုန်းမှာ အဝတ်အစားလဲပြီးသွားတဲ့ ဂျပန်မလေး အနားကိုရောက်လာ၏။

"လေယာဉ်တွေ လှည့်ပြန်သွားပြီ. . .။ ရှင်တို့ အန္တရာယ် ကင်းနိုင်မယ့်နေရာအထိ ကျွန်မ လိုက်ပို့ပေးမယ်။ ပြီးရင်. . . ပြန်လွှတ်ပေးပါ"

ဂျပန်လို ရောပြောတာကို ဘိုမလေးက နားမလည်။ မိုးမြေကို မျက်လုံးအကြည့်နှင့် မေးလာသည်။ မိုးမြေက အင်္ဂလိပ်လို ပြန်ပြောပြလိုက်ရလေသည်။ အင်္ဂလိပ်စကားကို ဂျပန်မလေးက နားလည်နေသည်။

"မင်းကို. . . ပြန်လွှတ်ပေးမှာပါ"

"ကျေးဇူး အရမ်းတင်ပါတယ်ရှင်"

လို့ ဂျပန်လို ပြန်ပြောလာ၏။ မိုးမြေက. . .

"မင်းကို တရုတ်အဘွားကြီး ပုံစံပေါက်အောင်. . . ရုပ်ဖျက်ပြီးခေါ်ထုတ်ရလိမ့်မယ်။ တို့ ဒီနေ့ပဲ ခရီးထွက်ကြမယ်. . .။ ဒါနဲ့ မင်းက မြန်မာပြည်ကို အလည်လာတာလား"

"ဟုတ်တယ်. . . ကျွန်မက ကျိုတိုသတင်းဌာနကပါ။ စစ်သတင်းတွေ ရေးပို့ အစီအရင်ခံရတယ်. . .။ ကျွန်မမှာ လုပ်စရာတွေ အများကြီးရှိတယ်. . .။ ရှင့်ကို ကျွန်မ နားမလည်နိုင်လို့. . . မေးပါရစေ"





"မင်း မေးချင်တာ. . . မေးပါ"

"ဒီအင်္ဂလိပ်မနဲ့. . . ရှင်နဲ့ ဘယ်လိုပတ်သက်သလဲ"

"သူ့ကို ဂျပန်စစ်သားတွေလက်ထဲက ငါကယ်လာတာ. . .။ ဂျပန်စစ်သားတွေက သူ့အဖေကို သတ်ပစ်တယ်. . .။ သူ့ကို မုဒိမ်းကျင့်ဖို့ဂျပန်စစ်ဗိုလ်က ကြံစည်နေတုန်းမှာ. . . ငါ ရောက်လာတာနဲ့ ကယ်ထုတ်လာတာ။ ဒါကြောင့် သူက မင်းတို့ဂျပန်တွေကို. . . မုန်းနေတာပေါ့"

ဂျပန်မလေးက မျက်လုံးအဝိုင်းသားနှင့် ပြန်ကြည့်လာလေသည်။ ဘိုမလေးက ဘာတွေပြောနေကြသလဲဆိုတာကို မျက်နှာနှင့် အမူအရာတွေ လိုက်လံဖမ်းကြည့်နေလေ၏။ သူမအနေနှင့် ဂျပန်လို တစ်လုံးတစ်လေမျှပင် တတ်ပုံမရ။ မြန်မာလိုတော့ အတော်အတန် ပြောတတ်ရှာသည်။ ဂျပန်သတင်းထောက်မလေးလည်း မြန်မာလို အနည်းငယ်ပြောတတ်နေ၏။

"ကျွန်မတို့ စစ်သားတွေထဲက ဆိုးတဲ့လူတွေနဲ့. . . သူ တွေ့သွားတာပါ။ ကောင်းတဲ့လူတွေလည်း ရှိပါတယ်။ အမှန်ဆို သူများနိုင်ငံတွေကိုသိမ်းပိုက်တာ. . . သူတို့လူမျိုးတွေက စတင်ခဲ့ကြတာပါ။ ကျွန်မတို့လူမျိုးတွေက သူတို့လောက် မဆိုးကြဘူးလို့ထင်ပါတယ် . . .၊ သူတို့ကတော့နိုင်ငံကို နှစ်ပေါင်းများစွာ. . . သိမ်းပိုက်အုပ်ချုပ်နေကြတာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့နိုင်ငံသာ လက်နက်အင်အားကြီးနိုင်ငံတစ်ခု မဟုတ်ခဲ့ရင်. . . ကျွန်မ တို့ကိုပါ သူတို့ သိမ်းယူကြဦးမယ်။ ကျွန်မတို့လူမျိုးက ကိုယ့်ထက် အင်အားကြီးပြီး လူဦးရေများပြားတဲ့ ရုရှားကိုတောင်. . . နိုင်အောင် တိုက်ခဲ့ကြသေးတာပဲ။ သူတို့ကို မကြောက်ဘူး။ သူတို့ရဲ့ လက်အောက်ခံ နိုင်ငံတွေကို. . . အကုန်ပြန်သိမ်းပစ်မယ်။ ကျွန်မတို့ အာရှတိုက်ကို အာရှသားတွေသာ. . . စိုးမိုးရမယ်လေ။ သူတို့ဥရောပကိုက်ကို ကျွန်မ တို့ရဲ့မိတ်ဆွေ ဂျာမဏီနိုင်ငံက. . . အုပ်စိုးသိမ်းပိုက်လိမ့်မယ်"

မိုးမြေက သူရဲ့လွယ်အိတ်ကြီးထဲက ရုပ်ပြောင်းရုပ်လွှဲ ပြုလုပ် ရာမှာ သုံးသည့်ပစ္စည်းပစ္စယတွေ ပြင်ဆင်လိုက်လေသည်။ ထို့နောက် လွန်စွာပီသသော ဂျပန်စကားဖြင့်. . .

"နယ်ချဲ့ကိုလိုနီဝါဒလည်း လက်မခံဘူး. . .။ ဖက်ဆစ်ဝါဒကို လည်း လက်မခံနိုင်ဘူး။ ငါတို့နိုင်ငံအပေါ် ကျူးကျော်လာသူ မှန်သမျှ ရန်သူပဲ။ တိုက်ထုတ်ရမှာပဲ"

"ဒီလိုဆို. . . ရှင့်အနေနဲ့ ဒီအင်္ဂလိပ်မကို သတ်ပစ်လို့ ရနေတာပဲ သူဟာ ရှင်ရဲ့ရန်သူ. . .။ ရှင် ဘာလို့ မသတ်ဘဲ ရန်သူကို ကယ်တင်နေ တာလဲ"

ဘိုမက အင်္ဂလိပ်ဆိုတဲ့ စကားသံကြောင့် မိုးမြေကို အင်္ဂလိပ်လို





မေးမြန်းစူးစမ်းလာလေသည်။

"အဲဒီဂျပန်နီစ်က. . . ဘာတွေ ပြောနေတာလဲ။ သူရဲ့အကြည့်က သွားဆာနေတဲ့ ဝံပုလွေလိုပဲ။ ရှင့်ကို. . . တစ်ခုခု လုပ်ခိုင်းနေပုံပဲ"

မိုးမြေက. . .

"ဘာမှ မဟုတ်ပါဘူးကွာ"

လို့ ညာလိုက်သော်လည်း ဂျပန်မလေးက ဂျပန်လေသံ ခပ်ဝဲဝဲနဲ့ အာက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားကို ပြောလိုက်လေသည်။

"မင်းရဲ့အကြောင်းကို. . . ပြောနေတာပဲ။ မင်းတို့ ကိုလိုနီနယ်ချဲ့ ဒီ အင်္ဂလိပ်တွေကို အခွင့်အရေးရတုန်း. . . သူလို မြန်မာတစ်ယောက် ေ သတ်ပစ်သင့်တယ်လို့ ပြောနေတာ"

"ဘိုးမိုင်ဂေါဒ့်. . . ဖက်ဆစ်ဘီလူးမ. . .။ နင်ဟာ တကယ့်ကို ကြင်နာတရား ကင်းမဲ့တဲ့သူပါလား. . .။ ငါတို့က နင်တို့လို လူတွေကို အကြောင်းမဲ့ မသတ်ဘူး။ လူ့ယဉ်ကျေးမှုကို. . . အလေးအနက်ထား တယ်။ နင်တို့က မထားဘူး။ မိစ္ဆာလိုပဲ. . . လူတွေကို အရှင်လတ်လတ် ခုတ်ပိုင်းနေတဲ့ မကောင်းဆိုးဝါးတွေ။ မြန်မာလူမျိုးတွေအပေါ်မှာ. . . နင်တို့ ဘာကောင်းခဲ့သလဲ"

"လွတ်လပ်ရေးရအောင်. . . တိုက်ပေးခဲ့တယ်။ နင်တို့ အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



ထုပ်သွေးစုပ်ပြီး သိမ်းပိုက်ထားတဲ့ လွတ်လပ်ရေးကို. . . ငါတို့ နီပွန်တပ်မတော်က ရွှပ်ရွှပ်ချွန်ချွန်နဲ့ တိုက်ထုတ်ပေးနိုင်ခဲ့တယ်"

"လွတ်လပ်ရေး အတုကြီးပေးခဲ့တာ၊ ရုပ်သေးအစိုးရတွေ ဖွဲ့စည်းပေးပြီး နင်တို့လုပ်ချင်သလို. . . လုပ်ခဲ့တာ။ ဒီနေ့ မြန်မာပြည်သူတိုင်းဟာ နင်တို့ သူတော်စင်လား. . . မိစ္ဆာလားဆိုတာ အားလုံးသိနေကြပါပြီ။ မုဒိမ်းကျင့်၊ လူသတ်၊ နေခြောက်လှန်း၊ လက်သည်းခွာ၊ ရေနွေးပူလောင်း၊ လှံစွပ်နဲ့ ကျားထိုးသလို ထိုးသတ်နဲ့၊ လူတွေကို. . . ရက်စက်ချင်သလို ရက်စက်နေတာ။ ဟော့ဒီ မြန်မာလူငယ်အနေနဲ့. . . သတ်သင့်တာက ဖက်ဆစ်မိစ္ဆာ ဂျပန်သွေးပါတဲ့ နင့်ကိုပဲ. . . ဂျပန်နိစ်ရဲ့"

"လူသတ်တာ နင်တို့အင်္ဂလိပ်စစ်တပ်က စခဲ့တာပါ။ တော်လှန်တဲ့လူကို သူပုန်ဆိုပြီး. . . ခေါင်းဖြတ်သတ်တယ်။ လူအများ မြင်သာတဲ့နေရာမှာ ချိတ်ဆွဲထားတယ်။ ဆရာစံနဲ့အဖွဲ့ကို. . . သတ်ခဲ့တဲ့သမိုင်းက ရှိနေပြီ။ ဆန္ဒပြတဲ့လူအုပ်ကြီးကို မြင်းတွေနဲ့တိုက်. . . တုတ်တွေနဲ့ ရိုက်ခဲ့တာတွေကလည်း သမိုင်းသက်သေရှိနေတာပဲ။ မြန်မာဘုရင်ရဲ့ နန်းစဉ်ပတ္တမြားကြီးငမောက်ကို လိမ်လည်ခိုးထုတ်သွားတာကိုရော. . . ငြင်းလို့ရနိုင်သေးရဲ့လား။ မျက်နှာဖြူအင်္ဂလိပ်ဆိုတာ. . . သူခိုးဓားပြ အကြီးစားကြီးပဲ။ လက်နက်ပြပြီး ဗိုလ်ကျစိုးမိုးနေတဲ့. . . နင်တို့ရဲ့ နေမဝင်





အင်ပါယာကြီးကို ငါတို့ နီပွန်တပ်မတော်က. . . ချေမှုန်းပစ်လိမ့်မယ်"

မျက်နှာဖြူဘိုမ ကော့တနေလပ်ဖ်တစ်ယောက် ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည့်မျက်နှာဖြင့် ဂျပန်မလေးကို ဆတ်ခနဲဆောင့်တွန်းပစ်လိုက်လေသည်။ ဂျပန်မလေးက ကြိုတင် သတိရှိထား၍ အသာတိမ်းရှောင်လိုက်သောအခါ ဘိုမခမျာ လေကိုသာ တွန်းမိပြီး အရှက်ရသွားလေ၏။ ချက်ချင်းပင် ဂျပန်မလေးကို တိုက်ခိုက်ဖို့ ပြင်လိုက်ပြန်မှာပင် မိုးမြေက ခြသေ့်ဒေါသနှင့် ဟိန်းဟောက်ပစ်လိုက်၏။ ထိုအခါမှ နှစ်ယောက်စလုံး ငြိမ်ကျသွားပြီး တစ်ယောက်ကိုတစ်ယောက် အခဲမကျေသလို လှမ်းကြည့်နေကြကုန်လေသည်။

မိုးမြေက အမိန့်ပေးသံဖြင့် ဘိုမလေးကို အိန္ဒိယကုလားမလေးအသွင် ဝတ်စားဆင်ယင်ဖို့ ပြင်ဆင်ခိုင်းလိုက်လေသည်။ ဂျပန်မလေးကိုတော့ ဆံပင်ဆိုးဆေးအဖြူရောင်တွေ ဆိုးပေးပြီး၊ မျက်နှာကို ဆေးမဲတွေနှင့် နားထင်ပါးရင်းတွေ ပေါ်လွင်လာအောင် အရေးအကြောင်းများ ရေးဖော်၍ ရုပ်ပြောင်းလဲပေးလိုက်လေသည်။ မဂိုမလေးတွေ အသားဖြူကြသည်မို့ အိန္ဒိယ မဂိုသူလေးအသွင် ဘိုမကို ဝတ်ဆင်စေလိုက်ခြင်းပဲဖြစ်လေသည်။

နှစ်ယောက်စလုံးကို ပြင်ဆင်ပေးပြီးသည်နှင့် မိုးမြေတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှုထောင့်အမျိုးမျိုးကနေ လိုက်ကြည့်ပြီး. . .

"ဒီလောက်ဆို. . . ငါတို့ကို မမှတ်မိနိုင်တော့ပါဘူး။ အခုလို သေရေး ရှင်ရေးကာလမှာ လူတိုင်း ကိုယ့်အသက်ကိုယ် ဖက်နဲ့ထုပ်ထားကြရတာ. . .။ တစ်ယောက်နဲ့တစ်ယောက် ရန်လုပ်နေလို့ ဘယ်ဖြစ်မှာလဲ။ ဒီမှာ. . . မင်းတို့နှစ်ယောက်စလုံး နားလည်အောင် ငါ့ရဲ့သဘောထားကို ခပ်ရှင်းရှင်းပဲ ပြောလိုက်မယ်။ ငါက ဂျပန်လူမျိုးကိုလည်း မမုန်းဘူး။ အင်္ဂလိပ်လူမျိုးတွေကိုလည်း မမုန်းဘူး။ ငါမုန်းတာ. . . သူတို့ရဲ့ဝါဒ၊ ကိုလိုနီနယ်ချဲ့ဝါဒနဲ့ ဖက်ဆစ်အာဏာရှင်ဝါဒကိုပဲ"

သုံးယောက်ကြားမှာ ငြိမ်သက်ခြင်းက လွှမ်းမိုးသွားသည်။ ညအမှောင်ရောက်အောင်စောင့်ရင်း အစာခြောက်တွေကို ထုတ်စားကာ ရေနှင့်မျှောချကြရ၏။ ခေတ်ပျက်ကာလမှာ အစားအစာ ရွေးချယ်နေ၍ မရ။ မစားနိုင်လျှင် အငတ်ခံရုံသာ ရှိတော့သည်။ အစားကောင်းအသောက်ကောင်းတွေနှင့် ကြီးပြင်းလာသော သူမတို့နှစ်ယောက်မှာ အနည်းငယ်သာစားပြီး တင်းတိမ်လိုက်ကြလေသည်။ မိုးမြေကိုယ်တိုင်ကတော့ ရှေ့ခရီးအတွက် အားမွေးရမည်မို့ ထပင်းခြောက်ရေနူးကို စားရသည်ဖြစ်စေ အားရပါးရ စားနေမိလေသည်။ စားသောက်ပြီးသည်နှင့် အမှောင်ကိုစောင့်ရင်း မိုးမြေတစ်ယောက် ရတနာခုနစ်ပါး စီခြယ်ထား





သော ကြာကလပ်ကို တယုတယနှင့် ပွတ်သပ်ကိုင်တွယ်ကြည့်နေလေသည်။

ဘိုမလေးက မိုးမြေအနားရောက်လာပြီး. . .

"ဒီပစ္စည်းက ရှင့်အတွက်. . . သိပ်တန်ဖိုးကြီးမှာပဲနော်"

"ဟုတ်တယ်. . ."

ဂျပန်မလေးကပါ သတင်းထောက်ပီပီ စူးစမ်းလေ့လာလိုသောသဘောဖြင့် အနားကို ရောက်လာပြန်လေသည်။ ပြီးနောက်. . .

"ကျွန်မဦးလေးနဲ့ အရောင်းအဝယ်လုပ်တဲ့ပစ္စည်းကို. . . ရှင်ဘာလို့ အတင်းအဓမ္မ လုယူခဲ့ရတာလဲ"

ဟု မေးလာ၏။ မိုးမြေက. . .

"ဒီပစ္စည်းရဲ့ ပိုင်ရှင်အမှန်က ငါ့ရဲ့ဆရာ သီလသိဒ္ဓိပဲ. . .။ သိုက်နန်းဟောင်းတစ်ခုကနေ တူးဖော်ရရှိတာ. . .။ ဒီပစ္စည်းမှာ တန်ခိုးသတ္တိထူးတွေ အများကြီးရှိတယ်။ ငါ့ဆရာလက်ထဲကနေ နေညွန့်စားနဂါးဆိုတဲ့ တစ်ကောင်ဘွားက. . . ခိုးယူသွားတာ။ အဲဒါကြောင့် ငါ ပြန်လုယူခဲ့တာပဲ။ ဒီပစ္စည်းဟာ. . . ငါတို့တစ်မျိုးသားလုံးအတွက် တန်ဖိုးကြီးမားတယ်။ ရတနာခုနစ်ပါး စီခြယ်ထားတဲ့တန်ဖိုးက. . . သိပ်ကြီးလွန်းတော့ ဒီ ကျောက်မျက်ရွဲကြီးကို ကြည့်စမ်း. . .။ မနူဟာမင်းကြီးတာ



www.burmeseclassic.com

www.burmeseclassic.com



မြင်းကပါသူဌေးကို ရောင်းခဲ့တဲ့. . . မနောမယ ကျောက်မျက်ရွဲကြီးနဲ့ အမျိုးအစား အတူတူပဲ။ ဒီကျောက်မျက်ရွဲကြီးရဲ့တန်ဖိုးကို ပုဂံခေတ် ယောက်တ ငွေကြေးနဲ့တွက်ရင်တောင်. . . ငွေလှည်းခြောက်စီးတိုက် လောက်တန်တယ်. . .။ ဒီခေတ်ဆိုရင်တော့ ကမ္ဘာပေါ်မှာ အချမ်းသာ ဆုံး ကုမ္ပဏီကြီးတစ်ခုစာလောက်ကို တန်ဖိုးရှိတယ်. . .။ ဒီအထဲမှာပါတဲ့ ရတနာသိုက်ရဲ့လမ်းညွှန်နဲ့ သိုက်ထဲဝင်ရမယ်။ လျှို့ဝှက်သင်္ကေတတွေကို နေညွန့်စားနဂါးကိုးကျားချပ် တစ်ကောင်ဘွားက. . . ထုတ်ယူထားလိုက်ပြီး ပြီ. . .။ ဒါပေမဲ့ ဒီကောင်တွေ သိုက်နန်းနေရာကို သိပေမယ့် သိုက်ထဲကို အခုထိ. . . မဝင်နိုင်သေးပါဘူး။ သူတို့ လက်မဦးခင် မျိုးချစ်တပ်မတော် သားတွေ စုစည်းပြီး ငါတို့က. . . လက်ဦးအောင် သိမ်းပိုက်ရလိမ့်မယ်။ အခု လောလောဆယ်တော့. . . ဒီသိုက်ရှိတဲ့နေရာကို သွားလို့ မဖြစ် သေးဘူး။ ပုပ္ပါးတောင်ကလပ်မှာ ခေတ်ပန္နက်ရိုက်ဖို့. . . ခရီးပြင်းနှင် စရာရှိတယ်။ အမှောင်မရောက်ခင်. . . အားမွေးတဲ့အနေနဲ့ ခဏ မှေးနေ ကြစို့"

* * *





[၉]

ကျွန်ုပ်တို့ ဘာလင် စစ်အောင်နိုင်ရေး သတင်းဝါဒဖြန့်ချိမှုအတွက် သတင်းလိုက်မှုဆိုး ဂျာမန်လူမျိုး ဗွန်ဘရောင်း ရောက်လာသည်ကို ကင်ပေတိုင်မှ အရာရှိများက ကြိုဆိုညှိခံ နေရာချပေးကြလေသည်။

ရွှေရောင်ဆံပင်၊ ပြာလွင်သော မျက်လုံး၊ သိမ်းစွန်ငှက်ရဲ့ နှုတ်သီး နှင့်ဆင်သော နှာခေါင်း၊ မျက်လုံးနှင့် ဥရောပတိုက်သား၊ အဖ ဂျာမဏီ နိုင်ငံတော်ရဲ့ စစ်သတင်းထောက်ကြီးကို ကင်ပေတိုင်က မျက်လုံး ဒေါက် ထောက်ကြည့်ကာ စောင့်ရှောက် လေ့လာနေကြလေသည်။

အမှန်တော့ ဗွန်ဘရောင်း အယောင်ဆောင်ဝင်လာသူမှာ ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေး အမှတ် ( ၅ ) ( MI.5 ) မှ ဗိုလ်ကြီးမိုက်ကယ်ကုတ်နေ ဆိုသူဖြစ်လေသည်။

ဂျာမဏီ နာဇီပါတီရဲ့ စစ်သတင်းထောက် ဗွန်ဘရောင်းဆိုသူကို ဗြိတိသျှ ( MI.5 ) မှအင်္ဂလန်မြေပေါ်တွင် ဖမ်းဆီးရမိခဲ့ပြီး ဗွန်ဘရောင်းထံမှ ရရှိသော ကိုယ်ရေးအချက်အလက်နှင့် လုပ်ငန်းရည်ရွယ်ချက် ကွင်းဆက်တွေအရ အရှေ့တောင်အာရှ စစ်မျက်နှာသို့ ဆက်လက်ထိုးဖောက် သတင်းယူရမည့်ခရီးစဉ်မှာ. . .

ဗွန်ဘရောင်းနှင့် ရုပ်ချင်း အလွန်ဆင်တူသော ဗြိတိသျှ ကြည်းတပ်ဗိုလ်ကြီး မိုက်ကယ်ကုတ်နေကို ဗွန်ဘရောင်းအဖြစ် မှင်သေသေနဲ့ ဟန်ဆောင်ပြီး ခရီးစဉ် ဆက်လွှတ်လိုက်ကြခြင်းဖြစ်သည်။

ဗွန်ဘရောင်း အစစ်အမှန်ကိုမူ ဗြိတိသျှ ( MI.5 ) မှ ထိန်းသိမ်းထားလိုက်ကြလေသည်။ မိုက်ကယ်ကုတ်နေမှာ ယခင်ကထဲက မြန်မာပြည်စစ်မျက်နှာမှာ ပိတ်ဆို့ ကျန်ရစ်ခဲ့ရှာသော ချစ်သူဟောင်း ကော့တနေလပ်ဖ်ကို ရှာဖွေလိုသည့် ဆန္ဒပြင်းပြနေသူဖြစ်ရာ ယခုလို အထက်အမိန့်အရ တာဝန်နှင့် မြန်မာပြည်ကို သွားရမည်ဆိုသောအခါ ရေငတ်တုန်း ရေတွင်းထဲကျသလို စိတ်အားတက်ကြွမှုတွေ ဖြစ်ပေါ်နေခဲ့၏။

"အိုး. . . ကိုယ်အချစ်ရဆုံးသော နေးလ်ရေ။ မင်းကို ကယ်တင်





ဖို့ ကိုယ် အရောက်လာခဲ့ပါ့မယ်. . . အချစ်ရယ်။ ကိုယ် မရောက်လာသေးခင် အချိန်အထိ. . . မင်းကို ထာဝရဘုရားသခင်က ကောင်းမွန်စွာစောင့်ရှောက်ပါလိမ့်မယ်။ မင်းအတွက် အမြဲတမ်း ကံကောင်းနိုင်ပါစေလို့. . . ကိုယ် ဆုတောင်းပေးနေပါတယ်"

မိုက်ကယ်ကုတ်နေကို ဗြိတိသျှ ( MI.5 ) နှင့် CID မှ တာဝန်ရှိသူများက ဂျာမန်စာပေ၊ ဂျာမန်စကားနှင့် ဂျာမန်လူမျိုးတို့ရဲ့ အပြုအမူအလေ့အထတွေ တက်သုတ်ရိုက်ပြီး အမြန်သင်ကြားပေးခဲ့ကြလေသည်။

ဂျာမဏီနိုင်ငံရဲ့ နာဇီပါတီအုပ်ချုပ်ဖွဲ့စည်းပုံ အဆင့်ဆင့်၊ ပထဝီမြေအနေအထား၊ စစ်ရေး၊ နိုင်ငံရေး၊ လူနေမှုဘဝ အထွေထွေတွေကို သင်တန်းဆရာငါးဦးက တစ်နေ့ ဆယ်နာရီနှုန်းနဲ့ မိုက်ကယ်ကုတ်နေကို လောဆော်ကာ သင်ကြားပေးနေကြလေသည်။ သင်တန်းဆရာက. . .

"ဂျာမန်တွေဟာ သူတို့ကိုယ်သူတို့ လူမျိုးကြီးလို့ခံယူပြီး နှလုံးထဲစွဲမြဲ မှတ်ယူထားတတ်ကြတယ်. . .။ သူတို့ရဲ့ခေါင်းဆောင်ကြီး ဟစ်တလာကို သူတို့ရဲ့အဖ၊ သူတို့ရဲ့ဘုရားသခင်လို မှတ်ထင်ပြီး ကိုးကွယ်ကြတယ်. . .။ သူတို့က ဘာဝတ်စုံဝတ်ဝတ် သပ်ရပ်သန့်ရှင်းမှုကို အထူးဦးစားပေးကြတယ်. . .။ စစ်သတင်းထောက်ဆိုပြီး အမေရိကန်နဲ့ ဗြိတိသျှသတင်းထောက်တွေလို. . . ဖြစ်ကတတ်ဆန်းနေပြီး သတင်းတို



www.burmeseclassic.com

www.burmeseclassic.com



အတင်းလိုက်တတ်ကြတဲ့ခေတ်တွေ မဟုတ်ဘူး။ သန့်ရှင်းသပ်ရပ် ကျော့မော့ပြီး(neck-tie)လည်စီးစည်းတာကအစ. . . သေသပ်အောင် စည်းတတ်ကြတယ်. . .၊ ဂုဏ်တော်ဝန်ထမ်းတွေလို လောင်းကုတ်ကြီးတွေဝတ်၊ သက္ကလပ် ဦးထုပ် မဆောင်းတတ်ကြပေမယ့်. . . မီးခိုးရောင် သက္ကလပ်ဝတ်စုံ၊ ရှပ်အင်္ကျီ အဖြူ လည်စီး အနက်၊ ရှူးဖိနပ် အနက်နဲ့ အမေရိကန်စတိုင်(လ်) ဖမ်းပြီး နေတတ်ကြတယ်. . .။ ဂုဏ်တော်ဝန်က ဗွန်ဘရောင်းကို ဗြိတိသျှ စီးပွားရေးလုပ်ငန်းရှင်အဖြစ် ဟန်ဆောင်လွှတ်လိုက်တာမို့. . . ဒီငနဲက ဗြိတိသျှတွေနဲ့ တကယ်တူအောင်. . . သရုပ်ဆောင်နေပြနိုင်ခဲ့တယ်။ နောက်ဆုံးတော့ သူ့ကို ငါတို့ ဖမ်းဆီးမိခဲ့တာပါပဲ။ အခုတော့. . . မင်းက သူတို့ တစ်ပတ်ရိုက်တာကို နှစ်ပတ်ပြန်ရိုက်ရမှာမို့ မင်းရဲ့အမူအရာတွေ ချွတ်ချော်လွဲမှားပြီး မတော်တဆ ဗြိတိသျှနဲ့တူသွားရင်တောင်. . . ဘာမှ မစိုးရိမ် မထိတ်လန့်နဲ့။ မင်းရဲ့ လုပ်ငန်းအနေအထားကို ကင်ပေတိုင် စစ်ဗိုလ်တွေက ကြေးနန်းကနေတစ်ဆင့် သိရှိထားပြီးကြပြီ။ ကဲ. . . ဒီနေ့ကစပြီး မင်းဟာ. . . ကျွန်တို့ဘာလင် စစ်အောင်နိုင်ရေး ဝါဒဖြန့်ချိတဲ့ သတင်းဌာနက. . . စစ်သတင်းထောက် ဗွန်ဘရောင်းဖြစ်သွားပြီ"

မိုက်ကယ်ကုတ်နေက လွန်ခဲ့တဲ့ ရက်ပိုင်း၊ လပိုင်းလောက်က ကြုံတွေ့ခဲ့ရတာတွေကို ပြန်တွေးမိနေလေသည်။





"ဟိုင်း. . . ဟစ်တလာ"

ဆိုတဲ့ ဂျာမန်ပုံစံနှုတ်ဆက်ပုံကို ဂျပန်တွေက သိပ်သဘောကျကြလေသည်။ သူတို့က အဖဂျာမဏီနိုင်ငံရဲ့ စစ်ဗိုလ်ချုပ်ကြီး ရွှန်းမဲ(လ်) အကြောင်းကို တခမ်းတနား ချီးကျူးပြောကြ၏။ မိုက်ကယ်ကုတ်နေကလည်း အဖဂျာမဏီနိုင်ငံသား စစ်သတင်းထောက် ဗွန်ဘရောင်းအသွင်ဖွင့်သေသေနှင့် ဟန်ဆောင်ရင်း ဂျာမဏီနှင့် ဂျပန်တို့ရဲ့ လူမျိုးကြီးဝါဒကို ပြန်လည် ချီးမွမ်းခန်းဖွင့်ရပြန်လေသည်။ တစ်ဆက်တည်းလိုလိုပင် ဂျပန် စစ်ဗိုလ်ချုပ်ကြီး ကာဝါရှိမားအကြောင်းကိုပါ ထပ်လောင်းချီးမွမ်းခန်း ဖွင့်ပေးလိုက်တော့ ဂျပန်တွေ 'တစ်ဟိုက် ဟိုက်'နဲ့ 'အရိဂတ်တော'ဆိုတဲ့ ကျေးဇူးတင်သံတွေ ထုံလွှမ်းသွားလေတော့သည်။

"နီပွန်တပ်မတော်ရဲ့. . . စစ်ဗိုလ်ချုပ်ကြီး ကာဝါရှိမားက အမေရိကန်က အိုက်ဆင်ဟောင်ဝါးကို အလဲထိုးနိုင်မှာ သေချာပါတယ်၊ ကျုပ်တို့ရဲ့ မဟာမိတ် ဝင်ရိုးတန်းနိုင်ငံတွေဖြစ်တဲ့. . . ဂျာမဏီ၊ အီတလီ၊ ဂျပန်၊ ဘူ(လ်)ဂေးရီးယား၊ ယူဂိုစလားဗီးယားနိုင်ငံစုံတပ်ဖွဲ့တွေက ကိုလိုနီ ချဲ့တွေကို မကြာခင်မှာ. . . အပြတ်ဖြုတ် သုတ်သင်နိုင်တော့မှာပါ"

"အီတလီမှာ မူဆိုလိုနီ ပြုတ်ကျခဲ့လို့. . . အပြောင်းအလဲ ဖြစ်ခဲ့ပေမယ့် ကျုပ်တို့ရဲ့ ဝန်ရိုးတန်းနိုင်ငံတွေ. . . တိုက်တိုင်းအောင်မြင်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ငှက်ယူဖို့ကောင်းပါတယ်. . .။ အရှေ့တောင်အာရှ စစ်မျက်နှာမှာ ကျုပ်တို့ နိပွန်တပ်မတော်ရဲ့ အောင်ပွဲခံတဲ့သတင်းတွေ. . . ဥရောပတိုက်မှာ ဖြန့်ချိဖို့အတွက် နိပွန်ကင်ပေတိုင်အဖွဲ့က. . . လိုအပ်တဲ့အကူအညီတွေ ပေးသွားမယ် မစ္စတာဗွန်ဘရောင်း. . ."

"ကျွန်ုပ်အနေနဲ့ တစ်ကိုယ်တော်. . . လှုပ်ရှား သွားလာ သတင်းယူရတာမျိုးကို သဘောကျတယ်။ ခင်ဗျားတို့ နိပွန်တပ်မတော်အနေနဲ့ နာဇီထောက်လှမ်းရေးအဖွဲ့ကနေ. . . စစ်သတင်းထောက်အဖြစ် စေလွှတ်လိုက်တဲ့ ကျွန်ုပ်အပေါ် ချွင်းချက်မရှိ ယုံစေချင်တယ်။ ရရှိလာတဲ့ သတင်းတွေကို နိပွန်ကင်ပေတိုင်က. . . စိစစ်သုံးသပ် တည်းဖြတ်ပြီးမှ ကြေးနန်းနဲ့ သတင်းတိုလေးတွေ. . . ရိုက်ပို့ပေးမှာပါ"

ဂျပန်ဗိုလ်ကြီး တိုမိုယက ဂျာမန်သတင်းထောက်ကို တာဝန်ယူထားရတဲ့သူမို့ လွဲချော်မှု တစ်ခုခု ဖြစ်မှာကို မလိုလား။ ဥရောပတိုက်သားတွေအပေါ်မှာ တိုမိုယက ဘယ်သောအခါမှ ယုံကြည်ခဲ့သည် မရှိ။ သို့သော်ငြားလည်း ဧည့်သည်တော် သတင်းထောက်အနေနဲ့ စိတ်ကွက်ငြိုငြင်သွားတာမျိုးလည်း မဖြစ်အောင် ကင်ပေတိုင်က သူ့လူတွေကို အဝေးက စောင့်ကြည့်ခိုင်းဖို့ စိတ်ထဲက ဆုံးဖြတ်ချက်ချလိုက်လေသည်။

ဂျာမဏီ၊ နာဇီထောက်လှမ်းရေးဌာနက ပေးပို့လာသော သတင်း





ထွာထဲမှာ ဗွန်ဘရောင်း ရောက်ရှိလာရမည့်အချိန်မှာ ဗွန်ဘရောင်း ရောက်မလာခဲ့။ ဗွန်ဘရောင်း ပါလာမည့် သင်္ဘောသာ ဆိုက်ရောက်လာခဲ့သည်။ တစ်လခွဲကျော်ကြာမှ ဗွန်ဘရောင်း ရောက်ရှိလာခြင်းမှာ အကြောင်းထူးနေ၏။ ဗွန်ဘရောင်းက အင်္ဂလန်မြေမှာ မွှေနှောက်ပြီး သတင်းယူနေရ၍ ကြန့်ကြာနေခဲ့ရကြောင်းကို အကြောင်းပြလေသည်။ ဗွန်ထောက်လှမ်းရေးနှင့် နာဇီထောက်လှမ်းရေးဌာနများမှာ ရန်သူ့သတင်း၊ ဖစ်ရေးသတင်းတွေ အပြန်အလှန် ပေးပို့ဖလှယ်မှုတွေ ရှိနှင့်ပြီးလေသည်။ ကိုယ်တိုင်ကိုယ်ကျ သတင်းရယူဖို့ လွှတ်လိုက်သည့်အပေါ် ဗိုလ်ကြီးတိုမိုယအနေနှင့် စိတ်ဘဝင်မကျ ဖြစ်နေရလေသည်။ ဘလင်က ပေးပို့လိုက်သော သတင်းအချက်အလက်တွေမှာလည်း ည့်စုံမှန်ကန်နေသဖြင့် သံသယ မဝင်သာ။

ဗွန်ဘရောင်းကို ကင်ပေတိုင်ရုံးမှာ နေရာချပေးထားသော်လည်း ါးမရှိ မားမရှိ တစ်ကိုယ်တော် သတင်းလိုက်ခွင့် ပြုလိုက်ရလေသည်။ န်ဘရောင်းရဲ့နောက်ကွယ်မှာ အရိပ်လို လိုက်နေဖို့ ဂျပန်ကင်ပေတိုင်မှ တော်နှစ်ယောက်ကို ခန့်အပ် တာဝန်ပေးလိုက်လေသည်။ တိုမိုယ နေနှင့်. . . .

ကျိုတိုစစ်သတင်းထောက်မလေး ယုမီကို့ကို ဓားစာခံပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားသော မြန်မာကောင်နောက်ကို အတင်းထိုးလိုက်ချင်နေ

သည်။ ယုမိကိုနှင့် ချစ်သူဘဝ ရောက်ခဲ့ကြပြီးပြီ။ စစ်ကြီးပြီးလျှင် ဂျပန်

ပြန်ပြီး လက်ထပ်ထိမ်းမြားဖို့ တိုင်ပင်ထားကြပြီးပြီ။ ယုမိကို့ကိုသာ

မြန်မာကောင်က တစ်ခုခုလုပ်လိုက်လျှင်. . .

တိုမိုယတစ်ယောက် အံတင်းတင်းကြိတ်ပြီး ဒေါသနှင့် ခါးမှ

ရှည်ကို ခြောက်လက်မလောက် ဆွဲထုတ်လိုက်ပြီး ဓားအိမ်ထဲ ဖြောင်းခနဲ

မြည်အောင်ဆောင့်သွင်းကာ ဒေါသကို ကြိတ်ဖြေလိုက်ရတော့လေသည်။

မတော်မတန် ငါတို့ နိပွန်သခင်မျိုးရဲ့ တပ်မတော်ကို တော်လှန်

ပုန်ကန်စော်ကားရဲတဲ့ မြန်မာကျေးကျွန်ကောင်ကို ဖမ်းမိပြီဆိုတာ

တိုမိုယရဲ့ ဓားချက်အောက်မှာ စက္ကူတစ်ရွက်လို အပိုင်းပိုင်း ပြတ်ကျ

စေရမယ်လို့ စိတ်ထဲကလည်း ကြိမ်းဝါးလိုက်မိသေးသည်။ ယုမိကိုရဲ့

ဦးလေး ဗိုလ်မှူးကြီးကိုယ်တိုင် ဂျပန်စစ်တပ် တပ်ခွဲသုံးခွဲနှင့် ရန်ကုန်

တစ်မြို့လုံး ပိုက်စိပ် တိုက် ရှာဖွေနေသည်မှာ ဘာသတင်းမှ ဝင်မလာ

သေး. . .။

တိုမိုယအနေနှင့် ခေါင်းကို လှုပ်သုံးပြီး မြန်မာကောင်ကို မိအောင်

ဖမ်းချင်နေမိသည်။ နေညွန့်စားနဂါးဆိုသော တစ်ကောင်ဘွားနှင့်

မြန်မာကောင် ပတ်သက်မှု ရှိခဲ့ရမည်။ တစ်ကောင်ဘွားကနေ အစရှာ





ထုတ်ပြီး နောက်ကလိုက်လို၏။ သို့သော်ငြား. . .

ဒေါသကြီးနေသော ဗိုလ်မှူးကြီးကို ဆင်ခြေ မတက်ရဲသဖြင့် ဝင်ပြီး

အကြံဉာဏ်ပေးခွင့်မသာ။ ဗိုလ်မှူးကြီးကိုယ်တိုင် လိုက်ရှာလို့ မတွေ့တော့

သောအခါမှ တိုမိုယရဲ့အစွမ်းအစကို စွမ်းစွမ်းတမံ ပြသရပေတော့မည်။

ဗွန်ဘရောင်းနှင့် ပတ်သက်သမျှ ယခုတော့ တိုမိုယ ခေါင်းပေါ်

မှာ တာဝန်ပိကျနေလေပြီ။ ယုမိကိုကို ခေါ်သွားတဲ့ မြန်မာကောင်နဲ့

ပတ်သက်ပြီး ကင်ပေတိုင်က အဖွဲ့တွေ စေလွှတ်စုံစမ်းထားရ၏။ တစ်

ကောင်ဘွားကို တွေ့အောင်ရှာပြီး ကင်ပေတိုင်ကို ခေါ်ခဲ့နိုင်လျှင်လည်း

ခြေအနေ အများကြီး ထူးလာနိုင်၏။ တစ်ကောင်ဘွားကို တည်ကြက်

ထားပြီး မြန်မာကောင်ကို မျှားခေါ်ထုတ်နိုင်မည်။

သို့ငြား. . . ယခုတိုင် နေညွန့်စားနဂါးဂိုဏ်းချုပ် တစ်ကောင်ဘွား

မြေလျှိုးမိုးပျံနိုင်တဲ့ နဂါးတစ်ကောင်လို အမြီးတောင် မမြင်ရအောင်

ကိုယ်ယောင်ဖျောက်သွားခဲ့လေပြီ. . .။

မြန်မာကောင်ရဲ့ လူစွမ်းကောင်းဆန်ဆန် ပုန်ကန်သောင်းကျန်း

သွားမှုအပေါ်မှာ ဗိုလ်ကြီးတိုမိုယ တွေးမိတိုင်း ဒေါသမုန်တိုင်း ထန်ပြင်း

ရှိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## [၁၀]

ညအမှောင်ရောက်သည်နှင့် မြို့တွင်းလမ်းဘေးမှ မိုးမြေတို့ သုံးယောက်သား ကပ်လျှောက်သွားကြလေသည်။ ဂျပန်ခေတ်ကာလ ညအက်များမှာ လူသူရှင်းလင်းနေ၏။ တစ်ခါတစ်ရံမှသာ ဂျပန်စစ်ကားတွေ ကင်းလှည့်တာကို တွေ့ရတတ်၏။

တိုက်အပြိုအပျက်များကြားမှာ ပီသေနေသော လူသေကောင်ညှပ်နံ့တွေက လေရှူးဝှေ့ရာ ထောင်းထောင်းထပြီး ကပ်ပါလာတတ်၏၊

ဘိုမလေးက ပျို့အန်နေ၏။ ဂျပန်မလေးက နှာခေါင်းကို လက်နှင့် ပိတ်ထားလေသည်။ မိုးမြေက ကျိုးကန်းတောင်းမှောက် မှောင်လုံးထွေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် အရုပ်ရှစ်မျက်နှာကို မပြတ်တမ်း အကဲခတ် လေ့လာနေလေသည်
နေ့အခါများမှာပင် လူအနည်းငယ်သာ တွေ့ရသောလမ်းမှာ ည
အခါ၌ တိတ်ဆိတ် ခြောက်ကပ်ပြီး ခွေးအူသံမျှပင် မကြားရတော့ချေ
အရိပ်မည်းမည်း တိုက်တာကြီးတွေကို အကွယ်အကာယူကာ သုတ်သုတ်
သွက်သွက် လျှောက်လှမ်းကြရလေသည်။
အကြောင်းအမျိုးမျိုးနှင့် သွားလာရင်း သေဆုံးနေကြသော လူ
သေကောင်တွေမှာ သရဏဂုံတင်ခွင့် မရလိုက်၍ ဝိညာဉ်သရဲတွေ ဖြစ်
ကာ မြို့တွင်းလမ်းတချို့မှာ အရိပ်မည်းတွေ ထင်ဟပ်ပြီး အသံမျိုးစုံ
ပေးလျှက်ရှိ၏။

"ဘာသံတွေလဲဟင်. . ."

ဘိုမလေးက မေးလာ၏။ မိုးမြေက သူမ ကြောက်မှာစိုးသော
ကြောင့်. . .

"ဒီအနီးအနားမှာ. . . ကင်ပေတိုင်တွေ ရှိချင်ရှိမှာပေါ့၊ နှိပ်စက်
ခံရတဲ့သူတွေ. . . အော်ဟစ်ညည်းတွားသံတွေ ဖြစ်မှာပါ"

ဘိုမလေးက ဂျပန်တွေကို ဘိုလို ရေရွတ်ကျိန်ဆဲပစ်လိုက်၏
ဂျပန်မလေးက မိုးမြေတို့အလစ်မှာ တစ်ဖက်လမ်းမကို အတင်းဖြတ်ကူး
ပြေးတော့လေသည်။ မီးမှိတ်မောင်းလာသော ကားသံကိုကြား၍ အားကိုး





ပြီထင်ပြီး မိုးမြေတို့လက်က အလစ်အငိုက်မှာ ထွက်ပြေးလိုက်ခြင်း
လေသည်။

တစ်မြို့လုံး မီးအမှောင်ချထားရသော ခေတ်ကာလမို့ ကားတွေ
ကြယ်ရောင်ကို အားပြုပြီး မောင်းနှင်သွားလာကြရလေသည်။ သွားလာ
ည်ဆိုရာ၌ တစ်စီးတစ်လေမျှသာ။

"သူ ထွက်ပြေးပြီ။ ရှင့်လက်ထဲမှာ သေနတ်ရှိတယ်၊ ရှင်. . .
ာလုပ်မလဲ"

"သေနတ်သံကြားလို့ မဖြစ်ဘူး။ လိုက်ဖမ်းမယ်။ မင်း ဒီမှာ ခဏ
ာင့်နေ. . ."

မိုးမြေ ပြေးလိုက်သောအခါ လမ်းအလယ်မှာပင် ဂျပန်မလေးနှင့်
ကားတစ်စင်းတို့ ဆုံတိုးသွား၏။ ဂျပန်မလေးက မြန်မာလိုရော၊ ဂျပန်
ိုရော အော်ဟစ် အကူအညီတောင်းနေ၏။

"ကယ်ပါ. . . ကယ်တော်မူပါ"

မိုးမြေလည်း မထူးပြီမို့ ဂျပန်မလေးကို အတင်းဝင်ဆွဲပြီး သူမ
တ်ပိုးကို ခပ်ဆတ်ဆတ် ရိုက်ချလိုက်၏။

'အင့်' ခနဲ မေ့လဲသွားသောအခါ ကားပေါ်မှ ဂျပန်စစ်သားနှစ်
င်းလာပြီထင်၍ မိုးမြေက ဂျပန်မလေးကို ကောက်မပွေ့နိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ဇွပန်တွေကို လျှပ်တစ်ပြက် တိုက်ခိုက်ဖို့ အိတ်ထဲမှ သစ်သားတုတ်ချွန်
ငါးချောင်းကို ထုတ်ယူလိုက်၏။

ရုတ်တရက် ကားမီးလင်းလာ၍ မျက်စိတွေ ကျိန်းစပ်သွားပေ
သည်။ မိုးမြေက ကားမီးအကွယ်ကို လျှပ်တစ်ပြက် လှိမ့်ထွက်လိုက်စဉ်
ကားပေါ်မှ အသံနက်ကြီးကို ကြားလိုက်ရ၏။

"မိုးမြေကို တွေ့ပြီ။ သတ်စမ်း. . . အဲ့ဒီကောင်ကို ဝိုင်းသတ်ကြ
ငါ့ဆီက လုသွားတဲ့ ရတနာကလပ်. . . ဒီကောင့်အိတ်ထဲမှာ ရှိလိမ့်မယ်
ပစ်သတ်"

အသံကြားရုံနှင့် နေညွန့်စားနဂါးဂိုဏ်းချုပ် တစ်ကောင်ဘွားမှန်း
မိုးမြေ အတပ်သိလိုက်၏။ လွယ်အိတ်ကို ကားမီးရောင်အရှိန် မ
ရောက်နိုင်သော အမှောင်ထဲကို ပစ်လွှတ်လိုက်၏။ မော်ဇာပစ္စတိုနှ
ထိုးချိန်လိုက်သော တစ်ကောင်ဘွားရဲ့တပည့်ကို သစ်သားတုတ်ချွန်ဖြ
ချက်ကောင်းရွေးကာ ပစ်ထည့်လိုက်၏။

"ဝှစ်"

"အား. . ."

နောက်တစ်ယောက်ကလည်း သေနတ်နှင့် လှမ်းချိန်လာ၏။

"ဝှစ်"





"အင့်. . ."

တစ်ကောင်ဘွားရဲ့ တပည့် နှစ်ယောက် လမ်းမပေါ်ကို ခွေခေါက်
လဲကျသွားစဉ်မှာ နောက်ထပ်တစ်ကောင်က ဓားရှည်ဖြင့် ဒူးထောက်
လဲနေသော မိုးမြေကို အားကုန်ဝင်ပိုင်း၏။

မိုးမြေက မြေမှာ လှဲရှောင်လိုက်ပြီး အမြန် ခြေကန်ထလိုက်စဉ်
ဒုတိယဓားချက်က ခါးလယ်ကို ဖြတ်ပိုင်းလာပြန်၏။

ဘယ်ခြေကို အမြန်မြှောက်ပြီး ဓားကိုင်သမားရဲ့ လက်နေရာကို
ခြေနှင့် ဆတ်ကန်ထည့်လိုက်၏။

"ဘုတ်. . ."

ဓားက လိုရာမရောက်။ ဘယ်ခြေ အမြန်ရုပ်ပြီး ညာခြေနှင့် လေ
ထဲမှာ ပတ်ကန်ထည့်လိုက်၏။ ကန်ချက်က ဓားသမားရဲ့ ဇက်ပိုးကို. . .

'ဖြောင်း'ခနဲ ထိပြီး ဓားသမား လည်ထွက်ကာ လမ်းမပေါ် ရှေ့မလှ
ပစ်ကျသွား၏။

"ဟေ့ကောင်. . . ဘာလုပ်နေတာလဲ။ အသေ ဝင်ခုတ်လေကွာ"

တစ်ကောင်ဘွားရဲ့ အော်သံကို ကြားလိုက်ရပြီး နောက်ဆုံးသော
ကျန်တပည့်တစ်ယောက်က မိုးမြေဆီကို ဓားနှစ်လက်နှင့် အသေတိုးဝင်
ဝင်ပိုင်း၏။ မိုးမြေ နောက်ကို ခုန်ဆုတ် ရှောင်ရင်းနှင့် မှေးတင်လာသော



www.burmeseclassic.com

www.burmeseclassic.com



ဓားချက်တွေထဲမှာ ပွတ်ကာသီကာ ရှောင်နိုင်ရုံသာ လွတ်နိုင်တော့၏။

အဆင့်မြင့်သိုင်းသမားရဲ့ ဓားနှစ်လက်သိုင်းကွက်တွေမို့ မိုးမြေရဲ့ လက်မောင်း၊ လက်ဖျံ၊ ပခုံး၊ ပေါင်တွေမှာ ဓားဒဏ်ရာတွေ ရှပ်ထိတုန်၏။ စေးထန်းထန်း သွေးတွေကိုပင် ဂရုမစိုက်နိုင်အား၊ ရှိသမျှအားကို စုစည်းပြီး လက်ထဲက သစ်သားတုတ်ချွန်နဲ့ ဆက်တိုက် ပစ်ထည့်လိုက်လေသည်၊

ဓားသမားက တစ်ချောင်းကိုသာ ဓားနှင့်တွက် ပယ်လိုက်နိုင်၏။ ကျန်တစ်ချောင်းက ရင်အရှိုက်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး စိုက်ဝင်သွားလေသည်။ 'အီး. . . အင်း' နှင့်အသက်ပြင်းသလို ညည်းညူနေဆဲမှာ မိုးမြေက ဓားချက် ထပ်မမွေ့ခင် ခွန့်စားပြီး ခုန်ဝင်လိုက်၏။ ရင်အရှိုက်နေရာကို ဒူးပျံတိုက်ချက် ထိသွားသောအခါ သစ်သားတုတ်ချွန်မှာ အဆုံးထိစိုက်ဝင်ပြီး. . .

"ချလွမ်း. . . ချွမ်း. . ."

ဓားနှစ်လက်လွတ်ကျကာ ဓားသမား ပစ်လဲကျသွား၏။ ကားပေါ်မှ ခုန်ဆင်းလာသော နောက်ဆုံးတစ်ယောက်က လျှပ်ပြက်သလို ရောက်လာပြီး မိုးမြေရဲ့ လည်စေ့၊ အရှိုက်၊ ပေါင်ဆုံသုံးနေရာကို လျှင်မြန်စွာ တိုက်ခိုက်လိုက်သည့်အခါ. . .





"ဖတ်. . ."

"ဖောင်း. . ."

"ဖုတ်. . ."

"အင့်. . ."

လည်စေ့နှင့် ပေါင်ဆုံနေရာကိုသာ ကာကွယ်လိုက်နိုင်၏။ အရှိုက်ကို အထိုးခံလိုက်ရ၍ နောက်ကို လန်လဲပြီး လမ်းမပေါ် တစ်ပတ်လည်ပစ်ကျသွားလေသည်။ အသက်ပင် မရှူနိုင်လောက်အောင် ရင်ညွန့်အောင့်တက်ပြီး မျက်လုံးတွေ ပြာဝေမှိုင်းမှုန်သွားလေ၏။

"ဟား. . . ဟား. . . ဟား. . . ဟား မလုပ်ချင်လို့ ကြည့်နေတာ၊ မင်းကိုယ်မင်း အဟုတ်အောက်မေ့ပြီး. . . ငါ့ကို ယှဉ်သေးတယ်။ ဒီနေ့တော့ မင်းကို ငါ သတ်ရမှ အညှိုးကြေလိမ့်မယ်ကွ။ ငါ့ကို နှိပ်ပွန်မာစတာတွေ သေနတ်နဲ့ လိုက်ပစ်တဲ့အထိဖြစ်အောင် လုပ်ကြံထားတဲ့ကောင်၊ ငါ့ရည်ရွယ်ချက်တွေ ပျက်ပြားအောင် အမြဲနှောင့်ယှက်နေတဲ့ကောင်၊ ငါ့ရဲ့ နေညွန့်စား နဂါးဂိုဏ်းသားတွေကို သတ်ဖြတ်ခဲ့တဲ့ကောင်၊ ဒီတစ်ခါတော့ မင်းကို ငါ မိမိရရ သုတ်သင်ပြမယ်။ မင်းဆရာ သီလသိဒ္ဓိတို့တောင် သတ်နိုင်ခဲ့တဲ့. . . နေညွန့်စားနဂါးဆိုတဲ့ သိုင်းကွက်တို့ မင်းသေခင် မြင်ဖူးသွားအောင် တစ်ဝကြီး ကြည့်လိုက်ပေတော့ မိုးမြေရေ"



www.burmeseclassic.com

www.burmeseclassic.com



တားမီးရောင်ထဲမှာ တစ်စောင်းလဲကျပြီး အသက်ရှူရခက်နေတဲ့ မိုးမြေရဲ့ရှေ့မှာရပ်ကာ စီးမိုးပြောနေတဲ့ တစ်ကောင်ဘွားက သူ့ရဲ့ အတွင်းအားတွေကို လက်နှစ်ဖက်မှာ စုစည်းနေလေပြီ။

"သစ္စာဖောက်လောက်ကောင် လူယုတ်မာ. . .။ ငါ့ဆရာအတွက် မင်းကို လက်စားချေရမှ ကျေနပ်မယ်။ မင်း ငါ့ကို သတ်နိုင်ရင်တောင် သရဲ တစ္ဆေဘဝနဲ့ မင်းကို ငါလိုက်သတ်မယ်ကွ. . .။ မှတ်ထား"

တစ်ကောင်ဘွားက အတွင်းအားတွေကို လက်နှင့် ခြေနှစ်ဖက်ထဲ စိတ်ထည့်သွင်းလိုက်ပြီး ညာလက်ကို မိုးပေါ် ထောင်မြောက်ကာ ခတ်လေးပါး အားအင်တွေ စိတ်နှင့် စုပ်သွင်းနေပြန်၏။

ပြီးနောက် ခန္ဓာကိုယ်ကို လေးငါးပတ် မွှေ့ယမ်းလိုက်ပြီး ခြေထောက်တွေ မြေမှာလွတ်သွားအောင် အရှိန်တင် မွှေ့ယမ်းကာ မွှတ်နေအောင်လည်သော ဒလက်ပမာ မိုးမြေဆီ အရှိန်နှင့် ပစ်ဝင်လာ၏။ မိုးမြေက အသက်ပြန်ရှူခွင့်ရသည်နှင့် ရှိသမျှအားကို ထပ်မံစုစည်းပြီး ကျားနာပမာ ကုန်းထကာ တစ်ဖက်ကို ခုန်ရှောင်ဆုတ်လိုက်၏။

တစ်ကောင်ဘွားရဲ့လက် ( သို့မဟုတ်) ခြေဒလက်တစ်ချက်လောက်သာ မိလိုက်ပါက သွေးပွက်ပွက်အန်ပြီး နေရာမှာတင် လဲကျသေဆုံးသွားနိုင်၏။ ဤမျှ အင်အားပြင်းထန်သော နေညွန့်စားနဂါးသိုင်း





ပညာကို ဆရာ့ထံမှ ခိုးယူလေ့ကျင့်ထားခဲ့သော တစ်ကောင်ဘွားက နဂါးပမာ ခန္ဓာကိုယ်ကို လိမ်ပတ်မွှေ့ယမ်းကာ မိုးမြေကို တရကြမ်း ထိုးနှက်တိုက်ခိုက်လေတော့သည်။

အရှိန်နှင့် ထိရုံမျှဖြင့် မိုးမြေရဲ့ ခြေလက်တွေ ထုံကျဉ်ကိုက်ခဲထွက်သွား၏။ ဆရာသီလသိဒ္ဓိ ပညာကုန်သင်ပေးထားသော ကျားရှိုင်းသိုင်းကွက်ကို ရှိသမျှအားနှင့် ထုတ်သုံးပြီး ကာကွယ်သော်လည်း မထိရောက်။ မိုးမြေကိုယ်တိုင် တီထွင်ထားသော ဂဠုန်လက်သည်းသိုင်းကွက်ဖြင့် နဂါးလည်ကုတ်ကို မိမိရရ လိုက်ကုပ်ကြည့်၏။ တစ်ချက်ထိ၊ တစ်ချက်ကုပ်၊ တစ်ချက်လှန်၊ တစ်ချက်ခံဖြင့် နောက်ဆုံး မိုးမြေသာ နဂါးပေါက်သလို ရင်တစ်ခြမ်းကို အပေါက်ခံရပြီး နောက်ကို ခြေငါးလှမ်းစာလောက် လွင့်ထွက်သွားပါလေတော့သည်။

ပါးစပ်ထဲက သွေးတွေ ပွက်ခနဲအန်ပြီး မျက်လုံးတွေ ပြာဝေကျိန်းစပ်သွား၏။ ရင်ဘတ်မှာ မခံမရပ်နိုင်အောင် နာကျင် အောင့်တက်ပြီး မြေပေါ် လူးလိမ့်နေမိ၏။ ဆရာပေးထားသည့် ဒဏ်ခံဆေးတွေ အင်္ကျီအိတ်ထဲမှ ထုတ်သောက်လိုက်စဉ်. . .

"ဟား. . . ဟား. . . ဟား. . . ဟား. . . မင်းငယ်ပါသေးတယ် မိုးမြေရာ. . .။ ရိုးလွန်းတော့ နွားဖြစ်ခဲ့ရတဲ့ ကောင်လေးရယ် ငါက



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလွန်းလို့ ကျားဖြစ်လာတာ မဟုတ်ပါဘူး၊ နဂါးဖြစ်လာတာပါ။ မင်းရဲ့ အတွင်းအားနဲ့ ပြန်ကုစားရင် ခုနေ မင်း အသက်ရှင်ခွင့်ရပါသေးတယ်။ ရတနာကြာကလပ် ဘယ်မှာလဲ. . . ကားပေါ်က စလှမ်းမြင်တော့ မင်းရဲ့ လွယ်အိတ်ကို တွေ့လိုက်ပါတယ်။ အခု ဘယ်ရောက်သွားပြီလဲ။ မှန်မှန် ပြော. . . အဲ့ဒါဆို မင်းကို အသက်ရှင်ခွင့်ပေးမယ်"

"မသိဘူး. . . မပေးဘူး. . .။ မင်းလိုကောင်မျိုးနဲ့ လားလားမှ မထိုက်တန်တဲ့ပစ္စည်း. . .။ မင်းလိုချင်ရင် ငါ့အသက်ကိုပဲ နုတ်ယူလိုက်"

တစ်ကောင်ဘွားက. . .

"မလောက်လေး မလောက်စားပညာနဲ့ ငါ့ကို လိုက်သတ်နေသေးတယ်. . .။ မစ္စတာတွေနဲ့ အလုပ်ဖြစ်ဖို့လောက်သာ အာရုံစိုက်နေရလို့ မင်းကို လွှတ်ပေးထားတာ. . . အဟုတ်မှတ်နေသလား။ ဒီလောက်တောင် ခေါင်းမာတဲ့ကောင် မင်းကို သတ်ကိုသတ်မယ်။ အဲဒီလွယ်အိတ် အစုတ်ပလုတ် ဒီနားမှာပဲ ရှိကိုရှိရမယ်။ ကြည့်စမ်း. . . ဒါ ဂျပန်ဗိုလ်ချုပ်ကြီးရဲ့တူမ မဟုတ်လား။ ဟား. . . ဟား. . . ဟား ကောင်းတယ်၊ ငါနဲ့ ဗိုလ်ချုပ်ကြီးတို့ ချစ်ကြည်ရေး ပြန်လည်တည်ဆောက်ဖို့ ဒီဂျပန်မလေးနဲ့ ပြန်လာဘ်ထိုးရမယ်။ ဒီဂျပန်မလေးကို ငါ ကယ်လာတာဆိုရင် သူတို့ သိပ်သဘောကျကြမှာ. . .။ မင်းက ငါ့ကို ရေကန်အသင့် ကြာ





အသင့် လုပ်ပေးလိုက်တာကိုး. . .။ ဟာကွာ. . . ကြာတယ်. . . မင်းကို နေညွန့်စားနဂါးသိုင်းရဲ့ အသည်းအူ နုတ်ယူတဲ့ တိုက်ကွက်နဲ့ သတ်မယ်"

တစ်ကောင်ဘွားက အရှိန်ယူပြီး လက်ချောင်းတွေ တုန်ဆတ်လာအောင် အားထည့်ကာ မိုးမြေရင်ဘတ်ကို ဖောက်ကုတ်ဖို့ လုပ်လိုက်စဉ်မှာပင်. . .

"ဒိုင်း. . ."

"အ. . . အာ. . . အ"

"ဒိုင်း. . . ဒိုင်း. . ."

"အစ်. . . အစ်"

"ဒိုင်း. . ."

"အူး. . ."

"ဒိုင်း. . ."

"ဘုန်း. . ."

ဘိုမလေးက တစ်ကောင်ဘွားကို မော်ဇာပစ္စတိုသေနတ်နှင့် ငါးချက်တိတိ ပစ်သတ်လိုက်ရ၏။ ပထမတစ်ချက် ကျောကုန်းကို မှန်တော့ တစ်ကောင်ဘွားက လှည့်ကြည့်ပြီး ချက်ချင်း ကုန်းထလာ၏။ နောက်ထပ် နှစ်ချက် ရင်ဝကို ထပ်ပစ်တော့ ဖုတ်ဝင်နေသူလို သေနတ်ပြောင်းနဲ့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ် တွန့်ခါသွားရုံခါပြီး ကော့တနေလပ်ဖ်ရှိရာ ယိုင်ထိုးယိုင်နဲ့နှင့် ဆက်လျှောက်လာပြန်၏။ နောက်တစ်ချက် လည်ပင်းကို ပစ်ထည့်လိုက်တော့ လည်ချောင်းပွင့်ပြီး သွေးတွေ ဝေါက်တောက် ပန်းထွက်ကုန်၏။ သို့တိုင် ပြိုလဲမလိုနှင့် ခြေလှမ်းဆက်လာ၊ လျှောက်လာသဖြင့် ကော့တနေလပ်ဖ်က လက်တစ်ကမ်းအကွာကနေ တစ်ကောင်ဘွားရဲ့ ခေါင်းထဲ တချက်ဆန် ပစ်သွင်းပစ်လိုက်မှ လဲကျသေဆုံးသွားရခြင်းပဲ ဖြစ်လေသည်။

လဲကျနေသောမိုးမြေအနားကို ရောက်လာပြီး. . .

"အာ ယူ. . . အိုကေ"

"ငါ မသေနိုင်သေးပါဘူး။ ကားကို မင်းတက်မောင်း. . . ကားမီးကို အမြန်ပိတ်။ ဂျပန်မလေးကို ကားပေါ် အတူပွေ့တင်ကြမယ်။ မြန်မြန်လုပ်. . . သေနတ်သံကြောင့် နောက်ဆယ်မိနစ်လောက်ဆို ဒီနေရာကို ကင်ပေတိုင်စစ်ပုလိပ်တွေနဲ့ ဂျပန်စစ်သားတွေ၊ ရပ်ကွက်စောင့် ကေဘိုထိုင်လူငယ်တွေ ရောက်လာကုန်ကြလိမ့်မယ်။ ငါတို့ သူတို့ မရောက်ခင် ကားနဲ့လွတ်အောင်. . . မောင်းပြေးမှရမယ်"

မိုးမြေက ဒဏ်ရာရထား၍ အားတင်းပြီး ယိုင်ထိုးယိုင်နဲ့နှင့် ထရပ်ကာ လွယ်အိတ် လွှင့်ပစ်ထားသော နေရာဆီကို ဒယီးဒယိုင်ဖြင့် လျှောက်လာလိုက်၏။ လွယ်အိတ်အဝကို နှောင်ကြိုးနှစ်ထပ် စည်းထား





် လွယ်အိတ်ထဲက ပစ္စည်းတွေ အပြင်ကို ထွက်ကျမနေ။ လွယ်အိတ်ကြီး ို ကောက်လွယ်ပြီး ကားဆီကို ယိုင်လဲမလို ပြိုလဲမလိုနှင့် ပြန်ရောက် အောင် ပြန်လာခဲ့၏။ ကားပေါ် ပြန်အတက်မှာ လွယ်အိတ်ထဲမှ အရေး ါ် ကုသပေးနိုင်သည့် ဆရာသီလသိဒ္ဓိ ပေးထားသည့် ဆေးဝါးတွေကို ုတ်သောက်ကာ ရေနှင့် မျှောချလိုက်၏။ ကားပေါ် အသာမှီပြီး အနား ရင်းက လိုအပ်တာ ပြောပြပေးနေရ၏။

ဘိုမက ဂျပန်မကို ကားပေါ် ပွေ့တင်နေ၏။ ကျောတွေ၊ တင်ပါး ွ ရိုက်မောင်း ပုတ်မောင်းလုပ်ကာ ဘိုလို ရေရွတ်ကျိန်ဆဲ နေလိုက်သေး ကားပေါ်ကို သုံးယောက်သား ရောက်သည်နှင့် ဘိုမက ကားကို င်း၏။ သွားရမည့် လမ်းကြောင်းတွေကို ဘေးက ထိုင်လိုက်လာ ာမိုးမြေက ပြောပြနေရ၏။ နောက်က ဂျပန်မလေး ထွက်မကျအောင် ည်း လှည့်လှည့်ကြည့်ရသေး၏။ ဆရာသီလသိဒ္ဓိရဲ့ ပရဆေးစွမ်းက ဝေဒနာတွေကို ယူငင်ပစ်သလို ချက်ချင်း သက်သာပျောက်ကင်း စေ၏။ ဓားချက်ဒဏ်ရာတွေပါ ကျက်သလိုလို ဖြစ်သွားသည်မှာ ာန်းလွန်းနေ၏။

သူတို့ကားလေး လမ်းဖြတ်နှစ်ဖြတ်ကို အရောက်မှာ သူတို့ထိုး ဖြစ်ပွားခဲ့သောနေရာကို ဂျပန်စစ်ကားတွေ တဝေါဝေါနှင့် ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



လာကြသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရလေသည်။ လေယာဉ်
အချက်ပေး ဥဩသံ မကြားရမချင်း ခတ်မီးတွေ သုံး၊ မီးမောင်း
သုံးတာ ဤအနီးတစ်ဝိုက်ကို နီပွန်တပ်မတော်က စိတ်ကြိုက် မွှေနှော
ရှာဖွေ သောင်းကျန်းကြတော့မှာ အလွန်ကို သေချာလှပေသည်။

* * *





[၁၁]

မြို့ထဲမှ လွန်အောင် မောင်းလာသောအခါ မြို့အဝင်ဂိတ်မှာ
ပန်စစ်တပ်တွေ ခင်းကြမ်း အပြည့်ချထားတာ တွေ့ရ၏။ အထူးသဖြင့်
ပ်တားနေရာများမှာ ပို၍ပင် များပြားသေး၏။

ဂျစ်ကားနှင့် ဖောက်ပြေးဖို့ရာ မဖြစ်နိုင်။ နောက်က ဒလမန်း
ခြမ်းလိုက်လာကြမှာပင်။ အချိုသတ်ပြီး ဂိတ်ထွက်ပေါက် ရအောင်
ောင်းနိုင်မှ ဖြစ်မည်။ ဂျပန်အလိုတော်ရိတချို့ထံက အဝယ်တော်လတ်
ယ်တို့ အမြဲတေရောင်းစဉ်က ရယူထားခဲ့ဖူးတာရှိ၍ ထို ခွာက်မှတ်ပုံ
ာ မောင်းထွက်ဖို့ လွယ်အိတ်ထဲမှ လက်ပတ်ကို ထုတ်လိုက်၏



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီလက်ပတ်တွေကိုပါ ထုတ်တပ်ပြီး ကော့တနေလပ်မ်ကို နောက်ခန်း ဆင်းဝပ်ခိုင်းလိုက်သည်။ ကားပေါ်မှ ပါလာသော တာလပတ် ဖြင့် သူမတို့နှစ်ယောက်ကို လွှမ်းခြုံကာ ဂိတ်ပေါက်ဝမှာ ကားထိုးရပ်လိုက် ၏။ ပုပုဝဝနှင့် ဂျပန်တပ်ကြပ်တစ်ယောက်က လာရောက်စစ်ဆေး၏ အသင့်အနေအထားဖြင့် လက်နက်ကိုင် လုံခြုံစွပ်တပ်သား လေးယော က ကားကို ပတ်ဝိုင်းထားကြ၏။ ကတုတ်ကျင်းထဲက စက်သေနတ်ကြီး လည်း ကားကို လှမ်းချိန်ထားလိုက်သေးသည်။

"ဘယ်ကိုသွားမယ့်. . . ကားလဲ"

ဂျပန်လို မေးလာ၏။ မိုးမြေက အလိုတော်ရိတွေရဲ့ မျက်နှာ အတိုင်း ဖော်လံဖားသောအပြုံးဖြင့်. . .

"မာစတာ. . . နိပွန်မြန်မာ ဘန်ဇိုင်း. . .။ ကျွန်တော်မျိုး နိပ္ တပ်မတော်အတွက် ရိက္ခာ ရှာဖွေစုဆောင်းပေးနေရတဲ့ အဝယ်တေ ပါ. . .။ မာစတာတို့အတွက် လိုအပ်တဲ့ ရိက္ခာတွေ နယ်ဘက်ကို ဆ ဝယ်ဖို့ အခုလို ထွက်လာခြင်းဖြစ်ပါတယ်. . .။ ကျွန်တော်မျိုးမှာ မာစ တို့အတွက် လက်ဆောင်ငွေသားတွေ. . . ပါလာပါတယ်။ ဒါက နိပ္ တပ်မတော်က ဗိုလ်မှူးမာကာမူရာရဲ့ ခွင့်ပြုမိန့် စာရွက်စာတမ်းပါ

မချစ်သော်လည်း အောင့်ကာနမ်းပြီး ဆက်ဆံရတော့၏။ ဂျ





တပ်ကြပ်က မျက်မှောင်ကြုတ်ပြီး စာရွက်စာတမ်းတွေကို ဓာတ်မီးနဲ့ စစ်ဆေးနေလေသည်။ အဲဒီအချိန်မှာ နေဝန်းနီ လက်ပတ်ပတ်ထားတဲ့ တားပြန်အလိုတော်ရိက ဘန်ကာထဲမှ အရက်ပုလင်းကိုင်ပြီး ယိုင်ထိုး ိုင်နဲ့နှင့် ထွက်လာ၏။ ဂျစ်ကားဘောနပ်ကို လက်နဲ့ပုတ်ရင်း. . .

"ညဘက်ကြီး. . . ဘယ်သွားမလို့လဲကွ"

"တောင်ငူဘက်ကို သွားမလို့ပါ. . .။ ကျုပ်က အဝယ်တော်ဘဝံ မြို့စောင့်တပ်ရင်းရဲ့ လက်အောက်ခံတပ်ခွဲက ဗိုလ်မှူးနာကာမူရာရဲ့ င့်ပြုမိန့်နဲ့ ထွက်လာတာပါ။ ဝယ်မှာက နိပ္ပွန်တပ်မတော်အတွက် စပါး၊ ့ ကြက်ဥတွေဝယ်မှာ. . ."

အလိုတော်ရိက ဓာတ်မီးနဲ့ မိုးမြေမျက်နှာကို သေသေချာချာ ကြည့်နေ၏။

အသက်လေးဆယ်အရွယ်ပေါက်အောင် ရုပ်ဖျက်ပြီး ခေါင်းမွေး အောင် ဆေးထိုးထားသော မိုးမြေကို စကားပြန်က သေချာအောင် ည့်ပြီး. . .

"ဘဝံ. . .။ အဝယ်တော်တွေထဲမှာ ငါ ဒီနာမည်ကို. . . တစ်ခါမှ ားဖူးဘူး။ မင်းစီးလာတဲ့ ဂျစ်ကားကလည်း. . . အသစ်ကြီးပါလား ကို သိပ်တော်တဲ့ အဝယ်တော်တွေပဲ. . . စီးနိုင်ကြတာ၊ သိပ်သော



www.burmeseclassic.com

www.burmeseclassic.com



အောင်လည်း မင်းက ကြီးကြီးမားမား အဝယ်တော်ဖြစ်မှ. . .။ အဲ့ဒါဆို ငါ အတပ်သိတာပေါ့"

ခလုတ်ကန်သင်းငြိသလို ဖြစ်နေလေပြီ။ မိုးမြေက လွယ်အိတ် ထဲမှ ထောင်မလဲသဲကော် တစ်ထပ်ကို ထုတ်ပေးလိုက်ရင်း. . .

"ကျုပ်က အဝယ်တော်ဖြစ်တာ မကြာသေးဘူး. . .။ နေညွန့်တေး နဂါးဂိုဏ်းကနေ ကူးလာတာ. . .။ ဒါကြောင့် မိတ်ဆွေ မသိတာ ဖြစ်ပါ လိမ့်မယ်။ ဒီငွေက မိတ်ဆွေအတွက်ပါ"

"ဘာကွ. . . ဒီငွေနဲ့ ငါက ဘာလုပ်ရမှာလဲ"

မိုးမြေက နောက်တစ်ထပ် ထုတ်ပေးလိုက်တယ်။ စကားပြန်ရဲ့ မျက်နှာ ပျော့ပျောင်းလာတယ်။ လေသံလည်း ပျော့လာတယ်။

"မရသေးဘူး။ ငါတို့မှာ တာဝန်ကြီးတယ်ကွ. . .။ မြို့ထဲကို တ ကိုယ်တော် ဝင်မွှေနေတဲ့ အကောင်တစ်ကောင်ကြောင့် ဝင်ထွက်ဂိတ်ေ ကို အထူးကြပ်မတ် စစ်ဆေးဖို့ ဗိုလ်မှူးကြီးအီဆိုရိုကူယာမက အမိန့်ထု ထားတယ်. . .။ မင်းလည်း သွားရင်းလာရင်း လွယ်အိတ်တစ်လုံး လွ ထားတဲ့ ပေစုတ်စုတ်တစ်ကောင်ကို မတွေ့မိဘူးလား။ အဲ့ဒီကောင် ရာရာစစ ဗိုလ်မှူးကြီးရဲ့တူမကိုပါ. . . ဓားစာခံလုပ်ပြီး ခေါ်ထုတ်သွ သေးသတဲ့။ ရာဇဝင်ရိုင်းလိုက်တာ. . . ထွီ"





မိုးမြေက. . .

"အဲ့ဒီလို လူမျိုးက. . . ဒီလို ကားစီးပြီး ဒီလို အလုပ်ကြီးအကိုင်ကြီး ကို. . . လုပ်နိုင်ပါ့မလားဗျာ"

"အေး. . . မင်းပြောတာ ဟုတ်တယ်။ အစိုးရိမ်လွန်နေကြတာ း သွားလို့ရပြီ"

စကားပြန်က ဂျပန်တပ်ကြပ်ကို ဂျပန်လိုရောပြီး ပြောလိုက်တယ်။ န်တပ်ကြပ်က သူ့စစ်သားတွေကို ကားထဲမှာ လိုက်ပတ်ရှာဖို့ အမိန့် လိုက်ပါရော။

ဂျပန်စစ်သားတွေက ဂျစ်ကားနောက်ပိုင်းမှာ အုပ်ထားတဲ့ လပတ်ကို လှံစွပ်တွေနဲ့ ထိုးကော် ဖွင့်ကြည့်မလို လုပ်နေတယ်။

မိုးမြေက. . .

"မာစတာ. . . စာရွက်စာတမ်း အနိုင်အမာနဲ့ စစ်ဆေးပြီးပြီပဲ။ နောက်ခန်းမှာ ကျွန်တော့်အသိ မိတ်ဆွေတစ်ယောက်ရဲ့ အမေပါ တယ်။ ရောဂါနဲ့ ဆုံးသွားတာပါ။ တောင်ငူက. . . သူ့ဆွေမျိုးတွေ ပို့ပေးရမှာ။ အလောင်း နှစ်လောင်း ပါလာတာပါ။ တစ်လောင်းက သူလေးပါ။ နှစ်ယောက်စလုံး. . . လေယာဉ်ပုံးဒဏ်ထိလို့ ရုပ်ပျက် ချက် သေနေကြတာပါ။ ညောင်လေးပင်က သူ့အမျိုးတွေဆီကို ပို့



www.burmeseclassic.com

www.burmeseclassic.com



ပေးရမှာပါ"

မိုးမြေက ပြောပြီးသည်နှင့် ဘေးမှာချထားသော လွယ်အိတ်ထဲ[illegible] က ငွေတစ်ထပ်ကို ထုတ်ပေးလိုက်၏။ အင်တင်တင် လုပ်နေကြပြန်[illegible] နောက်ထပ် နှိုက်မိသမျှ ထပ်ထုတ်ပေးလိုက်ရသေးသည်။ မြင်သွားလည်[illegible] တခြားလွယ်အိတ်တစ်အိတ်ပေါ့။ စကားပြန်အနေနဲ့ မြို့ထဲမှာ သော[illegible] ကျွန်းတဲ့ ငနဲရဲ့လွယ်သွားတဲ့လွယ်အိတ်ကြီးကို သေသေချာချာ မြင်ဖူးထာ[illegible] တာလည်းမဟုတ်။

ဂျပန်တပ်ကြပ်ကြီးက ငွေတွေ အထပ်လိုက် ရသွားသောအခါ[illegible] သူ့စစ်သားကို နောက်ဆုတ်ခိုင်းပြီး ၎င်းကိုယ်တိုင် တာလပတ်ကြီးကို သွ[illegible] လှန်ကြည့်၏။ မေ့နေသော ဂျပန်မလေးရဲ့ အသက်ငါးဆယ် တရုတ်မ[illegible] အသွင်ကိုမြင်သွား၏။ ကျော့တနေလပ်ဖ်ကလည်း ဆာရီဝတ်ပြီး အိန္ဒိယ[illegible] အလောင်းကြီးပမာ မလှုပ်မယှက် နေပြလိုက်လေသည်။ ဂျပန်တပ်ကြ[illegible] က ထိတွေ့ ကိုင်တွယ် စမ်းသပ်ဖို့ ပြင်ဆိုက်သောအခါ မိုးမြေက...

"မာစတာ... ပလိပ်... ပလိပ်... ပလိပ်ရောဂါနဲ့ သေတာ[illegible] ပြီးမှ ဗုံးထိတာ"

ကူးစက်ပလိပ်ရောဂါတွေ ပြန့်ပွားပြီး သေနှုန်းမြန်နေသဖြင့် ဂျ[illegible] တပ်ကြပ်ကြီးလည်း လန့်ပြီး လက်တွန့်သွားလေသည်။ စကားပြန်က...





"မြန်မြန်မောင်းကွာ... အစောကထဲက ပြောပါလား၊ အဲ့ဒီလို ကူးစက်ရောဂါနဲ့ သေတဲ့အလောင်းတွေမှန်းသိရင် စစ်တောင်မစစ်ဘူး မာစတာ... ဒီနေရာကို ပိုးသတ်ဆေး မြန်မြန်ဖြန်းပါ"

မိုးမြေရဲ့ကားလေး မောင်းထွက်လာနိုင်လိုက်၏။ မြို့ပြင်သို့ ရောက်သောအခါ ကျော့တနေလပ်ဖ်က အားရဝမ်းသာ အော်ဟစ်ရင်း ရှေ့ဘက်ခုံပေါ် အတင်းကျော်လွှား ရောက်ချလာလေသည်။

"သိပ်ညာဏ်ကောင်းတဲ့မြန်မာလူငယ်...။ ကျွန်မလေ ရှင်နဲ့ဆို အဆင်ပြေလွန်းလို့ ဘယ်သွားသွား လိုက်ရဲသွားပြီ"

မိုးမြေက လက်မ ထောင်ပြလိုက်စဉ် သူမကလည်း ပြန်လည်၍ လက်မ ထောင်ပြလာလေသည်။ နောက်ဘက်မှ...

"အင်း... အဲ..."

"အိုး... ရှင့်ရဲ့လက်ဆက အန္တရာယ်ဇုံကို ကျော်လွန်တဲ့အထိ သုံးလောက်မှု ရှိနေပါလား။ မြန်မာလူငယ် မိုးမြေ... ရှင့်ရဲ့ ရန်သူတော်ကြီး သတိရလာပြီ"

မိုးမြေက ကားကို ထိုးရပ်လိုက်၏။ နှစ်လမ်းမောင်းလမ်းဘေးမှာ ထုတ္တိုပင်တွေ အစီအရီ ။ ကားဒရိုင်ဘာနေရာကို ကျော့တနေလပ်ဖ်နှင့် လွှဲပေးလိုက်လေသည်။ မိုးမြေက ဂျပန်မလေးယုမိကိုရဲ့ နောက်နောက်



www.burmeseclassic.com

www.burmeseclassic.com



ရေစက်တလေးတွေနဲ့ တောက်ထုတ်ရင်း မာတ်ဆီမီးခြစ်နှင့် မီးခြစ်ကြည့်လိုက်၏။

မျက်လုံးဖွင့်ပြီး တောကြည့်တောင်ကြည့် ကြည့်လာသော ဂျပန်မလေးက ကြယ်ရောင်ပျပျသာရှိသော ဝန်းကျင်မှာ မီးခြစ်အလင်းရောင် ထင်းထင်းကို တွေ့လိုက်၍ အသာမျက်မှောင်ကြုတ်သွားပြီး. . .

"ဘယ်ရောက်နေသလဲ"

"မြို့ပြင် အင်းတကော်နားမှာ. . ."

"အင်းတကော်. . .။ အိုး. . . ဒါဆို မင်္ဂလာဒုံ စစ်သင်တန်းကျောင်းနဲ့ နီပွန်တပ်တွေ အပြည့်ချထားတဲ့နေရာကို ရှင်တို့ ကျော်လွန်ခဲ့ကြတာပေါ့"

"ဟုတ်တယ်"

"ဒါဆို. . . ရှင်တို့အတွက် အန္တရာယ်ကင်းသွားပြီပဲ။ ကျွန်မကို ပြန်လွှတ်ပေးပါ မိုးမြေစ်"

"ရှေ့မှာ မြို့တစ်မြို့ဝင်တိုင်း. . . ကင်းဂိတ်တစ်ခု မဟုတ် တစ်ခုကိုဖြတ်ရဦးမှာပဲ။ မင်းဟာ. . . ငါရဲ့လုပ်ငန်းတွေ ပြီးဆုံးသွားတဲ့အထိ အကူအညီပေးမှ ရလိမ့်မယ်။ ဒီအင်းတကော်မှာလည်း. . . မင်းတို့နီပွန်တပ်ဂိတ်ရှိတယ်။ ဒီတစ်ခါတော့. . . ငါတို့ အနုနည်းသုံးပြီး ဖြတ်လို့ရရင်





ရ မရရင် အကြမ်းနည်းကို သုံးရတော့မှာပဲ။ မင်းအနေနဲ့ လက်ဖြောင့်တဲ့ ကော့တနေလပ်ဖ်ရဲ့သေနတ်နဲ့ တော့ထောက်ထားတာကို. . . ခံနေရမှာပဲ။ သူက ပေါ်ပေါ်တင်တင်ထောက်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ဆာမိုင်ဖြူထည်ထဲကနေ မင်းရဲ့ခါးကို အသာထောက်ထားမှာပါ. . .။ မင်း အော်တာနဲ့ ငါတို့က ပစ်မှာပဲ။ အသက်ချင်းလဲဖို့. . . ဝန်မလေးဘူး"

"နင်တို့ သိပ်ကို ဆိုးဝါးလွန်းတဲ့လူတွေပဲ။ နင်က ငါ့ထက် ဟို. . . အင်္ဂလိပ်မကို ပိုယုံနေတယ်။ နင်. . . ဒုက္ခရောက်လိမ့်မယ်"

"အခြေအနေအရပါ. . . ယူမိကို"

"ငါ့မှာ အရေးကြီးတဲ့ စစ်သတင်းတွေ ပေးပို့စရာရှိနေသေးတယ်"

"အဲ့ဒါ စစ်သတင်းထောက်အလုပ်ပါ"

"အဲ့ဒါ ငါ့အလုပ်ပါ. . . မိုးမြေစ်"

"ဒီအချိန်မှာတော့. . . မင်းဟာ ငါ့ရဲ့သုံ့ပန်းဖြစ်နေပြီ"

မိုးမြေရဲ့စကားက သူမရဲ့အရှိက်ကို ထိုးချလိုက်သလိုပင် သူမခေါင်းလေးထောင်ကြည့်ပြီး ပြောနေရာက ပက်လက်ပြန်လှဲပြီး စိတ်ပျက်လက်ပျက်နဲ့ ဂျပန်လို ညည်းတွားသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# [၁၂]

“ဟေ့ယူ. . . အခု ဘယ်ကိုခရီးဆက်မှာလဲ”

ကော့တနေလပ်ဖ်က မေးလာလေသည်။ မိုးမြေက အတွင်းဒဏ်ပေါ်လာသဖြင့် ရှုံ့မဲ့သွား၏။ တစ်ကောင်ဘွားရဲ့လက်ချက် ဒဏ်ရာပြန်ပေါ်လာခြင်းပင်။

“ရောက်တော့ သိမှာပေါ့။ ယုမိကို့ကို. . . မင်းရဲ့သေနတ်နဲ့ ထိန်းထားလိုက်ပါ။ အင်းတကော်ဂိတ်ရောက်ရင်. . . အရင်တစ်ခါလို ပြောဆိုကြည့်မယ်။ ပြောနေတုန်း. . . ယုမိကိုက ထဖောက်ပြီး အော်ပင်ရင်ခင်းအနေနဲ့ သူ့ကို ကြိုက်သလိုသာ လုပ်တော့။ ငါတို့လည်း သူ့သတ္တိုင်



www.burmeseclassic.com

www.burmeseclassic.com



သေ. . . ဖောက်ထွက်ပြေးကြတာပေါ့"

ကော့တနေလပ်ဖ်ဆိုသည့် ဘိုမက မိုးမြေရဲ့အကြံအစည်ကို 'ဝွဒ်အိုင်ဒီယာ' လို့ လှမ်းပြောပြီး နောက်ခန်းဘက်ထဲကို ကူးသွား၏၊ လှဲအိပ်နေသော ဂျပန်မလေးကို. . .

"မင်းကြားတဲ့အတိုင်းပဲ. . . မင်းကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံချင်ပါတယ်။ မင်းကသာ အေးအေးငြိမ်ငြိမ် နေပေးမယ်ဆိုရင် ငါဘာမှ လုပ်စရာမလိုဘူးပေါ့. . .။ ဟော့. . . ယူ. . . သူ့လက်တွေကို ကြိုးနဲ့ တုပ်ထားရင် ပိုမကောင်းဘူးလား. . .။ ဒီအမိုးအကာကြီးအောက်မှာ ပုန်းနေရတဲ့အခါ အမှောင်ထဲမှာ. . . အချိန်မရွေး သေနတ်လုခံရနိုင်တယ်လေ"

မိုးမြေကို လှမ်းပြောလာခြင်းဖြစ်သည်။ မိုးမြေက. . .

"သူ လှုပ်ရှားမှုထက်. . . မင်းရဲ့မောင်းဖြုတ်မယ့် လက်ညှိုးက ပိုမြန်ပါတယ်။ သူ့ကို မလှုပ်နိုင်းနဲ့တော့. . .။ ဂိတ်ကို တွေ့နေရပြီ"

ဘိုမက ယုမိကိုအပေါ် တာလပတ်စ လွှမ်းခြုံပြီး သူမပါ တာလပတ်စအောက်ထဲ ဝင်ခွေလိုက်၏။

"အသံလုံးဝမထွက်နဲ့. . . မလှုပ်နဲ့. . .။ လှုပ်တာနဲ့ တန်းပစ်မယ်"

မြန်မာလို ကြိမ်းဝါးလိုက်လေသည်။ ဂျပန်မလေး မြန်မာလို





အနည်းငယ်တတ်တာကို ဘိုမလေး သိနေ၏။ အင်းတကော်ဂိတ်မှာ နေဝန်းနီအလံတံဆိပ်နှင့် ဂျပန်တပ်မတော်ဂိတ် ရှိနေ၏။ ညဘက်မို့ အလံဖြူလွင့် နေတာ ကြယ်ရောင်ရေးရေးမှာ မြင်နေရ၏။ ခပ်လှမ်းလှမ်း ဘန်ကာမှာလည်း ဗူးသီးကြော်လို ဂျပန်စာတွေ ချိတ်ဆွဲထားလိုက်သေး၏။

ယခုဂိတ်မှာ ဂျပန်စစ်ဗိုလ် ထွက်စစ်လေသည်။ မိုးမြေက လော့ကတ်သီးပါသော အချိန်ကြည့်နာရီကို 'ထောက်' ခနဲ ဖွင့်ကြည့်လိုက်သောအခါ ညကိုးနာရီခွဲ ကျော်လွန်နေလေပြီ၊ ဂျပန်ဗိုလ်နှင့်အတူ စကားပြန်တစ်ယောက်က ရင်ကော့ပြီး ရပ်နေလေသည်။

ကားတားမောင်းတံကို ပိတ်ဆို့ထား၏။

"ဟော့. . . ဘယ်သူလဲ။ ဘယ်ကိုသွားမှာလဲ. . . ဘာကိစ္စလဲလို့ မာစတာက မေးနေတယ်"

မိုးမြေက ပထမ ဖြတ်သန်းခဲ့သောဂိတ်မှာလို ပြောဆိုပြီး ပလိပ်ရောဂါနှင့် ခြိမ်းခြောက်လိုက်၏။ ကူးစက်ရောဂါဆိုးကြီးမို့ စကားပြန်ဘာ တွန့်သွားပြီး ဂျပန်စစ်ဗိုလ်ကို ထိတ်လန့်တကြား အစီအရင်ခံနေသေးသည်။ ဂျပန်စစ်ဗိုလ်က ခါတ်မီးရောင်နှင့် ထိုးကြည့်ပြီး ကားထဲသို့ခါ စေ့စေ့စပ်စပ် လိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေ ရင်တထိတ်ထိတ် ဖြစ်ရလေပြီ။ ဂျပန်မလေးထံမှ အော်ငိုသံ အသံတစ်ချက် ပေါ်လာ၏။ ဂျပန်စစ်ဗိုလ်က အသေအချာ မကြားလိုက်ရှာ တော့ပြီ။ စကားပြန်က ပလိပ်ဆိုသော ကူးစက်ရောဂါရဲ့ ဆိုးဝါးပုံကို ဂျပန်လို ရှင်းပြနေ၍ မကြားလိုက်ခြင်းဖြစ်သည်။

ကူးစက်ရောဂါကြောင့် မြို့ပေါ်ကလူတွေ ထွက်ပြေးရပုံ။ အဘယ်တဲ့သို့ ကူးစက်မှု မြန်ဆန်ပြီး အချိန်မဆိုင်းဘဲ သေနိုင်သောရောဂါဖြစ်မှန်းသိရ၍ ဂျပန်စစ်ဗိုလ်က နှာခေါင်းရှုံ့ပြီး ဂိတ်တံခါးကို ဖွင့်ခိုင်းလိုက်လေသည်။ တယ်လီဖုန်း၊ ကြေးနန်းသတင်းတွေ ရထားပုံ မပေါ်သေးတာ မိုးမြေတို့အတွက် ကံကောင်းနေသေးသည်။

အင်းတကော်ဂိတ်ကို ဖြတ်သန်းလာမှ ပင့်သက်မောကြီးကို မိုးမြေ ချလိုက်နိုင်တော့၏။ တောင်ကုန်းတောင်စွယ်ကြားက ဖြတ်ဖောက်ထားသောလမ်းဖြစ်၍ ကွေ့ကောက်သောနေရာတွေမှာ ရှေ့ဘက်ကို ကြိုမမြင်ရ။ လမိုက်ညမို့ ကြယ်ရောင်အားကိုးပြီး မောင်းနေရခြင်းဖြစ်သည်။ မီးဖွင့်မမောင်းရဲ။ ဗုံးကျဲမည့်လေယာဉ်တွေကို ဒီနေရာမှာ ရန်သူရှိတယ်လို့ ညွှန်ပြရာ ရောက်သွားလိမ့်မည်။

ရှေ့နားမှာ လူတစ်စု ကားတားနေကြ၏။ တောင်ကြားထဲမှာမို့ ကားမီးကြီးကို ဖွင့်လိုက်၏။ လည်ကတုံးအကျႌမှာ ရွှေကြယ်သီး တပ်ထား





ပြီး၊ သက္ကလပ်ဦးထုပ် ဆောင်းထားသော လူကြီးတစ်ယောက်။ ရွှေဖလားရောင် ဘန်ကောက်ပုဆိုးကို ခါးပတ်ပတ်ပြီး ဝတ်ဆင်ထား၏။ ရှူးဖိနပ်အနက်ကို စီးထား၏။ ထိုလူကြီးရဲ့နောက်မှာ ဘီအေဆံထုံးနှင့် ဇာပွင့်ရိုက်အကျႌ အရောင်ဖျော့ဖျော့ ဇင်းမယ်လုံချည်နှင့် မိန်းမပျိုတစ်ယောက်၊ ဝှသိမ်ထီးလေးကို ခေါက်ပြီး ကိုင်ထား၏။ အခြားဝန်စည်စလွယ်တွေ တစ်ခုမှမပါ။

လူရည်သန့်ပုံစံတွေ ဖြစ်နေ၍ ကားကို ခဏရပ်ပေးလိုက်မိသည်။ မိုးမြေက လူတိုင်းကို တတ်အားသရွေ့ ကူညီရမည့်သူမို့. . .

"ဘယ်ကိုသွားကြမလို့ပါလဲ. . . ခင်ဗျာ"

လူကြီးက မျက်မှန်ဝိုင်းလေး ပင့်မကြည့်လာပြီး. . .

"ပဲခူးတင်ပါ. . . ဘုရားဖူးချင်လို့။ အိမ်ကပါလာတဲ့ အော်စတင်ကားကို ဂျပန်တွေ အတင်းအဓမ္မ သိမ်းသွားတယ်လေ. . .။ အဲ့ဒါကြောင့် ဦးသြို့သားအဖ ခြေလျှင်လျှောက်လာခဲ့ကြရတာပါ"

မိန်းမပျိုလေးကလည်း. . .

"ဟုတ်ပါတယ် မောင်ကြီးရယ်. . . နှမလေးတို့ သားအဖကို တားကြီး တင်ခေါ်သွားပါနော်။ နှမလေးတို့. . . မလျှောက်နိုင်တော့ပါဘူး။ ဒီလို လူသူပြတ်လပ်တဲ့ လမ်းအဝေးကြီးမှာ နှမလေးတို့ ဆက်မလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲတော့လို့ပါ"

မိုးမြေက. . .

"ရပါတယ်ခင်ဗျာ. . .။ တက်ပါ တက်ပါ. . . လိုက်ပို့ပေးပါ့မယ်။ လမ်းကြုံနေတာပဲ"

မိုမြေက ကားကိုရပ်ပြီး လှဲအိပ်နေတဲ့နှစ်ယောက်ကို ထခိုင်းလိုက်တော့၏။ ကော့တနေလပ်ဖ်က ရှေ့ခန်းကို သူမဘာသာ အဘောင်းဝင်ထိုင်၏။ ဂျပန်မလေးက နောက်ခန်းမှာ ထိုင်ခုံပေါ် တက်ထိုင်ပေးရလေတော့သည်။ ညှိုသည်လူကြီးနဲ့ သူ့သမီးက နောက်ခန်းမှာ ဝင်ထိုင်၏။ ဂျပန်မလေးဘေးမှာ ကောလိပ်ကျောင်းသူသဖွယ် ဝတ်စားထားသော သမီးမျိုးက ဝင်ထိုင်လိုက်လေသည်။

"ကျေးဇူးပါပဲ မောင်ရင်ရယ်. . .။ ဦးနာမည်က ဦးအောင်မြတ်ပါ။ ဟော့ဒါက ဦးသမီး တင့်တင့်ပါ. . .။ ဦးက 'မြတ်' အထည်တိုက်ပိုင်ရှင်ပေါ့. . .။ ပဲခူးက ဦးရဲ့ညီ. . . ဝတ်လုံတော်ရ ဦးအောင်မြင့်တစ်ယောက် အငြိမ်းစားယူပြီးတာ ကြာပါပြီ။ ရောဂါဘယနဲ့ ဆုံးတယ် သတင်းကြားလို့ အသုဘပို့အမှီ လိုက်လာကြတာလေ. . .။ လမ်းမှာ ဂျပန်တွေက အတင်းတားပြီး. . ."

ဦးအောင်မြတ်ရဲ့စကား မဆုံးမီမှာ တင့်တင့်ဆိုသော ဘီအေ





ဆံထုံးနှင့် လှပကျော့ရှင်းသည့် မိန်းကလေးက ကြားဝင်၍. . .

"အဖေရယ်. . . အော့နှလုံးနာချင်စရာကောင်းတဲ့ အဲဒီအဖြစ်အပျက်တွေကို ပြန်ပြောမနေပါနဲ့တော့. . . သမီးတို့ ဘုရားဖူးလာကြတာ စိတ်အေးချမ်းသာနဲ့ပဲ သွားချင်တယ်။ အသုဘပို့ပြီးရင် ဘုရားဖူးမယ်၊ စိတ်ဆင်းရဲ နာကြည်းစရာတွေ. . . မေ့ထားလိုက်စမ်းပါ"

"အေးပါသမီးရယ်. . .။ ရှိစေတော့. . . ရှိစေတော့"

ယုမီကိုနှင့် ကော့တနေလပ်ဖ်တို့က ဦးအောင်မြတ်တို့သားအဖကို သေအချာ ကြည့်နေကြ၏။ မိုးမြေက ကားကို ဂရုစိုက်ပြီး မောင်းလာခဲ့ ပဲခူးမြို့အဝင် လေးမျက်နှာဘုရားနားအရောက်မှာ မိုးမြေ ကားမောင်း ငိုက်ခနဲဖြစ်သွား၍ ကားကို လမ်းဘေးထိုးရပ်လိုက်ရ၏။

"အိုး. . . မိုင်ဂေါ့ဒ်"

ကော့တနေလပ်ဖ်ရဲ့ ဘုရားတသံကြောင့် မိုးမြေနောက်ကို လှည့်ကြည့်လိုက်မိ၏။ ဂျပန်မလေးက မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ကွယ် ကြောက်လန့်တကြား အော်ဟစ်နေလေသည်။ မီးခြစ် ခြစ်ကြည့်လိုက်သောအခါ. . .

မိုးမြေတစ်ယောက် ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံချင်လောက်အောင် ဖြစ်သွားရလေသည်။ ကားပေါ်မှ ဦးအောင်မြတ်တို့သားအဖ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းချသွားသည်မှာ အကျီ၊ အဝတ်အစား၊ ဦးထုပ်တွေကိုသာ မြင်လိုက်
ရ၏။ လူခန္ဓာကိုယ်ထည်ကို မမြင်ရတော့။ ကိုယ်ပျောက်နေသောလူတွေ
ပမာဆင်းချပြီး လေးမျက်နှာဘုရားဝင်းထဲ ဝင်ချသွားတာကို မီးခြ
အလင်းရောင်ဖြင့် လှမ်းမြင်နေရသေး၏။ ကြက်သီးတွေ ဖြန်းဖြန်းထ
ခေါင်းနားဘမ်းတွေ ရောမကြီး ကြီးထွက်သွားမိလေသည်။

ဂျပန်မလေးက. . .

"မကောင်းဆိုးဝါးတွေ. . . မကောင်းဆိုးဝါးတွေ"

လို့ ကြောက်ကန် လန့်အော်နေလေသည်။ ကော့တနေလပ်ဖ်
အိတ်ထဲက သေနတ်ကို ဆွဲထုတ်ပြီး လှမ်းချိန်နေ၍ မိုးမြေက လှမ်းတာ
ထားလိုက်ရလေသည်။

"မပစ်နဲ့. . . သူတို့ လမ်းကြုံလိုက်လာတာ။ သူတို့လမ်းကို သူ
သွားတာပါ။ ငါတို့ကို ခြောက်လှန့်တာ. . . မဟုတ်ပါဘူး။ သူတို့ လူယော
ဖန်ဆင်းတဲ့အချိန် ကုန်သွားလို့ ဇာတိရုပ်ပေါ်မှာစိုးတာနဲ့. . . အမြ
ဆင်းသွားကြတာလေ"

"ခေတ်ပျက်ကြီးထဲမှာ. . . သရဏဂုံ မတင်ရဘဲ သေဆုံးနေကြ
အလောင်းတွေက နည်းတာမှမဟုတ်ပဲ။ မကျွတ်မလွတ်နိုင်ကြသေးတာ
လည်း. . . မဆန်းပါဘူးလေ"





ဂျပန်မလေးက ကားကို မြန်မြန်မောင်းထွက်ခိုင်း၍ ကားကိုမြန်
သည် မောင်းထွက်လာခဲ့လိုက်လေသည်။ စစ်ဆေးရေးဂိတ် မဟုတ်သော
နေရာမှာ ဂျပန်စစ်ကားနှစ်စီးဆိုင်ပြီး လမ်းပိတ်ထားတာ တွေ့လိုက်ရ၏။
ထားတွဲပါသော ဆိုင်ကယ်ပေါ်မှ ဂျပန်စစ်ဗိုလ်တစ်ယောက် ဆင်းရပ်ပြီး
ကားရှည်ကို ချပ်ရပ်အောင် ပြင်တပ်နေလေသည်။

မီးရောင်တွေ ရှုပ်ယှက်ခတ်အောင် လိုက်ထိုးထား၏။ မိုးမြေတို့
စီးကားကို မီးမောင်းတွေနှင့် လှမ်းထိုးထားလေသည်။ ဂျပန်ဗိုလ်ချုပ်
ကြီးက တစ်ကောင်ဘွားရဲ့ မသေမရှင် ကျန်ခဲ့သောတပည့်တွေကို စစ်မေး
ာက လမ်းစကောက်မိပြီး ကြေးနန်းရိုက်ကာ စောင့်ဖမ်းလိုက်ခြင်းပဲ
ဖြစ်မည်။ လက်နက်ငယ်တွေနှင့် ဝိုင်းချိန်ထားသော ဂျပန်စစ်သားတွေ
ကို အတန်းလိုက် တွေ့နေရ၏။ ဂျပန်စစ်ဗိုလ်က လက်နှစ်ဖက်ပိုက်ပြီး
မြေတို့ကားကို စူးစိုက်ကြည့်နေလေသည်။ ကော့တနေလပ်ဖ်က
န်လှုပ်နေသောလေသံနှင့်. . .

"ဖောက်ထွက်ပြေးမလို့လား"

"သူတို့အလိုရှိနေတဲ့ ယုမီကိုက. . . တို့ကားပေါ်မှာ ရှိနေတာပဲ။
သူတို့ ငါတို့ကားကို အတင်းလိုက် မပစ်ခတ်ရဲပါဘူး. . .။ သူတို့သူငြိ
မှာ စိုးကြမှာပါ. . .။ အခြေအတင် ပြောဆိုဖြေရှင်းနေရရင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချောက်ထဲ ဝင်သွားလိမ့်မယ်။ ကြာတယ်. . . အတင်းဝင်တိုက်ပြီး ဖောက်ထွက်မယ်။ မြဲမြဲကိုင်ထားကြ. . .”

ကော့တနေလပ်ဖ်တစ်ယောက် နောက်ဘက်က ယုမီကိုကို မြန်မာလို လှမ်းအော်ပြောလိုက်ပါသည်။

“အမိုးတန်းကို လက်ဆုပ်ကိုင်ထား. . .။ ယုမီကို မင်း ခုနဆင်းပြေးတာနဲ့ ငါက. . . လက်နှေးနေမှာ မဟုတ်ဘူး”

ယုမီကိုက ဂျပန်လို ရေရွတ်ကျိန်ဆဲလိုက်ပြီး အမိုးတန်းကို ဆုပ်ကိုင်ထားလေသည်။ မိုးမြေက ကားကို အရှိန်တင်ဖို့ လီဗာ ဖိနင်းပစ်လိုက်၏။

လေးညှို့မှ ပစ်လွှတ်လိုက်သောမြားပမာ ကားက လော်ရီကားနှစ်စင်း ဖင်ချင်းဆိုင်ထားသော တော့ဆက်နေရာဆီ အဟုန်ပြင်းစွာ မောင်းဝင်သွား၏။ ဂျပန်လို ဆဲဆိုအော်ဟစ် အမိန့်ပေးသံ၊ ကြောက်လန့်တကြားခုန်ဆုတ်ရှောင်ရှားသံတွေ ရေပွက်သလို ဆူညံသွား၏။

“ဂျိမ်း. . .”

“အုံး. . .”

ဂျစ်ကားက လော်ရီနှစ်စင်းကြားကို အရှိန်နှင့် ဝင်တိုးလိုက်သံကြီးပေါ် ထွက်လာကာ မိုးမြေတို့ကားလေး သိမ့်ခနဲ တုန်ခါထွက်သွားပြီး စတီ





ယာရင်မှာ တစ်ပတ်လည်ထွက်မလို ဖြစ်သွားတာကို မိုးမြေက အမြန်ဖိထိန်းလိုက်ရ၏။ ကားပေါ် ပါလာသူတွေ ရှေ့ကို တုန်းခနဲ ခေါင်းငိုက်ကုန်ပြီး စစ်လော်ရီနှစ်စင်း ဘေးနှစ်ဖက်ကို ရှဲထွက်သွားကာ ဂျစ်ကားမောင်းထွက်လာသည့် လမ်းကြောင်းပေါ် သွားမလေသည်။ ဂျစ်ကားကဝင်တိုက် ထိုးဖောက် ထွက်သွားနိုင်လေပြီ။ ကော့တနေလပ်ဖ်နှင့် ယုမီကိုတို့က နောက်ကို လှည့်ကြည့်ရင်း. . .

“အိုး. . . မိုင်ဂေါ့ဒ်”

“စစ်ကားတွေ၊ စစ်သားတွေကို အင်္ဂလိပ်လေယာဉ်တွေ. . . ဖုံးလာတဲ့လို့ မီးခိုးလုံးကြီးဖြစ်ပြီး. . . ပျောက်သွားပြီ”

ယုမီကိုက ဂျပန်လို တအံ့တသြ အော်ပြောလိုက်၍ မိုးမြေလည်း ထိတ်ခနဲ ဖြစ်သွားပြီး ကားကို အရှိန်လျှော့ကာ နောက်လှည့်ကြည့်လိုက်၏။

အလွန်တရာ အံ့သြဖို့ကောင်းလှပေသည်။ တပ်ခွဲတစ်ခွဲစာမျှ ရှိသော ဂျပန်စစ်သား၊ စစ်ဗိုလ်တွေနှင့် စစ်လော်ရီကား ငါးစင်းခန့်မှာ တောင်းကုဒ်ယံမှ လေယာဉ်နှစ်စင်းရဲ့ လက်ချက်နှင့် မီးတောက်မီးလျှံတွေဖြစ်ကာ ရုတ်ခြည်း ပျောက်ကွယ်သွားလေသည်။

သမာဓိနိုးကျသဘောဖြင့် သဘာဝကျကျ တွက်ချက်စဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါက ဂျပန်တပ်ခွဲတစ်ခွဲမှာ မီးမောင်း၊ မီးလုံး၊ မီးရောင်တွေ ထိန်နေအောင်သုံးထားသဖြင့် မဟာမိတ်တို့ဘက်မှ အလွန်အားထားရသော ကျွဲကြီးကျွဲလေးဆိုသည့် ကျွဲညီနောင်လေယာဉ် စစ်စီမ်းမဲမဲကြီးတွေက တိမ်တွေကြားထဲ ကင်းလှည့်ပျံသန်းနေရင်း မီးရောင်တွေကို တွေ့ရှိသွားသဖြင့် တိမ်တွေထဲမှ ထိုးဆင်းကာ ဗုံးကျဲတိုက်ခိုက်သွားခြင်းပင် ဖြစ်ပါလိမ့်မည်။

သို့ဆိုလျှင် လေယာဉ်ပျံသံကို ကြားလိုက်ရပေမည်။ ကိုယ့်အသက်ဘေးနဲ့ ဇောကပ်နေ၍ မကြားလိုက်နိုင်တာလည်း ဖြစ်နိုင်ပါသည်။

သို့ပြား. . . 'ဝုန်း'ခနဲ 'ဂျိမ်း'ခနဲ ဗုံးကျကွဲသံကို မကြားလိုက်ရခြင်းမှာ အလွန်တရာ ထူးဆန်းနေ၏။ ထို့အပြင် ပေါက်ကွဲမီးလောင်သွားသော ဂျပန်တပ်ခွဲမှာ မီးခိုးလုံးကြီး လေထဲလိပ်တက်သွားသည်နှင့် မြေပေါ်မှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားလေသည်။ သည့်အပြင် ကျွဲညီနောင် လေယာဉ်နှစ်စင်းပါ (မျက်လှည့်ပြလိုက်သလို) ရုတ်ခြည်းပျောက်ကွယ်သွားခြင်းမှာ အလွန်တရာ ထူးဆန်းလွန်းနေ၏။

ကော့တနေလပ်ဖ်က. . .

"အဲ့ဒါဘာတွေလဲ ဘာတွေဖြစ်ကုန်ကြတာလဲဟင်. . .။ တခွေခြောက်လိုက်သလိုပဲ ဂျပန်တွေနဲ့ လော်ရီကားတွေ ကြည့်ရင်းတန်းလန်း





ပျောက်သွားတယ်။ ကျွန်မတို့ရဲ့ မဟာမိတ်လေယာဉ်တွေကော. . . ရုတ်တရက်ကြီးပျောက်ကွယ်သွားတယ်. . .။ဒါ. . . ဒါ. . . သဘာဝနယ်လွန်ဖြစ်ရပ်တွေလား"

ယုမိကိုက အားလုံးနားလည်အောင် အင်္ဂလိပ်လို ပြောသည်မှာ. . .

"အဲ့ဒီနေရာမှာ ဘာမှမရှိတော့ဘူး. . .။ တို့ကားနဲ့ ဝင်တိုက်ခဲ့တာတောင်အသံတုန်ဟီးမြည်ခဲ့သေးတာပဲ. . .။ ဒါ. . . ဒါဟာ. . . ဂျပန်စစ်သား သရဲတစ္ဆေတွေ ဖြစ်လိမ့်မယ်။ သူတို့ တပ်ခွဲ တစ်ခွဲလုံးကို အင်္ဂလိပ်လေယာဉ်တွေက တိုက်ခိုက်ခဲ့ကြတဲ့ပုံ ပေါ်လွင်နေတယ်. . .။ ဝမ်းနည်းစရာပဲ. . .။ သူတို့အတွက် ကျွန်မ ဆုတောင်းပေးချင်တယ်။ အဲ့ဒီနေရာကို ပြန်လှည့်မောင်းပေးပါလား. . . မိုးမြေစံ"

ကော့တနေလပ်ဖ်က ခါးခါးသီးသီး ငြင်းဆန်ပါလေတော့သည်။ မိုးမြေက. . .

"အရင်က ဒီနေရာမှာ. . . ဒီတပ်ခွဲတစ်ခုလုံး တစ်စုံတစ်ရာကို တ်ဆို့ စောင့်ဆိုင်းနေတုန်း လေယာဉ်ဗုံးကြဲတာခံရလို့ အားလုံးသေဆုံး ုန်ကြတယ်။ အစိမ်းသေ သေကုန်ကြရတာဆိုတော့ တစ်ခါတလေ သူတို့ ဉ်သူတို့ သေလူတွေမှန်း မသိတော့ဘူး. . .။ အသက်ရှင်သန်နေသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်အထင်နဲ့ အသက်ရှင်စဉ်တုန်းက လှုပ်ရှားခဲ့မှုအတိုင်း 'ဝေဝ'လို့ ခေါ်တဲ့ စိတ်လှိုင်းတွေအတိုင်း ဆက်လက် တည့်ရှိပြနေကြတဲ့ပုံပဲ. . .။ ငြိမ်နေတဲ့ရေပြင်ပေါ် ခဲလုံးကျရင်. . . လှိုင်းဂယက်စက်ဝိုင်းတွေ ဖြစ်ပေါ်လာတယ် မဟုတ်လား။ လှိုင်းတွေဟာ. . . စက်ဝိုင်းပုံစံ ပြန့်ကျယ်ပြီး နောက်ဆုံးမှာ ပျောက်ဆုံးသွားကြရတယ်လေ။ အခုလည်း အဲ့ဒီသဘောပဲ ခဲလုံးကျခါစမှာ ဖြစ်ပေါ်သွားတဲ့ လှိုင်းဂယက်ရဲ့. . . ဆင့်ပွားဂယက် လှိုင်းထသလို ပေါ်လာကြတာပဲ။ သိပ္ပံနဲ့ကြည့်ကြည့်၊ ဝိဇ္ဇာနဲ့ကြည့် ကြည့်. . . အစွဲမကျွတ်လို့ အုပ်စုလိုက် ပြန်ပေါ်လာကြတာပါ။ ဘာသာ ရေးရှုထောင့်ကနေကြည့်ရင်တော့ ဘာမှမထူးဆန်းပါဘူး။ ငါတို့ ကိုးကွယ်တဲ့ ဗုဒ္ဓဘုရားရှင်က ဘယ်လိုစကားပဲပြောပြော အမှားတစ်ခွန်းမှ မပါဘူး အမှန်တရားချည့်ပဲ ဟောကြားတော်မူတယ်. . . လောကသုံးပါးရှိတယ် နေ၊ လ၊ ကမ္ဘာ တည်မှီရာတွေဟာ ဩကာသလောကတဲ့. . .။ ငါတို့ သက်ရှိတွေနေကြတာ သတ္တလောက၊ သေဆုံးသွားတဲ့သူတွေ နေကြတာ သင်္ခါရလောက၊ ဒီလောကသုံးပါးဟာ ဒွန်တွဲပြီး တည်မှီနေကြတယ်။ သတ္တလောကမှာရှိနေတဲ့ ငါတို့က သင်္ခါရလောကထဲ ရောက်သွားတဲ့ သူ တို့ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရတယ် ဒါပဲ. . .။ တို့ ရှေ့ဆက်ရ မယ့်ခရီးက လိုသေးတယ်. . .။ ဂျစ်ကား နောက်မှာတပ်ထားတဲ့ဆီပုံးထို





ဖြတ်ပြီး ဆီထည့်လိုက်ဦးမယ်။ ဒီပါလာတဲ့ဆီနဲ့ဆို မိုင်တစ်ရာလောက် တော့ ခရီးပေါက်နိုင်ပါတယ်. . .။ နောက်ထပ်အနှောင့်အယှက်တွေ မရှိဘူး ဆိုရင်ပေါ့"

ညသန်းခေါင်တိုင်ခဲ့ပြီ။ အဝေးရှိ လူနေရပ်ကွက်မှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကြီးက မိုးမြေတို့သုံးယောက်ကို ကျောထဲစိမ့်ပြီး တောင့်တင်းအေးစက်ကာ ကြက်သီးမွေးညှင်း ထသွားစေ၏။ ကားကို ဆက်မောင်းလာလိုက်သောအခါ ဂျပန်မလေးက သူမတို့နိုင်ငံသား နိပ္ပွန် တွေအတွက် 'ရှင်တို'ဘာသာနည်းနှင့် ဆုတောင်းပေးနေသလား၊ ဂျပန် င်ဗုဒ္ဓဘာသာနည်းနဲ့ ဆုတောင်းပေးနေသလားမသိ၊ တစ်နည်းနည်းနဲ့ ဆုတောင်းပေးနေလေသည်။ ကောတနေလပ်ဖ်ကတော့ ရှေ့ဆက်ရမည့် ခင်းကို မျှော်ငေးရင်း စဉ်းစားခန်း ဖွင့်နေမိလေသည်။

အင်္ဂလန်မှာ သိကျွမ်းခဲ့ရသော သူမရဲ့ချစ်သူ စပိုင်တစ်ဦးဖြစ် သော ဗိုလ်ကြီးမိုက်ကယ်ကုတ်နေအား ထူးထူးခြားခြား အမှတ်ရလာမိ သသည်။ သေရေးရှင်ရေး ပြေးနေရသဖြင့် လွတ်လပ်စွာ စိတ်ကူးယဉ် င့်တို့ မရရှိခဲ့။ ကြယ်ရောင် ဝင်းခင်းသောညမှာ လေတဖြူးဖြူး ဆော် နေသော ဂျစ်ကားအပေါ် လိုက်ပါလာရင်းမှ မိုက်ကယ်ကုတ်နေသော ယခုလို ဒုက္ခရောက်နေမှန်းသိလျှင် ကြိမ်းသေလာကယ်မှာဆို တွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ သို့ဖြား ဂျပန်တွေ အုပ်စိုးထားသောကာလမှာ ဥရောပတိုက်သား မျက်နှာဖြူကို မြင်တာနှင့် အမေးအမြန်း မရှိ၊ စစ်ဥပဒေ မရှိ။ တန်းပြီး သုတ်သင်ခံရမှာပင်။ မြန်မာပြည်ကို စွန့်စားပြီး လာရောက်ကယ်တင်ရမည့်အရေး ယောင်လို့ပင် မျှော်တွေးချင်စရာ မကောင်း။ ဘုရားသခင်ကိုသာ တိုင်တည်ဆုတောင်းနေရုံမှ တစ်ပါး. . .။ သူမ ထိုင်ခုံပေါ် မှေးမှိန်းရင်း မှေးခနဲ အိပ်ပျော်သွားမိလေတော့သည်။





## [၁၃]

ဆရာသီလသိဒ္ဓိထံမှာ မိဘမဲ့ကလေးငယ် နှစ်ယောက်ရောက်ရှိလာသည်မှာ ဆယ်နှစ်သားလွန်အရွယ်ကတည်းက ဖြစ်၏။

ဆရာသီလသိဒ္ဓိသည် အမျိုးကောင်းသော၊ ပြည့်စုံကြွယ်ဝသော ဂုဏ်သရေရှိသော ဗမာစစ်စစ်မိဘနှစ်ပါးမှ ပေါက်ဖွားဆင်းသက်လာသူဖြစ်ပြီး ကျောင်းစာကို B.A တန်းအထိ ပညာသင်ခဲ့ဖူး၏။ မိဘများက မြည်ပကုမ္ပဏီကြီးများနှင့် ဆက်ဆံလုပ်ကိုင်နေကြသည်ဖြစ်၍ ဆရာသီလသိဒ္ဓိမှာ နိုင်ငံအတော်များများ ရောက်ဖူးခဲ့လေသည်။ ဂျပန်၊ အင်္ဂလန်နိုင်ငံတွေမှာလည်း လပေါင်းများစွာနေထိုင်ပြီး ဂျပန်စာ၊



www.burmeseclassic.com

www.burmeseclassic.com



အဝ်လိပ်စာ အရေးအဖတ်တွေ သင်ကြားခဲ့ဖူးသည့်အပြင်၊ ဂျပန်ဆာမူရိုင်းစားသိုင်း၊ အိုကီနာဝါကွန်းသားတို့ရဲ့ ကာရာတေးပညာတွေကို ဝါ လေ့လာလိုက်စားခဲ့၏။ အင်္ဂလန်မှာ နေထိုင်ရစဉ်ကလည်း လက်ဖြောင့်သေနတ်သမားဖြစ်အောင် ဆရာကောင်း သမားကောင်းရှာ၍ သင်ယူဆည်းပူးခဲ့၏။ မြင်းစီးခြင်းအတတ်၊ လောကဓာတ်ပညာ၊ ဗဟုသုတစုံလင်စွာတို့ကို ရှာဖွေစုဆောင်း သိုမှီးနိုင်ခဲ့လေသည်။

မိဘနှစ်ပါး လူကြီးရောဂါနှင့် ဆုံးပါးသွား၍ မြန်မာပြည်ပြန်ရောက်လာချိန်မှာ တစ်ဦးတည်းသောသားမို့ မိဘများ မရှိတော့သည့်အတွက် လောကီဘုံသားဘဝကို စိတ်အပျက်ကြီးပျက်ကာ လေလွင့်နေမိ၏။ ဘိုးတော်အဘအောင်မင်းခေါင်နှင့် အိပ်မက်ထဲမှာ တွေ့သောအခါမှ ထွက်ရပ်ပေါက် ကျင့်စဉ်သဘောတရားနှင့် မြန်မာပြည်ကြီး လွတ်လပ်ရေးပြန်လည်ရရှိကာ သာသနာတော်ပွင့်လန်း၊ ဂုဏ်ရှိန်တောက်ပလာဖို့အတွက် ဓာတ် ပန္နက်ရိုက်မည့်အရေးအတွေ့တွေမှာ ဝင်ရောက် ကူညီပေးလိုစိတ် ကြီးမားစွာဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် အမျိုးဘာသာသာသနာအတွက် လုပ်ကိုင်ပေးရင်း တပည့်နှစ်ယောက်ကို ကောက်ရခဲ့၍ တောရလိုက်ဂူ ဆောက်တည်ကာ သမထကျင့်စဉ်တွေ ပွားများ အားထုတ်ရင်း၊ တိုင်းပြည်အနာဂတ်အရေး ကြိုမျှော်တွေးကာ၊ တပည့်တွေကို





လူစွမ်းကောင်း၊ လူစွန့်စားတွေ ဖြစ်လာစေရန် ကြပ်မတ်သင်ကြားပေးခဲ့လေသည်။

တပည့်နံပါတ်( ၁ )ကို တစ်ကောင်ဘွားဟု မှည့်ခေါ်ခဲ့ပြီး၊ တပည့်နံပါတ် ( ၂ ) ကို လူစွန့်စားမိုးမြေဟု အမည်တွင်စေခဲ့လေသည်။ တပည့်နှစ်ယောက်ကို ဆရာစားမချန် သင်ကြားပေးရာ၌ လောကနီတိတရားကိုဆက်ကိုင်ထားခဲ့၏။ တစ်ကောင်ဘွားက မိုးမြေထက် အသက် တစ်နှစ်ကြီးသလို အလိုလောဘရမ္မက်လည်း ကြီးတတ်၏။ ဆရာ့ရှေ့မှာ မခုတ်တတ်သောကြောင်ပမာ ဟန်ဆောင်နေသည့်နေရာမှာလည်း အလွန်တော်၏။ ဆရာက သတိတစ်ချက် လွဲမှားပြီး သူတစ်ပါးကို ချောက်တွန်းလုပ်ကြံ ပြောကြားတတ်သည့် တစ်ကောင်ဘွားရဲ့စကားကို ယုံမှားကာ မိုးမြေကို သံသယပွားခဲ့မိလေသည်။

ဆရာသီလသိဒ္ဓိက တပည့်နှစ်ယောက်အင်အားနှင့် တိုင်းပြည်အတွင်းရန်ကို လက်လှမ်းမီသလောက် ရှင်းလင်းသုတ်သင်ရင်းနှင့် အခွင့်သင့်သလို ဒုက္ခရောက်နေသူတွေကို ကယ်တင်နိုင်ခဲ့လေသည်။ နောက် အိပ်မက်ထဲမှာ မကြာခဏတွေ့ရသော အဘအောင်မင်းခေါင်ညွှန်ကြားမှုနှင့် တဘောင်နိမိတ်စကားအရ ဓာတ်ပန္နက်ကို ...ပွဲ ...င်တော်မြတ်၌ ရိုက်နှက်ရန်အတွက် တပည့်နှစ်ယောက်ကို ရတနာ



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ပါး စီခြယ်ထားသော ကြာကလပ်ရဲ့အဖိုးထိုက် အဖိုးတန် ကြီးမားပုံ၊ အသုံးဝင်ပုံတွေကို ရှင်းလင်းပြောပြပြီး အချိန်ရောက်တာနှင့် ကြာကလပ်နှင့် ဆွမ်းတော်တင်ရန် တပည့်နှစ်ယောက်ကို လွှတ်ဖို့ ရည်ရွယ်ထားခဲ့လေသည်။

ထို့အပြင် ဆရာစား မချန်ဘဲ နေညွန့်စား နဂါးသိုင်းကျမ်းကို တပည့်နှစ်ယောက်အနက် တစ်ယောက်ကို သိုင်းကျမ်း တစ်ဝက်စီ သင်ပေးဖို့ ပြင်ဆင်ခဲ့လေသည်။ နောက်ဆုံးတော့ ဆရာသီလသိဒ္ဓိက တစ်ကောင်ဘွားရဲ့ ဂုံးချောစကားကို ယုံမှားပြီး မိုးမြေကို အဝေးရောက်အောင် ကိစ္စတစ်ခုဖြင့် ပထုတ်လိုက်ကာ တစ်ကောင်ဘွားတစ်ယောက်ထဲကိုသာ သိုင်းကျမ်း အကုန်အစင် တတ်မြောက်ရန် အဆီအနှစ်အကွက်တွေ ထုတ်နုတ်ပြီး အမြန်သင်ကြားပေးလိုက်လေ၏။ တစ်ကောင်ဘွား[illegible] အနေနှင့် နေညွန့်စား နဂါးသိုင်းကွက်များ အစွမ်းပိုထက်လာစေရ[illegible] တဖြည်းဖြည်း အချိန်ယူပြီး ထပ်မံကျင့်ကြံသွားရုံပင်။ ဒီလိုအချိန်မှ[illegible] တစ်ကောင်ဘွားက သစ္စာဖောက်ပြီး ဆရာသီလသိဒ္ဓိကို လုပ်ကြံသတ်ဖြ[illegible] ကာ သိုင်းကျမ်းနှင့်တကွ ရတနာခုနစ်ပါး စီခြယ်ထားသည့် ကြာကလ[illegible] ပါ ခိုးယူထွက်ပြေးသွားလေသည်။ မိုးမြေ ပြန်ရောက်ခါနီးအချိန်မှ[illegible] ပြုလုပ်သွားခြင်းဖြစ်၏။ မိုးမြေ ပြန်ရောက်လာတော့ အသက်ငွေ့ငွေ့[illegible]





[illegible]ကျန်တော့သော ဆရာ့ကို ရင်နာဖွယ်ရာ တွေ့လိုက်ရလေသည်။

ဆရာက မသေခင်လေးမှာ ရတနာကလပ်ကို ရအောင်ပြန်ယူပြီး ပုပ္ပါးတောင်ကလပ်မှာ ဓာတ်ပန္နက်ရိုက်နိုင်ဖို့ တာဝန်ကို မိုးမြေထံ လွှဲအပ်ခဲ့၏။

နေညွန့်စား နဂါးသိုင်းပညာကို လူယုတ်မာ တစ်ကောင်ဘွား တတ်မြောက်သွားခြင်းမှာ ဘီလူးကို ချိုတပ်ပေးလိုက်သလိုဖြစ်ပြီမို့ [illegible]ည်သူ့ ပြည်သူတွေ တစ်ကောင်ဘွားရဲ့ အနိုင်ကျင့် ဗိုလ်ကျစိုးမိုးတာ ခံစား[illegible]ရတော့မှာ တွေးမိရင်း တစ်ကောင်ဘွားကို ဖြစ်တဲ့နည်းနဲ့ အမြန်[illegible]တ်သင်ပေးဖို့ ဆရာ့အတွက် လက်တုံ့ပြန်ပေးဖို့ အထပ်ထပ် မှာကြား[illegible] ဆရာ သေဆုံးသွားလေသည်။ ယခုဖြင့် ဆရာသီလသိဒ္ဓိ တာဝန်[illegible]ခဲ့သောကိစ္စနှစ်ခုမှာ တစ်ခုက အောင်မြင်ခဲ့လေပြီ။ လူယုတ်မာ [illegible]ညွန့်စားနဂါးဂိုဏ်းချုပ်ကြီးတစ်ကောင်ဘွားကို အကောင်စရာမ[illegible]ာက်ကြီး မကြီးထွားခင်မှာ သတ်နိုင်ခဲ့လေပြီ. . . ။

ကျန်ကိစ္စတစ်ခုမှာ ရတနာကြာကလပ် ပြန်ရလာ၍ တစ်ဝက်[illegible]ောင်မြင်နေလေပြီ။ ပုပ္ပါးတောင်ကလပ်မှာ ဓာတ်ပန္နက် ရိုက်ပြီးလျှင် [illegible] မှာလိုက်သည့်ကိစ္စ တာဝန်ပြီးပြီ။

ဆရာ့ရည်ရွယ်ချက်တွေကိုသာ ဆက်လက်အကောင်အထည်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ပဲ လိုတော့လေသည်။

ပဲခူးမြို့ပေါ်မှာလည်း လူသူခြောက်သယောင်းနေကြ၏။ မြို့သ
မြို့သားများစွာမှာ စစ်ဘေးဒုက္ခသည်များဘဝဖြင့် ကျေးလက်တော
ရွာနှင့် တောတောင်တွေထဲ ခိုအောင်းပုန်းကွယ်ဖို့ ထွက်ခွာကုန်ကြပေ
ပြီ။ မြို့ပေါ်မှာနေလျှင် တစ်နေ့မဟုတ်တစ်နေ့ ဗုံးဒဏ်သင့်ပြီး သေကြေ
ပျက်စီးရမှာ မလွဲပင်။ ဗုံးခိုကျင်းများ တူးထားကြသည့်တိုင် ဂျပန်တပ်
ပေးဂိုင် စစ်ပုလိပ်များရဲ့ရန်၊ စကားပြန်တွေရဲ့ တို့မိုးရှို့မီး ချောက်တွန်း
မှုရန်နှင့် လေကြောင်းဗုံးဒဏ် စသည်ဖြင့် တစ်မျိုးမျိုးရဲ့ဒဏ်သင့်
ရဖို့များ၏။

မြို့ပြတွေမှာ အလိုက်သင့် ဆက်နေကြသောသူများမှာ ဂျပ
စစ်တပ်နှင့် အပေးအယူ ရှိကြသူများ၊ ဗုံးခိုကျင်း ကောင်းကောင်းရှိ
များနှင့် သေကာမှသေရော ဘယ်မှမပြေးဘူး။ ဖြစ်အောင်နေမယ်ဆို
ဇွတ်ကြိတ်မှိတ်ပြီး ကျန်ရစ်ခဲ့သူတွေသာ။

ဂျပန်မြစ်ကူးတံတားရောက်မှ စစ်ဆေးရေးဂိတ်နှင့် တန်းစီ
တော့၏။ တပ်ခွဲတစ်ခွဲစာလောက် များပြား၏။ အခိုင်အမာ ဘန်ကာ
ကို တံတား ဟိုဘက်ဒီဘက် ထိပ်မှာချထားလေသည်။ စက်သေနတ်
တွေအပြင် လေယာဉ်ပစ်အမြောက်နှင့် တင့်ကားသုံးစီးကိုပါ လှမ်း





ရ၏။

ဂျပန်တပ်မတော်က အိန္ဒိယစစ်မျက်နှာကိုဖွင့်ပြီး မီးကုန်ယမ်း
သုန်တိုက်ကာ စစ်ပန်းနေ၍ ပြန်ဆုတ်လာသော သူနာပြုတံဆိပ်တပ်
သူနာတင်ကားအချို့ကိုလည်း တွေ့ရလေသည်။

"ဒီတစ်ခါ. . . တကယ့်ဂျပန်စစ်တပ်နဲ့ တိုးပြီ"

ကော့တနေလပ်ဖ်က ဆာရီကို ခေါင်းမှာ ပြန်စွပ်ရင်းနှင့် ပြောလာ
လေသည်။ ယုမီကိုက. . .

"ရှင်တို့ လက်နက်ချ အဖမ်းခံလိုက်ပါလား။ ရှင်တို့ရဲ့အသက်ကို
ကျွန်မ အာမခံနိုင်ပါတယ်. . .။ ရှင်တို့ကို ပြန်လွှတ်ပေးဖို့ ကျွန်မဦးလေး
ကို ကျွန်မ ပြောပေးနိုင်ပါတယ်. . . မိုးမြေစံ"

"ရှပ်အပ်. . . နင့်ပါးစပ်ကိုပိတ်ထား။ ဘာမှ ထပ်မပြောနဲ့။ ငါ့
လက်ထဲက သေနတ်က. . . နင့်ရဲ့အသက်ကို အချိန်မရွေး နှုတ်ယူနိုင်
သေးတယ်။ နင်တို့လို စစ်ဘီလူးတွေက. . . သံ့ပန်းမတွေကို ဘယ်မှာ
ကောင်းကောင်းထားလို့လဲ။ သေမင်းတမန် ရထားလမ်းဖောက်ဖို့ ပို့လိုက်
ကြမှာ မဟုတ်လား. . .။ ဒါမှမဟုတ်ရင် နေခြောက်လှန်း၊ လက်သည်း
ခွါ၊ ရေနွေးပူ ဖျော၊ လုံ့စွပ်နဲ့ ထိုးသတ်လိုက်ကြတာပဲ မဟုတ်လား"

ယုမီကိုက. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ နင်တို့ဗြိတိသျှတွေရဲ့ လုပ်နည်းလုပ်ဟန်တွေပါ။ ငါ
လူမျိုးတွေ အာရှကို စိုးမိုးတာ ဘာကြာသေးလို့လဲ. . .။ နင်တို့
နှစ်ပေါင်းများစွာ ဂုတ်သွေးစုပ်ပြီး အမြတ်မထုတ်ရသေးပါဘူး။ မခံနိုင်
ထတော်လှန်တဲ့လူတွေကိုလည်း. . . သူပုန်ဆိုပြီး ကုလားစစ်တပ်တွေ
ခေါ်နှိပ်ကွပ်တာ၊ ဖမ်းမိတဲ့ခေါင်းဆောင်တွေကိုလည်း ရက်ရက်စက်စ
သတ်ပြတာ၊ နင်တို့အင်္ဂလိပ်စစ်တပ်တွေ. . . အရင်လုပ်ခဲ့ပေါ့ပါ"

ကော့တနေလပ်ဖ်က သေနတ်ထိုးချိန်ပြီး ပစ်ခတ်မယ်လုပ်နေ
မိုးမြေက ဖမ်းတားထားလိုက်ရ၏။

"အကျဉ်းအကျပ်ထဲ ရောက်နေပြီ။ တစ်ယောက်နဲ့ တစ်ယော
ရန်လိုနေလို့ မဖြစ်ဘူး။ ဒီမှာ ယုမိကို. . . ငါတို့ကို ဒီတစ်ကြိမ် ကူ
ပါ. . .။ ရှေ့ကဂိတ်မှာ မြင်ဆင်လှုပ်ရှားနေတဲ့ပုံတွေ ကြည့်ရတာ မင်
ဦးလေးပို့လိုက်တဲ့ ကြေးနန်းကို သူတို့ရထားတဲ့ပုံပဲ. . .။ ကဲ. . .
မင်းရဲ့ ဆံပင်တွေကို အဝတ်နဲ့ သုတ်ပစ်လိုက်။ ဂျပန်မလေး ယု
ပုံစံပေါ်အောင် မြန်မြန်ပြန်နေလိုက်ပါ။ မင်းကို ဓားစာခံလုပ်ပြီး
ဂိတ်တံတားက ဖြတ်သွားမှဖြစ်မယ်။ အတင်းဖောက်ထွက်သွားရင်
ဘက်ဆီက ဖောက်လို့ရရင်တောင်. . . ဟိုဘက်ထိပ်က အသင့်စော
ဝိုင်းပစ်လို့ ငါတို့ကားလေး စိစိညက်ညက် ကြေသွားလိမ့်မယ်. . .





ားပေါ်မှာ ယုမိကို ပါမှန်းသိရင်. . . သူတို့ဘာမှလုပ်မှာ မဟုတ်ပါ
ဘူး"

ကော့တနေလပ်ဖ်က ပါးနပ်စွာဖြင့် နောက်ခန်းကို ကူးသွားပြီး
ယုမိကို့ကို သေနတ်နှင့် ချိန်ထားလိုက်လေသည်။

ညသန်းခေါင်ကျော်သွားပြီဖြစ်ပြီး တံတားနှစ်ဖက်ထိပ်မှာ မီး
ိုင်မှိန်မှိန်တွေ ရောင်စုံစက္ကူ အနီရောင်ဖြင့် သွန်းညှိထား၏။ မီးမောင်း
ကအစ အလင်းဖျော့မီးဖြစ်ရန် ရောင်ခံစက္ကူပြားများ အုပ်ကာထား

ညဘက်မှာ ဂျပန်စစ်ကြောင်းကားတွေ ဝိုမိုလှုပ်ရှားသွားလာ
တ်ကြ၏။ ညရထားများလည်း မီးမှိတ်ပြီး ခုတ်မောင်းကြ၏။ နေ့ဘက်
လေယာဉ်ပစ်ကွင်းထဲ ရောက်သွားမည်စိုး၍ မထွက်ကြ။ မဟာမိတ်
်တွေ လေကြောင်း အသာစီးရနေကတည်းက နိပ္ပန်လေတပ်မှာ
ော်လေး ထိခိုက်ချည့်နဲ့ခဲ့ပြီးမှန်း ခန့်မှန်း၍ရနိုင်လေသည်။

သို့ပြား ကျိုတိုသတင်းထောက်တွေကတော့ နိပ္ပန်တပ်မတော်ရဲ့
င်ပွဲခံသတင်းတွေကို လုပ်ကြံပြီး လှိုင်လှိုင်ကြီး လွှင့်ထုတ်နေဆဲ။
်ဘုရင်မင်းမြတ်ကို ကောင်းချီးပေးနေကြဆဲ။ ဤတံတားကြီးမှာ
မိတ်တွေ ဗုံးကျဲတိုက်ခိုက် ချိုးဖျက်သည့်တိုင် နိပ္ပန်တပ်မတော်က



www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာတွေက အလျှင်အမြန် ပြန်လည်ပြုပြင်ပေးထားသဖြင့် အသုံးပြု၍ ရနေသေးလေသည်။

တံတားထိပ်မှာ ကားရပ်လိုက်သည်။ မျက်မှန်အဝိုင်းတပ်၊ ဓား ရှည်လွယ်၊ မြင်းစီးဖိနပ်ရှည်ဝတ်ပြီး ဟစ်တလာလို တိုနံ့နံ့ နှုတ်ခမ်းမွေး တပ်ထားသည်။ ဂျပန်ဗိုလ်ကြီးတစ်ဦး၊ လုံ့ချွပ်ကိုင် စစ်သားခြောက်ဦးက ကားကို ပတ်ဝိုင်းလိုက်လေသည်။ အထဲကို ဓာတ်မီးနဲ့ ထိုးကြည့်ပြီး. . .

"ဟိုက်ယား. . . မြန်မာဒါးမစ်. . . ရန်သူ"

ဂျပန်လိုရော မြန်မာလိုပါ ရောကာ အော်ဟစ်လိုက်တဲ့ စစ်ဗိုလ် ကြီးရဲ့ အသံကြောင့်. . .

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . ."

"ချောက်. . . ဂလောက်. . ."





# [၁၄]

အနီးရှိဘန်ကာထဲမှ စစ်သားတွေပြေးထွက်လာပြီး လုံ့ချွပ်တွေ အမြန်တပ်။ သေနတ်မောင်းတွေ အမြန်တင်ကာ မိုးမြေတို့ကားကို ဝိုင်း ချိန်ထားကြလေသည်။

ဂျပန်စစ်ဗိုလ်ကြီးက ဓာတ်ပုံရုပ်တွေ ဖော်ပြထားကြသော မိုးမြေ တို့သုံးယောက်ကို တွေ့သွားပြီး ထအော်ခြင်းဖြစ်၏။ တချို့က ဖုန်းအမြန် ဆက်နေကြ၏။ တချို့က တင့်ကားထဲပြေးဝင်ပြီး ပြောင်းဝကို ဂျစ်ကား ဆက် လှည့်ချိန်ကြ၏။ တချို့က စက်သေနတ်ကို ပစ်ခတ်ဖို့ ဂျစ်ကားဆီ အသင့်ချိန်ရွယ်ထားကြ၏။ တချို့က ဂျစ်ကားဆီကို မီးမောင်းတွေထိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



သာကြကုန်၏။

မိုးမြေက. . .

"ယုမိကို. . . မင်း အော်ဟစ်ပြောပါ။ ငါတို့ကို ဖြတ်သွားခွင့် မပေးရင် မင်းကို သတ်လိမ့်မယ်။ မင်းကို အလိုရှိရင်. . . လမ်းရှင်းဖယ်ပေးကြပါ၊ ဘာမှ မလှုပ်ရှားပါနဲ့၊ မပစ်ခတ်ပါနဲ့လို့. . . အော်ပြော"

ယုမိကိုက ဂျပန်လို လှမ်းပြောလာ၏။

"အပြင်ထွက်ရပ်ပြပြီး. . . ပြောမှဖြစ်လိမ့်မယ်"

ကော့တနေလပ်ဖ်ကို မိုးမြေက ဘာသာပြန် ပြောပြလိုက်သောအခါ ကော့တနေလပ်ဖ်က ယုမိကို့ကို အပြင်ထွက်ခွင့်ပေးလိုက်၏။ အလွတ်မဲ့ ခွင့်ပြုခြင်းမဟုတ်။ ယုမိကိုရဲ့နားထင်ကို သေနတ်ပြောင်းဝနှင့် တေ့ထောက်ပြီး သူမက နောက်ကတွဲ ပါလာခြင်းဖြစ်သည်။ တရုတ်မကြီး ဝတ်သည့်အင်္ကျီပုံစံနှင့် ယုမိကို့ကို ဂျပန်စစ်ဗိုလ်ကြီးက ဂျပန်လို လှမ်းမေးလာ၏။ ဗိုလ်မှူးကြီး အီဆိုရှိကူယာမရဲ့တူမ၊ ကျိုတိုသတင်းဌာနမှ စစ်သတင်းထောက်ယုမိကို ဟုတ်မဟုတ် စစ်မေးလိုက်ခြင်းပင်။

"ဟိုက်"

ယုမိကိုက ဂျပန်ထုံးစံအတိုင်း ခေါင်းညွတ် အရိုအသေပေးရင်း ဂျပန်လို ပြန်ပြောလိုက်၏။





"ကျွန်မ. . . သူတို့လက်ထဲ ရောက်နေတယ်၊ ကျွန်မကို ဗိုလ်ကြီးတို့အတင်းအကြပ် ကယ်မယ်ဆိုရင် သူတို့က. . . သတ်ပစ်လိမ့်မယ်။ အဲဒါကြောင့် ကျွန်မတို့ကို. . . သွားခွင့်ပြုပါ။ သူတို့ ဘေးကင်းလုံခြုံစိတ်ချရတဲ့နေရာရောက်ရင် ကျွန်မကို ပြန်လွှတ်ပေးလိမ့်မယ်"

ဆိုတာတွေ ဂျပန်လို လှမ်းပြောနေ၏။

ဂျပန်စစ်ဗိုလ်ကြီးက ဂျပန်လို ဆဲရေးလိုက်ပြီး ခေါင်းတခါခါလုပ်နေ၏။ ကော့တနေလပ်ဖ်က ဆာရီခြုံထားတာကို ဖွင့်လိုက်ပြီး ယုမိကိုရဲ့နားထင်ကို ခပ်ဆတ်ဆတ်ထိုးကာ ကားပေါ် ပြန်တက်ခိုင်းလိုက်၏။ ဂျပန်စစ်ဗိုလ်က ကော့တနေလပ်ဖ်ရဲ့ အင်္ဂလိပ်မရုပ်သွင်နှင့် ရွှေရောင်ဆံပင်တွေကို မြင်သွားပြီး. . .

"ဗြိတိသျှ. . . ဗြိတိသျှ. . ."

ဟုဆိုကာ သူ့ခါးကြားမှ ဓားကို ရွှမ်းခနဲ ဆွဲထုတ်လိုက်၏။ အခြေအနေတွေက အလွန်တရာ တင်းမာသွားသည်။ မိုးမြေက. . .

"ယုမိကို မင်းလူတွေ. . . ပြောလို့မရပါလား။ မင်း ထပ်ပြောကြည့်ပါဦး။ သူတို့ကြမ်းလာရင် ငါတို့လည်း မင်းကို သတ်ရလိမ့်မယ်. . . ပြောပြပါ"

ယုမိကိုက ဂျပန်စစ်ဗိုလ်ကို. . .



www.burmeseclassic.com

www.burmeseclassic.com



အတင်းအကျပ်မလုပ်ဖို့၊ သူမ သေသွားရင် ဂျပန်ဗိုလ်မှူးကြီး အီဆိုရိုကူယာမက အလွန်စိတ်ဆိုး ဒေါသထွက်မှာဖြစ်ကြောင်း လှမ်းဟန့်သလို ပြောလိုက်မှ ဂျပန်စစ်ဗိုလ်ကြီး နောက်တွန့်သွား၏။ သူ၏ လက်ထောက်ဗိုလ်တစ်ယောက်က လက်နက်ငယ်နှင့် ကော့တနေလပ်ဖ်ကို ချိန်ထားရင်း. . .

"ဗြိတိသျှစပိုင်. . . ဘ်ရှမာစပိုင်"

ဟု ထအော်ပြောနေပြန်၏။ ဂျပန်စစ်ဗိုလ်ကြီးက လက်ထောက်ဗိုလ်ကို လှည့်ကြည့်ပြီး ဓားကို ဓားအိမ်ထဲသို့ ဆာမူရိုင်းသဖွယ် ပြန်သွင်းကာ. . .

"ခူးရခါး. . . ဘတ်ကေးရိုး"

"ဖြန်း. . . ဖြန်း. . . ဖြန်း. . . ဖြန်း. . ."

အလွန်လက်သံပြောင်သော ဂျပန်ရိုက်နည်းနှင့် လက်ထောက်ဗိုလ်ကို ပိတ်ရိုက်ပစ်လိုက်၏။ ဂျပန်လက်ထောက်ဗိုလ်လေးမှာ ခန္ဓာကိုယ်လည်ထွက် ယိုင်ထိုးသွားသည့်တိုင် ချက်ချင်းသတိဆွဲပြီး မတ်မတ်ပြန်ရပ်နေရ၏။ ဂျပန်စစ်ဗိုလ်က ဂျပန်လို. . .

"ယုမီကို ဒဏ်ရာရသွားရင်. . . ဒီလိုမဟုတ်လို့ သေသွားရင် ဗိုလ်မှူးကြီး အီဆိုရိုကူယာမက ငါ့ကို သတ်မိန့်ပေးလိမ့်မယ်ကွ။ မင်း ငါ့ကို





သေကြောင်းကြံစည်နေရတာလား. . . တာကာရှီ"

သူမတို့နှစ်ယောက် ကားပေါ်ရောက်လာ၏။ ဂျစ်ကားရှေ့ခန်းမှာပင် သုံးယောက်သားထိုင်နေပြီး အလယ်မှ ယုမီကို့ကို ထိုင်ခိုင်းထားလိုက်၏။ ဂျပန်စစ်ဗိုလ်ကြီးက ပျာပျာသလဲနှင့် ယုမီကို လှမ်းမြင်နိုင်လောက်သည့်နေရာမှာ လာရပ်ရင်း. . .

"ယုမီကိုက အဲဒီလို လုပ်မှ အဆင်ပြေမယ်ဆိုရင်. . . ကျွန်ုပ်အနေနဲ့ လမ်းဖွင့်ပေးလိုက်ပါ့မယ်. . . ဘယ်အထိ သူတို့ သွားကြမလဲဆိုတာ. . . ယုမီကို သိနေမလား"

"ကျွန်မ မသိပါဘူး. . . ဗိုလ်ကြီး"

ဂျပန်စစ်ဗိုလ်ကြီးက. . .

"ဒါဆို. . . ကျွန်တော်ဟို့စစ်ကားတွေ နောက်ယောင်ခံလိုက်နေမှာပဲ။ ဗိုလ်မှူးကြီးဆီက ကြေးနန်းဝင်လာတယ်။ အဲဒါကြောင့် ဒီမှာ ပိတ်ဆို့စောင့်နေတာ. . .။ ယုမီကို့ကို ဘာမှမဖြစ်အောင် စောင့်ရှောက်ပြီး ပြန်ခေါ်လာရမယ်လို့ အမိန့်ပေးထားတယ်. . .။ အခု ကြေးနန်းရိုက်ပြီး အမိန့်တောင်းခံနေတယ်၊ ခဏစောင့်နေပါ။ ဒီဘက်ကို ယုမီကိုတို့ထွက်လာမှန်း သေချာမသိကြသေးဘူး။ ထင်ကြေးနဲ့ လမ်းပိတ်ဆို့စီစဉ်ထားနိုင် မှာထားတာ. . .။ ဒီမှာ ယုမီကို ရှိမှန်းသိရင် ဗိုလ်ကြီးတို့ဆီ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာလိမ့်မယ်"

ယုမီကိုက တိုမိုယရဲ့ အမည်နာမကို သူမရဲ့နှုတ်ဖျားလေးနှင့် လိုက်လံရေရွတ်ရင်း တမ်းတမိလိုက်၏။ မိုးမြေက...

"မစောင့်နိုင်ဘူး။ ငါတို့ကို အခု ချက်ချင်း ထွက်ခွာခွင့်ပေး...။ ဒီလိုမှ မဟုတ်ရင်... ယုမီကို့ကို ပစ်သတ်ရလိမ့်မယ်"

မိုးမြေက ဂျပန်လို ပီပီသသကြီး အော်ပြောလိုက်သောအခါ နီပွန်မစ္စတာကြီးခမျာ အံ့ဩပြူးကြောင်သွားပြီး...

"ယူအာ ဂျပန်းနီစ်..."

မင်းဟာ ဂျပန်လူမျိုးလားလို့ ဂျပန်လေသံကြီးနဲ့ ဘိုလို မပီမသ ရောပြီး ပြောလာ၏။ မိုးမြေက...

"အိုင် အမ် မြန်မာ..."

ငါဟာမြန်မာလို့ ပြန်ပြောပြီး စက်နှိုးထားသောကားကို မောင်းထွက်လိုက်၏။ ဂျပန်ဗိုလ်ကြီးနှင့် စစ်သားတွေက သေနတ်တွေနှင့် ဝိုင်းချိန်ပြီး ကာထားကြ၏။ ဗိုလ်ကြီးက သေနတ်ထုတ် မချိန်။ သူ့လူတွေကို လက်ကာ တားမြစ်လိုက်၏။ မိုးမြေက ကျော့တနေလပ်ဖ်ကို မျက်စပစ်ပြလိုက်၏။ ကျော့တနေလပ်ဖ်က ယုမီကို့ရဲ့လည်ပင်းကို သေနတ်နှင့်ပင့်ထောက်ကာ ဂျပန်တွေကို မောင်းထုတ်နေ၏။





"ဂျပန်နီစ်...ဂတ်ဒေါက်...ဂိုးအဝေး...ဂိုး..,ဂိုး"

ဂျပန်စစ်ဗိုလ်ကြီးက လက်ထောက်ဂျပန်ဗိုလ်ကို စိုက်ကြည့်နေရာမှ လမ်းရှင်းခိုင်းလိုက်၏။ ဂိတ်ပိတ်ထားသည့်မောင်းတံ မြောက်တက်သွားပြီး ဂျပန်စစ်သားတွေ အလယ်အူချောင်းကို ရှဲပေးလိုက်သည်နှင့် မိုးမြေက ကားကို မောင်းထွက်လာလိုက်၏။ ဟိုဘက်ထိပ်မှာရှိသော ဂျပန်စစ်သားနှင့် စစ်ဗိုလ်တွေကလည်း ပိတ်ခံပြီး အင်တင်တင်လုပ်နေ၍ ကျော့တနေလပ်ဖ်က ယုမီကိုရဲ့ဆံပင်ကို နောက်ဆွဲလှန်ပြီး နှိပ်စက်ပြလိုက်မှ ဂျပန်စစ်ဗိုလ်လည်း ဒေါသ ဆတ်ဆတ်တုန်နေသော မျက်နှာနီကြီးနှင့် ဂိတ်ပိတ်မောင်းတံကို ဖွင့်ပေးလိုက်လေတော့သည်။

ပဲခူးမြို့ထဲမှ အပြင်းမောင်းထွက်လာလိုက်၏။ မြို့ထဲမှာ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်နေလေသည်။ မဖြစ်မနေ သွားလာနေသူများမှလွဲလျှင် ဂျပန်စစ်သားတွေကို နေရာတကာမှာ အစောင့်ချထားတာ တွေ့နေရ၏။ မိုးမြေက ရွှေမော်ဓော စေတီတော်မြတ်ကြီးကို ဦးခိုက်ကာ အမှောင်ကျနေသောညမှာ ဆုမွန်တောင်းလိုက်မိ၏။

"မိစ္ဆာတွေလက်တွင်းက ပြန်လည် ထွန်းလင်း လွတ်မြောက်နိုင်သော မြန်မာပြည်ဖြစ်ရပါစေသား... ဘာသာ သာသနာ ရောင်ဝါနေသို့ လင်းဝင်းတောက်စားကာ အန္တရာယ်ခပ်သိမ်းမှ ကင်းရှင်းပါစေသား"



www.burmeseclassic.com

www.burmeseclassic.com



ယုမိကိုက မိုးမြေနှင့် ကော့တနေလပ်ဖ်ကို နာကြည်း ခံခက်သော မျက်လုံးရိုင်းကြီးတွေနှင့် ကြည့်နေ၏။ ထိုးချိန်ခံထားရသော သေနတ်ကို ပုတ်ထုတ်ရင်း. . .

"လွှတ်မြောက်လာပြီပဲ. . . ချိန်မထားပါနဲ့တော့. . .။ ကျွန်မ ရေသောက်ချင်တယ်. . .။ ရေပေးပါ"

ကော့တနေလပ်ဖ်က သေနတ်ကိုဖယ်ပြီး ရေဘူးကို နောက်ခန်းထဲမှ လှမ်းယူထုတ်နေစဉ် ယုမိကိုက ဘိုမရဲ့ဝမ်းဗိုက်ကို လက်သီးနဲ့ထိုး၊ လက်သည်းတွေနဲ့ အတင်းဆွဲကုတ်ပါလေတော့သည်။ မိုးမြေက ကားကို လမ်းဘေးထိုးရပ်ပြီး ယုမိကို့ကို လှမ်းဆွဲရ၏။ ယုမိကိုကလည်း ဂျပန်မပီပီ ဂျပန်သွေးကို ပြသလို မွှန်ထူပြီး အတင်းကုတ်ဖဲ့ ကိုက်ဆွဲတိုက်ခိုက်၏။ ကော့တနေလပ်ဖ်ကလည်း အင်္ဂလန်သူပီပီ နင်းကန် ခွအော်ရင်း ယုမိကိုရဲ့ကျောကို တံတောင်နှင့်ထောင်းလိုက်၊ ဆံပင်ဆောင့်ဆွဲလိုက်နှင့် လုံးထွေးသတ်ပုတ်နေပြန်သည်။ မိုးမြေ အတင်းဝင်ဆွဲမှ လူချင်းကွဲသွားတော့၏။ လူသူရှင်းလင်းနေသော အဝေးပြေးလမ်းမပေါ်မှာမို့ နောက်မှလိုက်လာသော ကားသံတွေကိုကြားမှ မိုးမြေ ထိတ်လန့်တကြားဖြစ်ပြီး. . .

"ဂျပန်စစ်ကားတွေ လိုက်လာကြပြီ. . . အမြန်မောင်းပြေးနိုင်မှဖြစ်မယ်။ မင်းတို့ ဒီလို ရန်ဖြစ်နေရင်. . . ငါရှေ့ဆက်ပြီး ဘယ်လိုလုပ်ရ





မလဲ"

နှစ်ယောက်ပူးနေတာကို အတင်းဆွဲဖယ်ပြီး ကားပေါ်ပြန်တက်ကာ ကားကို မိုင်ကုန် မောင်းနှင်ပစ်လိုက်သည်။ ပဲခူးမြို့ပြင် ရောက်သည်နှင့် မိုက်ရူးရဲဆန်ဆန် ကားမီးဖွင့်မောင်းပစ်လိုက်၏။

ကော့တနေလပ်ဖ်ကို သူမဒဏ်ရာတွေကို ပွတ်သပ်နေရင်းမှ မီးဖွင့်မောင်းလိုက်ခြင်းကြောင့်. . .

"အိုး. . . ဟော့ယူ. . . မီးဖွင့်မောင်းရင် ဗုံးကြဲလေယာဉ်တွေလာကုန်မှာပေါ့။ သူတို့ရဲ့ စက်သေနတ်ကြောင့် အားလုံးသေကုန်လိမ့်မယ်။ မီး မဖွင့်ပါနဲ့"

ယုမိကိုတစ်ယောက်လည်း နောက်ခန်းမှာ သူမရဲ့ဒဏ်ရာတွေကို ရေနဲ့လောင်းဆေးပြီး ပွတ်သပ်နေ၏။ မိုးမြေက ရေကို ချွေတာဖို့ ပြောထားလည်း မရ။

" စိတ်မပူပါနဲ့. . .။ နောက်က ကားတွေကို လေယာဉ်ပစ်ကွင်းထဲ ပို့ချင်လို့ မီးဖွင့်မောင်းပြီး လေယာဉ်ကို ဖိတ်ခေါ်လိုက်တာ။ နောက်က ကားတွေ မီးဖွင့် မမောင်းရဲကြဘူး၊ ငါတို့မှာ ခေတ်ဆီကုန်တော့မယ်။ ဗုံးထဲကနေ ပြန်ဖြည့်ချိန် မရဘူး. . . လမ်းမှာ 'ကွိ'ခနဲ ထပ်မိသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဘဲအင်းကျေးရွာအလွန်မှာ ကြယ်ရောင်အလင်းထဲ မဲမဲကြီး နှစ်စင်း ပျံဝဲလာတာကို လှမ်းတွေ့လိုက်ကြရ၏။ ကော့တနေလပ်ဖ် က. . .

"လေယာဉ် နှစ်စင်းလာနေပြီ. . . မီးပိတ်လိုက်တော့"

လေယာဉ်စက်သံကြားကထဲက မိုးမြေတစ်ယောက် ကားမီးကို မှိတ်ချည်ဖွင့်ချည် အချက်ပြလိုက်၏။ သုံးခါခန့် လုပ်ပြခြင်းမှာ ဗြိတိသျှ တွေ စကားဝှက်ပုံစံမျိုးကို ခန့်မှန်းခြေနှင့် လိုက်ပြီးလုပ်ပြခြင်းပင်။ မိတ်ဆွေတွေပါပေ့။ တောလမ်းကွေ့တစ်ခုမှာ ကားကို ရုတ်တရက် ဆွဲ ကွေ့လိုက်ရင်း မိုးမြေက သူမတို့နှစ်ယောက်ကို အော်ပြောလိုက်၏။

"သေချာကိုင်ထား. . . ကားလှည့်မယ်"





၁၅။

ကားလှည့်လိုက်၍ ယုမိကိုခမျာ စကောထဲ ဇီးဖြူသီး လှိမ့်ခံရသလို သွားပြီး မိုးမြေရဲ့လည်ပင်းကို ကြောက်လန့်တကြားဖြင့် ဆွဲဖက်ထား မိလေသည်။ ကော့တနေလပ်ဖ်က လက်ကိုင်ကွင်းကို ညာလက်နှင့် ိုင်ထားရာမှ ဖတ်ခနဲ ဖတ်ခနဲ ဘယ်လက်ကို လှုပ်ရှားလိုက်သည်နှင့် နတ် လက်ထဲရောက်လာပြီး ယုမိကိုရဲ့နားထင်ကို တေ့ထောက်ထား မြီးလေပြီ။ မိုးမြေက နောက်ဘက်ကို ပြန်ကွေ့ပြီး မဟာမိတ် ယာဉ် (ကျွဲညီနောင်) မြင်သာအောင် နောက်က ကပ်လိုက်လာသော ် ဘေးတွဲမော်တော်ဆိုင်ကယ်(လ်) နှစ်စီး၊ စစ်လော်ရီကားသုံးစီးကို



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားမီးရောင်ဖြင့် ခေါင်းလှည့်ထိုးပြလိုက်လေသည်။

ဂျစ်ကားမီးရောင်အောက်မှာ ဘေးတွဲဆိုင်ကယ်လ်ပေါ် မတ်တပ်ရပ်စီးရင်း တာကြီးဇွေ့ယမ်းကာ အမိန့်ပေးနေသော ဂျပန်စစ်ဗိုလ်ကြီးက သူတို့ကားတွေကို အမြန်ရပ်နိုင်းပြီး ဘေးဘက် ခြုံပုတ်ခြုံနွယ်အကာအကွယ်တွေထဲ ဝင်ပြေးဝပ်နိုနေဖို့ နင်းကန်အော်ဟစ်နေလေသည်။

သို့ဖြား ကျွဲညိုနောင်က အကင်းပါးလှပ်စွာဖြင့် အမြန်ရောက်ချ လာပြီး စက်သေနတ်နှင့် မွှေ့ရမ်းဆွဲကာ ဗုံးသီးတွေ အတွဲလိုက် ဖြုတ်ချ သွားလေ၏။

"ဒက်. . . ဒက်. . . ဒက်. . . ဒက်. . . ဒက်. . . ဒက်"

"အုံး. . . ဝုန်း. . . ဂျိမ်း. . . ဒိန်း"

မြေပြင်တစ်ခုလုံး သွက်သွက်ခါကာ နားကွဲလုမတတ်အသံနှင့် ဂျပန်စစ်ကားတွေပေါ်မှ မီးတောက်မီးလျှံကြီးတွေကို အတိုင်းသား မြင် တွေ့လိုက်ရလေသည်။

ဂျပန်မနှင့် အင်္ဂလိပ်မတို့ မတော်တဆ ဖက်မိလို့ လက်ကို အသာ ပြန်ရုပ်သွားတဲ့ ယုမိကိုက သူမတို့ရဲ့စစ်သားတွေ မရှုမလှ အတုံးအ ကျဲဆုံးနေပုံကို လှမ်းကြည့်ပြီး ဂျပန်လို မချိတင်ကဲ တီးတိုး ရေရွတ် လေသည်။ ကော့တနေလပ်ဖ်ကတော့ ဂျစ်ကားပေါ်ကဆင်းပြီး လက်သ





တ်မောင်းတန်းကာ အားပါးတရ လက်ခုပ်တီးပြီး အော်ဟစ်ခုန်ပေါက် တူးစွာ အားပေးနေလေတော့သည်။

ဘိုမလေးနှင့် ဂျပန်မလေးတို့ရဲ့ နိုင်ငံရေးအမြင် ပူးဝင်နေသော အားချက် သဘောတရားတွေမှာ နာကြည်းချက် စိတ်ဒဏ်ရာတွေ ပိုမို အပြား ငြိတွယ်ကုန်လာကြသည်မှာအမှန်။

ကော့တနေလပ်ဖ်ရဲ့ရှေ့မှာ သူမရဲ့ဖခင်ကို ဂျပန်တွေ သတ်သွား ယ်။ ကော့တနေလပ်ဖ်ကို ဂျပန်စစ်ဗိုလ်ကြီးက မုဒိမ်းကျင့်ဖို့ ကြိုးစား ယ်။ ကော့တနေလပ်ဖ်ရဲ့ရှေ့မှာပဲ ဂျပန်တွေဟာ ပြည်သူလူထုအပေါ် ရိုင်းပျစော်ကားပြီး နှိပ်စက်ညှင်းပန်း ရက်စက်နေတာတွေ့ခဲ့ရ၏။ ကြောင့် ကော့တနေလပ်ဖ်က ဂျပန်စစ်တပ်ကို မုန်းသည်။ အဲ့ဒီအစွဲ ဂျပန်လူမျိုးတွေကို မုန်းမိ၏။ ဒါကြောင့် ဂျပန်မလေးယုမိကို့ကို န်း၏။ ခါးခါးသီးသီး မုန်းမိခြင်းဖြစ်လေသည်။

ဂျပန်မလေးယုမိကို အနေနှင့်လည်း နယ်ချဲ့အင်္ဂလိပ်တွေရဲ့ ဖိနှိပ် ်ကားချုပ်ချယ်မှုကြောင့် ဂျပန်နိုင်ငံမှာ စီးပွားရေးကျပ်တည်းပြီး လူမှု အဖုံဖုံ တွေ့ကြုံခံစားခဲ့ရတာတွေကို ကိုယ်တွေ့သိမြင် ခံစားခဲ့ရပြီး လိပ်တွေကို စိတ်ထဲက တေးမှတ် ရန်ငြိုးထားခဲ့မိလေသည်။ အင်္ဂလိပ် တပ်က 'အင်ဖာ' (အိန္ဒိယနယ်စပ်) စစ်မျက်နှာမှာ ဂျပန်စစ်သားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အသာစီးယူပြီး တိုက်ခိုက်ခဲ့လို့ စစ်မျက်နှာကပြန်လာတဲ့ ဂျပန်စစ်သား တွေ ကုသနေရတဲ့ဆေးရုံကို သွားရောက် အားပေး နှစ်သိမ့်ကြည့်ရှုရင်း ဂျပန်ပြည်ရဲ့အမျိုးကောင်းသားတွေ ခြေပြတ် လက်ပြတ်၊ ပေါင်ပြတ်၊ ဗိုက်ပေါက်အစရှိတဲ့ စစ်ဒဏ်ရာမျိုးစုံဖြင့် ပြင်းပြင်းထန်ထန် ရရှိနေကြ တာကို မြင်ရပြီး အင်္ဂလိပ်တွေကို အသည်းထဲ ခါးသီးနင့်ဆို့အောင် အမုန်း ကြီးမုန်းမိခဲ့၏။

အခုလည်းကြည့်။ လေယာဉ် နှစ်စင်းနှင့် စိတ်ကြိုက်ပစ်ခတ် သတ် ဖြတ်နေလို့ ဂျပန်အမျိုးကောင်းသားတွေ ကျဆုံးနေရသည်မှာ ဘယ် လောက်များ မုန်းတီးစက်ဆုပ်ဖို့ ကောင်းလိုက်ပါသနည်း။ ဗြိတိသျှ (အင်္ဂလိပ်မ) နဲ့ လုံးထွေးသတ်ပုတ်လို့ ရလိုက်သည့် ဒဏ်ရာဒဏ်ချက်တွေ ကလည်း သွေးစိမ်းရှင်ရှင်ထွက်ပြီး လတ်လတ်ဆတ်ဆတ် နာကြည်းဖွယ် ရာ ဖြစ်နေပြန်လေသည်။ ထို့ကြောင့် ဗြိတိသျှ (အင်္ဂလိပ်) တွေကို နာနာ ကြည်းကြည်း မုန်းတီးခံခက်မိခဲ့လေသည်။ ဗြိတိသျှ( အင်္ဂလိပ် ) လူမျိုးဖြစ် သော ဘိုမ ကော့တနေလပ်ဖ်ကိုပါ မုန်းတီး နာကြည်းမိခြင်းမှာ အဆန်း တကြယ် မဟုတ်တော့။

မိုးမြေက တားမီးကို ပိတ်လိုက်သည်။ မီးတောက်မီးလျှံတွေ ကြား မှာ သွေးရူးသွေးတန်း ထပြေးနေတဲ့ ဂျပန်စစ်သားတချို့ကို မြင်လိုက်ရ





၏။ အများစုကတော့ ရှပ်ပျက်ဆင်းပျက် ကျဆုံးကုန်ကြလေပြီ။

ကျွဲညီနောင် ဝေဟင်မှာ တစ်ပတ်လှည့်နေတုန်း ကော့တနေ လပ်ဖ်ကို ကားပေါ် ခေါ်တင်ပြီး ရှေ့ဆက်ခရီးလမ်းကို မိုင်ကုန်မောင်းတင် လိုက်၏။ ကျွဲညီနောင်ဆိုတာ မဲမဲမြင်ရာ အကုန်လိုက်ပစ်တတ်တဲ့ လေယာဉ်တွေမို့ လွတ်အောင် မောင်းပြေးရတော့သည်။ ဖိုက်ဦးရောက် လာတဲ့အထိ ဘေးရန်ကင်းနေသည်။ ဖိုက်ဦးမြို့မှာလည်း မီးရောင်မရှိ။ ကျွဲညီနောင်လာတဲ့လမ်းမှာ တွေ့သမျှကင်းဂိတ်တွေ မွှေနှောက်ပစ်ခတ် ထုံကြခဲ့တာ တွေ့လိုက်ရ၏။ ဂျပန်စစ်သားအလောင်းတွေနဲ့ မီးလောင် ညှော်နံ့တွေထဲမှာ လူသေကို လောင်ထားတဲ့ညှော်နံ့ကြီးက အဆိုးဆုံးပင်။

အတုံးအရုံး ကျဆုံးပြိုပျက်ပြီး မီးသင့်ထားသော ဂိတ်ပေါက်က အဖြတ်မှာ ယုမီကိုတစ်ယောက် ထိုးအန်တော့လေသည်။ ကော့တနေ လပ်ဖ်တစ်ယောက်လည်း ကြိတ်မှိတ်ရှုံ့မဲ့ပြီး နှာခေါင်းပိတ်ထား၏။ ညောင်လေးပင် ရောက်သောအခါ မနက် နှစ်နာရီခွဲနေပြီ။ ကျွဲညီနောင် [illegible]ဆ ပတ်မွှေ ပစ်ခတ်ခဲ့၍ ညဘက်ထွက်သော ရထားတွဲကြီး တိမ်းမှောက် [illegible] အလောင်းတွေ ပြန့်ကျဲနေ၏။ မြို့စောင့်တပ်နှင့် ဂိတ်တံခါးတွေမှာ [illegible]ည်း မြင်မကောင်းလောက်အောင် အလောင်းတွေထပ်နေ၏။

ကားလမ်းဂိတ်ပေါက်မှာ ဂျပန်စစ်တပ်မှ တာဝ်စိတ်တစ်စိ[illegible] ကင်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေကြ၏။ အံသောအချာ ကြည့်လိုက်သောအခါ ခေါင်းပြတ်ကြ
တွေဖြစ်နေ၏။ ကော့တနေလပ်ဖ်က ဘုရားတပြီး ဆာရီကြီး လုံအော
ဆွဲဖြုံထား၏။ တချို့ဂျပန်ခေါင်းပြတ်ကြီးတွေက လမ်းမပေါ်မှာ လျှော
သွားနေကြဆဲ။ တချို့က စစ်ရေးပြသလို သုံးယောက်တစ်တွဲ စီတန်
လှည့်လည်နေကြပြန်သည်။ သွေးပျက်ခြောက်ချားစရာ ကောင်းလွန်း
သော မြင်ကွင်းမို့ ကြောက်စိတ်ကြီးသူသာဆို လိပ်ပြာလွင့်ပြီး သေဆ
နိုင်၏။ မီးစာမကျန်၊ ဆီမခန်းဘဲ ရုတ်တရက်ကြီး သေဆုံးသွားကြသေ
ရုပ်ခန္ဓာများမှ အပမှီသလို မကောင်းဆိုးဝါးတွေ ဝင်တွယ်နေပြီး လ
သလားနေကြသော မြင်ကွင်းမှာ မိုးမြေရဲ့ဘဝမှာ တစ်သက်နှင့်တစ်ကို
တစ်ခါမှ မကြုံဖူးသော မြင်ကွင်းမျိုးဖြစ်နေလေသည်။

မြင်သစ်ပြည်မှာ ခေါင်းဖြတ်စက်နှင့် တရားစီရင်စဉ်က တ
လူခေါင်းတွေမှာ နာရီပေါင်း အတော်ကြာအောင် အသက်ရှင်နေနိုင်
သေးသည်ဆိုတာ ဆရာသီလသိဒ္ဓိ ပြောပြဖူး၍ သိရှိထားခဲ့၏။
ကလာပ်စည်း မပျက်စီးသေးသည့်နေရာတွေက ပုံမှန်အတိုင်း အ
ဆက်လုပ်နေကြခြင်းပင်။ ဦးနှောက်ထဲကို သုံးမိနစ်အတွင်း သွေးမရော
နိုင်ပါက ထိုလူမှာ သေဆုံးသွားနိုင်သည်ဆိုသော ဆေးသိပ္ပံပညာရဲ့ တွေ
ချက်တွေမှာ ထိုနေရာမျိုး၌ မှားယွင်းနေလေပြီ။ မမှားခဲ့ပါက သဘ





ထက် လွန်ကဲသော ဖြစ်ရပ်ဆန်းကြယ်တွေ ဖြစ်လာခြင်းမှာ အပမှီခြင်း ကြောင့်ပဲ ဖြစ်မည်။

ကြည့်ပါဦး။ ခေါင်းမပါသော ဂျပန်စစ်သား ခန္ဓာကိုယ်ကြီးတွေက ဖျစ်ကားနောက်ကို အတင်းယိုင်ထိုးပြီး လိုက်နေကြ၏။ ယူမီကိုရဲ့ ထိတ်လန့်တကြား အော်ဟစ်သံက အသံပြာပြီး ငယ်သံပါနေလေပြီ။ မိုးမြေက ကားကို သွက်သွက်မောင်းပြီး ဂျပန်ခေါင်းပြတ် ထိုးထိုးထောင်ထောင်တွေကို ကားနဲ့အကုန်ဝင်တိုက်ပြီး ဖြတ်ကြိတ်နင်းကျော်ပစ်လိုက်၏။ ညောင်လေးပင်မြို့ပြင်ရောက်မှ ပင့်သက်ချနိုင်တော့၏။

မဟာမိတ်လေယာဉ်တွေက မိုးမြေတို့သွားမည့်လမ်းမှာ ပန်းခင်းလမ်းဖြစ်အောင် လုပ်ထားသလိုပင်။ မြို့တွေမှာရှိတဲ့ ဂျပန်အစောင့်တပ်တွေကို ပတ်မွှေရှင်းလင်းထားခဲ့သည်မှာ တောင်ငူရောက်သည်အထိပင်။ တွဲကြီး၊ ကျွဲလေးတင်မက အခြားသောလေယာဉ်များလည်း သူ့သတ်မှတ်ချက်နှင့်သူ လာရောက်ဗုံးကြဲချသွားဟန်တူ၏။

မိုးမြေတစ်ယောက် မိတ္ထီလာမြို့ကို အရောက်မှာတော့ ဂျပန်တွေ အလုံးလိုက် အရင်းလိုက် စုမိနေသောမြို့ဖြစ်ပြီ။ ဗြိတိသျှလေတပ်မတော်ရဲ့ ထိုးနှက်တိုက်ခိုက်မှုကြောင့် ချိနဲ့နေသည့် နိပ္ပွန်လေတပ်စခန်းရဲ့ အနေအထားကိုလည်း သတင်းသဲ့သဲ့ ကြားလိုက်ရ၏။ အိန္ဒိယနယ်စပ်



www.burmeseclassic.com

www.burmeseclassic.com



အင်ဖာစစ်မျက်နှာမှ ဆုတ်လာသော ဂျပန်ဒုက္ခိတတပ်တွေကို ထပ်မံတွေ့ ရပြန်၏။ ဂျပန်ဗိုလ်မှူးကြီး ဇာဝိုဆိုကူယာမရဲ့ ကြေးနန်းရိုက်အကြောင်း ကြားချက်ထက်၊ စစ်မျက်နှာအရေးကို ဗိုလ်မှူးကြီးထက် ကြီးမြင့်သော ရာထူးကြီးတွေက ကိုင်တွယ်ဆောင်ရွက်နေကြသဖြင့် မိုးမြေတို့ကိစ္စကို အရေးမထားနိုင်ကြ။ ထို့ကြောင့်မိုးမြေတို့ ခရီးဆက်ရတာ မလေးဖင့်။ ဂရုတစိုက် စောင့်ကြည့်မည့်သူ မရှိ။ ကြက်ခြေနီသူနာပြု စခန်းတွေမှာ စစ်သားတွေ တောင်ပုံရာပုံထပ်နေ၏။ မြို့နေလူထုမှာ ဆေးကောင်း ဝါးကောင်း မရရှိနိုင်၍ ကူးစက်ရောဂါ၊ ကျောက်ရောဂါ၊ ကာလဝမ်း ရောဂါ၊ ပုလိပ်ရောဂါ တစ်မျိုးမျိုးစွဲ၍ လူတွေ နာရီပိုင်းအတွင်း ဆက်တိုက် သေကြတာ မြင်တာနှင့် မြို့က လစ်ပြေးကုန်ကြလေသည်။ မြို့ကြီးတွေမှာ လူတွေ ကျီးနှင့်ဖုတ်ဖုတ်ဖြစ်ရခြင်းမှာ ကာလဝမ်းရောဂါနှင့် ကင်ပေတိုင်ရဲ့ ဖွဲ့ချက်တင် ပစ်သတ်မှုတွေကို ကြောက်ရွံ့ကြ၍ဖြစ်၏။

ကျေးလက်တောရွာတွေမှာ ခိုအောင်းနေထိုင်ကြပြန်တော့ ဓားပြ သူခိုးတွေနှင့် တိုးရပြန်၏။ လူထုရဲ့ လူမှုဒုက္ခအဖုံဖုံမှာ ကပ်ဆိုက်၍ မျက်ဖြူဆိုက်နေကြရသည့် အခြေအနေ။ စားရေးရိက္ခာနှင့် အဝတ် အထည် ရှားပါးရသည့်အထဲ ဆေးဝါးကလည်း မူးလို့တောင် ရှူစရာမရှိ။ ဂျပန်စစ်တပ်တွေ တောဘက်ဆင်းပြီး ကင်းလှည့်တာနှင့်ကြုံလျှင် လူကို





တိရစ္ဆာန်လို သဘောထားပြီး သူတို့ အလိုမကျက ပစ်သတ်တာ ခံရဦး မည်။ မိန်းကလေးတွေဆိုလျှင် မုဒိမ်းကျင့်တာ ခံရဦးမည်။ ဂျပန်ခေတ်မှာ မိန်းမတွေ တော်တော်များများ မီးသွေးနှင့် ရွှံ့ဗွက်တွေ ကိုယ်မှာသုတ် လိမ်းထားကြရ၏။ သို့မှသာ ဂျပန်စစ်သားတွေရဲ့ မုဒိမ်းကျင့်သည့်ရန်မှ ဝေးကြရ၏။

မိုးမြေတို့ကားကို ဂျပန်စစ်ဗိုလ်ကြီးနှစ်ဦးက တားပြီး အတင်း လုယက်စီးဖို့ ပြင်နေကြ၏။ အချိန်ကာလမှာ ဂျပန်ကို တော်လှန်ဖို့ ဗမာ့ ကာကွယ်ရေးတပ်မတော်မှ လျှို့ဝှက် တိတ်တဆိတ် ပြောက်ကျားအဖွဲ့ အစည်းများ ဖွဲ့စည်းကာ မြေအောက်ဆက်သွယ်ရေးလုပ်ငန်းဖြင့် အထူး ပြင်ဆင်ကြိုးစားနေသောကာလဖြစ်၏။ ဂျပန်ဖက်ဆစ်တွေရဲ့ ယုတ်မာ ပက်စက်မှုကြောင့်၊ သူခိုး၊ ဓားပြနှင့်၊ လှည်းနေ လှေအောင်း မြင်းဇောင်း မကျန် ယောက်ျားမှန်သမျှ ရရာလက်နက်စွဲကိုင်ပြီး အုံကြွတော်လှန်ဖို့ အသင့်ဖြစ်နေကြချိန်လည်းဖြစ်သည်။ ဗိုလ်မှူးကြီးဗထူးရဲ့ ဂုဏ်သတင်း တ ဗမာ့ကာကွယ်ရေးတပ်သားတွေ အချင်းချင်း ကြိတ်ပြောရာမှ မွှေးရနံ့ ထုံသင်းနေလေသည်။ ကော့တနေလပ်ဖ်က ဂျပန်စစ်ဗိုလ်နှစ်ယောက်ကို ရှုတ်တရက် သေနတ်ဖြင့် ပစ်သတ်ပစ်လိုက်၏။ မိုးမြေ တားမြစ်ချိန်မရ လိုက်။



www.burmeseclassic.com

www.burmeseclassic.com



ပလူအုံကို တုတ်နှင့် ထိုးလိုက်သလိုပင်။ ဂျပန်စစ်ကားတွေ အုံကြွ လိုက်မလာခင်မှာ မိတ္ထီလာမြို့ထဲက အတင်းလွတ်အောင် မောင်းပြေး ရတော့၏။ အကောက်ဂိတ်တွေကိုလည်း. . .

"ဖြောင်း. . ."

"ဝေါ. . ."

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဂျိမ်းဝုန်း. . . ဂျိမ်းဒုန်း"

ဂျပန်ကင်းဂိတ်တွေကလည်း လက်နက်ငယ်၊ လက်နက်ကြီးမျိုးစုံဖြင့် အတင်းတရစပ် လိုက်ပစ်ကြ၏။ သူမတို့နှစ်ယောက်ကို ဝပ်နိုင်းပြီး မိုးမြေကိုယ်တိုင်လည်း ဘုရားတပြီး ကားကိုလွတ်အောင် မိုင်ကုန်မောင်း ပြေးရ၏။ မိတ္ထီလာမှာ လက်ကျန်ဓာတ်ဆီ ထည့်နေတုန်း ဂျပန်စစ်ဗိုလ် နှစ်ယောက် ကားလာလုကြခြင်းဖြစ်သည်။ ဘိုမက ပစ်သတ်လိုက်၍ ခွေ ပြေးဝက်ပြေး မောင်းပြေးနေရစဉ် ကားနောက်ပိုင်းကို ကျည်ဆံတွေ လာထိမှန်၏။

"ချွင်း. . . ချလွင်. . . ချွင်"

ကားအမိုးမှာမူ တာလပတ်မို့ ကျည်ရာတွေ စကာပေါက်ဖြစ်နေ





လေပြီ။ ကားဘီးကို လှမ်းပစ်ဖောက်ကြသော်လည်း ဘီးခွေကိုသာ ကျည် ရာထိမှန်မှုများနေ၍ မိုးမြေတို့သုံးယောက်အပေါ် ကံတရားက မျက်နှာ သာ ပေးထားသလို ဖြစ်နေ၏။ ဘယ်သူကြာကြာ ကံကောင်းနိုင်ပါမည် နည်း။

မိုးမြေစိတ်ထဲမှာ ကျည်မိုးရွာခံရတိုင်း ရတနာသုံးပါးကို စူးစူးနစ် နစ် တမ်းတဦးခိုက်၏။ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်တို့ကို ဦးထိပ်ရွက်ဆင်ပြီး အန္တရာယ်ကင်းဖို့ ဆုမွန်တောင်းရ၏။ ပုပ္ပါးတောင် ကလပ်မှာ ကြာကလပ်နှင့် ဆွမ်းတော်တင်ပြီး ဓာတ်ပန္နက်ရိုက်ဖို့ လာနေ ကြခြင်းမို့ ကျည်မလွဲမသွေ သင့်နိုင်တာတွေပင် ကျည်မသင့်ခဲ့ရခြင်းမှာ ထူးဆန်းနေ၏။ ဝိဇ္ဇာပုဂ္ဂိုလ်ကြီးတွေ မ,တော်မှုသည့် အကျိုးဟု မိုးမြေ စွဲမြဲစွာ ယုံကြည်မိ၏။ အဘယ်ကြောင့်ဆိုသော် မိုးမြေရဲ့ဆရာ သီလသိဒ္ဓိ မှာ အဘဘိုးမင်းခေါင်ရဲ့တပည့် အရင်းအချာ ဖြစ်နေသောကြောင့် အဘ ဘိုးမင်းခေါင်က ဝိဇ္ဇာတန်ခိုးဖြင့် အကျိုးထူးပေးကာ မ, ကယ်နေခြင်း သာဖြစ်ပါ၏။

လမ်းကိတ်ဘန်ကာထဲက ဝဝဖိုင့်ဖိုင့် ဂျပန်စစ်သားကြီးက ဂျပန် လေသူရဲတွေတပ်သည့် မျက်မှန်တပ်၊ လေသူရဲတွေရဲ့ ခေါင်းစွပ်နှင့်နား ကြပ်ကို စွပ်ပြီး စက်သေနတ်ကြီးနှင့် ဂျစ်ကားပေါ်မှ မိုးမြေတို့ အသေ



www.burmeseclassic.com

www.burmeseclassic.com



အချာချိန်ပြီး တရစပ် ပစ်ခတ်ခဲ့တာတောင် ဂျစ်ကားဘေးက သံကိုင်း၊ သံထည်တွေသာ ထိမှန်ပြီး ထီးထီးကြီး ထိုင်နေသည့် မိုးမြေကို မထိမှန်၊ တဘောင်စကားအရ ဓာတ်ပန္နက်ကို ထပ်ဆင့်ရိုက်ပေးဖို့လာနေသည့် မိုးမြေကို ဝိဇ္ဇာပုဂ္ဂိုလ် အဘဘိုးမင်းခေါင်ရဲ့ ကယ်တင်စောင့်မမှုက မျက်ဝါးထင်ထင် ပြသခဲ့လေပြီ။

'မုန့်လုံးစက္ကူကပ်၊ ကြာကလပ်နဲ့ ဆွမ်းတော်တင်၊ ပလ္လင်ပေါ်က မျောက်ကလေး၊ ဆင်းတယ်လို့ပြေး။'

အဘဘိုးမင်းခေါင် ဓာတ်ပန္နက် ရိုက်ပေးခဲ့၍ ပုပ္ပါးတောင်ကလပ်ပေါ်က ကမ္ဘာလုံးစေတီတော်မှာ ပြည်သူအများက ကလပ်မျိုးစုံအပေါ် စက္ကူကပ်ထားသည့် မုန့်လုံးမျိုးစုံကို တပ်လှူပူဇော်ခဲ့ကြပြီးပြီ။ ထိုအကြောင်း၏အကျိုးဆက်မှာ မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်ဖို့ အရည်အချင်းရှိသော တိုက်ပွဲဝင်ခေါင်းဆောင်ပေါ်ထွက်လာပြီး သူ့ကျွန်ဘဝ ရောက်နေသည့် မြန်မာတွေကို သခင်မျိုးဟေ့ တို့ဗမာ၊ သခင်မျိုးဟေ့ တို့မြန်မာဟု သခင်စိတ်သွင်းကာ မျောက်နှင့်တူသော နယ်ချဲ့မျက်နှာဖြူ ဗြိတိသျှတွေကို မြန်မာ့ပလ္လင်မှ မောင်းချနိုင်ခဲ့ပြီးလေပြီ။

ယခုတစ်ဖန် ဘေးအမှောင့်ပယောဂ ဖြစ်သည့် ဂျပန်တွေက ရွှေ





ရည်စိမ် လွတ်လပ်ရေးအတုပေးပြီး မြန်မာ့ပလ္လင်အပေါ် တက်ထိုင်လာမြန်သဖြင့် ရတနာခုနစ်ပါး စီခြယ်ထားသော ကြာကလပ်ပေါ်မှာ မုန့်လုံးတို့ စက္ကူကပ် ဆိုသော ပြည်တန်ရတနာသိုက်ညွှန်းကို ပုပ္ပါးတောင်ကလပ်ပေါ်က ကမ္ဘာလုံးစေတီမှာ ကပ်လှူပူဇော်လိုက်ကာ ဓာတ်ပန္နက်ရိုက်ပေးလိုက်ရပေမည်။ သို့မှသာ မြန်မာ့ပလ္လင်ပေါ် လိမ်ညာပြီး လူလိုတုပထိုင်နေသော မျောက်စုတ် မျောက်နာ ဂျပန်ဖက်ဆစ် အယုတ်တမာတွေ ပလ္လင်ပေါ်မှ ဆင်းပြေးသွားရပေလိမ့်မည်။

ထိုအကြောင်း၏ အကျိုးဆက်မှာ. . .

မြန်မာတပ်မတော်ထဲမှ အရည်အချင်းရှိသော စစ်ခေါင်းဆောင်ကောင်းတွေ ပေါ်လာပြီး ပြည်သူလူထုနှင့် လက်တွဲကာ ဖက်ဆစ်ဂျပန်တို့ မြန်မာ့ပလ္လင်ပေါ်ကနေ ခွေးမောင်းသလို မောင်းချနိုင်တော့မည်သာ။

ထို့ကြောင့် ပုပ္ပါးတောင်ကလပ် ဓာတ်ပန္နက် အောင်မြေဆီ လူစွန့်စား မိုးမြေတစ်ယောက် အခက်အခဲ အတားအဆီးတွေကြားမှ ထွင်းဖောက်ကာ အရောက်လာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## [၁၆]

နောက်ဆံ လှည့်မတင်း၊ နောက်ကို လုံးဝလှည့်မကြည့်တော့။ ပုပ္ပါး တောင်ခြေဆီ ကားထိုးဆိုက်လိုက်ချိန်မှာ ကားတစ်စင်းလုံး ဂျိုးဂျိုးဂျောင်း ဂျောင်းနှင့် ချွတ်ခြုံကျမတတ် ရှိနေချေပြီ။ မိုးမြေက ကြာကလှပ်ကို လှပြီး တောင်ခြေမှာ နားခိုနေကြသော စစ်ပြေးဒုက္ခသည်တွေကြားမှ တိုးဝှေ့ပြီး တက်သွား၏။ ကော့တနေလပ်ဖိက ဂျပန်မလေးကို လက်မှာ အဝတ်ရစ်ပတ်ထားသော သေနတ်နှင့်ကျောကို ထောက်ချိန်ပြီး တောင် ပေါ်ရောက်အောင် ခေါ်လာခဲ့လေသည်။

မိုးမြေ တောင်ပေါ်ရောက်သည်အထိ ဖွဲတင်းပြီး မောဟိုက်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းစွာ ပြေးတက်လာနိုင်ခဲ့၏။ လွတ်လပ်ရေးအတွက် ဓာတ်ပန္နက်ရိုက်ရမည့်အရေးမှာ မြန်လေကောင်းလေမို့ အချိန်ဆိုင်းပြီး မနေနိုင်တော့။ ရင်ပြင်ပေါ်ကို ရောက်ခါနီးမှာ မျောက်မကြီးတစ်ကောင်က ကော့တနေလပ်ဖ်နှင့် ဂျပန်မလေးတို့ကြားက အဝတ်ရစ်ပတ်ထားသောသေနတ်ကို စားစရာအထုပ်အထင်နှင့် ဆတ်ခနဲ လုယူထွက်ပြေးသွားလေသည်။ မျောက်အုပ်ကြီးက တောင်ခါးပန်း၊ တောင်စွယ်တွေမှာ အုပ်လိုက်သင်းလိုက် ကွိကွိကွကွနှင့် အော်ဟစ်အားပေးနေကြ၏။ လိုက်ယူ၍ မဖြစ်နိုင်တော့သဖြင့် တောင်ပေါ်ဆက်တက်ကြလေသည်။ တောင်ပေါ်ရောက်သောအခါ. . .

ကမ္ဘာလုံးစေတီတော်ရှေ့အရောက်မှာ ဒူးထောက်ပြီး အဘဘိုးမင်းခေါင်ကို တ,သလိုက်သည်။ ထို့နောက် ရတနာခုနစ်ပါး စီခြယ်ထားသော ကြာကလပ်အံ့ဝှက်ထဲမှ ရတနာသိုက်ရှိရာ လမ်းညွှန်မြေပုံနှင့် ရတနာစုဆောင်းထားရှိရာ လိုဏ်ဂူထဲသို့ လျှို့ဝှက်ဝင်ပေါက် လမ်းညွှန်အပိုင်းနှစ်ပိုင်းကို ဆက်စပ်ပြီး ကြာကလပ်မှာ စက္ကူကပ်ပြီး လှူလိုက်လေသည်။

လျှို့ဝှက်ဝင်ပေါက် လမ်းညွှန်မြေပုံ နှစ်ပိုင်းအနက် တစ်ပိုင်းမှာ တစ်ကောင်ဘွားလက်ထဲ ရောက်သွားပြီး ကျန်တစ်ပိုင်းမှာ မိုးမြေလက်ထဲ





သို့ ဆရာသီလသိဒ္ဓိ ပေးထားခဲ့ခြင်းဖြစ်သဖြင့် ရှိနေ၏။ တစ်ကောင်ဘွားဆီက ကြာကလပ်ကို ရသောအခါ လျှို့ဝှက်လမ်းညွှန် အတွင်းပိုင်း ဝင်နည်းမြေပုံကို ရရှိခဲ့ပြီး မိုးမြေလက်ထဲက လျှို့ဝှက်လမ်းညွှန် အပြင်ပိုင်းဝင်နည်းမြေပုံနှင့် ဆက်စပ် ဆက်ကပ်ကာ တင်လှူပူဇော်ပြီး ဓာတ်ပန္နက်ချိတ် အောင်ဂါထာတွေ မန်းမှုတ်ရွတ်ဆိုလိုက်လေသည်။ အောင်ပြီဆိုသည်ကို သုံးကြိမ်ရွတ်ဆိုပြီး ဘုရားကန်တော့ရင်း မောမောနှင့် မိုးမြေတစ်ယောက် ကြမ်းပြင်ပေါ် ပျော့ခွေ လဲကျသွားလေသည်။ တစ်ကောင်ဘွားရဲ့ နေညွန့်စားနဂါး သိုင်းကွက်ဒဏ်ချက် ပြန်ပေါ်လာ၍ လူတစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နွမ်းနယ်ပြီး မျက်လုံးတွေပြာဝေကာ အောင့်ခနဲ မူးခနဲနှင့် သတိလစ်သွားလိုက်၊ သတိရလာလိုက် ဖြစ်နေလေတော့သည်။

မိုးမြေ လဲကျနေတာကို ကော့တနေလပ်ဖ်နှင့် ယုမိကိုတို့က ပြေးလာ တွေ့ပြီး နီးရာတန်ဆောင်းအောက်မှာ အနီးရှိလူတွေဆီမှ ရရာဆေးဝါးများဖြင့် ပြုစုစောင့်ရှောက်ပေးကြလေသည်။

ယုမိကိုက မိုးမြေကို ရန်သူလို မုန်းမိသော်လည်း ဂျပန်လူမျိုးပီသ်နှလုံးကောင်းရှိသူပီပီ မိုးမြေအပေါ် စာနာနားလည်နိုင်၏။ သူမတို့ဂျပန်ပြည်ကိုလည်း ပြည်ပက နိုင်ငံတစ်နိုင်ငံက ကျူးကျော်အုပ်ချုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



လျှင် မိုးမြေကွဲသို့ သူမကိုယ်၌လည်း တိုင်းပြည်လွတ်လပ်ရေး ရလိုစိတ် ပြင်းထန်မိမှာ အမှန်ပင်။ မျက်နှာဖြူမကိုတော့ ဘယ်လိုမှ နားလည်လို့ မရအောင် မုန်းမိ၏။





# [၁၇]

ဗိုလ်ကြီးတိုမိုယထံ သတင်းပေးပို့ချက် ကြေးနန်းစာ ဝင်လာ
တည်းက မိုက်ကယ်ကုတ်နေတစ်ယောက် သတင်းထောက်လှမ်းမိ၏။
က် ကယ်တစ်ယောက် သူရဲ့ချစ်သူ ကော့တနေလပ်ဖ် (ခေါ်) နေးလ်ရဲ့
တင်းကို မသိလိုက်မသိဘာသာ သဘောဖြင့် ဘာသာတစ်ယောက်ထဲ
တ်လံစုံစမ်းသော်လည်း ဘယ်လိုမှ သတင်းမရခဲ့။ ရွှေဂုံတိုင်ရပ်ရှိ
င့်တိုတယ်(လ်)မှာ ဖြစ်ပွားခဲ့သော ပြစ်မှုနှင့်ဆက်စပ်နေသည်ဟုသာ
န်တင်ပေတိုင်တွေက ကောက်ချက်ချ၏။ မိုက်ကယ်လ်ကုတ်နေ တစ်
တ် ဗမာ့ပြောက်ကျား တော်လှန်ရေးတပ်သားတွေနှင့် တွေ့ဆုံဖို့



www.burmeseclassic.com

www.burmeseclassic.com



MI.5 မှ ညွှန်ကြားလမ်းညွှန်ချက်တွေအတိုင်း ရန်ကုန်မြို့တွင်း တစ်နေရာ ရဲ့ မြေအောက်လျှို့ဝှက်ခန်းမှာ သွားရောက် တွေ့ဆုံပြီးခဲ့လေပြီ။ နောက် ယောင်ခံ လိုက်လာသော ကင်ပေတိုင်တွေကို မနည်းလှည့်စားပြီး တွေ့ဆုံ ခဲ့ရခြင်းဖြစ်သည်။ ဗြိတိသျှတပ်မတော်ရဲ့ ထိပ်တန်းအရာရှိတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးပြီး ဂျပန်ကို ပူးပေါင်းတွန်းလှန်ဖို့ စိတ်အားထက်သန် နေသော ဗမာမျိုးချစ် ပြောက်ကျားတပ်မတော်သားတွေက ဗိုက်ကယ် ကုတ်နေကို လှိုက်လှဲပျူငှာစွာ လက်ခံတွေ့ဆုံခဲ့ကြ၏။

အဓိကတာဝန် ပြီးဆုံးသွားသော်လည်း အရေးကြီးသည့် နေ... အား ရှာပုံတော်ဖွင့်ရာမှာ ဂျပန်ကင်ပေတိုင်ဆီမှ သတင်းအစအနတွေ ရရှိလာလေသည်။ တစ်ကိုယ်တော် တိုက်ခိုက်ရေးသမား မြန်မာလူငယ် တစ်ယောက်က လူဆိုးဂိုဏ်းကြီးတစ်ဂိုဏ်းကို ဖြိုခွင်းလိုက်သည့်အဖြ... ဂျပန်စစ်ဘက် ထိပ်တန်းအရာရှိကြီးရဲ့နေအိမ်ကို ဖောက်ဝင်သော... ကျွန်းပြီး အရာရှိကြီးရဲ့တူမ (ကျိုတိုစစ်သတင်းထောက်မလေး) ကို... ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်း။ အဝေးပြေးလမ်းမကြီး... ဂိတ်တွေကနေ ဟန်ဆောင် ရုပ်ဖျက် ထွက်သွားပုံရခြင်း။ ပဲခူးဂိတ်... ရုပ်လုံးပေါ်လာရာ၌ ရွှေရောင်ဆံပင် အုပ်လုံးသိမ်း၊ မျက်ဝန်းမျက်... ထင်းထင်း၊ နှာတံပေါ်လွင်ပြီး နီတျာသောနှုတ်ခမ်းရှိသည့် အင်္ဂလိ...





တစ်ယောက်ကိုပါ မြန်မာလူငယ်ရဲ့ ဘက်တော်သားအဖြစ် တွေ့ရှိရခြင်း။ ထိုသတင်းကို ရသည်နှင့် ဗိုလ်ကြီးတိုမိုယက သူ့တပ်စိတ်ကိုခေါ်ကာ ကား နှင့် ချက်ချင်း လိုက်ဖို့ပြင်၏။ မိုက်ကယ်လ်က သူပါ စစ်သတင်းလိုက်ယူဖို့ အကြောင်းပြသောအခါ တိုမိုယက လိုက်ခွင့်ပြုခဲ့လေသည်။ ပဲခူးဂိတ် ရောက်သောအခါ မဟာမိတ်လေယာဉ်တွေ ဗုံးကြဲတာနှင့်ဆုံ၍ ခေတ္တ ပုန်းခိုရသေး၏။ ဗုံးကြဲလေယာဉ်တွေ ပြန်သွားသောအခါမှ အပူတပြင်း ဆက်လိုက်သောအခါ. . .

ပဲခူးမှ ထပ်ချပ်မကွာ လိုက်ပါသွားသော ဂျပန်စစ်ကားတွေ ဗုံး ဒဏ်၊ စက်သေနတ်ဒဏ် ခံထားရတာ ထပ်တွေ့ရပြန်၏။ ဗိုလ်ကြီးတိုမိုယ က သူ့ချစ်သူ စစ်သတင်းထောက်မလေးအပေါ် အလွန်တရာ စိတ်ပူပန် ပြီး ဒလမန်းကြမ်း ဆက်၍လိုက်လာခဲ့ရာ မိတ္ထီလာမှ ဂျပန်စစ်ဗိုလ်နှစ် ယောက်ကို ပစ်သတ်ပြီး ထွက်ပြေးသွားသည့်သတင်းကို ထပ်မံရရှိပြန်၏။ ဂျပန်တပ်ခွဲတစ်ခွဲလုံး အုတ်အော်သောင်းတင်းဖြစ်ပြီး စစ်လော်ရီကား တွေနှင့် ဂျစ်ကားနောက်ကို ဒုန်းလိုက်သွားကြသည်။ နောက်ကို ခြေရာ ကောက်ပြီး မောင်းလိုက်ကြပြန်၏။ ပုပ္ပါးတောင်ရှိရာ ဦးတည်သွားနေကြ ခြင်းဖြစ်မှန်း သိလာရ၏။ မိုးမြေတို့နှင့် ခြောက်နာရီအကွာလောက်က လိုက်နေရခြင်းနေလေသည်။ လူပုံစံတွေ သတိပြုမိလိုက်သော ဂျပန်စစ်



www.burmeseclassic.com

www.burmeseclassic.com



သားတွေထံမှ သတင်းနှိုက်ယူချက်အရ မြန်မာလူငယ်နှင့် လက်တွဲပြီး မိုက်မှူးရဲဆန်ပြနေသူမှာ နေးလ်မှ နေးလ်အစစ်၊ ကော့တနေလပ်ဖ်အစစ် ဖြစ်နေတာ သိလိုက်ရ၍ အသက်ရှင်လျှက်ရှိနေသေးတာကိုပင် ဘုရားသခင် စောင်မကယ်တင်ထားမှုအတွက် မိုက်ကယ်ကုတ်နေခမျာ ကြဲဖန်ပြီး ဘုရားသခင်ကို ကျေးဇူးတင်မဆုံး ဖြစ်နေရှာလေသည်။ ပုပ္ပါးတောင်ခြေသို့ ရောက်သောအခါ တောင်ကလပ် အောက်ခြေတစ်ပြင်လုံးကို ဂျပန်စစ်တပ်တွေ ဝိုင်းဝန်းပိတ်ဆို့ထားပြီးလေပြီ။ လိုအပ်သည့် စစ်ကူတွေကို ကျောက်ပန်းတောင်း၊ ချောက်၊ မိတ္ထီလာရှိ နိပ္ပွန်တပ်မတော်မှ နေ့ချင်းအမှီ ခေါ်ယူအားဖြည့်နေလေသည်။ တောင်ပေါ်ကို ရမ်းသမ်းမတက်ရဲကြ။ တစ်ကိုယ်တော် လူစွမ်းကောင်းက သူသွားရာလမ်းတစ်လျှောက်မှာ နတ်ဘီလူးလို ပတ်မွှေ သောင်းကျန်းသွား၍ ဂျပန်စစ်သားအတော်များများ ကျဆုံးခဲ့ကြရပြီးပြီ။ တောင်ကလပ် အနီးအနား ရွာတွေနှင့် တောင်ကလပ်သို့တက်ရာ စောင်းတန်းတွေမှာလည်း စစ်ပြေးဒုက္ခသည်တွေနှင့် ပြည့်နေ၏။ ဒုက္ခသည်တွေက ဂျပန်စစ်တပ် လာဝိုင်းသည်ကို လန့်တဲ့သူလန့် ဒေါသထွက်တဲ့လူထွက်။ ထွက်ပြေးတိမ်းရှောင်တဲ့လူရှောင်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေသည်။ တိုမိုယက ဂျပန်ဗိုလ်မှူးကြီးရဲ့ အမိန့်နှင့် ဂျပန်တပ်ရင်း တစ်ရင်းစာကို သူ့အမိန့်အာဏာတည်





စေလိုက်၏။ ဗိုလ်မှူးအဆင့်တွေ ပါသော်လည်း အထူးစစ်ရေးအခြေအနေမို့ ဗိုလ်ကြီးတိုမိုယက ကွပ်ကဲအုပ်ချုပ်ခွင့် လွှဲယူလိုက်ရခြင်းပင်။ ဗိုလ်မှူးကြီးရဲ့တူမကို စားစာခံ ခေါ်ယူသွားသည့်ကိစ္စ။ ရန်ကုန်မြို့တော်မှ ရှုပ်ထွေးပွေလီလာသောကိစ္စကို နယ်က ဗိုလ်မှူးတွေက မသိကြ။ ထို့ကြောင့် ဗိုလ်မှူးကြီးရဲ့အမိန့်အတိုင်း ဗိုလ်ကြီးတိုမိုယ အုပ်ချုပ်စေခိုင်းမှုကို လက်ခံသဘောတူလိုက်ကြလေသည်။

မိုက်ကယ်ကုတ်နေ ရင်ထဲမှာလည်း ချစ်သူနေးလ်အတွက် စိုးရိမ်ပူပန်စိတ်တွေ ရင်ထဲတထိတ်ထိတ်။ နေးလ်လို အင်္ဂလန်သူနှင့် ပတ်သက်မှုရှိကြောင်း တိုမိုယသာ သိသွားပါက မိုက်ကယ် ဒုက္ခများသွားနိုင်၏။ ပတ်သက်သလိုနေပါကလည်း နေးလ်ကို ဂျပန်တွေ ဖမ်းမိသွားလျှင် မိုက်ကယ် ဘယ်လိုကယ်တင်ရမည်လဲ။ အခြေအနေအပေါ်မှာ လိုက်ပြီး နှစ်ဘားလှုပ်ရှားဖို့ မိုက်ကယ်(လ်) ကြံတွေးထားလိုက်မိ၏။ တိုမိုယကတော့ ချစ်သူအတွက် စိတ်ပူပြီး တောင်ပေါ်တက်ဖို့ အမြန်စိုင်းပြင်းနေ၏။ ကြားရ ရဟန်းသံဃာတော်များနှင့် စစ်ပြေးဒုက္ခသည်များက စောင်းတန်းတံတံပေါက်ကို ပိတ်ဆို့ကာကွယ်ထား၏။ အာရှလူငယ် အစည်းအရုံးဝင်တချို့၊ ဗမာ့ကာကွယ်ရေးတပ်သားအချို့ကလည်း ဘုရားဖူးရင်းမှာအဖြစ်နှင့် ကြံ့နေ၍ ပြည်သူလူထုနှင့် ဘာသာ သာသနာအတွက်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကနေ မားမားမတ်မတ်ရပ်ပြီး ကာကွယ်နေကြလေသည်။ တိုမိုယ အနေနှင့် လူထုနောက်ခံရှိနေသော အာရှလူငယ်နှင့် ဗမာ့ကာကွယ်ရေး တပ်မတော်ကို စစ်နိုင်သည့် အချိန်တုန်းကလို မမောက်မာရဲ။ ထိပ်တိုက် အဖြစ်မခံလို။ သို့ဖြင့် အကျိုးအကြောင်းရှင်းပြပြီး ဂျပန်စစ်တပ်ကို အပေါ်တက်ခွင့်တောင်းမိ၏။ စစ်ဖိနပ်တွေနှင့် တက်ခွင့်မပြု။ တောင် ကလပ်ပေါ်မှာ သွေးစွန်းသောတိုက်ပွဲမျိုး အဖြစ်မခံနိုင်ဟု ငြင်းဆန် အကြောင်းကြားပြကာ တင်းခံနေသဖြင့် တိုမိုယတို့စစ်တပ်တွေ ဝိုင်းဝန်း ပိတ်ဆို့ပြီး မိုးမြေ၊ ကော့တနေလပ်ဖ်၊ ယုမီကိုတို့ ပြန်ဆင်းလာချိန်ကိုသာ မျှော်လုံးဒေါက်ထောက် စောင့်ဆိုင်းကြည့်ရှုနေရလေတော့သည်။ ဤသို့ ကျတော့ တိုမိုယရဲ့ဒေါသက ကလေးမဆန်တော့ပြန်။ ဂျပန်လူကြီး လူကောင်းဆန်ဆန် ငြိမ်သက် လက်ပိုက်ပြီး ကုလားထိုင်တစ်ခုပေါ်မှာ တောင့်တောင့်ကြီး ထိုင်ရင်း စဉ်းစားကာ ဉာဏ်နီဉာဏ်နက်မျိုးစုံ ထုတ်နေ လေတော့သည်။

* * *





[၁၈]

"တောင်အောက်မှာ. . . ဂျပန်စစ်သားတွေ မဲမဲလှုပ်နေတာပဲ။ မိတ်ဆွေတို့ကို ဖမ်းဖို့ ရောက်လာတာတဲ့။ ဘိုမရယ်၊ ဂျပန်ရယ်၊ မြန်မာ လူညိုတစ်ယောက်ရယ်ဆိုလို့. . . ဒီတောင်ကလပ်အပေါ်မှာ မိတ်ဆွေ တို့ပဲ ရှိနေတာ"

စစ်ပြေးဒုက္ခသည်တစ်ဦးက တောင်အောက်က ပြန်တက်လာရင်း မိုးမြေတို့ကို လှမ်းတွေ့သည်နှင့် သတင်းပေးသွား၏။ တောင်အောက် က အခြေအနေကြောင့် တောင်ပေါ်မှာလည်း လူတွေ လှုပ်လှုပ်ရှရှဖြစ် တုန်ကြ၏။ မိုးမြေ ဆေးသောက်ပြီး အားပြန်ဖြည့်နိုင်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေတို့ ယုမီကို့ကို မားစားခံလုပ်ပြီး ပြန်ထွက်ဖို့ လွယ်မည်မထင်တော့။ ဂျပန်စစ်တပ်က စနိုက်ပါတပ်လက်ဖြောင့်တပ်သားတွေ အရံသင့်ခေါ်ထားကြမှာပင်။ ယုမီကိုနောက်က ထိန်းချုပ်ထားသူကို ခေါင်းလေးတငွဲစာ အလွန်မှာပင် ပစ်ချပစ်လိုက်နိုင်၏။ ပြီးတော့ မိုးမြေတို့မှာလည်း လက်နက်မရှိတော့။ ပြေးရင်းလွှားရင်း ကျကျန်ရစ်ခဲ့တာ။ မျောက်လုခံလိုက်ရတာတွေကြောင့် လက်နက်မဲ့နေ၏။ ပိတ်ဆို့ခံရသည့် အကျဉ်းအကျပ်ထဲရောက်ပြီး ကမ္ဘာအေးစေတီလေးနားမှာ ဗျာများနေစဉ် လူယောဂီကြီးတစ်ဦး စေတီအနားက ကြေးစည်သံနှင့်အတူ ပေါ်ထွက်လာ၏။ ဥပမိရုပ်ရည်မှာ အဘအောင်မင်းခေါင်နှင့် ဆင်တူလွန်းလှလေသည်။ ယောဂီရောင်အင်္ကျီနှင့် ပုဆိုးကို ဝတ်ဆင်ထားပြီး စိတ်ပုတီးကို လည်မှာဆွဲထား၏။ ဆံပင်ကို သေသပ်စွာ နောက်လှန်ဖီးသင်ထား၏။ ခြေဗလာနှင့် ငြိမ်းအေးစွာ လျှောက်လာသော အသက်ငါးဆယ်အရွယ် ပုဂ္ဂိုလ်ကြီးက. . .

"အခက်ကို အသက်နဲ့မလဲနဲ့ အချက်နဲ့ဖြေ. . .။ ချက်ဆို နားခွက်က မီးတောက်ပါစေ. . .။ အကူအညီလိုရင်တောင်း. . . အဘ ကောင်းကောင်း ပေးနိုင်တယ်. . .။ အဘက ခုနစ်ရက် သားသမီးတွေကို ကယ်တင်နေတာ။ မင်းတို့ကို ကြည့်ရတာ. . . ပြေးစရာမြေ ကျန်နေပြီး





မြေလျှိုးလို့လည်း မရတော့ဘူး။ ဟုတ်တယ် မဟုတ်လား"

မိုးမြေက ရိုသေစွာ လက်အုပ်ချီပြီး ပုဂ္ဂိုလ်ကြီးကို လေးနက်စွာ ကြည့်ကာ. . .

"ဟုတ်ပါတယ်အဘ။ ကျွန်တော် ကြာကလပ်နဲ့ ဆွမ်းတော်တင်ခဲ့ပါပြီ။ ဆွမ်းတော်ကို ပြန်စွန့်ပြီး. . . ကြာကလပ်ကို ကမ္ဘာလုံးဘုရားမှာ လှူဒါန်းပူဇော်ခဲ့ပါပြီ။ အဘပဲ. . . စောင့်ရှောက်ပေးပါ၊ မြေပုံအညွှန်းသို့ ဝှက်လမ်းဝင်ပေါက် ဖြတ်ပိုင်းနှစ်ခုကို စက္ကူကပ်ပြီး. . . ပြန်စွန့်ယူသွားပါပြီ။ အမျိုး ဘာသာ သာသနာအတွက်. . . ပြည်တန်သိုက်ဖော်ဖို့ သွားရပါတော့မယ်၊ မြေလျှိုးလို့ မရရင်တော့. . ."

ပုဂ္ဂိုလ်ကြီးက ခေါင်း တဆတ်ဆတ်ညိတ်ရင်း နားထောင်နေရာမှ. . .

"မိုးပျံရမှာပေါ့ကွ. . .။ (ဘိုမနဲ့ ဂျပန်မတို့ကို လှည့်ကြည့်လိုက်ပြီး) ထယ်တာ ကောင်းတယ်။ ကောင်းတာ ကယ်တယ်။ ရန်သူနဲ့ပေါင်း မသာလောင်းတွေ ဖြစ်ကုန်ကြရောပေါ့ကွ။ နောက်ဘဝက ကောင်းပြီးသားတော့. . . လာ. . . လိုက်ခဲ့ကြ. . .။ ဟောဟိုက အဆောက်အဦးရဲ့ နောက်ဘက်အဆောင်ထဲမှာ မိုးပျံနိုင်တဲ့ အတောင်ပံတွေ ရှိတယ်. . .။ သုံးယောက် သုံးခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေတို့သုံးယောက် ပုဂ္ဂိုလ်ကြီးနောက် လိုက်သွားကြ၏။ ယုမိကိုနှင့် ကော့တနေလပ်ဖ်တို့က ပုဂ္ဂိုလ်ကြီးရဲ့စကားကို လုံးစေ့ပါဒ်စေ့ နားမလည်နိုင်။

ပုဂ္ဂိုလ်ကြီး ညွှန်ပြလိုက်သည့် မိုးပျံနိုင်သော အတောင်ပံတွေကို တွေ့လိုက်ရမှ မိုးမြေ အံ့သြဝမ်းသာသွားရတော့၏။ ကော့တနေလပ်ဖ်က ရင်ဘတ်ဖိပြီး ဟီးခနဲပြုံးကာ ထခုန်၏။ ယုမီကိုက ခံစားချက်ကို မျက်နှာပေါ်မှ မဖော်ပြ။ ခပ်မဆိတ်ပင် ကြည့်နေ၏။

ဂလိုက်ဒါ (ခေါ်) လေပေါ် ပျံဝဲနိုင်သော စွန်ကြီးသုံးခုကို ခေါက်ယောင်ထားတာ တွေ့လိုက်ရ၏။ လူတစ်ယောက်စီ ခိုစီးပြီး ထိန်းကြိုးဖြင့် လိုရာအရပ်ကို စီးမျောသွားကာ ဆင်းသက်နိုင်သော စွန်ကြီးတွေဖြစ်၏။ လေထီးပိတ်သားနှင့် လူခိုစီးနိုင်သော ဘားတန်း၊ ခြေတင်တန်းတွေ ပါဝင်၏။ ဂျာမန်နိုင်ငံရဲ့အဓိပတိ အာဏာရှင် ဟစ်တလာက အီတလီနိုင်ငံမှာ ရာထူးဖြုတ်ချကာ အကျဉ်းချခံထားရသော မူဆိုလိုနီကို ကယ်တင်ရာမှာ အသုံးပြုခဲ့သော ဂလိုက်ဒါကြီးနှင့် ပုံစံဆင်တူ၏။ သုံးမြောင့်ချွန်းအရွယ်အစားတွေဖြစ်၏။ ဂျာမန်ဗိုလ်ကြီး စကော့ဇနီနှင့် သူ့အဖွဲ့သားများက မြေလျှိုးပြီးဝင်လို့ မရသော ရဲတိုက်ထဲမှာ အချုပ်အနှောင်ခံနေရသည့် မူဆိုလိုနီကို ဝေဟင်မှ ဂလိုက်ဒါစီးနင်းပြီး ရဲတိုက်ကို ဝင်စီးကာ





ကယ်တင်အောင်မြင်ခဲ့ဖူးလေသည်။

ယောဂီဝတ်စုံနှင့် ပုဂ္ဂိုလ်ကြီးက. . .

"ဟော့ဒီအတောင်ပံကြီးတွေနဲ့ ဒီပုပ္ပားတောင်ထိပ်ကနေ လေဟုန်စီးဖို့ နယူးဇီလန်နိုင်ငံသား တစ်ယောက်၊ ဗြိတိန်နိုင်ငံသား နှစ်ယောက်က. ဒီစွန်ကြီးတွေကို သယ်ယူလာတာလေ. . .။ ဒီမှာရှိတဲ့သူတွေက အထွဋ်အမြတ်ထားရာ တောင်ကလပ်ပေါ်ကနေ စီးနင်းခွင့်မပြုဖို့ တားမြစ်လိုက်လို့ အင်္ဂလိပ်အစိုးရဆီ သူတို့ပြန်ပြီး တိုင်ပင်ဆွေးနွေးကြတယ်။ ဒီစွန်ကြီးတွေကို ခဏထားခဲ့တာ. . .။ အဲ့ဒါ စီးနင်းခွင့်မရဘူးနဲ့ တူတယ်၊ အခုထိ ပြန်လာမယူကြတော့ဘူး. . .။ အမောင်တို့နဲ့ထိုက်လို့ သုံးခွင့်ပေါ်ပြီ။ ဘာသာ၊ သာသနာအကျိုးအတွက် စွန့်စားရမယ့်လမ်းမို့ ဒီတောင်ကလပ်ပေါ်ကနေ စီးနင်းခွင့်ပြုလိုက်မယ်။ အသင့်သာ ပြင်ဆင်ကြပေတော့"

မိုးမြေတို့ သုံးယောက်သား သင့်တော်ရာနေရာကနေ ဂလိုက်ဒါစီးပြီး ပျံဝဲကြဖို့ ပြင်ဆင်လိုက်ကြ၏။ ကော့တနေလပ်ဖ်မှာ အင်္ဂလန်သူမို့ ဆိုဝပ်စပ်ဒီစပ်စပ် လုပ်ဖူးသဖြင့် ဂလိုက်ဒါ စီးဖူးကြောင်း၊ ဘန်ဂီရွှေ့ကြိုးတောင် ခုန်ဖူးကြောင်း ပြောလာ၍ သူမအတွက် စိတ်အေးရသော်လည်း ယုမီကိုအတွက် အသေအချာ ရှင်းလင်းပြသ သင်ကြားပေးနေရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ဂျပန်သွေးပါ၍ ရဲရင့်သော ယုမိကိုက ဖြစ်အောင်စီးမည်ဟု ကတိပေး၏။

ကော့တနေလပ်ဖ်က မိုးမြေရဲ့ ထီးလေထီးတုန်းက မယုံမရဲ စီးရ၍ ကြောက်စိတ်ဝင်ခဲ့သော်လည်း ဂလိုက်ဒါစီးရမည့်အရေးမှာမူ ယုံရဲသဖြင့် တက်ကြွရွှင်လန်းနေလေသည်။ မိုးမြေက ပုဂ္ဂိုလ်ကြီးကို လှည့်ဖြီးဖူးလိုက်တော့ သူမတို့ကပါ လက်အုပ်ကလေးတွေချီပြီး ကျေးဇူးတင်ကြောင်း ပြောဆိုကြ၏။ ပုဂ္ဂိုလ်ကြီးက ကြေးစည်လေးထုကာ ပြုံးပြီး ကမ္ဘာလုံးစေတီလေးနောက်ကို ပတ်ဝင်သွားရာက ပျောက်ချင်းမလှပျောက်ကွယ်သွားလေတော့သည်။ ရင်ပြင်တော်ပေါ်မှာ လူတွေလှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြ၏။ ဂျပန်စစ်သားတွေ အတင်းတက်လာကြဟန်တူ၏။ ဖိနပ်တော့ စီးခွင့်ရကြလိမ့်မည်မဟုတ်။

ကော့တနေလပ်ဖ်ကို ဂလိုက်ဒါမှာ သိုင်းကြိုးပတ်ချည်ပေးပြီး အရှိန်ယူကာ ပြေးဆင်းခိုင်းလိုက်၏။ သူမရဲ့ဂလိုက်ဒါမှာ တောင်အောက်ကို နိမ့်ခနဲ ကျဆင်းသွားကာ လေဟုန်စီးပြီး အနောက်မိုးမ တောင်တန်းဘက်ကို ဝဲပျံသွားလေသည်။ သွားရမည့်ခရီးစဉ်ကို လက်ညှိုးညွှန်ပြပြီးသား။ ဘိုမလေးက နမူနာ စီးပြသည့်အတိုင်း ဂျပန်မလေးက လိုက်စီးချသွား၏။ ဘိုမလေးရဲ့ ဂလိုက်ဒါနောက်မှာ ဂျပန်မလေးရဲ့ ဂလိုက်ဒါ





ဝဲပျံသွား၏။ နောက်ဆုံးကျန်နေသော မိုးမြေတစ်ယောက် ဂလိုက်ဒါနှင့် အရှိန်ယူပြီး ပြေးဆင်းလိုက်စဉ်မှာပင် တောင်ကလပ် ရင်ပြင်တော်ပေါ်မှ ဂျပန်လို အော်ဟစ်အမိန့်ပေးသံကြီးကို ကျောစိမ့်ချင်စရာကောင်းလောက်အောင် ဟိန်းဟိန်းညံညံ ကြားလိုက်ရလေတော့သည်။

ဂလိုက်ဒါသုံးစင်းမှာ အနောက်မိုးမတောင်တန်းဆီ သိန်းစွန်ငှက်ကြီးတွေပမာ ဝဲပျံနိမ့်ကျသွားလေပြီ။ ဂျပန်တွေက မှန်ပြောင်းနှင့် လှမ်းကြည့်ပြီး တောင်အောက်ကို အမြန် ပြေးဆင်းကုန်ကြပြန်လေသည်။ တိုမိုယက ဘေးမှာကပ်ပါလာတဲ့ မိုက်ကယ်ကုတ်နေကိုကြည့်ကာ. . .

"ဒါ. . . ဗီမှာ. . . ဘယ်လိုမှမဖြစ်နိုင်ဘူး. . . ဗိုင်းယွန်းခရော့ဒ်တဲ့ဆိပ်ရတဲ့ စကော့ဇနီရဲ့ နည်းပညာတွေပဲ. . . မင်းတို့ဂျာမန်တွေ ထုပ်ပြခဲ့တာ။ အခုတော့. . . ငါတို့ဂျပန်တွေအတွက် ဒုက္ခဖြစ်နေပြီ"

မိုက်ကယ်ကုတ်နေကတော့ တစ်ဖက်လှည့်ကာ ပြုံးနေလိုက်၏။ နေးလ်ကို မှန်ပြောင်းနှင့် သေသေချာချာ လှမ်းတွေ့လိုက်ရ၍ ကျေနပ်သွား၏။ လှမ်း အော်မခေါ်ရဲ၊ နေးလ် အသက်ရှင်နေသေးသမျှ မိုက်ကယ်မှာ အဓိပ္ပာယ်အပြည့် ရှိနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉]

နေဝန်းနီ နီပွန်တပ်မတော်ရဲ့ ဗိုလ်မှူးကြီး အီရှိဆိုကူယာမတစ်
ာက် ပဲခူးမြို့ကို ဆင်းလာခဲ့ပြီဆိုသောသတင်းကို မိတ္ထီလာမှာ စောင့်
ိုင်းနေသည့် ဂျပန်ဗိုလ်ကြီးတိုမိုယ ရရှိပြီး အစီရင်ခံစာကို ကြေးနန်းမှု
လိုတို့ရှင်း ပြန်ပို့ပေးလိုက်၏။ ပေးပို့ပြီး ငါးနာရီအကြာမှာ ဂျပန်ဗိုလ်
ကြီးရဲ့ အမိန့်ညွှန်ကြားချက် ထပ်ဝင်လာ၏။ ဗိုလ်မှူးကြီးအနားက
ာစကားပြန်က စကားပုံကောင်းကောင်း ထုတ်ပေးလိုက်ပုံရ၏။
ထိပ်တန်းလျှို့ဝှက်ချက် ကြေးနန်းမှာ 'ငါးလိုချင်၊ ကတွတ်ပေါက်
ဖိုင်းစောင့်သလို စောင့်မယ်။ တပ်ကို တောနင်းထားတာ အချိန်မီ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရုပ်သိမ်းခဲ့။ ပဲခူးအနောက်ရိုးမထဲက. . . ပြည်တန်ရတနာသိုက်ရဲ့ ကျောက်ဖျာတံခါးကြီးမှာ တပ်လုံးဖျောက်ပြီး ရန်သူကိုစောင့်မယ်' ကြေးနန်း စာတိုကို အဓိပ္ပာယ်ပေါ်လွင်အောင် ကြေးနန်းဖတ်သူက ဖတ်ပြလိုက်၏

တိုမိုယက ဂလိုက်ဒါ ဆင်းသက်နိုင်ရာတစ်ဝိုက်ကို မြေပုံချ သူ့စစ်တပ်ကို တောနင်းရှာခိုင်းလိုက်တာ အချိန်မီ ပြန်ရုပ်သိမ်းဖို့ သူ့ရဲ့ ဗိုလ်နှင့် အကြပ်အရာရှိတွေကို အမြန်စုဝေးခိုင်းကာ အမိန့်ထုတ် ကြားနေ၏။ ကြေးနန်းကိုင်စာရေးလည်း ဂျပန်အခေါ်ဘင်ဂျို (အိမ်သာ ခဏသွားစဉ် လူရှင်းသွားသော ကြေးနန်းအခန်းထဲမှာ မိုက်ကယ်က နေက စကားဝှက်ဖြင့် မြန်မာ့တော်လှန်ရေးတပ်သားတို့ထံ လျှို့ဝှ သင်္ကေတနည်းနှင့် ကြေးနန်းရိုက်ပို့လိုက်လေသည်။

'ပဲခူးအနောက်ဘက် ရိုးမတော။ ရောမကျောက်ဖျာကြီးရှိသ နေရာ။ ဂျပန်တပ်ခွဲနှစ်ခွဲစာ အင်အားရှိ။ ပတ်ဝိုင်းပြီး ချေမှုန်းသုတ်သ နိုင်သည်။'

'မိုးမြေအမည်ရ မြန်မာလူငယ်၊ ဗြိတိန်သူတို့ နှစ်ယောက်မှာ ဂျ တို့ရဲ့ ပစ်မှတ်၊ ဂျပန်ပျိုဖြူမှာ ဂျပန်တို့ရဲ့ အဓိကကယ်ဆယ်ရေးဖြစ်သ

'ဗြိတိန်သူမှာ ကျွန်ုပ် ကယ်ဆယ်ရမည့်ချစ်သူ။'

ကြေးနန်းရိုက်ပို့ပြီး ပြန်အထမှာ အခန်းထဲ ရုတ်တရက်ဝင်ရော





လာသည့် ဗိုလ်ကြီးတိုမိုယနှင့် မိုက်ကယ်(လ်)တို့ ပက်ပင်းကြီး တွေ့ဆုံသွား၏။ တိုမိုယရဲ့အကြည့်တွေက စူးနစ်ပြီး စိတ်ခံစားမှုမျိုးစုံ ယှက်ဖြာနေ၏။ မိုက်ကယ်(လ်)က. . .

"နိပွန်တပ်မတော်ရဲ့ ဆက်သွယ်ရေးစက်တွေကို. . . လေ့လာကြည့်နေတာပါ"

တိုမိုယက ကြေးနန်းခုံပေါ်မှာ ကျန်ခဲ့သော စာရွက်စာတမ်းဖိုင်ကို ဆွဲယူပြီး စစ်ဖိနပ်သံပြင်းပြင်းနှင့် အခန်းထဲမှ လှမ်းထွက်သွားလေသည်။ မိုက်ကယ်(လ်)လည်း ပုခုံးနှစ်ဖက် တွန့်လိုက်မိလေတော့သည်။ ဂျပန်တွေရဲ့အမူအရာတွေက နားလည်ရခက်တယ်။ သတိထားပြီး ပေါင်းသင်းဆက်ဆံပါ။ ဂျပန်ဆိုတာ စိတ်ထဲရှိတာ မျိုသိပ်ပြီး ဆယ်ပုံမှာတစ်ပုံလောက်သာ ထုတ်ဖော်ပြောတတ်ကြတယ်လို့ (MI.5) မှ သင်တန်းဆရာပြောကြားတာတွေ ပြန်ကြားယောင်လာမိသည်။ သူတို့ပြောနေသော ပြည်တန်ရတနာသိုက်မှာ အကြီးအကျယ် တိုက်ပွဲဖြစ်တော့မည်။

ဖက်ဆစ်တော်လှန်ရေးအထွက်မှာ ဗိုလ်ချုပ်အောင်ဆန်းက စစ်ထွက်မိန့်ခွန်းကို သမိုင်းတွင်အောင် ပြောခဲ့ပြီးသွားပြီ။ စစ်ရေးပြကွင်းအနားပြီးဆုံးတာနှင့် မြန်မာစစ်သားတွေ ဆိုင်ရာနယ်ပယ် အသီးသီးမှာ တပ်လုံး ဖျောက်ကုန်ကြလေပြီ။ သခင်အောင်ဆန်းက ဂျပန်တွေ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာကိုညာပြီး ရွှေရည်စိမ် လွတ်လပ်ရေးအတု ပေးခဲ့သလို) ဂျပန်တို့ကို ပြန်လှည့်စားလိုက်ပုံမှာ နယ်ချဲ့အင်္ဂလိပ်နှင့် အပေါင်းအပါတွေကို ဂျပန်နှင့်ကူတိုက်ဖို့ မြန်မာ့တပ်မတော်ကို အမြန်ပြန်လည် ဖွဲ့စည်းဖြလိုက်၏။ မြန်မာ့တပ်မတော်သားတွေရဲ့ စစ်ရေးပြချီတက်ပွဲ အခမ်းအနားမှာ ရဲရဲတောက်မိန့်ခွန်းကို သမိုင်းတွင်ရစ်လောက်အောင် ပညာသားပါပါဖြင့် ပြောခဲ့လေသည်။ အမှန်တော့ ဂျပန်ကို အင်္ဂလိပ်နဲ့ လက်တွဲပြီး ပြန်ဆော်ဖို့ တပ်ဖွဲ့ခြင်းဖြစ်၏။

"ရဲဘော်တို့ ကိုယ်နဲ့အနီးကပ်ဆုံးရန်သူကို. . . ရှာပြီးတိုက်ကြ"

ဗိုလ်ချုပ်အောင်ဆန်းနှင့် အနီးကပ်ဆုံးမှာရှိနေတာ ဂျပန်စစ်ဘက က ထိပ်တန်းအရာရှိကြီးတွေဖြစ်နေလေသည်။ သူတို့ခမျာ မြန်မာစကား ကြွယ်ဝပုံကို နားမလည်ကြ။ ဂျပန်တွေက ပါးရိုက်ခဲ့လို့ မြန်မာတွေ နားပြန်ကိုက်ရခြင်းပဲဖြစ်သည်။ မကြာခင်မှာ မတ်လ ၂၇ ရက်နေ့ ရောက်လာတော့မည်။ ပြောက်ကျားတိုက်စစ်မှာ ဘုရင်ဘွဲ့ရထားတဲ့ ဂျပန်တွေ ပြောက်ကျားတိုက်စစ်မှာ သခင်ဘွဲ့ရထားတဲ့ မြန်မာ့တပ်မတော်သားတွေ က ဂျပန်ဘုရင်ဆိုတာ၊ အချဉ်ပါဆိုတာမျိုးသဘောထားပြီး လှလှပပ ချေမှုန်း အောင်ပွဲခံပြပေတော့မည်။





# [၂၀]

အနောက်ရိုးမတောတန်း တောင်တန်းလျှိုမြောင် စိမ့်စမ်းတွေထဲမှာ ဂလိုက်ဒါကို ဆင်းသက်ပြီး ရှေ့ဆက်ခရီးကို ခြေလျှင်လျှောက်ခဲ့ကြရသည်။ လမ်းခရီးမှာ စားဖို့ထမင်းခြောက်နှင့်ရေသာပါ၏။ တော ကောင်ငယ်လေးတွေကို မိုးမြေက ထောင်ဖမ်းရ၏။ ငါးတွေကို ဝါးချွန်နှင့်ထိုးပြီး တင်ကျွေးရ၏။ ခုနစ်ရက်ခန့် တောထဲတောင်ထဲမှာ ဒုက္ခအပင်ပန်းဆင်းရဲခံပြီး ပဲခူးရိုးမကျောက်ဖြာစခန်းနားကို ရောက်ရှိလာရတော့၏။ မိုးမြေတို့ သုံးယောက်လုံး တောတောင်ထဲမှာ ကြမ်းတမ်းစွာခရီးနှင်လာခဲ့ရ၍ လူရုပ်သူရုပ်တောင် မပေါ်ချင်တော့။ အဝတ်အစားတွေ စုတ်ပြဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ ဆံပင်တွေ ဖရိုဖရဲ။ ရေချိုးချိန်ပင် မရ။ ပဲခူးရိုးမကြောမကြီးပေါ်မှာ ဂျပန်တွေက ကားလမ်းဖောက်နေကြသဖြင့် ကွေ့ရှောင်သွားရသေး၏။

ခက်ခဲကြမ်းတမ်းလှသောခရီးမို့ မိန်းမသား နှစ်ယောက်ကို သက်ညှာခဲ့ရ၏။ တောတောင်ထဲမှာ တောကောင်အန္တရာယ်ကင်းရန် ဝါးဆစ်ပိတ်မီးတွေ မဖိုရဲ။ ဂျပန်တွေနှင့် သစ်ခုတ်သမားတွေ ရှိနေ၍ သစ်ပင်ပေါ်မှာသာ တက်အိပ်ရ၏။ ဒုက္ခဆင်းရဲဒဏ်ကို အတူခံစားကြရမှ တစ်ယောက်အပေါ်တစ်ယောက် ကိုယ်ချင်းစာနာတတ်လာကြ၏။ မိန်းခလေး နှစ်ယောက်စာအတွက်ပါ အပင်ပန်းခံပြီး ရှာဖွေကျွေးမွေးသောမိုးမြေကို ကော့တနေလပ်ဖ်က လေးစားပြီး သဘောကျလာသဖြင့် သူမ ရင်တွင်းဆန္ဒကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောလာ၏။

"ယွှလို လူစွန့်စားမျိုးကို. . . ကျွန်မသဘောကျတယ်။ လူစွမ်းကောင်း မဟုတ်ပေမယ့်၊ ရှင်ဟာ တကယ့်လူစွန့်စားတစ်ယောက်ပါ။ ရှင့်တိုင်းပြည်နဲ့ ပြည်သူအရေး၊ ဘာသာအရေးတွေပဲ. . . အမြဲဦးစားပေး တွေးနေတဲ့သူပဲ"

ကော့တနေလပ်ဖ်က ပွင့်လင်းရဲတင်းသူပီပီ မိုးမြေနှင့် ချစ်တင်းကစားချင်သည့် အရိပ်အယောင်တွေ ပြသ၏။ မိုးမြေက ရှောင်ထွက်သွားသည်ချည့်ပင်။





'ကျွန်မကို အိန္ဒိယအထိ လိုက်ပို့ပေးမယ်ဆိုတာ. . . ပို့ပေးပါ'လို့ ...တင်းပြီး ပြောလာသောအခါ၌ 'သိုက်ဖော်ပြီးရင် ပို့ပေးမယ်'ဟု မိုးမြေ ... ပြန်ပြောခဲ့၏။

ဂျပန်မလေး ယုမီကိုမှာမူ ဂျပန်တို့ရဲ့ထုံးစံအတိုင်း စိတ်ခံစားမှု ...ို အင်္ဂလိပ်တွေလို အမူအရာနှင့် ချားချား လုပ်မပြတတ်ချေ။ မျက်လုံး ...င်သာ ဖော်ပြတတ်လေသည်။ ဂျပန်မလေး စမ်းချောင်းထဲ ရေဆင်းချိုး ...ိန်မှာ ဝက်ဝံကြီးတစ်ကောင် အန္တရာယ်ပြုလာသဖြင့် မိုးမြေက ဝါးချွန် ...င်အတင်းဝင်ရောက်တိုက်ခိုက် ကာကွယ်ပေးခဲ့လေသည်။ ထိုစဉ်က ...ည်းက မိုးမြေအပေါ် အားကိုးလိုစိတ်နှင့် ချစ်ခြင်းစိတ်တွေ ယိုဖိတ် ...ရ၏။ သို့ြငား တောပန်းကလေးတွေခူးပြီး ဟိုက္ကူကဗျာလေးတွေ ရွတ် ...ကြံဖန် စိတ်အပန်းဖြေရင်းနှင့် သူမ ရင်ထဲကို မိုးမြေမြင်သာအောင် ...ိပ်အယောင်ပြခဲ့မိ၏။ မိုးမြေက လျစ်လျူရှုကာ ကျောက်ခဲတုံးကြီးလို ...နိုင်လွန်း၏။ စည်းစောင့်လွန်း၏။

"ရှင် ဖော်ထုတ်ချင်တဲ့သိုက်ကြီး. . . ဖော်ထုတ်ပြီးရင်တော့ ကျွန်မ ... ဦးလေးဆီ ပြန်ခွင့်ပေးပါ။ ရှင့်လို ရဲရင့်တည်ကြည်တဲ့ ယောကျ်ား ...ောင်း မိတ်ဆွေမျိုးကို. . . ကျွန်မဘဝ တစ်သက်တာမှာ အမြဲအမှတ် ...ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ယုမိကို ငါတို့မြန်မာတွေ သစ္စာရှိကြပါတယ်။ ဆိုခဲ့စေမြဲစေတဲ့။ မင်းမှာကတိ လူမှာသစ္စာတဲ့။ မင်းကို အရောက်ပြန်ပို့ပေးမှာပါ။ ငါ့အထင်. . . တောနင်းလိုက်လာတဲ့ ဂျပန်စစ်သားတွေ နောက်က ထပ်မလိုက်လာတော့တာဟာ. . . မျက်စိလည်လမ်းမှားကုန်လို့ မဟုတ်ဘူး။ ငါတို့ မလွဲမသွေရောက်လာမယ့်နေရာကနေ ကြိုစောင့်နေတာပဲ ဖြစ်လိမ့်မယ်. . .။ အဲ့ဒီမှာ သူတို့ရှိနေကြရင်တော့. . . မင်းကို သူတို့လက် အပ်ပြီး ငါနဲ့ကောတနေလပ်ဖ်တို့ ဖောက်ထွက်ပြေးကြမယ်။ မြန်မာ့တပ်မတော်သားတွေ ရှိနိုင်တဲ့နေရာအထိပေါ့။ တို့မြန်မာတပ်မတော်သားတွေ အင်အားကြီးလာတော့မှပဲ ဒီသိုက်ကို ပြန်ဖော်တော့မယ်. . .။ တော်လှန်ရေး စတင်တာနဲ့ ငါတို့တပ်တွေက ရတနာသိုက်ဘေးမှာ ဝိုင်းထားတဲ့ ဖက်ဆစ်တွေကို မောင်းထုတ်ပြီး. . . သိုက်ကို သိမ်းပိုက် တူးဖော်နိုင်ကြတော့မှာပါ"

မိုးမြေတို့သုံးယောက် ပဲခူးရိုးမအနောက် မြရာတောစပ်ထဲမှ ရတနာသိုက်ဆီ ပုန်းလျှိုးကွယ်လျှိုး ချဉ်းကပ်လာခဲ့ကြ၏။ ဂျပန်တွေက ခပ်ကျယ်ကျယ်ဝိုင်းပြီး အပေါက်ဟ,ပေးထားသဖြင့် ဂျပန်တွေဆင်ထားသော ထောင်ချောက်ထဲကို မိုးမြေတို့ ကျွံဝင်သွားမိ၏။ တောတောင်တစ်ခုလုံး သဘာဝအတိုင်းပဲ ရှိနေသည်မို့ ဂျပန်တွေ မရှိနိုင်ဟုထင်ပြီး ကျောက်





ဖြာ ပိတ်ဆို့ထားသည့် သိုက်နန်းလိုဏ်ဂူရှေ့ကို ရောက်လာခဲ့ကြ၏။ မိုးမြေက ဓရာမကျောက်ဖြာကြီးကို ဖွင့်ဖယ် ဝင်မရမှန်းသိနေ၏။ လျှို့ဝှက် ဝင်ပေါက်ကို အညွှန်းအတိုင်း ရှာဖွေပြီး ဂူပေါက်လိုဏ်ကလေးကို လိုက်ရှာသောအခါ ကျောက်ဖြာအငယ်စား ပိတ်ထားသော ဂူပေါက်ကို ခြုံနွယ်တွေကြားမှ သွားရှာတွေ့လေသည်။

ခြုံနွယ်တွေကို တောလိုက်ဓားနှင့် ခုတ်ထွင်ရှင်းလင်းပြီး လူတစ်ကိုယ်စာ လှဲ့အိပ်နိုင်သော မြေပြင်ပေါ်သွားအောင် ဖော်ယူလိုက်လေသည်။ ကျောက်ဖျာ မြေမြှုပ်နေတာကို လူတစ်ကိုယ်စာ တူးဝင်ရပေမည်။

ထိုစဉ်မှာပင် လျှို့ဝှက်ဝင်ပေါက်ဆီ ကိုင်းပင်များကို အကာအကွယ်ယူပြီး ဂျပန်စစ်သားတွေ တွားတက်လာကြ၏။ သူတို့ကိုယ်ပေါ်မှာ သစ်ခက်တွေထိုးပြီး တပ်လုံးဖျောက် တက်လာကြခြင်းပင်။

ဂျပန်စစ်တပ်က မိုးမြေတို့ကို ဝိုင်းပတ်ထားသလို မြန်မာ့တပ်မတော်သားတွေကလည်း ဂျပန်စစ်တပ်ကို ထပ်မံဝိုင်းထားလေသည်။ ကြယ်နီလက်ပတ်နှင့်အကျီ၊ ပုဆိုးမှာ စစ်ခါးပတ်ပတ်ပြီး ရိုင်ဖယ်လ်သေနတ်တွေနှင့် တွားတက်လာကြသော မြန်မာ့တပ်မတော်သားတွေရဲ့ ကိုယ်ပေါ်မှာလည်း သစ်ခက်သစ်ရွက်တွေထိုးကာ ရုပ်ဖျက်၍ တပ်



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ထားကြလေသည်။

တိုမိုယက မိုးမြေဆီကို ဓားဆွဲထုတ်ပြီး ပြေးဝင်ခုတ်တော့၏။ မာန်သွင်းအော်ဟစ်သံကြီးနှင့် ချုံကွယ်မှ ရုတ်တရက် ပြေးထွက်လာသော ကိုမိုယကို မိုးမြေက ကြောင်တစ်ကောင်လို လေထဲမြောက်တက်ပြီး ခုန်ကန်ပစ်လိုက်၏။

တိုမိုယရင်ဝကို ကန်မိပြီး လန်ထွက်သွားစဉ် ယုမီကိုက တိုမိုယကို လှမ်းအော်ခေါ်ကာ ပြေးဝင်သွားလေသည်။ တိုမိုယနောက်မှ မိုက်ကယ်က ကော့တနေလပ်ဖ်ကို လှမ်းအော်ခေါ်ကာ ဝမ်းသာအားရ ပြေးဝင်သွား၏။ ကော့တနေလပ်ဖ်လည်း ဝမ်းနည်းဝမ်းသာဖြင့် ပြေးထွက်လာစဉ် ဗိုလ်ကြီးအီရှိဆိုကူယာမက သေနတ်နှင့် ကော့တနေလပ်ဖ်ကို လှမ်းချိန်ပြီး ပစ်ချဖို့အပြင်. . .

မိုက်ကယ်(လ်)က ကော့တနေလ်ဖ်ကို ခုန်အုပ်ပြီး ကိုင်းပင်တွေထဲ လှဲအချ. . .

"ဒိုင်း. . . ဒိုင်း"

မိုက်ကယ်(လ်)ရဲ့ဦးခေါင်းကို သေနတ်မှန်ပြီး နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွား၏။ ကော့တနေလပ်ဖ်ရဲ့ အသည်းပျက်ပြုန်း အော်ဟစ်သံက ညံပွက်သွား၏။ တိုမိုယက ခါးကြားမှ သေနတ်ကို ဆွဲထုတ်ပြီး





မိုးမြေကို လှမ်းပစ်ဖို့အပြင်မှာ မိုးမြေက သစ်သားတုတ်ချွန်ဖြင့် တိုမိုယရဲ့ လက်ကို ပစ်ခတ်လိုက်၏။ သေနတ်လွတ်ကျသွားသော တိုမိယကို ယုမီကို က မြို့တောထဲ အတင်းဆွဲခေါ်နေ၏။ သွေးရူးသွေးတန်းဖြင့် ပြေးထွက်လာသော ကော့တနေလပ်ဖ်က တိုမိုယ လွတ်ကျခဲ့သော သေနတ်ကို ကောက်ယူလိုက်၏။ ဂျပန်စစ်သားတွေ ဝိုင်းထပြီး သေနတ်တွေနှင့် ဝိုင်းပစ်ဖို့အပြင်မှာ. . .

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒက်. . . ဒက်. . . ဒက်. . . ဒုံး ဒုန်း. . . ဒုတ်. . . ဒုတ်. . . ဒုတ်"

မြန်မာ့တပ်မတော်သားတွေက ဂျပန်တွေကို အားပါးတရ ချေမှုန်းပစ်ခတ်ကြကုန်၏။ မြန်မာ့တပ်မတော်မှ ဗိုလ်စောနောင်ရဲ့ ပစ်ခတ်မှုကြောင့် ဂျပန်ဗိုလ်မှူးကြီး အီရှိဆိုကူယာမ ကျဆုံးသွားလေသည်။ ဂျပန်တပ်ခွဲ နှစ်ခွဲမှာလည်း မြန်မာ့တပ်မတော်သားတွေ ကျားထိုးချေမှုန်းမှုကြောင့် အတုံးအရုံး ကျဆုံးကုန်၏။

ကော့တနေလပ်ဖ်က ခြုံနောက်မှာ ဝပ်ပြီး အလွမ်းသယ်နေကြသည့် ယုမီကိုနှင့် တိုမိုယကို သေနတ်နှင့် ပစ်ခတ်လိုက်၏။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . ."

တိုမိုယက ယုမီကိုအပေါ်မှာ အုပ်ကွယ်လိုက်၍ တိုမိုယ သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ယုမီကိုက ကြောက်လန့်တကြား ဖြစ်သွားပြီး ငယ်သံပါအောင် ကျိုးအော်လိုက်၏။ သွေးပျက်ခြောက်ချားပြီး တိုမိုယရဲ့ ဆာမူရိုင်းဓားကို ကောက်ကိုင်လိုက်၏။ ဒေါသသွေးတွေ ချက်ချင်း ဆူဝေလှိုင်းထသွားပြီး သူမရဲ့ချစ်သူကို ပစ်သတ်လိုက်သော ကော့တနေလပ်ဖ်ထံ ဓားနှင့် ပြေးဝင်သွား၏။ ကော့တနေ့လပ်ဖ်က ပစ်ခတ်ပြီးမှ သွေးပျက်သလို ကြောင်ကြည့်နေမိလေသည်။ ဓားကိုင်ပြီး ပြေးဝင်လာသော ယုမီကို့ကို တွေ့မှ ခြေတုန်လက်တုန်ဖြင့် ပစ်ခတ်လိုက်၏။

"ဒိုင်း. . . ဒိုင်း"

ယုမီကိုရဲ့ ဘယ်လက်ကို မှန်၏။ ညာဘက်ရင်အုံကို နောက်တစ်ချက် မှန်၏။ယုမီကိုက ဆာမူရိုင်းဓားဖြင့် ကော့တနေလပ်ဖ်ရဲ့ ရင်အုံကို အားနှင့်ထိုးစိုက်လိုက်၏။ ကော့တနေလပ်ဖ်ခမျာ အော်သံပင် မထွက်လိုက်နိုင်။ ဓားသွားတစ်ဆုံး ဖောက်ဝင်သွားသော ခန္ဓာကိုယ်မှ သွေးတွေ ပေါက်တောက်ပန်းထွက်ကုန်၏။

ကော့တနေလပ်ဖ် ဇီဝိန်မချုပ်ခင်မှာ နောက်ဆုံးလက်ကျန်အားနှင့် သေနတ်မောင်းကို ဆွဲညှစ်လိုက်၏။ သေနတ်ကျည်ဆန်က ယုမီကိုရဲ့ နားထင်ကို ဖောက်ခွင်းသွားလေသည်။ နှစ်ယောက်သား မျက်လုံး အပြူးသားနှင့် သေခြင်းကို မယုံကြည်နိုင်စွာ ငေးစိုက်ကြည့်ရင်း လုံးထွေးလဲပြို





တာ မြေပြင်ပေါ်မှာ ငြိမ်သက်သွားကုန်ကြလေပြီ။

ရန်ငြိုးရန်စ မရှိ။ တိုင်းပြည်ဝါဒက ဖက်ဆစ်နှင့် ကိုလိုနီနယ်ချဲ့ ဖြစ်နေ၍ ယှဉ်ပြိုင်သတ်ဖြတ်ကြရသည့်ပွဲမှာ နှစ်ယောက်စလုံးရဲ့ အသက်တွေကို စတေးသွားကြရလေပြီ။ မိုးမြေ အံကြိတ်ပြီး စိတ်မကောင်းစွာဖြင့် မျက်လုံးစုံမှိတ်ကာ ကျောက်ဖျာရှေ့ကို ဒူးထောက်ထိုင်ချလိုက်မိ၏။

လူအချင်းချင်း သတ်ဖြတ်သုတ်သင်နေကြတဲ့ စစ်ပွဲတွေ အမြန်ရပ်ပါရစေတော့။ မိုးမြေ ဒူးနှစ်ဖက် ထောက်ချလိုက်မိသောနေရာမှာ မြေမြှုပ်မိုင်းနှစ်လုံး ထောင်ထားသည့်နေရာဖြစ်နေ၏။ သွားပြီ။ မိုးမြေပြန်ထတာနှင့် မိုင်းကွဲပြီး မိုးမြေခန္ဓာကိုယ် တစ်စစီ ဖြစ်သွားမှာပင်။

ထိုစဉ်အခိုက် မိုးမြေအသိထဲ ငိုက်ခနဲဖြစ်သွားပြီး တင်းပုတ်ကိုင်ဘီလူးတွေ ခြံရံထားသည့် ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးတစ်ဦးကို ထူးဆန်းစွာ တွေ့လိုက်ရလေသည်။ အဘိုးက. . .

'ဒီမိုင်းတွေဟာ. . . တစ်ကောင်ဘွားနဲ့ ဂျပန်တွေ ထောင်သွားကြတာပဲ။ သူတို့ လျှို့ဝှက်ဝင်ပေါက်ကို လိုက်ရှာတွေ့ပြီး ဖေါက်ခွဲဝင်ဖို့ ကြိုးစားခဲ့ကြတယ်။ အဘနဲ့ ဟောဒီယက္ခ ဂုမ္ဘာန် အစောင့်အရှောက်တွေက မိုင်းမကွဲအောင် တားဆီးနိုင်ခဲ့ကြတယ်။ ဒီကနေ့တော့ မတားနိုင်ကြတော့ဘူး။ ကံကြမ္မာအရ လူလေးရဲ့အသက်နဲ့ စတေးပြီး ဒီကျောက်ဖျာ



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ဖွင့်ခဲ့ပေးရလိမ့်မယ်။ ဒါမှ ဗမာရဲဘော်တွေ လွတ်လပ်ရေးနဲ့ အမျိုးဘာသာ သာသနာအရေးအတွက် ဒီအထဲက အဖိုးတန်ရတနာတွေကို အသုံးချနိုင်ကြလိမ့်မယ်. . .။ အဘိုးတို့ မတားသာတော့ဘူး ကံဝင့်ကြမ္မာ ပါလာခဲ့ပြီကိုး။ လူလေး ဘဝကူးကောင်းပါတယ်။ အဘတို့လည်း သိုက်စောင့်ရတဲ့ ဝဋ်ဒုက္ခက. . . အခုမှပဲ ကျွတ်တော့တယ်။ လူလေးကို စောင့်နေကြတာလေ။ လူလေး မသေခင်မှာ လိုချင်တောင့်တမှု အရှိဆုံးဆုကို. . . တောင်းပေတော့'

မိုးမြေ ငိုက်ခနဲဖြစ်နေရာက သတိပြန်ရလာ၏။ မြန်မာတပ်မတော်မှ ဗိုလ်စောနောင် ရောက်လာပြီး မိုးမြေကို စစ်မေး၏။ လူစွန့်စားမိုးမြေမှန်းသိသွားသောအခါ မတ်တပ်ရပ်ပြီး အလေးပြု၏။ ဗိုလ်စောနောင်ကိုလည်း ငိုက်ခနဲ ဖြစ်သွားအောင် ပြုစားပြီး အဘိုးအိုက အလုံးစုံပြောပြသွားခဲ့ပြီးလေပြီ။

ဗိုလ်စောနောင်က မြန်မာ့တပ်မတော်သားတွေနှင့် မိုးမြေရဲ့ ဒူးအောက်က ဗုံးတွေကို ရှင်းထုတ်ဖို့ ကြိုးစားကြည့်နေသေး၏။ ဘယ်လိုမှမရ။ မြန်မာ့တပ်မတော်သားတွေကို ဝေးဝေး၊ ခွာနေခိုင်းလိုက်၏။ မြန်မာ့တပ်မတော်သားတွေက မိုးမြေကို ဝမ်းနည်းပက်လက်ကြည့်ရင်း ငိုင်းဝန်း အလေးပြုလိုက်ကြလေသည်။





မိုးမြေက မသေခင်မှာ ဆုတစ်ခု တောင်းလိုက်၏။

"တစ်လောကလုံးမှာရှိတဲ့ သက်ရှိသတ္တဝါတွေ နိဗ္ဗာန်အမြန်ရောက်ပါစေ. . . သူတို့ရဲ့ ဝဋ်ဒုက္ခမှန်သမျှ ကျွန်တော် မိုးမြေတစ်ဦးတည်းသာ အပြစ်တွေ မကုန်ဆုံးမချင်း ခံယူသွားပါရစေ"

ထိုသို့ ဆုတောင်းပြီး မိုးမြေ မတ်တပ်ထရပ်လိုက်စဉ် "ဝုန်း. . . အုံး . . . ကျိမ်း. . ."ဆိုသည့် အလင်း၊ အသံ၊ အဆုံးမဲ့ နာကျင်မှုသာ သိလိုက်ရလေတော့သည်။

BURMESE CLASSIC

ပြီးပါပြီ။

ဘုန်းမိုးနေလ

www.burmeseclassic.com